
www.burmeseclassic.com



www.burmeseclassic.com

# ဒေဝီ

ဥပါဒါန်လား ဝိညာဉ်လား

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
☏ - 095163764

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၇၀၂၀၅၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၈၉၇၀၇၀၉ |
| ထုတ်ဝေသူ | ♦ | ဒေါ်မိုးကေနိုင်<br>ချိုတေးသံစာပေ၊<br>ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊<br>မင်္ဂလာဒုံမြို့နယ်။ |
| အတွင်းနှင့်အဖုံး ပုံနှိပ်သူ | ♦ | ဦးကျော်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)<br>၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ပုံနှိပ်ခြင်း | ♦ | ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ။ |
| အုပ်ရေ | ♦ | ၅၀၀ အုပ် |
| တန်ဖိုး | ♦ | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | ♦ | ဖိုးလပြည့်စာပေ<br>အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>-095163764 |

၈၉၅.၈၃

ဒေဝီ

ဥပါဒါန်လား ဝိညာဉ်လား/ ဒေဝီ ။ - ရန်ကုန် ၊
ချိုတေးသံစာပေ၊ ၂၀၀၉။

(၂၇၂) စာ၊ ၁၂ စင်တီမီတာ x ၁၈ စင်တီမီတာ

(၁) ဥပါဒါန်လား ဝိညာဉ်လား


# အခန်း (၁)

'ဖြောင်း… ဖြောင်း… ဖြောင်း… ဟော့ကောင်… လဝန်း၊ ငါတို့ဒီမှာ ဒီကိုလာ'

လက်တွေ့ခန်းဝင်ပြီးသည်နှင့် အိမ်ပြန်ဖို့ အပြင်မှာ လက်ခုပ်တီးပြီး သူ့နာမည်လှမ်းခေါ်သံကြောင့် ကြည့်လိုက်၏။ ဘေးဘက်လမ်းကြားမှာ ပက်ဘလစ်ကာကားရပ်ထား၏။ ကားပေါ်မှာ လူအပြည့်။ ကားနောက်မှာရပ်ပြီး လှမ်းခေါ်သူက အောင်လဝန်းနှင့် တွဲဖော်တွဲဖက် လူဝင်းကျော်။

'မင်းတို့ ဘယ်သွားကြမလို့လဲ'

'မေးမနေနဲ့၊ ကားပေါ်တက်၊ မင်းကို စောင့်နေတာ၊ စားကြော့သွားမလို့၊ မြန်မြန်တက်ကွ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာစားကြောလဲ'

လူဝင်းကျော်က အတင်းတွန်း၍ ကားပေါ်ရောက်လာရသည်။ ကားနောက်ခန်း ထိုင်ခုံပေါ်မှာ မိန်းကလေး ငါးယောက်၊ ယောကျ်ားလေးက သူ့အပါအဝင် လေးယောက်ဖြစ်နေ၏။ လူဝင်းကျော်က အကျိုးအကြောင်း ပြန်မပြောဘဲ ကားကိုမောင်းထွက်နိုင်းလိုက်၏။ နံနက်ပိုင်းလက်တွေ့ခန်းဝင်ပြီး နေ့လည်ပိုင်းသို့ ဆိုက်ရောက်ချိန်မှာ အရေးအရာပေါ်လာခြင်းပင်။

'ဘယ်ကိုသွားပြီး ဘာကိုစားရမှာလဲ'

သူ့ဘေးမှာကပ်ထိုင်လာသော လူဝင်းကျော်ကို သူတီးတိုးကပ်မေးလိုက်၏။ ကားထဲမှာပါလာသည့် မိန်းကလေးတွေက မျက်မှန်းတန်းမိထားကြသူလေးတွေ။ လူဝင်းကျော်လို ဟိုစပ်စပ်ဒီစပ်စပ်ကောင်နှင့်သာ ခင်မင်နေပြီး သူနှင့်တော့ အစိမ်းသက်သက်ပမာ။ ထိုနည်းတူပါလာသော ကျောင်းသားနှစ်ယောက်မှာလည်း အမေရိကန်သမ္မတဟောင်း ကလင်တန်လို မျက်နှာပုံစံနှင့် တစ်ယောက်၊ ရာဆာအာရာဖတ်လို မျက်နှာပေါက်နှင့်က တစ်ယောက်။

တော်သေးတာပေါ့။ ကားခေါင်းခန်းထဲ လှမ်းကြည့်တော့ ဆက်ဒမ်ဟူစိန်လို၊ အိုစမာဘင်လာဒင်လို မျက်နှာပုံစံနှင့်





နောက်လူသစ်တွေ ပါမနေတာ။ ယာဉ်မောင်းနှင့် ဘေးထိုင်ခုံမှာလိုက်ပါလာသူနှစ်ဦးစလုံးမှာ အမျိုးသမီးတွေဖြစ်နေ၏။ ကျောင်းသူတွေဖြစ်နေကြသည်။

တက္ကသိုလ်တက်ဖြစ်ကြသော ဘဝတူသူငယ်ချင်းတွေ ဝီဝီ အထင်သေးသော အမြင်မရှိကြ။ လူဝင်းကျော် မိတ်ဆက်ပေးလိုက်သည်နှင့် ချက်ချင်းခင်မင်သွားကြ၏။ လူဝင်းကျော်က

'ဒီဘက်က မာမီက ဒေလီယာတဲ့၊ ဟော့ဒီ ဆံတိုဂုတ်ဝဲမလေးက တင်မိုးရွှေတဲ့၊ သူ့ဘေးက နေကာမျက်မှန်တပ်ထားတဲ့ ကာလာဘာလိုင်မလေးက ယုဇနသီဂီ'

'တို့ကတော့ နန်းမြအေး ရှမ်းမလေးနော်'

ပါးအိုးနီနီလေးက ခပ်ရဲရဲပင် သူမဘာသာမိတ်ဆက်လာ၏။ အားကျမခံ ပိန်ပိန်ရှည်ရှည် ဘိုမရုပ်လို ကျောင်းသူလေးက

'သူများကတော့ သားသားတဲ့၊ အိမ်နာမည်နော်၊ ကျောင်းနာမည်က စွတ်ပရားလို့ထင်ပြီး အဲဒီလိုကြီး ရယ်မသွားနဲ့၊ တကယ်တော့ တို့များရဲ့နာမည်က မွတ်တားလို့လည်း မဆိုလိုပါဘူး၊ မေဘရဏီထွဏ်းတဲ့၊ မှတ်ထားနော် ပတ်ကားတဲ့၊ အဲ...'

မျက်နှာပြောင်တတ်ပုံရ၏။ ကျောင်းသူကျောင်းသားအချင်းချင်း မောင်နှမတွေလို နောက်ပြောင်တတ်ကြသည့်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားဘဝရဲ့ အမှတ်တရ ဟာသကဗျာ။ ကျောင်းသူတွေ အားလုံး မောရဏီတစ်ယောက် ခန္ဓာကိုယ်လိမ်တွန့်ကော့ကား၍ မိတ်ဆက်နေပုံကို ဝိုင်းရယ်နေကြ၏။

သူ့မှာလည်း မောရဏီပုံစံကိုကြည့်ပြီး ကြော်ငြာထဲမှ မော်ဒယ်မင်းသမီးတွေ အသားကုန် ဆွဲဆောင်နေပုံတွေ မြင်ယောင်မိ၍ မောရဏီပုံကို ကြည့်ကာ ရွှေးပြန်ချင်လာ၏။

'ဒီကောင်လေးရဲ့ နာမည်ကရော'

'မပြောနဲ့တော့၊ သိပြီးပြီ'

'ဘယ်လိုလုပ်ပြီး သိတာလဲ'

'ခုနက လှမ်းအော်ခေါ်လိုက်လို့လေ'

'ဟုတ်လား၊ ဘယ်သူတဲ့လဲ'

'အောင်လဝန်းစိန် ဓာတ်သဘင်အဖွဲ့ကြီး'

မောရဏီထွက်းက ဝင်နှောက်၍ အားလုံး ထပ်ဟား ကြပြန်၏။ ကလင်တန်နှင့် ရာဆာအာရာဖတ်ပါ တဟားဟား။ သူ့မှာ ရှက်ပြီး အနေရခက်ကာ လှုဝင်းကျော်ကိုသာ ဘုကြည့် ကြည့်နေမိ၏။

လှုဝင်းကျော် ပို၍ဟားနေ၏။





'ကျွန်တော့်နာမည် အောင်လဝန်းပါ'

သူက ခပ်တည်တည် ပြင်ဆင်ပြောလိုက်သောအခါ ဒေလီယာဆိုသည့် ကရင်ကပြားမျက်နှာနှင့် မျက်နှာဝိုင်းမလေးက

'ဓာတ်မင်းသားနာမည်နဲ့တူတယ်နော်'

'ဒေလီယာကျတော့ ပန်းနာမည်ကြီးပဲ'

'ဟုတ်တယ်လေ... တို့က ပန်းမျိုးရိုးတွေ၊ အဖေက ဦးဂမုန်း၊ အမေက ဒေါ်ခတ္တာ၊ အဘိုးက ဦးရွှေပန်း၊ အဘွားက ဒေါ်စပယ်၊ တို့မောင်လေးနာမည်က ငွေပန်းတဲ့၊ ညီမလေးနာမည် က မပန်းတိမ်ငိုတဲ့၊ ကဲ...'

သူ ခေါင်းကုတ်ရတော့၏။

လှုဝင်းကျော်က...

'ဒီကောင်လေးက စိတ်အရေခွံပါးတယ်၊ သိပ်မစပါနဲ့ ဟာ၊ တော်ကြာ အရေခွံပေါက်သွားရင် သူ့ခများ မြွေဟောက်လို ဒေါသနဲ့ ပါးပျဉ်းထောင်ထလာပါဦးမယ်၊ သိပ်ပေါက်တတ်တာ၊ မြို့ပြင်ရောက်ရင် ပေါက်တောအော်ပြီး ကားရပ်ခိုင်းရဦးမယ်၊ ဟုတ်တယ်နော် အောင်လဝန်း'

ရယ်ကြပြန်၏။

တစ်ခါရယ် တစ်ကျပ်ကောက်ခံငွေရလျှင် ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



လောက်ပြီ။ လူဝင်းကျော်က သူ့လူကိုယ့်ဖက်သားလုပ်ပြီး ကျော့ချသွား၏။

ဒီကောင် ဓားပြ။

'ဟေ့ကောင်… လူဝင်းကြောင်၊ မင်း ငါ့ကို အမြင်ကတ်တဲ့ ပုဒ်မနဲ့ ကားပေါ်တင်ပြီး ကျုပ်နဲ့သရေတောင် မကျန်အောင် ဝိုင်းဖွဲ့နှိုင်းနေတာလား'

သူက လူဝင်းကျော်ကို ကပ်ငေါက်လိုက်၏။ လူဝင်းကျော်က…

'ယောက်ျားလေး လူအင်အားလိုနေလို့ မင်းကို အားဖြည့်ရအောင် ခေါ်လာတာ၊ လိုက်မှာသာ လိုက်ခဲ့စမ်းပါ၊ ဟိုရောက်ရင် မင်းသိမှာပေါ့၊ လိုအပ်ရင် ဧရင်ကျူးသလို မင်းငိုချင် ငိုရဦးမယ်၊ စားလည်းစားရမယ်'

'ဘာလဲ၊ ဘာတွေလဲ၊ စကားမလည်ရှုပ် လုပ်နေတယ်၊ တရုတ်၊ ကိုရီးယား၊ အိန္ဒိယ၊ သုံးနိုင်ငံပေါင်းပြီး ဖက်စပ်ရိုက်ထားတဲ့ ဇာတ်ကားလိုမျိုး ထွင်မလာနဲ့၊ လိုတိုရှင်းပြောကွာ၊ မပြောရင် ကားအခုရပ်နိုင်း၊ ငါ ပြန်ဆင်းမယ်၊ မင်းတို့ဟာက ဘုမသိ ဘမသိနဲ့ အခုတောင် တာမွေရောက်လာပြီ'

အာရာဖတ်နှင့်တူသော ကျောင်းသားက…





'ခင်ဗျားကို အသုဘသွားပို့ဖို့ လူအင်အားဖြည့်ခေါ်လာတာ'

'ဟာ… ဟုတ်လား လူဝင်းကျော်'

'အေး… နေ့ချင်းပြန်ပါ၊ ညမအိပ်ပါဘူး၊ ခရမ်း သုံးခွဖက်တင်၊ တို့လိုပဲ အဝေးသင်ကျောင်းသားတစ်ယောက် အစာအိမ်သွေးကြောပေါက်ပြီး ရုတ်တရက်ဆုံးသွားလို့ လိုက်ပို့ကြရမှာ၊ အသုဘပို့ဆိုတော့ လိုက်ချင်တဲ့လူ ခပ်ရှားရှား၊ အဝေးသင်တက္ကသိုလ်က သူငယ်ချင်းကျောင်းသားတွေရောက်လာတာမြင်ရင် အသုဘရှင်တွေ အားရှိအောင်လို့ မင်းကိုပါ ဆွဲခေါ်လာရတာ'

'မင်းလုပ်လိုက်ရင် ငိုပေါက်ချည်းပဲ လူဝင်းကျော်၊ ငါ စိတ်ညစ်တယ်၊ ကျောင်းသားနာမည်က ဘယ်သူလဲ'

'ကျော်စိုးနောင်'

'ငါနဲ့မှ မသိတာကွာ'

'မင်းနဲ့မသိပေမယ့် ငါနဲ့သိနေတာလေကွာ၊ တစ်ဆင့်ခံ အသိအနေနဲ့ လိုက်ပို့ပေးစမ်းပါကွာ၊ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်တဲ့၊ ကုသိုလ်ရပါတယ်၊ အသုဘကမ္မဋ္ဌာန်းရှုမှတ်ရတာပေါ့၊ ဒီကားထဲမှာမင်းကလွဲရင် ကျန်တဲ့သူတွေ အားလုံး ကျော်စိုးနောင်ရဲ့ ဘော်ဒါအရင်းကြီးတွေချည်းပဲ၊ ကျန်တဲ့သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း အရင်းအချာတွေကို သေချာချိန်းပြီး ကျောင်းထဲမှာ ကားနဲ့စောင့်ခေါ်ကာမှ ရောက်မလာကြဘူးလေ'

'ဘုမသိ ဘမသိနဲ့ မင်းပြောမှ ကျော်စိုးနောင်ဆိုတာ ကြားဖူးတာ'

'မင်းသိချင် သိနေမှာပါ၊ လူနဲ့နာမည် မတွဲမိလို့ နေလိမ့်မယ်၊ အသားဖြူဖြူ အရပ်မြင့်မြင့်နဲ့ ခပ်ဖြောင့်ဖြောင့်ကျောင်းသားလေကွာ၊ စတိုင်လ်ကျကျ ဝတ်ပြီး စမတ်ကျအောင်နေတတ်တယ်လေ၊ မေးစေ့မှာ မှဲ့ကလေးနဲ့၊ မှဲ့နီလေးနဲ့'

'မှဲ့နီ မှဲ့ရှင်တွေ ဘာတွေလဲမသိဘူး၊ ကားရပ်ပေးတော့ကွာ၊ ငါပြန်ဆင်းတော့မယ်၊ ဒီနေ့ ငါအိမ်ကို စောစောပြန်ရမှာ၊ ဘာမှလည်း မစားရသေးဘူး၊ ဗိုက်အရမ်းဆာနေပြီ၊ ငါက အစာအိမ်ရောဂါ ရှိတယ်'

'ရော့'

'အောင်မငေး'

နန်းမြအေးထိုးပေးလာသည့် မုန့်ထုပ်က သူ့နှာခေါင်းရှေ့တည့်တည့်မို့ လန့်အော်မိသွား၏။ နန်းမြအေးက စပရိမ်မျက်နှာဖြင့်…

'ရှောက်သီးဆေးပြားစား၊ ဗိုက်ဆာနေတယ်ဆို'





'အမြန်သေအောင်သတ်နေတာလား၊ အဲဒါ အက်ဆစ်ဓာတ်ပါတယ်၊ ဗိုက်ဆာလို့ အစာချေရည်တွေ ဗိုက်ထဲထွက်နေချိန်မှာ အူနံရံကို လိုက်စားမသွားအောင် ဘီစကစ်ဖြစ်ဖြစ် ပေါင်မုန့်ဖြစ်ဖြစ် အစာတစ်ခုခု စားထားမှရမှာ၊ ရှောက်သီးဆေးပြားစားရင် အစာချေရည်ထဲ အက်စစ်ရောလိုက်သလို အူနံရံတွေ ပိုပြီးမြန်မြန်စားပစ်လို့ အစာအိမ်ပေါက်ပြီး ဂန့်သွားမှာပေါ့'

'အဲဒါဆို ပီကေစား'

'ဘာထူးလဲ၊ အဲဒါလည်း အစာမှမဟုတ်တာ'

မေဘာရဏီထွန်းက…

'ကားပေါ်မှာ ဘာမှမရဘူး၊ နှပ်ချေးစားချင်ရင်တော့ပြော'

'ဝေါ့'

'နေပါဦး အောင်လဝန်းရာ၊ ရှေ့မှာ မုန့်ဆိုင်ရှိရင် မုန့်ဆင်းဝယ်ပေးပါ့မယ်၊ ဖြစ်အောင်တော့ လိုက်ခဲ့ပါကွာ၊ လူအင်အားသိပ်နည်းနေလို့ပါ၊ အသွားအပြန် ဘာမှမကြာပါဘူး၊ အသုဘချိန်မှီအောင် ကားနဲ့အမြန်သွားနေရလို့ပါ၊ အသုဘက တစ်နေ့တည်း နှစ်လောင်းဖြစ်နေလို့ နေ့လည်နှစ်နာရီမှ ကျော်စိုးနောင် အလှည့်ရောက်မှာ'



www.burmeseclassic.com

www.burmeseclassic.com



'ကျော်စိုးနောင်ကို မြေမြှုပ်သင်္ဂြိုလ်ပြီးရင်တော့ မင်း အလှည့်ပေါ့ လှဝင်းကျော်'

'အေးပေါ့၊ ဟာ… ဒီကောင်ကွာ၊ နမိတ်မရှိ နမာမရှိနဲ့'

'ကိုယ့်ကျောင်းသားအချင်းချင်းတွေပဲ သိသိမသိသိ သွေးစည်းရမှာပေါ့၊ သာရေးဆို ဥပေက္ခာပြုလို့ကောင်းသေးတယ်၊ အခုဟာက နာရေးလေ'

ယူနေသီဂီက ဝင်ပြောလာ၏။ မိတ်ကပ်များနေ၍ ကော် ပတ်ရုပ် ပါးစပ်လှုပ်နေသလိုပင်။ သူ့မှာ ငြင်းပယ်ရအခက်၊ လိုက်သွားရအခက်။ ကလင်တန်မျက်နှာပေးနှင့်လူက သူ့ပေါင်ကို လက်နှင့်ပုတ်ရင်း…

'ကျောင်းသားစိတ်ရှိတယ်ဆိုရင် လိုက်ခဲ့၊ မရှိဘူးဆိုလည်း နေခဲ့'

မလှုပ်နိုင်အောင် တုပ်နှောင်လိုက်၍ သူ့မှာ နှုတ်ဆိတ် နေလိုက်ရ၏။ လှဝင်းကျော်က ခရမ်း၊ သုံးခွဘက်သွားနေသော လမ်းဘေးဝဲယာကိုကြည့်ရင်း…

'ရှေ့မှာ မုန့်ဆိုင်တွေရှိတယ်၊ ကားရပ်ပေးမယ်'

သူ စိတ်ပိန်ပိန်နှင့် ပိတ်အော်ပြောလိုက်၏။

'ခုမှတော့ ရပ်မနေနဲ့၊ မောင်းသာမောင်းတော့'





လှဝင်းကျော်က ပြုံးဖြဲဖြဲနှင့်ကြည့်ရင်း…

'ဝက်ဖြစ်မှတော့ မစင်ကြောက်မနေတော့ဘူးဆိုတဲ့ သဘောလား'

သူက ဘုဂလန့် ပြန်ကြည့်ရင်း…

'ကျားရိုးသွေးတိုက်ထားလို့ ဟော့ဒီလိုကိုက်ဖို့ ဝန်မလေး တော့တာကွ'

'အား'

ဆိုပြီး လှဝင်းကျော်ရဲ့ ညာလက်ကို ပိတ်ကိုက်ပစ်လိုက် ၏။ မိန်းကလေးတွေကြားမှာမို့ သိပ်ပြီးအဖြစ်သည်းဟန်မတူ။ ဖွဖွလေးကိုက်တာကိုပင် အော်လိုက်သည့်အသံက ခုနစ်သံချီ။

* ♠ *

'မြို့လေးထဲရောက်လာပြီ၊ အသုဘအိမ်ကို တန်းမောင်း လိမ့်မယ်၊ ဒီကားပိုင်ရှင် မာလာခင်နဲ့ ကျော်စိုးနောင်က သိပ်ခင် တာ၊ မာလာခင်က ဒီမြို့လေးက ကျော်စိုးနောင်ဆီကို တစ်ခေါက် နှစ်ခေါက် လာလည်ဖူးတယ်ပြောတာပဲ'

'အသုဘအိမ်ကိုသိရင် ပြီးရောပေါ့ဟယ်၊ ငါတော့ ယမင်းသော်တာ ဘယ်လောက်အထိ ငိုမလဲဆိုတာ တွေးပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူနေတာ၊ သတင်းကြားရရုံနဲ့ မေ့လဲတယ် သတိရတော့ ငိုလိုက်တာ၊ တက်မတတ် ချက်မတတ်ဘဲ၊ နောက်ဆုံး မနည်းချော့ပြီး အသုဘပို့နိုင်အောင် ခေါ်လာရတယ်၊ ကားရှေ့ခန်းက မာလာခင့်ဘေးမှာ ထိုင်ခိုင်းထားရတယ်၊ မာလာခင်က ယမင်းသော်တာနဲ့ ငယ်ပေါင်းတွေ၊ ယမင်းသော်တာတက်တာနဲ့ ဘာလုပ်ပေးရမယ်ဆိုတာကို ချက်ချင်းနားလည်တယ်'

မေဘရုဏီထွဏ်းက စိတ်မကောင်းသည့် မျက်နှာလေးဖြင့် ပြောလာခြင်းပင်။ စကားအသွားအလာကို နားထောင်ပြီး သူက...

'ယမင်းသော်တာဆိုဟာ ရှေ့ခန်းမှာ ထိုင်လိုက်လာတဲ့ တစ်ယောက်လား၊ ကွယ်လွန်သူ ကျော်စိုးနောင်နဲ့ ဆွေမျိုးတော်လို့လား'

ကလင်တန်မျက်နှာနှင့်လူက...

'ယမင်းသော်တာဆိုတာ ကျော်စိုးနောင်ရဲ့ ပူပူနွေးနွေး ရည်းစားဗျ'

'သြော်... ငယ်ငယ်ရွယ်ရွယ်နဲ့ နေမယ်ဆိုရင် နေနိုင်သေးတဲ့အရွယ်၊ လွမ်းဆွတ်တမ်းတအောက်မေ့ဖွယ်ရာတွေနဲ့ အချစ်ကပေးတဲ့ ဒဏ်ရာ ဒဏ်ချက်... ချက်'





'မင်းကို ကဗျာရွတ်ခိုင်းနေတာ မဟုတ်ဘူး အောင်လဝန်း'

'စာနာနားလည်မှုပေးကြည့်တာပါကွာ'

'မင်းတကယ်စာနာနားလည်မှုပေးနိုင်ရင် အသုဘကျရင် မင်းဝင်ငိုပေးကွာ၊ မင်းက အငိုကောင်းတယ်၊ ယမင်းသော်တာက တစ်ယောက်တည်း ကြောင်တောင်တောင်ကြီး ငိုနေရဦးမယ်၊ သေသွားတဲ့ ကျော်စိုးနောင်က မိဘမဲ့တစ်ကောင်ကြွက်ဖြစ်နေတော့ ဆွေမျိုးသုံးလေးဝမ်းကွဲတွေကလည်း ဖဲရိုက်မယ့်လူ၊ ဝါးတီးဖွင့်မယ့်လူ၊ ကူငွေပြန်ရမှာကို တွက်ချက်ပြီး အသုဘစရိတ်အကုန်ခံတဲ့လူနဲ့ ငိုမယ့်သူကောင်းကောင်းမရှိဘူးလို့ ကျော်စိုးနောင်နဲ့ ကျောင်းအတူတက်တဲ့ ပေါက်ဖော်ကြီးက ငါတို့ကို ကျော်စိုးနောင် ကွယ်လွန်ကြောင်း လာအကြောင်းကြားရင်းနဲ့ ပြောသွားတယ်၊ အဲဒါကြောင့်'

'မသာကို မသာနဲ့တူအောင် ငါ့ကိုငိုခိုင်းနေတယ်၊ မင်းတို့ ငိုပါလား၊ အားလုံးဝိုင်းငိုလိုက်ကြပါလား၊ ကုလားတိုက်ကျားဝင်ကိုက်သလို ပွက်လောညံစီသွားဦးမယ်'

လူဝင်းကျော်က ကလင်တန်နှင့် ယာဆာအာရာဖက်ကို အထောနှင့်ကြည့်လိုက်ပြီး ဟက်ခနဲ ရယ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ ငိုရဲတယ်၊ မင်းကသာ မငိုရဲမှာ၊ ကြိုက်ကြေးပေးပြီး လောင်းရဲတယ်၊ မင်းမငိုရဲပါဘူး အောင်လဝန်းရာ၊ ဆယ်လေး တစ်လေးပေးပြီး လောင်းတယ်'

'ဟယ်… နင်တို့ကလည်း အသုဘမှာ ဘရုတ်ကျလို့ မကောင်းပါဘူး၊ ဘာလို့ငိုနိုင်းနေရတာလဲ'

'မေဘရဏီ မသိပါဘူး၊ ငိုတဲ့လူလည်းပါပေးဦးမှပေါ့'

'မပူနဲ့၊ ယမင်းသော်တာတစ်ယောက်လုံး ငိုပြပါလိမ့်မယ်'

'သူငယ်ချင်းအုပ်စုလိုက် ရောက်လာပြီး ယမင်းတစ်ယောက်တည်း အလူးအလိမ့်ငိုနေတော့ လူမြင်ကောင်းမလား၊ သူ့လို အငိုကောင်းတဲ့ ယောကျ်ားလေးသူငယ်ချင်းလည်း ပါမှကောင်းမှာပေါ့၊ ဒီကောင် အောင်လဝန်းက သိပ်အငိုကောင်းတာ၊ သူ့အဘွား အသုဘမှာ အလူးအလဲ ငိုပြလိုက်လို့ သူ့အဘိုးက သနားပြီး ဒီကောင့်ကို အမွေတစ်စုပေးသွားတယ်၊ သူ့အဘိုးက ပြောသေးတယ်ဗျာ'

'ငါ့မြေးတဲ့၊ ငါ့အသုဘကျရင် အဲဒီလိုငို၊ မင်းအတွက် အမွေတစ်စုထပ်ပေးဖို့ သေတမ်းစာမှာ ရေးခဲ့မယ်၊ အဲဒါအတွက် စရံငွေယူထားဆိုပြီး စရံငွေကြိုပေးထားခဲ့တယ်တဲ့ဗျာ'





'ဟော့ကောင်… လူဝင်းကျော်၊ ခတ်သိချင်း ဖော်တော့မှပဲ ကိုယ်တုံးလုံးကျွတ် ဖြစ်ရတော့တာပဲ၊ ငါ့အဘွား ငါ့အဘိုး အသုဘမှာ ငိုတာ လူမြင်ကောင်းတယ်ကွ၊ အခုဟာက'

'အခုဟာက ကိုယ့်ကျောင်းသား အချင်းချင်းလေ၊ အနေနီးတာဝေးတာ မခွဲခြားနဲ့၊ တစ်သွေးတစ်သားတည်းလေ၊ ခင်တာမခင်တာ မတိုင်းတာနဲ့ အတူယှဉ်တွဲနေထိုင်တဲ့ ကျောင်းသားတွေတိုင်းမှာ ညီအစ်ကိုမောင်နှမစိတ်ဓာတ်က သွေးစည်းနိုင်မာပြီးသားလေ'

လူဝင်းကျော် ထပ်ချည်လိုက်၍ သူလည်း စိတ်ပေါက်ပေါက်နှင့်…

'ငါ ငိုရဲရင် မင်း ဘာပေးမလဲ၊ ဘာကြေးလောင်းမလဲ'

'မင်း ငိုရဲရင် ငါတို့ဝိုင်းပြီး ထိုင်ကန်တော့မယ်၊ မင်း မငိုရဲရင် ငါတို့ကို မင်းထိုင်ပြီး ကန်တော့ရမယ်၊ ဘယ်လိုလဲ'

'သိပ်ဖြစ်တာပေါ့ လူဝင်းကျော်ရာ၊ မင်းအချွန်နဲ့မတိုင်း ငါခံရကိန်းချည်းဆိုက်မယ် မထင်နဲ့၊ ဒီတစ်ခါ မင်းငါ့ကို ကန်တော့ဖို့သာပြင်ထား၊ နောက်ပြီး မင်းတစ်ယောက်တည်း ငါ့ကို နင်းနှိပ်ပေးရဦးမယ်၊ မေးစေ့လေးနဲ့ နှိပ်ပေးရမှာနော် မျောက်ဝင်းကျော်'



www.burmeseclassic.com

www.burmeseclassic.com



'သိပ်ဖြစ်တာပေါ့၊ ရတယ် စိတ်ချ၊ ငါ့ကိုမျောက်ဝင်းကျော်လို့တော့ နာမည်မဖျက်ပါနဲ့ကွာ'

'ကိုယ့်အလှည့်ကျတော့ သိပ်သိတတ်နေပါလား၊ မင်းငယ်ငယ်က နာမည်က ဝင်းကျော်၊ ဆော့လွန်းလို့ မူလတန်းကျောင်းအုပ်ကြီး ဦးအုပ်စိုးက မင်းကို မျောက်ဝင်းကျော်လို့ ခေါ်တာ၊ အထက်တန်းကျောင်းသားဘဝအထိ နာမည်တွင်သွားလို့ မင်း မိဘတွေနဲ့ မင်းက ဒေါသတွေတင်းပြီး ယနေ့မှစ၍ လူဝင်းကျော်ဟု ပြောင်းလဲခေါ်ပါရန်ဆိုပြီး သတင်းစာထဲကနေ နာမည်ပြောင်းခဲ့ရတာလေ၊ နာမည်မှာတောင် လူမှန်းသိအောင် လူထည့်ခေါ်နေရကတည်းက မင်းဘယ်လောက် ကမြင်းကြောထခဲ့သလဲ ဆိုတာ...'

သူ့စကားမဆုံးခင် လူဝင်းကျော်က သူ့ပါးစပ်ကို အတင်းလိုက်ပိတ်ရင်း...

'ဒီကောင်က စကားပြောရင် မြင်းမ လေလည်သလို တဖွတ်ဖွတ်နဲ့ ဆက်တိုက်မရပ်တော့ဘူး၊ ရပ်အောင်ဒီလိုပိတ်ထားရတယ်'

သူတို့စီးလာသောကား အိမ်တစ်အိမ်ရှေ့မှာ ရပ်၏။ ကနဖျင်းထိုးထားသော လော်နှင့်ဘောက်စက်တွေလည်း တွေ့ရ၏။





အိမ်အပြင်ဘက်နားမှာ အသုဘစင်ထုတ်ထား၏။ အသုဘချခါနီးမို့ လိုက်ပို့မည့်သူတွေ တရုန်းရုန်း။

အလောင်းစင်နားမှာ ငိုမည့်သူ မရှိ။

ကပ်မည့်သူ မရှိ။

'ရောက်ပြီ၊ မင်းအစွမ်းအစကို ကြည့်ရသေးတာပေါ့'

'သိပ်ရတာပေါ့ မျောက်ဝင်းကျော်ရာ၊ မင်းတို့ ငါ့ကို ထိုင်ကန်တော့ဖို့သာ ပြင်ထားကြပေတော့'

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အောင်လဝန်း ကားပေါ်က လွှားခနဲ ခုန်ဆင်းပြီး ချက်ချင်းပင် မျက်နှာနှင့် ပုံစံကို အချိုးပြင်ကာ အလောင်းစင်အနား ကပ်သွား၏။

ပုပ်အဲ့အဲ့အနံ့ကြောင့် တွန့်သွား၏။

'ကြက်သေတာကမှ လိုချင်တဲ့လူရှိဦးမယ်၊ လူသေကိုကျတော့ ဘယ်သူမှ မလိုချင်ဘူး၊ လက်မခံကြဘူး'

'ခုခေတ်တော့ ဖဲဝိုင်းဒိုင်ခံရလို့ လက်ခံတဲ့ မသာကန်ထရိုက်တွေပေါ်နေတယ် ပြောတာပဲ'

အလောင်းစင်နားမှာ လူကြီးနှစ်လာရပ်ပြီး သံဝေဂရဖွယ် စကားတွေပြောဆိုနေကြ၏။ အောင်လဝန်းက အလောင်းစင်နား ကပ်ပြီး…





'အောင်မလေး သူငယ်ချင်းရဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ အကြွေစောလို့ နှမြောလှချည်ရဲ့၊ ငါတို့လာအောင် စောင့်ပါဦးတော့လား၊ အခုတော့ ဆိုင်းမပါ ဗုံမပါနဲ့ ထွက်သွားရက်လိုက်တာ၊ ငါတို့ရင်ကွဲနာကျအောင် လုပ်သွားရက်တာပေါ့လေ၊ ထပြောပါဦးလား၊ ထပြောလိုက်စမ်းပါဦးတော့လား၊ လူစိမ်းကားကြီးရဲ့၊ အီး… ဟီး… ဟီး… အရီး… ဟီး… ဟီး… ဟီး…'

အိမ်ထဲကလူတွေ ဝိုင်းအုံကြည့်လာကြ၏။ အနားမှာရှိနေသော လူကြီးတစ်ယောက်က သူ့ပခုံးကို အသာလာကိုင်ရင်း…

'မောင်ရင်လေးနဲ့ ဒီကွယ်လွန်သူက အမျိုးတွေတော်လို့လားဟင်'

အောင်လဝန်းက ငိုသံပါကြီးဖြင့် ရောထွေးပြန်ပြောလိုက်သံမှာ…

'မေးရက်လိုက်တာ၊ သူငယ်ချင်းတွေ'

'ဟာ'

'ဟာမနေနဲ့၊ ဟာတဲ့နေရာအဖြည့်ခံနေရဦးမယ်၊ ဒီမှာ မဝေးက အသုဘချိန်အမှီလာရတာ ဖတ်ဖတ်မောပြီး ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သောကတွေဆို့နေတယ်၊ အမောပြေအအေးလေးတစ်ခွက်လောက်တိုက်ပါ၊ ဒီမှာ အားရပါးရ ဆက်ငိုရဦးမယ်'

'မ… မဟုတ်သေးဘူးကွဲ့၊ အခေါင်းမှာကပ်ထားတဲ့စာကိုလည်း သေသေချာချာ ဖတ်ကြည့်ပါဦး'

ထိုလူကြီးက သတိပေးသလို ပြောလာ၍ သူလည်း ဖတ်ကြည့်လိုက်ရ၏။

**ဒေါ်မြမြအေး**

**အသက် (၈၅)နှစ်**

'ဟိုက်'

'မောင်ရင်လေးက ဒေါ်မြမြအေးနဲ့ ဘယ်လိုလုပ်ပြီး သူငယ်ချင်းဖြစ်နိုင်မှာလဲ၊ အသုဘချင်း မှားလာပြီနဲ့တူတယ်၊ မောင်ရင်လေးက ကျော်စိုးနောင်ဆိုတဲ့ ကျောင်းသားလေးရဲ့ အသုဘကို လိုက်ပို့ဖို့ ရောက်လာတာထင်တယ်'

'အဟဲ… ဟုတ်… ဟုတ်ပါတယ်၊ ကျွန်တော် အသုဘ မှားသွားလို့'

ထိုစဉ်မှာပင် လူဝင်းကျော်နှင့် ကားပေါ် လူတွေ လက်ယက်လှမ်းခေါ်၍ အောင်လဝန်းလည်း သုတ်ခနဲ လစ်ထွက်လာလိုက်၏။





ကားပေါ်အမြန်လုတက်ပြီး ကားပြန်ထွက်လာသည်နှင့်…

'ငါ မင်းကိုသတ်ချင်တယ် လူဝင်းကျော်'

'ကားမောင်းတဲ့ မာလာခင်ကလည်း ရောက်ဖူးပေမယ့် မရောက်တာကြာတော့ ဇဝေဇဝါဖြစ်ပြီး ရပ်ကြည့်လိုက်တာပါကွာ၊ ငါကလည်း ရောက်ပြီထင်လိုက်မိတာ၊ မှားသွားတယ်၊ ဘွာတေး၊ ဘွာတေး'

ကားနောက်ခန်းထဲမှာ အချင်းချင်းကြိတ်ပြုံး၊ ကြိတ်ရယ်နေကြ၏။ အောင်လဝန်းတစ်ယောက် ရှက်လွန်း၍ မျက်နှာကို အသားကုန်မှောထားလိုက်ရ၏။ ကျော်စိုးနောင်တို့ အိမ်ရှေ့ရောက်ပြီ…

'လူသေရင် နာမည်ကို ကွင်းစကွင်းပိတ် ခတ်ခံရတော့ တာနော်'

နန်းမြအေးက ရှမ်းဆိုသော်လည်း အောက်ပြည်အောက်ရွာအနေများ၍ မြန်မာသံစစ်စစ်ကြီးဖြင့် ပြောနေ၏။ သူတို့အဖွဲ့ ကားပေါ်ကဆင်းရုံရှိသေး၏။

ကားခေါင်းခန်းထဲမှ ခြေဖဝါးလေး တစ်စုံထွက်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သိုင်းကြိုးကွင်းထိုးဒေါက်မြင့်ဖိနပ်လေးနှင့် ဝါညိုသော ခြေဖဝါးတစ်စုံ။ ဖြောင့်စင်းနေသော ဆံရှည်ကြီးများနှင့် အလွန်ကြည့်ကောင်းသော ကျောင်းသူတစ်ယောက်။

ယမင်းသော်တာ။

ကျော်စိုးနောင်ရဲ့ ရည်းစားသစ်ကလေး။ ပူဆွေးသောကမျက်နှာနှင့် နွမ်းလျလျလေးပင် အိမ်ထဲလိုက်ဝင်သွား၏။

အိမ်ရှင်တွေက ကျော်စိုးနောင်ရဲ့ ဦးလေးတွေ၊ အဒေါ်တွေ ဝိုင်းဝန်းပြီး နွမ်းလျအိုစာသော မျက်နှာလေးတွေနှင့် ဧည့်ကြိုကြရှာသည်။

'ကျော်စိုးနောင်ရေ··· အဝေးသင်တက္ကသိုလ်က မင်းရဲ့ သူငယ်ချင်းတွေ ရောက်လာကြပြီလေ၊ ဟော့ဒီမှာ မင်းအသက်ထွက်တဲ့အထိ တဖွဖွရေရွတ်သွားတဲ့ ယမင်းသော်တာဆိုတဲ့ ကလေးမလည်း ပါတယ်၊ တူလေး ထုတ်ပြတဲ့ ဓာတ်ပုံထဲက အတိုင်းပါပဲ၊ ချောမှချော လှမှလှပါပဲလားကွယ်၊ ငါ့တူလေး ခမျာ မသေသင့်ဘဲ သေခဲ့ရလိုက် ရေစက်ကုန်ခဲ့ရှာပြီ၊ တမလွန်မှာ မင်းဘယ်လောက်ပူဆွေးနေရမလဲဆိုတာ အန်တီ သိတယ် တူလေးရဲ့၊ အရီး··· ဟီး··· ဟီး··· ဟီး··· အန်··· တီ··· သိ··· ဒယ်··· ဂစ်··· ဂစ်··· ဂစ်'





'ဟှဲ··· ဟှဲ··· မတင်ထူး စိတ်ကိုထိန်းမှပေါ့၊ အို··· လုပ်ကြပါဦး၊ ဒီမှာ တက်ကုန်ပြီ၊ ဇက်ချိုး၊ အဲ··· ခြေမချိုးကြပါဟှဲ'

ကျော်စိုးနောင်ရဲ့ ဒေါ်လေးဖြစ်သူ ငိုသံပြဲလိုက်၍ စိတ်မာန်တင်းထားရှာသော ယမင်းသော်တာတစ်ယောက် ကျော်စိုးနောင်ရှိရာ အခေါင်းစင်နားဆီ ပြေးသွားပြီး အားရပါးရ လှိုင်လှိုက်လှဲလှဲ ငိုကြွေးပါလေတော့၏။

တက်နေသူကို ဝိုင်းဝန်းပြုစုသူတွေက ပြုစုကြ။ မာလာခင်တို့အဖွဲ့ကလည်း ယမင်းသော်တာကို ဝိုင်းဝန်းထိန်းပေးပြီး မျက်ရည်ပြိုင်တူဝိုင်းကျလိုကျပြနှင့်···

'ငါစိတ်ညစ်တဲ့အထဲမှာ အဲဒါတွေ ရှေ့ဆုံးကပါတယ်၊ ငိုရတဲ့ကားဆို ဘယ်တော့မှ မကြည့်ဘူး၊ တရုတ်ကား၊ ကိုရီးယားကား၊ အိန္ဒိယကားတွေဆို သိပ်ငိုကြတာပဲ၊ ဟောလိဝုဒ်က ထွက်လာတဲ့ကားတွေဆိုရင်ကြည့် ငိုတာရှားတယ်၊ ရမ်ဘိုတစ်ခါငိုတာ တစ်ခန်းထဲပဲပါတယ်၊ ဝမ်းနည်းကြေကွဲတာကို မျက်နှာပေါ်မှာ သရုပ်ဆောင်ပြပြီး အဲဒီလိုအခန်းတွေကို အမြန်ပြောင်းလဲပစ်တာများတယ်'

ကလင်တန်မျက်နှာပေးနှင့်ကျောင်းသားက တီးတိုးပြော



www.burmeseclassic.com

www.burmeseclassic.com



လာခြင်းဖြစ်သည်။ မိတ်ဆက်စဉ်က သူ၏အမည် တင်တွင့်အောင်ဟု ခေါ်ကြောင်း သိရ၏။

အာရာဖတ်မျက်နှာနှင့် အိန္ဒိယနွယ်ဖွားလို ကျောင်းသားအမည်က မောင်မောင်ဟုစိန်တဲ့။

'အနောက်တိုင်းက ရုပ်ဒြပ်ကို ဦးစားပေးတယ် သိပ္ပံလိုင်း အရှေ့တိုင်းက စိတ်ခံစားမှုကို ဦးစားပေးတယ်၊ ဆိုက်ကိုလိုင်းသက်သက်မဟုတ်တဲ့ ဝိဇ္ဇာလိုင်းလေ၊ မတူဘူး ခြားနားတယ်၊ အဲဒါအရေးမကြီးဘူး၊ လူဝင်းကျော်လုပ်တာနဲ့ အောင်လဝန်း တကယ်သွားငိုရင် ငါတို့က ကြားထဲက အချောင်ကန်တော့နေရဦးမယ်'

'မဆီမဆိုင် လက်ပံသား ဓားနဲ့ချိုင်တို့၊ မဆိုင်တဲ့အပေါက် ဂလိုင်နဲ့မခေါက်နဲ့တို့လိုမျိုး ပြန်ပြောလိုက်ပေါ့ကွာ၊ အောင်လဝန်းက ငိုဖို့နေနေသာသာ မိုက်နှိပ်ပြီး ရှုံ့မဲ့နေပြီ'

တက်အောင်ငိုနေသည့် အန်တီကြီးလည်း ပြန်ကောင်းသွား၏။ ငိုလိုက်နားလိုက်နှင့် မျက်ရည်တွေခန်းနေ၍ မနည်းညှစ်ထုတ်ရတာနှင့် ပင်ပန်းသွားပုံရ၏။ ဦးလေးကြီးတစ်ယောက်က အလိုက်သိ၏။

'ကျောင်းသားတွေ နေ့လည်ထမင်းစားချိန်ကြီးမှာမှ





အသုဘပို့ချိန် အမှီရောက်အောင် လာကြရတာဆိုတော့ ဆာကြမှာပေါ့၊ ထမင်းဝိုင်းတွေ အသင့်ပြင်ထားတာ အမြန်ရူးခပ်ကျွေးကြပါဟ'

အသုဘအိမ်မှာ ကူဖော်လောင်ဖက်လုပ်နေသူတွေ ပြာယာခတ်ကုန်၏။ ကျောင်းသူကျောင်းသားတွေကို ထမင်းခေါ်ကျွေးကြ၏။

အသုဘအိမ်နှင့် ဝင်္ဂသားဟင်းကတော့ ဟပ်နေ၏။ အောင်လဝန်းက ဘာလချောင်ကြော်နှင့် အချဉ်ဟင်းသာ လိုမ့်တွယ်ပစ်လိုက်၏။

မောင်မောင်ဟုစိန်က...

'အချဉ်ဟင်းကလည်း အက်ဆစ်ဓာတ်ပါတယ်နော်'

'ဘာလချောင်ကြော်ကို ချေဖျက်နေရတာနဲ့တင် အစာကြေသွားလိမ့်မယ်၊ ဒါနဲ့ မင်းသမီးကော ငိုလို့မောပြီး နားနေပြီလား'

'ယမင်းသော်တာလား၊ သုံးခေါက်မြောက်တက်သွားလို့ အိမ်ထဲအတင်းပို့ပြီး သံပရာရည်ဖျော်တိုက်နေရတယ်၊ ဟော... ရှူသံတွေကြားပြန်ပြီ၊ ဒါထပ်ငိုတာပဲ ဖြစ်ရမယ်'

မောင်မောင်ဟုစိန်ရဲ့ စကားအဆုံးမှာ လူဝင်းကျော်က



www.burmeseclassic.com

www.burmeseclassic.com



'အောင်လဝန်း တွေ့လား၊ မင်းငိုချိန်တောင် မရတော့ဘူး၊ ယမင်းသော်တာက တစ်ကိုယ်တော်ကြဲနေပြီ၊ သနားဖို့လည်း ကောင်းပါတယ်ကွာ'

အောင်လဝန်းက ထမင်းစားသောက်ပြီး အချိုတည်းနေရာမှ…

'အသုဘအိမ်လာတာ တရားမှတ်ပြီး သံဝေဂယူတတ်ကြဖို့လိုတယ်၊ မင်းတို့မျက်နှာတွေကို ညှိုးချုံးချထားလိုက်၊ ဖြဲစပ်စပ်မျက်နှာမျိုး ယောင်လို့တောင် မထားမိကြစေနဲ့နော်၊ ဒီမှာ ဣန္ဒြေရရနေကြ၊ ယမင်းသော်တာ အခြေအနေကို ငါသွားအကဲခတ်ကြည့်လိုက်ဦးမယ်'

အောင်လဝန်း အိမ်ပြင်ထွက်ကြည့်လိုက်၏။ ယမင်းသော်တာတစ်ယောက် အလောင်းစင်ဘေးမှာ အလူးအလဲငိုနေ၏။ အနားမှာ မာဃာခင်နှင့် မေဘရဏီထွဏ်းတို့ ဝိုင်းဝန်းဆွဲလွဲထိန်းမတ်နေကြရသည်။ ကြာရင် ထမီမနိုင် ပဝါမနိုင်ဖြစ်ရကိန်းဆိုက်နိုင်၏။ အချစ်ကြီး၍ အငိုသည်းလွန်းနေလေရော့သလား။

ပဋ္ဌာမြေလူးသလို အခေါင်ကြီးကို ဖက်ပြီးငိုနေသော ယမင်းသော်တာကိုကြည့်ပြီး အောင်လဝန်းရင်ထဲမှာ စကင်စိတ်မကောင်းဖြစ်မိ၏။





သူ့မရင်ထဲ ရွှေရင်ကွဲအောင် ပူလောင်ပြင်းမြိုက်နေရှာရော့မည်။ ဝိညာဉ်ချစ်သူဇာတ်ကားထဲက ပက်ထရစ်ဆွေဇီနှင့် ဒယ်မီမိုးလို ပြန်ဆုံတွေ့အောင် ပေါင်းဖက်ပေးလိုက်ချင်သည့် စိတ်တွေ သူ့ရင်ထဲမှာ တဖွားဖွားဖြစ်ပေါ်နေ၏။ ပက်ထရစ်ဆွေဇီနှင့် ဒယ်မီမိုးတို့ ဘဝခြားနေတာကို ပြန်ဆုံတွေ့လို့ရအောင် လုပ်ပေးနိုင်သူမှာ နတ်ဝင်သည်ကြီး ဟူပီဂိုးပတ်ဆိုသည့် နီဂရိုးမကြီး ဖြစ်နေ၏။ ဒါဆို သူက နီဂရိုးမကြီး လုပ်ရတော့မှာပေါ့။

သူ အပြုတ်အသတ် ငြင်းဆန်ပစ်လိုက်သည်။ ကမ္ဘာကျော်လူဆိုး နီရိုးဘုရင်ကြီးလည်း မလုပ်ချင်၊ နီဂရိုးဆိုလျှင် ပိုတောင်မလုပ်ချင်။

ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းမှာ လူတိုင်းသေနိုင်၏။ သုံးလောကထွတ်ထား အတုမဲ့ မြင့်မြတ်တော်မူသော ရှင်တော်ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူထားသည့် အားလုံးဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ။ တပ်မက်လိုချင်၍ ပြုလုပ်လျှင် ဒုက္ခသစ္စာတွေသာ ရရှိလာမည်။ သုခဆိုသော ချမ်းသာအတုအယောင်ခဏသည် ကေန်စင်စစ် ဒုက္ခတရားသာဖြစ်၏။

(၃၁)ဘုံမှာ ကျင်လည်နေသမျှ သေခြင်းသေပင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကင်းလွတ်ရာမရှိ။ (၃၁)ဘုံ ကျင်လည်ကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေအားလုံး အဖန်ဖန်လဲလဲ သေခဲ့ကြရပြီးပြီ။ မျက်ရည်မဟာသမုဒ္ဒရာမကလည်း ကျခဲ့ကြရပြီးပြီ။

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူသော ရှင်တော်မြတ်ဘုရားတွေ ရင်ဝယ်သားကဲ့သို့ သဘောထားပြီး ချေချွတ်ဆုံးမခဲ့ကြသည်မှာလည်း အကြိမ်အရေအတွက် အနန္တ။ သို့တိုင်အောင် မိုက်မဲနေခဲ့ကြ၍ ဘုံဘဝတွေက မကျွတ်လွတ်ကြသူတွေ ဒုနှင့်ဒေး။

ဗုဒ္ဓရှင်တော်မြတ်ဘုရား ပွင့်တော်မူချိန်မှာ လူဖြစ်ခွင့်မရခင် မကျွတ်လွတ်ခဲ့ကြရသော်လည်း ရှင်တော်မြတ်ဗုဒ္ဓဘုရားရှင်၏ သာသနာတော် နေလိုလလို ထွန်းလင်းတောက်ပနေသည့် သာသနာ သက္ကရာဇ် နှစ်ထောင့်ငါးရာကျော်လွန်ပြီး လက်ရှိကာလမှာ ခွင့်သာခိုက်မလိုက်ချင်လျှင် သံသရာမှာ ဆက်လက်မိုက်မဲလည်ပတ်နေရပေဦးတော့မည်။

ခွင့်သာခိုက်မှာ ပါရမီဖြည့်တင်းပြီး လူဖြစ်ရကျိုးနပ်အောင် နေထိုင်ကျင့်ကြံသွားကြရမည်ဆိုလျှင် လောကဓံရှစ်ပါးနှင့်ကြုံတွေ့သော်လည်း တုန်လှုပ်ခြင်း မကင်းသည့်တိုင်အောင် မပြင်းထန်ဖို့တော့ လိုပေသည်။





ယမင်းသော်တာဖြစ်နေပုံက တုန်လှုပ်ခြင်း ပြင်းထန်နေ၏။

အသုဘရုပ်အလောင်းကို သင်္ချိုင်းသို့ ပို့ဆောင်ရာ လမ်းတစ်လျှောက်မှာလည်း ငိုပြန်၏။ သင်္ချိုင်းဇရပ်မှာ တရားနာဖို့ သတိမရ။

အောင်လဝန်းက ယမင်းသော်တာနှင့် မသိသော်လည်း (ကျောင်းမှာမျက်မှန်းတန်းမိဖူးသော်လည်း) ကျောင်းသားအချင်းချင်းဆိုသော စိတ်ဓာတ်ဖြင့် ဝင်ရောက်ဖျောင့်ဖျရ၏။

'မင်း ဒီလောက်ကြီး မငိုသင့်ဘူး ယမင်းသော်တာ၊ သေတဲ့သူ ပြန်ရှင်လာမယ်ဆိုရင် ငိုရတာ ထိုက်တန်သေးတယ်၊ အခု ကျော်စိုးနောင်ရဲ့ နောက်ဆုံးခရီးမှာ မင်းငိုတာ အဟန့်အတားဖြစ်နေပြီ၊ မင်းရင်ထဲမှာ ဘယ်လောက်အထိ ခံစားနေရသလဲဆိုတာကို ကိုယ် နားလည်ပါတယ်၊ လူတိုင်းသေရမှာပဲ၊ စောစောသွားတာနဲ့ နောက်ကျမှသွားတာပဲ ကွာတယ်၊ မင်းက အုတ်ဂူသွင်းခါနီး အခေါင်းကြီးကို အသွင်းမခံတာဟာ တမလွန်က လူကိုရော ဒီမှာရှိတဲ့လူတွေကိုရော ပိုပြီးစိတ်ထိခိုက်နာကျင်စေတယ်'

'ရှင်… ရှင်… ဖယ်… ဟင့်အင်း… သူ့ကိုအုတ်ဂူထဲ မထည့်ရဘူး၊ သူ မသေဘူး၊ ကျွန်မ သိတယ်၊ သူမျောနေတာ



www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်နာရီလောက်ဆို သူ သတိရလာတော့မှာ၊ ကျွန်မကို ညက အိပ်မက်ပေးထားတယ်'

ခက်ပြီ။

သူ ခေါင်းကုတ်ပြီး အသုဘရှင်တွေကို ကြည့်လိုက်သော အခါ အန်တီကြီးက ဟီးခနဲ အော်ငိုရင်း တက်နေပြန်၏။ ကျော်စိုးနောင်ရဲ့ ဦးလေးဖြစ်သူက…

'တူမကြီးရယ်… စိတ်လျှော့လိုက်ပါတော့၊ ဆရာဝန်တွေကိုယ်တိုင် သေသေချာချာ စမ်းသပ်ပြီးပြီ၊ တူလေးကျော်စိုးနောင် ကွယ်လွန်သွားတာ အမှန်ပါပဲ၊ အထပ်ထပ်ကို စမ်းသပ်ထားတာပါ၊ ဂူသွင်းချိန်နောက်ကျနေမှာစိုးလို့ သွင်းခွင့်ပေးလိုက်ပါကွယ်'

မဘာရဏီထွဏ်းနှင့် မာလာခင်တို့က ယမင်းသော်တာကို ဝိုင်းဆွဲထားကြ၏။ ဂူသွင်းမည့် ဆရာတွေလည်း သွက်သွက်လှုပ်ရှားလိုက်၏။

ကာယကံရှင်ထက် ပိုကဲအောင် ခံစားပြနေသော ယမင်းသော်တာက စိတ်ရိုင်းတွေဝင်ပြီး မဘာရဏီတို့လက်မှ အတင်းတိုးထွက်ကာ အုတ်ဂူပေါက်ဆီ ရောက်လာ၏။

အောင်လဝန်းက ရှေ့မှ ပိတ်ကာသောအခါ သူမက





အောင်လဝန်းကို ဆောင့်တွန်းပစ်လိုက်၏။ ခေါင်းပေါ်ကို အောင်လဝန်း ပက်လက်လဲကျသွား၏။

ခေါင်းဖုံးပိတ်ထား၍ ကော်သေး၏။ ဘေးမှကျောင်းသူတွေ ဝိုင်းကူဆွဲမှ ယမင်းသော်တာ မေ့မျောခွေကျပြီး သယ်မရာ အလိုက်သင့်ပါသွား၏။

ဂူသွင်းခါနီး၊ မြေကျင်းထဲ ခေါင်းကျခါနီးမှာ အလွန် သတိထားရ၏။ ဆင်ဆင်ခြင်ခြင် ပြုမူရ၏။ အောင်လဝန်းတစ်ယောက် ခေါင်းဖုံးပေါ် လဲအိပ်လိုက်မသိလို ဖြစ်သွား၍ အိမ်ပြန်ရောက်လျှင် တစ်ကိုယ်လုံး ကင်ပွန်းနှင့်ဆေးကြောကာ သန့်စင်ရဦးမှာ ကြိုတွေးမိလိုက်၏။

အောင်လဝန်းငယ်စဉ်က အဒေါ်ဝမ်းကွဲ ဒေါ်သန်းအေး ကွယ်လွန်တာ ကြုံတွေ့ဖူး၏။

အန်တီဆန်းဆိုသော အခြားအဒေါ်တစ်ယောက်က အချစ်လွန် အငိုကဲပြီး ဒေါ်သန်း အေးတွင်းထဲချနေတာကို တွင်းဝကိုလှမ်းအော်ငိုရင်း ပြောလိုက်ပုံမှာ…

'အောင်မလေး… မသန်းအေးရဲ့၊ ငါ့ကိုပါ အပါခေါ်သွားပါဟဲ့၊ ငါမနေခဲ့ချင်ဘူး'

တစ်နှစ်ပဲ ခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီဆန်းတစ်ယောက် ဒေါ်သန်းအေးလို ကလေးပျက်ကျသည့် ရောဂါဝေဒနာဖြင့် ကွယ်လွန်သွား၏။ မကွယ်လွန်ခင်ကာလများမှာ မသန်းအေးကို တွေ့နေရကြောင်းသာ တဖွဖွပြောရင်း အကြောက်ကြီးကြောက်ခဲ့ရသေး၏။

ယမင်းသော်တာ တွန်းလိုက်၍ အောင်လဝန်းမှာ ကိုယ့်ကိုယ်ကိုယ် စိတ်မသန့်သလိုဖြစ်သွားသည်။ အုတ်ဂူသွင်းတာနှောင့်နှေးကြန့်ကြာနေမှာစိုး၍ ရှေ့ကပိတ်ကာတားမိခြင်းဖြစ်သည်။

လူဝင်းကျော်တို့ မောင်မောင်ဟူစိန်တို့က မျောက်ပွဲကြည့်သလို ဝိုင်းကြည့်ဖို့ပဲ တတ်၏။ ဝင်ကူတားရကောင်းမှန်းမသိ။ ကလင်တန်ဆိုလျှင် အသုဘရှင်တွေ လိမ္မော်သီး ဖျော်ရည်နှင့် မျက်နှာသုတ်ပဝါဝေနေတာကို နှစ်ခါရအောင် ဇရပ်ထဲ သွားပြန်ယူနေ၏။

အသုဘချခြင်း အမှုပြီးစီးသွားသောအခါမှ အသုဘရှင်တွေကို နှုတ်ဆက်ပြီး ပြန်ဖို့ပြင်ကြရ၏။ အငိုမင်းသမီးလည်း မောနွမ်းပြီး မာလာ့ရင်ခွင်ထဲမှာ နွမ်းမှိုနေပြီ။ သည်မှာတင်ပြဿနာကက်၏။

မောင်မောင်ဟူစိန်တစ်ယောက် လူလည်ခေါင်မှာ ကွမ်း





စားပြီး ထသွားရခက်နေသဖြင့် ပလပ်စတစ်အိတ်လေးထဲ ကွမ်းတံတွေးတွေ ထွေးထည့်ကာ ဘေးကဖျာစပ်ကြားမှာ ကွမ်းတံတွေးထုပ်ကို အသာညှပ်ထား၏။ အသုဘပို့ပြီးပြန်လာသူတွေထဲက အန်တီကြီးတစ်ယောက်က မောမောနှင့်ယပ်ခပ်ပြီး ကွမ်းတံတွေးထုပ်ပေါ် တက်ထိုင်မိ၏။

စိုစိုစိစိနှင့် တင်ပါးအောက်က ဘာလဲမသိဆိုကာ ဖင်ကြွပြီး အကြည့်မှာ မောင်မောင်ဟူစိန်က အန်တီကြီးမမြင်အောင် ပလပ်စတစ်ကို ဆတ်ခနဲအသာယူဖွက် ထားလိုက်၏။

ကွမ်းတံတွေးအရည်တွေသာ အန်တီကြီးထမီပြောင်အဝါပေါ်မှာ အကွက်လိုက်ကြီး စွန်းကုန်၏။

'အောင်မလေး'

ဘေးလူတွေသိမှာစိုး၍ အန်တီကြီး သူ့ဘာသာတိုးတိုးကြိတ်ကြိတ် လန့်အော်ပြီး ယပ်တောင်နှင့် တင်းပါးနေရာကိုကာကာ အတွင်းခန်းထဲ ဝင်ပြေးတော့၏။ ကွမ်းတံတွေးပာ တင်မြင်ယူဆလိုက်ပုံမရ။

အသက်ကြီး ဂိတ်ဆုံးနေမှ တကျော့ပြန်လည်လာသောရာသီပန်းပွင့်တံဆိပ်ရိုက်ခံလိုက်ရပြီထင်ပြီး သုတ်ခနဲထလစ်သွားခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဟူစိန်က ပေါ်း။ ကွမ်းတွေမျိုချလိုက်ပြီး နှုတ်ခမ်းမှာ ကွမ်းတံတွေးတွေ မပေအောင် အမြန်သုတ်ပစ်လိုက်၏။

အနားမှာ ခေါင်းကုံးနှင့်ဘကြီးတစ်ယောက် ကွမ်းတဝါးဝါးနှင့် လေပေးဖြောင့်နေ၏။

အခန်းထဲမှာ သူ့ဘာသာပြန်စစ်ဆေးပြီး ပြန်လာသော အန်တီကြီးက ကွမ်းတံတွေးမှန်းသိ၍ ဒေါကန်သွားပြီး အခန်းပေါက်ဝမှ အသာခေါင်းပြူကြည့်ကာ ကွမ်းစားနေကို ရှာ၏။ တွေ့ပြီ။

တွေးခံတစ်လုံးယူလာပြီး စောစောကနေရာမှာ ပြန်ဝင်မထိုင်ခင်…

'ဒေါ်'

'အား… ဘာလဲဟ ခင်မ၊ ငါ့ကိုတွေးခံနဲ့ ခေါက်တာ'

'ကိုမောင်ပု… ရှင်ကွမ်းစားပြီး ဘာလို့မဆင်မခြင် ဖျာအောက်ကို တွေးရတာလဲ၊ ကျွန်မ ဖျာပေါ်ထိုင်မိတော့ ထမီတွေ အကုန်စွန်းကုန်ပြီ၊ အဲဒါကြောင့် တွေးခံယူလာတာ၊ ဆင်ခြင်တတ်အောင် တွေးခံနဲ့ ရှင့်ကတုံးကို ခေါက်ပြီး သတိပေးတာ၊ ကျေနပ်လား၊ မကျေနပ်ရင် ရေးရာမှာ သွားရှင်းလို့ရတယ်'





'ဟ… ငါမတွေးပါဘူးဟ၊ ငါလုပ်ထားတာ မဟုတ်ပါဘူး၊ နင့်ငယ်သူငယ်ချင်းတွေဆိုပြီး ကွယ်ရာမှာ စနောက်တာ အကြောင်းမဟုတ်ဘူး၊ အခုဟာက အသုဘအိမ်မှာ လူလည်ခေါင်မှာ ဒီလိုလုပ်တာကောင်းသလား'

'ရှင်မတွေးရင် ဘယ်သူတွေးမှာလဲ၊ ဒီနားမှာ ကွမ်းစားတာ ရှင်တစ်ယောက်ပဲရှိတယ်၊ လိမ်လည်မှုနဲ့ နောက်တစ်မှုထပ်တိုးချင်လို့လား'

နန်းမြအေးက လူကြီးတွေ ပြဿနာတက်မှာစိုး၍ ဖော်ကောင်လုပ်လိုက်၏။

ဒေါ်ခင်မက ဒေါသမပြယ်သေးသော မျက်နှာဖြင့် ဟူစိန့်ကို…

'ဟဲ့… နှာခေါင်းချွန်လေး ကွမ်းစားရင် တွေးခံရှာတွေးတတ်ရတယ်၊ နောင်ကိုမှတ်ထား၊ ဒီလိုဖျာအောက်တွေမှာ မတွေးရဘူး၊ ကြားလား'

'ကျွန်တော် မသိလို့ပါ၊ တကယ်ဆို အန်တီ့တင်ပါးကိုလည်း ဆုံးမထားပါ၊ လွှတ်ပြီထင်ပြီး ဝင်ထိုင်မယ်ပြင်တိုင်း စွတ်ခနဲ ဆိုးခနဲ ဆတ်ခနဲ မထိုင်ချလိုက်ပါနဲ့၊ ဒီကွမ်းတံတွေးတွေ ပလက်စတစ်ထဲ တွေးထည့်ပြီး ခထားထားတာပါ၊ အန်တီ ထိပါ



www.burmeseclassic.com

www.burmeseclassic.com



စေဆိုပြီး ဒီကွမ်းတံတွေးထုပ်ကို တမင်မိုင်းတောင်သလို ထောင်ထားတာ မဟုတ်ပါဘူး’

‘အောင်မလေးဟဲ့··· လူကြည့်တော့ ချစ်တီး၊ ပြောလိုက်တာ ကွက်စိပ်ဆရာသေလို့ ဝင်စားထားတဲ့အတိုင်းပဲ၊ ငါ့တင်ပါးတောင် မျက်စိတပ်ထားရမလိုဖြစ်နေပြီ၊ ငါထိုင်တာမြင်ရင် မင်းက သတိပေးလိုက်ပါလား’

‘ကျွန်တော် ဒီဘက်ကို စကားပြောနေတယ်နော်၊ အန်တီကြီး ဗွပ်ခနဲ ထိုင်ချလိုက်တာ၊ သိတောင်မသိလိုက်ဘူး၊ ထိုင်မိတယ်နော်၊ မျက်နှာက ကမ္ဘာပျက်သလိုဖြစ်ပြီး ဆတ်ဆိုထသွားတယ်၊ ပြောချိန်မရလိုက်ဘူး၊ ပြန်ရောက်လာတယ်၊ ဒီက ဦးဂျီးနဲ့ ရန်ဖြစ်တယ်နော်၊ ဘာမှဝင်ပြောပြချိန်ကို မရဘူး၊ အဲဒါ ကျွန်တော် လွန်သလား’

‘အောင်မလေးလေး··· မင်းမလွန်ဘူးဆိုတော့ ငါပဲလွန်နေသလိုလိုပေါ့၊ ဟင်း··· နှာခေါင်းကဆွဲပြီး ကိုင်ပေါက်ပစ်လိုက်ရ’

ဘေးလူကြီးတွေ ဝိုင်းဝန်းပြီး ဒေါ်ခင်မကို ပြောဆိုတားမြစ်ကြ၏။ ကျောင်းသူတွေက ဟူစိန့်ပါးစပ်ထဲကို ကွမ်းယာထပ်ထိုးထည့်ထားလိုက်၏။





ဒေါ်ခင်မကို အန်တီကြီးတချို့က အတွင်းခန်းထဲခေါ်သွားကြ၏။ လူကြီးတချို့က အသုဘအတွက် တကူးတကရောက်လာကြသော ကျောင်းသားတွေမှန်းသိ၍···

‘စိတ်မရှိနဲ့၊ ငါ့တူကြီး တူမကြီးတို့ရေ အဲဒီဒေါ်ခင်မက တစ်ခါတလေ ခေါင်းနောက်ရင် အဲဒီလိုဖြစ်တတ်တယ်၊ သူက ဂေါက်’

‘ရပါတယ် ခင်ဗျာ’

နှစ်သိမ့်အားပေးသူ လူကြီးက ပြောနေရင်းတန်းလန်းမှ သူများစားပြီးသား ကွာစေ့ခွံတွေကို ကောက်စားနေ၏။

ရေနွေးခွက်ကို လက်နှင့်မြောက်ပြီး ချီးယားဟု သူ့ဘာသာသူလုပ်နေပြန်၏။

အခြေအနေသဘောပေါက်သွားပြီး ပြဿနာပွဲဆက်တွေ ထပ်ပွားမလာခင် ကျောင်းသူကျောင်းသားတစ်ဖွဲ့လုံး မြန်မြန်ထလစ်ကြရ၏။

ကားခေါင်းခန်းထဲမှာ ယမင်းသော်တာ ခွေခွေလေးလဲနေ၏။

မာလာက အောင်လဝန်းကို ကြည့်ပြီး စိတ်ပူလောက်စရာ သဖြင့်···



www.burmeseclassic.com

www.burmeseclassic.com



'နှာဗူး… နှာဗူး'

'ဘာနှာဗူးလဲ၊ ဘယ်မှာဗူးလို့လဲ'

'မဟုတ်ပါဘူး၊ နှာရှူဗူးကို ရှေ့ကစတိုးဆိုင်ရောက်ရင် ဆင်းဝယ်စမ်းပါ၊ ရေသန့်ဗူးရော၊ သီးစုံဓာတ်ဆားရည်ထုပ်ရော၊ ယမင်းအဖြစ်က စိုးရိမ်ရတယ်၊ ရော့… ဒီမှာ ပိုက်ဆံ'

လူဝင်းကျော်က ကြားဝင်ခေါင်းညိတ်ပြီး ငွေကိုလက်မခံ။ ကားဖြင့်မြို့ထဲမှ ပြန်မောင်းထွက်လာကြ၏။

နှာဗူးကို အောင်လဝန်းကိုယ်တိုင် ဆင်းဝယ်ပြီး ယမင်းသော်တာဘေးကို အပြေးရပ်ကာ အမြန်ရှူရှိုက်နိုင်ဖို့ ကမ်းပေးရင်း…

'ယမင်းသော်တာ ဒီရှူဆေးလေး ရှူလိုက်၊ ရော့…'

ယမင်းသော်တာက မျက်ခွံတွေကို အတင်းဖြဲမကြည့်ရင်း အောင်လဝန်းကို ရီဝေစွာကြည့်နေရာမှ မျက်လုံးလေးပြူးကျယ်ဝိုင်းစက်သွား၏။ ခွေမှိန်နေရာမှ ဆတ်ခနဲထပြီး…

'သူ… သူ… ကျော်စိုးနောင် သူ မသေဘူး'

အောင်လဝန်းလည်း လန့်ပြီး နောက်လှည့်ကြည့်လိုက်၏။ နေ့ခင်းကြောင်တောင်ကြီးမို့ သူ့နောက်နားမှာ ဘယ်သူမှ ရှိမနေ။





ယမင်းသော်တာရဲ့ အကြည့်က အောင်လဝန်း မျက်နှာကိုသာ စိုက်စွဲထား၏။

'ဘယ်… ဘယ်မှာလဲ ကျော်စိုးနောင်၊ နေ့ခင်းကြောင်တောင်ကြီး ဝိညာဉ်ဖြစ်ပြီး နောက်ကလိုက်လာပြီလား'

ယမင်းသော်တာက ရှူဆေးဗူးလှမ်းပေးနေသော အောင်လဝန်းရဲ့ လက်ကို ဝမ်းသာအားရဖမ်းဆုတ်ဆွဲရင်း…

'သူ… သူ တို့နောက်ကို လိုက်လာတယ်၊ တို့လေ သူ့အတွက် ငိုလိုက်ရတာ၊ ဒါကို သူသိလို့ လိုက်လာတာ မဟုတ်လားဟင်'

'ဗုဒ္ဓေါ'

အောင်လဝန်း လန့်ပြီး ဘုရားတမိ၏။ ယာဉ်မောင်းနေရာမှ စောင့်ကြည့်နေသော မာလာခင်လည်း အံ့သြသလို ကြည့်နေ၏။ အောင်လဝန်းက မာလာခင်ကို ဘယ်လိုလုပ်မလဲဟု မေးဆတ်ပြသောအခါ မာလာခင်က ယမင်းသော်တာကို…

'တို့တတွေ အပြန်နောက်ကျနေလိမ့်မယ်၊ သွားကြရအောင်လေ၊ ကိုယ့်စိတ်ကိုယ်ထိန်းမှပေါ့ ယမင်းရယ်၊ မိန်းကလေးဖြစ်ပြီး ရုပ်ပျက်ဆင်းပျက်နိုင်သွားရင် ယမင်း ဂုဏ်သိက္ခာကို ထိခိုက်နှမ်းလျစေတော့မှာပေါ့၊ အဲဒါ ကျော်စိုးနောင် မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အောင်လဝန်း၊ သူ့လက်ကိုလွှတ်ပေးလိုက်တော့နော် တရားမှတ်နေပါ'

'အို… သူ… ကျော်စိုးနောင်မှ ကျော်စိုးနောင် အစစ်ပါ၊ မာလာမတွေ့ဘူးလား၊ တို့ကို ပြုံးပြနေတယ်၊ ကျော်စိုးနောင်မသေဘူး၊ တို့နောက်ကို လိုက်လာတယ်၊ ဟော… နှုတ်ထောင်ကြားလား၊ ကျော်စိုးနောင်က ဒီလူ့ကိုယ်ခန္ဓာမှာ ပူးဝင်ပြီးလိုက်လာပါရစေတဲ့၊ ခေါ်သွားမယ်၊ သူ့ကို မထားခဲ့နိုင်ဘူး၊ လိုက်ခဲ့၊ တို့နဲ့အတူလိုက်နေနော် ကျော်စိုးနောင်'

ယမင်းသော်တာက စိတ်ကစဉ့်ကလျား ဝေဒနာဖြစ်ပေါ်သွားသော လူနာတစ်ယောက်လို အောင်လဝန်းကို ကြည့်ပြီးလက်ကိုအတင်းဆွဲကိုင်လျှပ်ကာ ပြောနေ၏။ အောင်လဝန်းနှင့်မာလာခင်တို့ နေ့ခင်းကြောင်တောင်ကြီး ကြက်သီးဖြန်းဖြန်းထတော့၏။

တကယ်များ ကျော်စိုးနောင် လိုက်လာလေသလား။ ယမင်းသော်တာ တစ်ယောက် အစွဲလန်းကြီးပြီး ထင်မိထင်ရာတွေ လျှောက်ပြောနေသလား။

'ကဲပါ၊ လိုက်ခဲ့၊ အောင်လဝန်း ခေါ်လာခဲ့၊ ရှေ့ခန်းကမဆန့်တော့ဘူး၊ နောက်ခန်းကပဲ လိုက်ခဲ့နော်'





မာလာခင်က ကားထွက်လို့ရစေရန် ပရိယာယ်သုံးပြီးပြောလိုက်ခြင်းပင်။ အောင်လဝန်းကလည်း အလိုက်သင့် ခေါင်းညိတ်ပြုံးဖြဲပြရ၏။

ယမင်းသော်တာက လက်မခံ။ ရှေ့ခန်းမှာပင် အေးအတူပူအမျှ ဝင်ထိုင်ရမည်ဟု အတင်းအကျပ်တောင်းဆိုလာ ၏။ မာလာခင် ခေါင်းကုတ်ပြီး ဘယ်လိုမှ ပြောမရသည်နှင့် လိုက်ခဲ့ဖို့သာ လက်ယက်ပြလိုက်တော့၏။

အောင်လဝန်းတစ်ယောက် ယမင်းသော်တာ အလိုကျယမင်းသော်တာနှင့် ခုံတစ်ခုထဲမှာ ပူးကပ်မျှထိုင်ရတော့၏။

'ကျော်စိုးနောင် အလယ်မှာထိုင်၊ ခုတော်တဆ ကားတံခါးပွင့်ကျရင် သူနဲ့နောက်ထပ်ဝေးရပြီး ကျွန်မ တအားငိုနေရဦးမယ်၊ ကျွန်မဘေးကထိုင်ပေးမယ်၊ ဒီတစ်ခါတော့ သူ့ကိုအလွှတ်မပေးတော့ဘူး'

ယမင်းသော်တာ သဘောတော်အရ အလယ်မှာ နေရာမျှထိုင်ရ၏။ ကားမထွက်ခင် ရှေ့မှာဘာတွေဖြစ်နေတာလဲဆိုတာလူဝင်းကျော် ဆင်းကြည့်လာ၏။

မိန်းကလေးနှစ်ယောက်ရဲ့အလယ်မှာ သွားဖြီးလေးနှင့်ထိုင်နေသော အောင်လဝန်းကို တွေ့သောအခါ မတ်တပ်မေ့



www.burmeseclassic.com

www.burmeseclassic.com



၏။ ဖွတ်မေ့ပဒတ်မေ့ မေ့နေရာမှ သတိပြန်ရလာသည်မှာ မာလာခင်က ဟွန်းနှိပ်လိုက်၍ဖြစ်သည်။

'ဒီ… ဒီကောင်… ဘယ်လို'

မာလာခင်ကပင် အတိုချုပ်ရှင်းပြလိုက်၏။ သြော်… အင်းနှင့် နားလည်သွားသော လူဝင်းကျော်တစ်ယောက် ကားထွက်ရန် လက်ပြလိုက်ပြီး နောက်ခန်းပေါ် ခုန်တက်လိုက်၏။ ကလင်တန်၊ ဟူစိန်၊ မေဘာရဏီထွဏ်း၊ နန်းမြအေးတို့အဖွဲ့တွေက နားစွန်နားဖျားကြားထားကြ၏။ သေချာအောင် ထပ်မေးလာကြသော အခါ လူဝင်းကျော်က…

'အောင်လဝန်းတော့ စိုင်ကော်လို့ ချုပေါ်ရောက်သွားပြီ၊ ပျားအုံရှိတဲ့ ချုပေါ်တည့်တည့်ထိုင်မိလို့ကတော့ကွာ၊ ဒုက္ခိတပျား တုပ်ခံရတာထက် ဆိုးဦးတော့မယ်'

'ဟဲ့… နင့်စကားကလည်း ရှုပ်လိုက်တာ၊ ရှင်းရှင်းပြော စမ်းပါ၊ ဝဏ်ဝုတ္တိတွေ အတိသယဝုတ္တိတွေမပါစမ်းပါနဲ့'

မေဘာရဏီထွဏ်း စကားကြောင့် လူဝင်းကျော်က…

'အောင်လဝန်းကို ယမင်းသော်တာက ရှေ့ခန်းမှာ သူနဲ့ အတင်းထိုင်လိုက်ခိုင်းတယ်'

'ဟယ်… ဘာကြောင့်တဲ့လဲ၊ ဘာလို့တဲ့လဲဟင်'





'ကျော်စိုးနောင်ရဲ့ ဝိညာဉ်က အောင်လဝန်းကို ဝင်ပူးပြီး လိုက်လာလို့တဲ့ဟ'

'အောင်မလေး… အမေရေ ကယ်တော်မူပါ၊ ဘုရား ကယ်တော်မူပါ'

'ဣတိပိသော ဘဂဝါ အရဟံ'

'သြကာသ… သြကာသ'

မိန်းကလေးတွေ ထိတ်လန့်ကြောက်ရွံ့သွားကြသည်မှာ သင်္ဘောနစ်ခါနီးကဲ့သို့ပင်။ မြို့ပြရင်ခွင်ထဲကို ကားလေးပြန်ရောက်သောအခါ နွားရိုင်းသွင်းချိန်လိုမျိုး၊ ညီအစ်ကိုမသိသတိအချိန် အခါလိုမျိုး။ မာလာခင်က အိမ်တိုင်ရာရောက် လိုက်ပို့ပေး၏။ ယမင်းသော်တာကလွဲလျှင် ကျန်လူတွေက အောင်လဝန်းကို တစ္ဆေတစ်ကောင်လို ဝေးဝေးရှောင်ဖယ်နှုတ်ဆက်သွားကြ၏။

'ဖွီးဟဲ့… ဖွဟဲ့'

'ဖတ်… ဖတ်… ဖတ်'

အိမ်ထဲဝင်ခါနီးမှာ အမှောင့်ပယောဂတွေ ကပ်ပါလာမှာ စိုး၍ ခွာချသွားကြ၏။ ယမင်းသော်တာတို့ အိမ်ရှေ့ရောက်မှ ဒုက္ခဖြစ်တော့၏။

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကားပေါ်မှာကလည်း မာလာခင်၊ ယမင်းသော်တာ၊ လူဝင်းကျော်နှင့် အောင်လဝန်းတို့သာကျန်တော့၏။ သီးသန့်အဆောင့် မြင့်တိုက်ခန်းအိမ်ယာဝင်းထဲရောက်ပြီး ယမင်းသော်တာတို့ တိုက်ခန်းတွဲရှေ့မှာ ကားရပ်စဉ် အောင်လဝန်းကပါ ယမင်းသော်တာနှင့် လိုက်နေရမည်ဟု ယမင်းသော်တာ အတင်းခေါ်ငင်တော့၏။ မာလာခင်နှင့် လူဝင်းကျော်တို့ မနည်းတားမြစ်ရတော့၏။

ယခုလို ခရီးတိုထွက်တာကိုပင် ယမင်းသော်တာရဲ့ မိဘတွေ မသိကြ။ ယမင်းသော်တာက သူငယ်ချင်းမာလာခင်တို့အိမ်မှာ အိမ်သစ်တက်ပွဲရှိ၍ အိမ်ပြန်နောက်ကျမည်ဆိုကာ ဖုန်းဖြင့် အကြောင်းကြားပြီးလှည့်ပတ်မုသားဆိုထားရခြင်းပင်။ အောင်





လဝန်းသာ အိမ်ပေါ်ခေါ်တင်သွားလို့ကတော့ ယမင်းသော်တာ မိဘများနှင့်ခင်မင်ရင်းနှီးသော မာလာခင်တစ်ယောက် ရှေ့ဆက်လို့ပင် မတွေးရဲတော့။

'ဘယ်ဖြစ်မလဲ ယမင်းရယ်၊ သူက ကျော်စိုးနောင်မဟုတ်ဘူး၊ ကျော်စိုးနောင်က သေပြီ၊ သူက အောင်လဝန်း၊ ရန်ကုန်ထဲဝင်တော့ ကျော်စိုးနောင်က သူ့အိမ်ကို ပြန်တော့မယ်ဆိုပြီး ခရမ်းသုံးခွဘက်သွားတဲ့ကားပေါ်ကို ဝိညာဉ်တန်ခိုးနှင့် ဇွတ်ခနဲပြောင်းတက်သွားတာ ငါတွေ့လိုက်တယ် ယမင်းရဲ့'

'အရူးမ… ကျော်စိုးနောင် ဒီမှာရှိနေတာ မြင်လျက်သားနဲ့၊ လုပ်ကြံပြောရဲသေးတယ်၊ သူက အောင်လဝန်းမဟုတ်ဘူး၊ ကျော်စိုးနောင်မှ ကျော်စိုးနောင်၊ အောင်လဝန်းဆိုတာ ထီဆိုင်နာမည်ဖြစ်လိမ့်မယ်'

ခက်ပြီ။

လမ်းမီးတွေလည်း လင်းလက်ပြီ။

အောင်လဝန်းက…

'လိုက်နေမယ်၊ လိုက်နေမယ်'

'ဘယ်ဖြစ်မလဲဟဲ့၊ သူ့မိဘတွေနဲ့ တွေ့ရင် နင်သေသွားမယ်'



www.burmeseclassic.com

www.burmeseclassic.com



အောင်လဝန်းက မာလာခင်ကို မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး…

‘မာလာနဲ့ယမင်းတို့ အပေါ်ကိုတက်နှင့်ကြ၊ ကိုယ်တို့နောက်ကလိုက်ခဲ့မယ်၊ သွားနှင့်ကြနော်’

‘ဟင့်အင်း… တစ်ခါတည်းလိုက်ခဲ့’

‘လိုက်လို့မရဘူး၊ ယမမင်းကြီးထံကို ဖုန်းဆက်ပြီး ခွင့်တိုင်ရဦးမယ်၊ ကိုယ်နဲ့ယမင်းက ဘဝချင်းခြားသွားပြီလေ၊ ယမင်းက လူသား ကျော်စိုးနောင်က အမဲသား၊ အဲ… ဟုတ်ပါဘူး၊ ယောင်လို့… ဘဝချင်းမတူတော့ ဒီလိုမျိုးလိုက်နေမယ်ဆိုရင် ယမမင်းထံ ခွင့်ပန်မှကို ဖြစ်မှာ ယမင်းရဲ့’

‘အိမ်ပေါ်မှာ ဖုန်းရှိတယ်၊ အိမ်ခန်းထဲရောက်မှဆက်’

အောင်လဝန်းခေါင်းကုတ်ရပြီ။ သူဝင်းကျော်က…

‘ရိုးရိုးဖုန်းဆက်လို့မရဘူးလေ ယမင်းရဲ့’

‘ဆယ်လူလာ၊ ဂျီအက်အမ်၊ ခြင်းဖုန်း၊ အကုန်ဆက်လို့ရ တယ်၊ တိုက်ခန်းတွဲက အခန်းတိုင်းမှာရှိတယ်၊ ပြောပေးလို့ရ တယ်’

‘မဟုတ်ဘူး၊ ယမမင်းဆီဆက်တဲ့ဖုန်းက နတ်ဖုန်းမှ တာ၊ ခဏလေးပါ၊ ငါးမိနစ်အတွင်း တိုက်ခန်းပေါ်ရောက်အော





တက်ခဲ့မယ်၊ ကဲ… ကြာတယ်၊ လာ… သွားမယ် အောင်လဝန်း၊ မာလာ… ယမင်းကို အပေါ်ကိုခေါ်သွားတော့၊ သိပ်ရှုပ်မပျက်စေနဲ့နော်၊ လူကြီးတွေသိသွားရင် မဟာပေါက်ကွဲမှုအဆင့်ဖြစ်သွားမယ်၊ သဘောပေါက်’

‘အို… လှဝင်းကြောင်… ဘာလို့ကျော်စိုးနောင်ကို အတင်းခေါ်သွားရတာလဲ၊ အခုပြန်လာခဲ့၊ ပြန်လာခဲ့လို့ ဆိုနေ’

‘လာပါ ယမင်းရယ်၊ ကိုယ့်စိတ်ကို လွတ်အောင် မလွှတ်ပေးလိုက်ပါနဲ့၊ သူတို့လိုက်လာမှာပါ၊ တို့တိုက်ပေါ်ရောက်တာနဲ့ မကြာဘူး၊ ငါးမိနစ်အတွင်း သူတို့ရောက်လာမှာပါ’

‘သေချာလို့လား မာလာ’

‘ငါ အာမခံပါတယ်၊ဟယ်၊ အသက်နဲ့ကို အာမခံပါ တယ်’

‘ဒါဆိုရင် အိမ်ပေါ်က စောင့်မယ်’

‘ဟင်း… ရှင်တော့ဒုက္ခပဲ၊ ကျော်စိုးနောင်ကို အိမ်ပေါ် ခေါ်တင်ရင် ရှင့်မိဘတွေနဲ့ ပဋိပက္ခဖြစ်ရမှာ မကြောက်ဘူးလား’

‘မကြောက်ဘူး၊ ဖေဖေက ပွင့်ပွင့်လင်းလင်းပြောပြရင် ရတယ်’

‘မေမေကရော’



www.burmeseclassic.com

www.burmeseclassic.com



'ပါးရှစ်စိပ်ကွဲအောင် ရိုက်လိမ့်မယ်၊ ပြီးတော့မှ ဒေါသပြေပြီး လုပ်ချင်တာလုပ်တော့လို့ ခွင့်ပေးမှာပဲ'

'ဟယ်… ရှင် သတ္တိတွေ ရဲရဲတောက်နေပါလား'

ဓာတ်လှေကားပေါက်ထဲရောက်သည်အထိ စကားတွေကောင်းနေကြ၏။ စောစောကလို ခွေနွမ်းပန်းလျှဟန်ပန်မရှိ။ ရွှင်လန်းတက်ကြွသည့် အမူအယာနှင့် မျှော်လင့်ချက်အပြည့်ရှိနေသော သူတစ်ယောက်အသွင် ချက်ချင်းပြောင်းလဲသွားသော ယမင်းသော်တာကိုကြည့်ပြီး မာလာ အဖန်ဖန်အံ့သြနေရတော့သည်။ စိတ်၏အစွမ်းသည်ကား အံ့မခန်းဖွယ်ဆန်းကျယ်လှပေသည်။ လူ့စိတ်သည် အကန့်အသတ်မရှိ တန်ခိုးအာနိသင် ကြွယ်လွန်း၏။ ထို့ကြောင့် ရှင်တော်မြတ်ဗုဒ္ဓက 'စိတ္တေနနိယတိလောကော' လောကအားစိတ်တန်ခိုးများက ဦးဆောင်နေခြင်းသာဖြစ်သည်ဟု ဟောကြားတော်မူခဲ့၏။

စိတ်ညှို့ပညာဖြင့် နာကျင်မှုကို သက်သာပျောက်ကင်းစေ၏။ ကောင်းစွာလေ့ကျင့်ထားသော စိတ်တန်ခိုးသည် မြေလျှိုးမိုးပျံနိုင်ရုံမက မဟာစကြာဝဠာကိုပင် ထွန်းဖောက်အောင်မြင်နိုင်စွမ်းရှိ၏။ စိတ်ဆောင်၍ သေလုမျောပါးဝေဒနာခံစားနေရသူနှယ်ဖြစ်နေရာမှ ဒေါင်ဒေါင်မြည်အောင် ကျန်းမာရွှင်လန်းသွားသော





ယမင်းသော်တာကို ကြည့်ပြီး တခြားသူတွေဆိုလျှင် အပပယောဂမှီသလိုလို ထင်ကုန်ကြမှာ အမှန်ပင်။

တရားစခန်းမကြာခဏဝင်ပြီး စိတ်ပညာဘာသာရပ်ကို လေ့လာလိုက်စားတတ်သော မာလာခင်ဖြစ်နေ၍သာ ဤမျှဆင်ခြင်စဉ်းစားနိုင်ခြင်းဖြစ်သည်။

အိမ်ရာဝင်းအပြင်ဘက်ကို ခြေလျှင်ပြန်လျှောက်ထွက်လာရင်းမှ…

'ငါတို့ ဘာဆက်လုပ်ကြမလဲ လှူဝင်းကြောင်'

'ပြန်မယ်လေ၊ မင်းက ဘာလုပ်ချင်သေးလို့လဲ၊ နှုတ်ဖုန်းဆက်ချင်သေးလို့လား၊ နုတ်ဖုန်းဆိုတာ နှုံးဖတ်နေတာ၊ ငါတို့ အသုဘလိုက်ပို့ရလို့ နုံးဖတ်ပြီး ပြန်ချင်နေတာကို ပြောတာ၊ ယမင်းပြောသလို စိတ်ကူးလိုက်ယဉ်မနေနဲ့'

'မဟုတ်ပါဘူး၊ ငါတို့ပြန်မလာရင် ယမင်း ဘာတွေဆက်ဖြစ်နေမလဲ၊ အန္တရာယ် မဖြစ်ရင်တော့ ကောင်းတာပေါ့၊ အန္တရာယ်ဖြစ်နေမှာစိုးလို့'

'ပူမနေနဲ့၊ အခုလောက်ဆို သူ့အိမ်ပေါ် ရောက်နေလောက်ပြီ၊ ယမင်းစိတ်ထိခိုက်လွန်းအားကြီးပြီး သည်းခြေပျက်အချစ်ရူးဖြစ်သွားတာနဲ့တူတယ်၊ ဒီအကြောင်းကို မာလာခင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ပြီး လိုအပ်ရင် လူကြီးတွေကို ဖွင့်ပြောပြကြရလိမ့်မယ်၊ အမြန်ဆေးကုသနိုင်တာပေါ့'

'ဝိညာဉ်ဇာတ်ကားထဲက ပက်ထရစ်ဆွေဇီလို ကျော်စိုးနောင်လည်း ယမင်းကို စွဲပြီး တကယ်လိုက်လာတာရော မဖြစ်နိုင်ဘူးလား'

'အဲဒီလိုယုံရင် မင်းကိုပါ စိတ်ကုဆရာဝန်နဲ့ ပြရတော့မယ်'

'ဆင်ခြင်တုံတရားလက်ကိုင်ထားပြီး စဉ်းစားပြောနေတာကွ၊ ငါ လွတ်အောင်ရှူးနေတာ မဟုတ်ဘူး'

'လက်ကိုင်ထားတယ်ဆိုကတည်းက သွားပြီ၊ ခေါင်းထဲထည့်ပြီး စဉ်းစားရမယ့်ဟာကို လက်ထဲကိုင်ထားတော့'

'စကားကပ်မပြောမနေနဲ့ လူဝင်းကြောင်၊ ဝိညာဉ်လောကပရလောကဆိုတာ လုံးဝမယုံလို့လည်း မရဘူး၊ ပစ်ယုံလို့လည်း မဖြစ်ပြန်ဘူး၊ အလယ်အလတ်ပေါ့ကွာ၊ ချင့်ယုံပေါ့၊ ကျော်စိုးနောင်ရဲ့ ဝိညာဉ်က ယမင်းတစ်ယောက်တည်း မြင်အောင် ကိုယ်ထင်ပြပြီးလိုက်လာတာနဲ့တူတယ်၊ လူတိုင်းကို ကပ်တွယ်လို့ရလျက်သားနဲ့ ငါ့ကိုမှ ရွေးကပ်တာတော့ အင်း... ငါနဲ့လည်း မခင်ဘဲနဲ့၊ တစ်ခုစဉ်းစားမိတာရှိတယ်၊ အလောင်းပေါ်ကို ငါ





ပက်လက်ကြီးလဲကျသွားတုန်း ကယ်တွယ်မိလိုက်တာနဲ့တူတယ်၊ အဲဒီလို ဂူသွင်းခါနီး၊ မြေကျင်းမြှုပ်ခါနီးမှာ အင်မတန် သတိထားရတယ်၊ ငါ့အန်တီနဲ့ အဒေါ်တစ်ယောက်တို့ဖြစ်ပျက်သွားတဲ့အဖြစ်တွေလည်းရှိတယ်'

အောင်လဝန်းက ဒေါ်သန်းအေး(ကွယ်လွန်)အကြောင်းတွေကို ပြောပြလိုက်၏။ လူဝင်းကျော်က ကားဂိတ်နားမှာ ဆိုက်တင်ပေးရပ်ရင်း စဉ်းစားနေ၏။ ဘတ်စ်ကားရပ်လာပြီး စပယ်ယာအပြအောင်မှတ်တိုင်တွေအော်ပြီး လူတွေတင်ချနေသော်လည်း အောင်လဝန်းတို့နှစ်ယောက်မှာ မလှုပ်မယှက်။ ဘတ်စ်ကားထွက်သွားပြီး မှတ်တိုင်မှာ လူရှင်းသွားသေအာခါမှ လူဝင်းကျော်က

'ဒါဆိုရင် ကျော်စိုးနောင်ရဲ့ ဝိညာဉ်က မင်းဆီကပ်ပါလာတာ ယမင်းသော်တာနောက်ကပ်ပါသွားပြီလား'

'ယမင်းကို စိတ်စွဲပြီး လိုက်လာတာ၊ ယမင်းနောက်ကိုကပ်ပါသွားပြီပေါ့၊ ဝိညာဉ်ဆိုတာ ရုပ်ဒြပ်မှမရှိတာ၊ ဘယ်နေရာမဆို ဝင်ထွက်သွားလာလို့ ရတာပဲဟာ'

'ဒါဆိုရင်တော့ အဲဒီဝိညာဉ်ကို မိအောင်ဖမ်းပြီး သူ့နေရာသူပြန်ပို့မှရလိမ့်မယ်'

'အဲဒါဆိုရင်တော့ ဝိညာဉ်က ပြန်ပြောလိမ့်မယ်၊ Catch



www.burmeseclassic.com

www.burmeseclassic.com



me if you can မင်းဖမ်းနိုင်ရင် ဖမ်းလိုက်စမ်းပါ၊ ဘယ်လိုလုပ် မိနိုင်မှာလဲ၊ ဉာဏ်တုံးရှင်ကြီး လူဝင်းကြောင်ရယ်'

'အင်တာနက်ခေတ်မှာ သိပ္ပံနည်းကျ ပစ္စည်းကရိယာတွေနဲ့ ဖမ်းလို့ရတာပဲ'

'ဖမ်းပြီးပြတိုက်နဲ့ပြထားတာရှိလို့လား၊ ဝိညာဉ်ဆိုတာ'

ဘတ်စ်ကားတစ်စီး ဆိုက်လာ၍ လူဝင်းကျော် နားပိတ်ပြီး ကားပေါ်တက်သွား၏။ မြို့ထဲပြန်သည့်ကားမို့ လူချောင်ချိနေ၏။ လမ်း ၄၀ မှာနေသော လူဝင်းကြောင်နောက်ကို ၇လမ်းမှာနေသော အောင်လဝန်းပါ တက်လိုက်ပါသွားရ၏။ ကားပေါ်မှာ နှစ်ယောက်တွဲထိုင်ခုံရသည်။ ကားခရှင်းပေးပြီး ဝိညာဉ်အကြောင်း ပြောမည်ပြင်သောအခါ လူဝင်းကျော်က ကျောပိုးအိတ်ထဲမှ နားကြပ်ကက်ဆက်ကို ထုတ်ပြီး နားသောတဆင်နေ၏။

လူပုဂ္ဂိုလ်တစ်ဦး လွတ်လပ်ခွင့်ကို အနှောင့်အယှက်ပေးမိသလို ဖြစ်ခြင်းသည် နိုင်ငံကြီးသား မပီသရာကျနေမည်။ ထို့ကြောင့် နှုတ်ဆိတ်ပြီး ကျောင်းလွယ်အိတ်ထဲမှ ပီကေကို ထုတ်ကာ သုံးလေးခုလောက် ဖိကြိတ်ဝါးပစ်လိုက်၏။

အခြေအနေက ဖိအားတွေအများကြီးပေးခဲ့ထားရသော ချဲလ်ဆီးဘောလုံးအသင်းနည်းပြ မော်ရင်ဟိုလိုမျိုးဖြစ်နေ၏။





ပီကေတွေ ပါးစပ်ညောင်းအောင်ဝါးပြီး စိတ်လှုပ်ရှားမှုကို ဖုံးကွယ်နေရသည်။

အောင်လဝန်းလည်း စိတ်လှုပ်ရှားနေ၏။ ဘတ်စ်ကားမှတ်တိုင်တစ်ခုမှ ဆင်းဖို့အပေါက်ဝမှာ ကြိုရပ်နေသော လူတွေကို အကြောင်းမဲ့ငေးကြည့်လိုက်၏။ ပါးစပ်ထဲက ဝါးလက်စပီကေလေးအောက်ပြုတ်ကျသွားမတတ် ပါးစပ်ဟောင်းလောင်းဖွင့်ပြီး အံ့သြသွားရ၏။

ကျော်စိုးနောင်မှ ကျော်စိုးနောင်အစစ်။

ဓာတ်ပုံထဲက ပုံစံမျိုးနှင့်လည်း ချွတ်စွပ်တူ၏။ အုတ်ဂူသွင်းခါနီးမှာ ဆွေမျိုးစုံရာကို အခေါင်းဖုံးဖွင့်ပြစဉ် အိပ်နေသကဲ့သို့ထင်ရသော ကျော်စိုးနောင်နှင့်လည်းခွဲမရအောင် တူ၏။

အံ့သြပြီး ကြောင်ကြည့်မိနေရာမှ ဘတ်စ်ကားထိုးရပ်လိုက်မှ သတိရပြီး အနားကလူဝင်းကျော်ကို တံတောင်နှင့်တွတ်ကာ...

'ဟို... ဟိုမှာ... ကျော်စိုးနောင်၊ ကျော်စိုးနောင်'

နားကြပ်ချွတ်နေ၍ ရုတ်တရက် မကြားလိုက်သော လူဝင်းကြောင်က...

'ဘာလဲကွ၊ ဖီလင်ပျက်လိုက်တာ၊ ဘာဖြစ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျော်စိုးနောင်… ထကြည့်… အခုလေးတင် ကားပေါ်ကဆင်းသွားတာ၊ ဟိုးမှာ… ဟိုးမှာ အင်္ကျီအကွက်ကျားလေးနဲ့'

အောင်လဝန်းက လူဝင်းကျော်ကို အတင်းဆွဲမထူပြီး ပြ၏။ လူဝင်းကျော် မယုံ၍ မထချင် ထချင်နှင့် ထကြည့်၏။ အင်္ကျီအကွက်ကျားနှင့်လူငယ်ရဲ့ နောက်ကျောကိုသာမြင်လိုက်ရသည်။ အောင်လဝန်းက…

'တွေ့လား ကျော်စိုးနောင်'

'နောက်ကျောကြီးပဲ တွေ့တယ်၊ မင်းရဲ့အမြင်အာရုံမှားတာဖြစ်မှာပါကွာ၊ အဓိပ္ပာယ်မရှိတာတွေ ငါတို့ရှေ့မှာပဲ ကျော်စိုးနောင်ကို အုတ်ဂူသွင်းခဲ့ပြီးပြီပဲ၊ ကြောက်ရင်လည်း ဘုရားစာတရားစာ ရွတ်'

'တကယ်ကျော်စိုးနောင်ကွ၊ လာ… လာ… ကားပေါ်ကအမြန်ဆင်းပြီးလိုက်ကြည့်မယ်၊ မြန်မြန်ထ'

ကားကထွက်နေပြီ။ စပယ်ယာက ကားဝင်ပေါက်ကို ပြန်ပိတ်လိုက်၏။ ဒရိုင်ဘာကလည်း ကားစက်ရှိန်တင်လိုက်လေပြီ။ ကားသွားရာနှင့်ဆန့်ကျင်ဘက်အရပ်ကို သွားနေသော ကျော်စိုးနောင်ကို အောင်လဝန်း မချင့်မရဲဖြင့် လှမ်းကြည့်ရင်း ကားကို





ရပ်နိုင်းဖို့ ပြင်လိုက်စဉ် လူဝင်းကြောင်က သူ့ပခုံးကို အတင်းဆွဲဖိပြီး ထိုင်ခိုင်းလိုက်၏။ လူဝင်းကျော်က အောင်လဝန်းကို လှောင်ပြုံးပြုံးကြည့်ရင်း အောင်လဝန်းရဲ့ နားရွက်တွေကို ဝက်အူရစ်လှည့်သလို ကျပ်ပြနေ၏။

အောင်လဝန်းကိုယ်၌လည်း သူ့ဘာသာသူ နားမလည်နိုင်တော့။

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တက္ကသိုလ်ကျောင်းသားတွေ လက်တွေ့ခန်းဝင်ရသည့်နေ့။ ကျောင်းမှာ အောင်လဝန်းတို့အဖွဲ့ ထပ်မံဆုံဖြစ်သည်။ ယမင်းသော်တာတစ်ယောက် အိပ်ယာထဲလဲနေသဖြင့် လက်တွေ့ခန်း ဆင်းချိန်ပျက်ရ၏။ နှစ်စပိုင်းမို့ အစားပြန်တက်ခွင့်ရနေသေး၍ တော်သေး၏။

မတော်နိုင်သည်က အောင်လဝန်း။ ကျော်စိုးနောင်ကို ဘတ်စ်ကားပေါ်မှာ တွေ့ခဲ့တာကို ထပ်ခါတလဲလဲ ပြောနေ၏။ မိန်းကလေးတွေက ယုံကြ၏။ မာလာခင်နှင့် လှုဝင်းကျော်က မယုံ။ ကလင်တန်နှင့် ဟူစိန်က ရှားလော့ဟုန်းနှင့်ပေါင်ချိန်လို အောင်လဝန်းစကားကို သုံးသပ်စဉ်းစားနေ၏။





လှုဝင်းကျော်က တက္ကသိုလ်တက်သော ကျောင်းသူ၊ ကျောင်းသားတွေကြားမှာ ထဲထဲဝင်ဝင် ပေါင်းသင်းဆက်ဆံရေး ရှိသူ။

အောင်လဝန်းက အငြိမ်သမား။ ပျော်တတ်နောက်တတ်သည်မှလွဲ၍ သတ်သတ်မှတ်မှတ် တွဲတတ်သော အဖွဲ့မရှိ။ ကြုံသလိုသာ တွဲတတ်သူ။

ယခုလည်း ဇာတ်ကျရာပျော်နေသည့်အလား မေဘရဏီထွဏ်းတို့အဖွဲ့နှင့် တွဲဖြစ်နေပြန်သည်။

စားသောက်ဆိုင်တန်း ခဏဝင်ထိုင်ဖြစ်စဉ်မှာပင် မာလာခင်က ယမင်းသော်တာအကြောင်းကို ဇောင်းလန်ပြောင်းဆန်အောင် ဆွေးနွေးဖို့ စကားခင်းပြီး ဆွေးနွေးဖြစ်နေကြလေပြီ။

'ယမင်းအတွက် သူ့မိဘတွေ စိတ်ပူကုန်ကြပြီ၊ အဖြစ်မှန်အတိုင်း ဖွင့်ပြောပြလိုက်တော့ ယမင်းအမေက မာလာ့ကို စိတ်ဆိုးတယ်၊ ယမင်းအဖေကတော့ စိတ်မဆိုးပါဘူး၊ သူ့သမီးကို ဆေးကုသဖို့ သူ့ဆွေမျိုးဆရာဝန်တွေနဲ့ ဖုန်းချိတ်ပြီး တိုင်ပင်နေတယ်'

နန်းမြအေးက…

'အချိန်တန်ရင်ကောင်းသွားမှာပါဟာ'



www.burmeseclassic.com

www.burmeseclassic.com



မောရဏီထွဏ်းက…

'ကျော်စိုးနောင် တကယ်လိုက်လာတဲ့သဘောမျိုးဖြစ်နေပြီ အောင်လဝန်းကိုယ်တိုင် တွေ့ခဲ့တယ်ဆိုတော့ ဒါ ပေါ့ပေါ့ဆဆသဘောထားလို့ မဖြစ်ဘူး'

မာလာခင်က…

'အောင်လဝန်းလည်း စိတ်စွဲသွားလို့ဖြစ်မှာပါ၊ Sympathetic Pain ဆိုတဲ့ မျှဝေခံစားဝေဒနာမျိုးပေါ့၊ အမြွှာတွေမှာ ဖြစ်လေ့ဖြစ်ထရှိပေမယ့် စိတ်ခံစားမှုပြင်းအားချင်း တိုက်ဆိုင်သွားတဲ့ အမြွှာမဟုတ်တဲ့သူတွေမှာလည်း ဖြစ်တတ်တဲ့သဘောမျိုးရှိပါတယ်၊ ဒါပေမဲ့ အလွန်အင်မတန် ရှားပါးတယ်'

အောင်လဝန်းက ခေါင်းခါပြီး…

'တကယ်လိုက်နေရမှာက ယမင်းသော်တာနောက်ကိုပဲ၊ ကိုယ်နဲ့က ကျော်စိုးနောင် အသက်ရှင်စဉ်ကလည်း ခင်ခဲ့တာမှ မဟုတ်တာ၊ ဘာမှမဆိုင်ဘူး'

မာလာခင်က မေးစေ့လေးကို လက်ညှိုးလေးနှင့်တောက်ရင်း…

'အဲဒါကျတော့ Substituted Pain လို့ခေါ်တဲ့ ကိုယ်စားခံစားပေးတဲ့ ဝေဒနာပေါ့၊ ယမင်းတစ်ယောက်တည်းအပေါ် စုပုံ





နေတဲ့ ဝမ်းနည်းကြေကွဲမှုတွေ၊ ယူကျုံးမရ အပူလုံးကြွတာတွေ အောင်လဝန်းဆီ ကူးစက်ခံစားသွားစေတာ ဖြစ်လိမ့်မယ်၊ အောင်လဝန်းစိတ်ထဲမှာ ယမင်းအရမ်းငိုနေတာကို သနားကြင်နာပြီး အရမ်းလည်းစိတ်မကောင်းဖြစ်သွားမိဖူးတယ် မဟုတ်လား'

'ဖြစ်သွားတယ်၊ ဒီကောင်မလေး သူ့ကောင်လေးကို တော်တော်ချစ်ရှာတာပဲ၊ အချစ်ကြီးလိုက်တာ၊ သူ့ကောင်လေး သေသွားတော့ အသည်းနှလုံးကို ဖျစ်ညှစ်ခြေမွသလို ခံစားနေရမှာပဲ သနားပါတယ်၊ ဒီလိုမျိုးအတွေးတွေ ပေါက်ခဲ့မိတယ်'

'အဲဒီမှာ စိတ်ဝင်စားမှုဖြစ်သွားတယ်၊ အဲဒီစိတ်ဝင်စားမှုကနေ ကိုယ်စားခံစားပေးတဲ့ ကိုယ်ချင်းစာ ဝေဒနာဝင်သွားပြီး ထင်ယောင်ထင်မှားစိတ်တွေနဲ့ ကျော်စိုးနောင်ကို မြင်လိုက်သလို ဖြစ်ခဲ့ရတာနေမှာပေါ့'

ကလင်တန်က…

'တစ်ပတ်မှာမှ တစ်ခါတွေ့ရတာ အဲဒီ အသုဘကိစ္စကြီးက မပြီးနိုင်မစီးနိုင်တော့ဘူးလား၊ ငါ့မှာ ရေခဲသုတ်စားချင်လို့ အာခြောက်နေပြီ၊ ဘယ်သူ လိုက်တိုက်မလဲ၊ ကံစမ်းမဲနှိုက်မယ်'

ဟူစိန်က…



www.burmeseclassic.com

www.burmeseclassic.com



'ငါသာ မဲပေါက်ရင် ရေခဲသုတ်တော့ မကျွေးဘူး၊ မင်းကို မိုဟာမက်အလီရဲ့ လက်သီးကြီးပဲ ကျွေးမယ်၊ လက်တစ်ထွာအကွာက ဆတ်ထိုးရင်တောင် နွားမဒန်းကောင်လောက်ကတော့ ပစ်ကိုလဲရောပဲတဲ့၊ သူ့လက်သီးကြီးကိုက ထန်းသီးလုံးလောက်ကြီးရှိတယ်ဆိုပဲ'

လူဝင်းကျော်က ဟူစိန်ကို…

'ဟေ့ကောင်… မင်းပါပါးအကြောင်း ချီးမွမ်းခန်းဖွင့်မနေနဲ့၊ ဒီမှာ နန်းမြအေးတို့ မြန်မာ့အသံမှာ သီချင်းတောင်းဖို့ ငါ စာရေးပေးနေတာ အာရုံပျက်တယ်၊ ငါ ရေးထားတာဖတ်ကြည့်ကြမလား'

'ဘာဘဲ၊ မြန်မာ့အသံမှ ဥရှင့်ဆိုတာမျိုးလား'

'ဟူစိန် မင်းအပေါက်ကြီးပိတ်ထား၊ ငါရေးထားတာနားထောင်ကြည့်၊ အဝေးသင်တက္ကသိုလ် သန်လျင်မှ ကျောင်းသူကျောင်းသားများဖြစ်ကြသော နန်းမြအေး၊ မေဘရဏီထွဏ်း၊ မာလာခင်၊ အာပလာတင်နှင့်ပါပီ၊ မာမီ၊ မလဲ့နှင့် ဓာတ်ရှုပ်အဖွဲ့များ၊ ရွှေမင်းသားလေး လူဝင်းကျော်၊ အပနားပဟူစိန်၊ ဟီလာရီမဟုတ်တဲ့ ဟီးလားတိုက်ရီတဲ့ ကလင်တန်ရဲ့ ချစ်လင်လပွတ္တာကလင်တန်၊ အောင်လဝန်း ငရုတ်သီးမှုန့်ဆိုင်မှ ကြောင်လဝန်းတို့





အဖွဲ့က အထူးတောင်းဆိုလိုက်တဲ့ သီချင်းက ထွန်းအိန္ဒြာဗိုရဲ့ မီးသေးရှောင်မလောင်ခင်တား'

'ဟေ့ကောင်… လူဝင်းကြောင်၊ မီးသေးရှောင်မလောင်ခင်တားက ကိုထွန်းရွှေဆိုတာကွ၊ ထွန်းအိန္ဒြာဗိုဆိုတာ မဟုတ်ဘူး၊ ထွန်းအိန္ဒြာဗိုဆိုတာက C.D ဓာတ်ပြားတိုင်းမှာ အမြဲပါတဲ့သီချင်း အရှင်ရှပ်ကစိုးနတ်မင်းကြီးရယ် ကျွန်တော့်အိမ်မှာ အိမ်သာမရှိတဲ့အတွက် အရှင့်ရဲ့သစ်ပင်ရင်းမှာ ဆရာမ သမီးဗိုက်ထဲက အောင့်အောင့်နေတယ်၊ သမီးတော့ မတည့်တာတွေစားမိပြီနဲ့တူတယ်၊ ဘာစားထားသလဲ သမီး၊ သိပ်မစားပါဘူး ဆရာမ၊ ဖီးကြမ်းသီးနဲ့ ဂေါ်ဇီလာတုတ်ထိုးပါ'

ကလင်တန်က အတည်ပေါက်နှင့် ဝင်နှောက်လိုက်၍ ကောင်မလေးတွေ ခွက်ထိုးခွက်လန် သဘောကျကုန်ကြ၏။

ဘယ်နေရာမှာမဆို ပွင့်ပွင့်လင်းလင်း ရှိတတ်သော မေဘရဏီထွဏ်းဆိုလျှင် မျက်လုံးစုံမှိတ်ကာ ရယ်ရင်းအူတက်မှာကြောက်၍ ဗိုက်ကိုလက်နှင့်အတင်းဖိနှိပ်ထားရှာ၏။

ထိုစဉ်မှာပင် သူတို့နောက်ကျောတည့်တည့်မှာ ရပ်လာသူကို ဟူစိန်က စမြင်ပြီး…

'ယ… ယ… ယမ… မင်း'



www.burmeseclassic.com

www.burmeseclassic.com



ကလင်တန်က မမြင်။

လူဝင်းကျော်က…

'ဘယ်က ယမမင်းလဲ၊ မင်းကိုလာခေါ်တာလား၊ ယမမင်းကိုယ်၌က ဘယ်လာမှာလဲ၊ သူ့ဝန်ထမ်းတွေလွှတ်လိုက်မှာပေါ့'

အောင်လဝန်းက ဘေးတိုက်မို့လှည့်ကြည့်ရာ မြင်သွား၏။

'ယမင်းသော်တာ'

'ကျော်စိုးနောင်'

'ဟိုက်'

'ဟယ်… ယမင်း… ကျောင်းမတက်ဖြစ်ဘူးဆို၊ နေကောင်းသွားပြီလား၊ ဘယ်လိုဖြစ်ပြီး ကျောင်းရောက်လာတာလဲ၊ လက်တွေ့တစ်ချိန်ပြီးသွားပြီ'

'အေးနော်၊ ယမင်းကြည့်ရတာ အိပ်မက်မက်ပြီး ယောင်မှားလမ်းလျှောက်လာတဲ့သူလိုပဲ၊ တို့ပြောတာ အရေးမထားဘူး၊ အောင်လဝန်းကိုပဲ စိုက်ကြည့်နေတယ်၊ ယမင်း… ယမင်းခေါ်လို့လည်း ပြန်မထူးပါလား'

ယမင်းသော်တာက အောင်လဝန်းအနားကို ကပ်သွားပြီး





'သူ ဘာလို့ညာသွားတာလဲ၊ သူ ပြန်လာမယ်ထင်ပြီး ကျွန်မ စောင့်နေလိုက်ရတာ၊ သူ မကောင်းဘူး၊ အခုအိမ်ကိုလိုက်ခဲ့ပါ၊ အိမ်က ဖေဖေနဲ့မေမေတို့ ကျွန်မတို့အကြောင်းကို သိသွားကြပြီ၊ မငြင်းခါကြဘူး၊ အခြေအနေကောင်းတယ်၊ သူလိုက်ခဲ့ပါနော်၊ အခုပဲ သွားကြရအောင်'

'ဟို… ဟို… ယမင်း မှားနေပြီ၊ ကျွန်တော် အောင်လဝန်းလေ၊ ကျော်စိုးနောင် မဟုတ်ဘူး၊ ဘရဏီတို့ နန်းမြအေးတို့ မာလာတို့လုပ်ပါဦး၊ ယမင်းကို ကူပြောပေးကြပါဦး၊ လူဝင်းကျော် ဝင်ပြောပြလေကွာ'

'ငါက ဘယ်ထဲဝင်ပြောရမှာလဲဟ'

'ခြေသလုံးကြားထဲဝင်၊ ဟာကွာ၊ မင်းကိုကူပြောခိုင်းနေတာကွ၊ ကျော်စိုးနောင် မနေ့ကတည်းက ကိုယ့်ဆီက ခွာသွားပြီ'

'မခွာဘူး၊ သူဟာ ကျော်စိုးနောင်ပဲ၊ သူတို့တွေကို ဘာမှ ကူပြောခိုင်းမနေနဲ့၊ သူတို့တစ်တွေက အချစ်တွေ မေတ္တာတွေ အကြင်နာတွေ ဘာဆိုဘာမှ သိကြတာမဟုတ်ဘူး၊ တွေ့လိုက်ရင် ပေါးလားဝါးလားလုပ်ဖို့ပဲ တတ်ကြတာ'

'ဟော့တော်… ကျုပ်တို့ကို ထုထောင်းသွားပြီ'

'ယမင်း… ရှင် နေမကောင်းဘူးဆို'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းသားပဲ၊ ကောင်းလို့ ဒီကိုရောက်လာတာပေါ့'

'ဟုတ်တယ်လေ၊ လက်တွေ့ခန်းဝင်ပြီးတာနဲ့ ကျော်စိုးနောင်ကို အိမ်ခေါ်သွားမှာ၊ ရှင်တို့ဘာမှမနှောလိုဖြစ်မနေကြနဲ့'

မိန်းကလေးတွေ ပါးစပ်ပိတ်ကုန်ကြ၏။ ယမင်းသော်တာက အောင်လဝန်းရဲ့ လက်ကို အတင်းဆွဲထူနေသည်။ အောင်လဝန်းလည်း သူ့ဘာသာသူ ပြန်ငုံ့ကြည့်ရင်း…

'ဟော့ကောင်တွေ ငါ့ကို ကျော်စိုးနောင် ပြန်ကပ်နေပြန်ပြီနဲ့တူတယ်၊ ကြည့်လုပ်ကြပါဦးကွာ၊ အထက်လမ်းဆရာကြီးတွေနဲ့ ပြပြီး လိပ်ပြာခွဲထုတ်မှ ရတော့မယ်နဲ့တူတယ်၊ ယမင်း… ကျွန်တော် အောင်လဝန်းပါဗျာ'

'ဘာပြောပြော မယုံတော့ဘူး၊ မနေ့ည မိုးချုပ်စကနတ်ဖုန်းဆက်မယ်ဆိုပြီး ပေါ်မလာတော့ဘူး၊ ယမင်းမှာစိတ်ပူပြီးအိပ်လို့မရဖြစ်နေတယ်၊ ယမင်းစိတ်ဆင်းရဲအောင် ထပ်ပြီးမနှိပ်စက်ပါနဲ့တော့ ကျော်စိုးနောင်ရယ်၊ ယမင်းတို့ကို ဘယ်သူမှခွဲလို့မရတော့ဘူး၊ ဘယ်တော့မှ မဝေးရတော့ဘူး၊ သူပဲ ကျွန်မကိုတစ်သက်လုံးချစ်တယ်ဆို၊ ကျွန်မကိုချစ်တဲ့အသက်က ဘယ်မှမသွားဘဲ အခုလို မိုတွယ်ရာ ရုပ်ခန္ဓာရှာပြီး ကျန်နေရစ်ခဲ့တာမဟုတ်လား၊ အဲဒီအောင်လဝန်းဆိုတဲ့ ရုပ်ခန္ဓာကြီးကို အပိုင်စီးလို့





ရရင် စီးပစ်လိုက်ပါလား၊ အောင်လဝန်းသေသွားရင် သူက ကျော်စိုးနောင် လုံးလုံးဖြစ်သွားပြီပေါ့'

အောင်လဝန်း ဘုရားတမိတော့၏။ မာလာခင်က စားသောက်ဝိုင်းကို ရှင်းပေးပြီး ကျောင်းထဲပြန်ကြဖို့ လောဆော်၏။

ကျောင်းထဲကို ပြန်လာစဉ် အောင်လဝန်းနှင့် ယမင်းသော်တာတို့မှာ လက်ချင်းတွဲချိတ်လျက်သား။

ဖြတ်သွားဖြတ်လာ ကျောင်းသူ ကျောင်းသားတွေက အံ့သြကြည့် ကြည့်၏။ မနှောလို မရှုစိတ်ဖြစ်သူတွေလည်း ပါ၏။

မာလာခင်နှင့် လှုဝင်းကျော်က အောင်လဝန်းအနားမှ ယမင်းကိုခွာထုတ်ရန် ဆင်ကြံကြံပြီး တီးတိုးတိုင်ပင်ကာ လျှောက်လာကြသည်။

ထိုစဉ် သူတို့အဖွဲ့ဘေးမှာ ကားတစ်စီးလာရပ်၏။

ဓိမ်ခံကားပေါ် ပါလာသူမှာ ယမင်းသော်တာရဲ့ ဖခင်နှင့်မိခင်ဖြစ်ဟန်တူသည်။

ယမင်းသော်တာကို တွေ့သည်နှင့်…

'ဟော့… သမီး ခဏနေဦး'



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကဆင်းလာပြီး မိခင်က သမီးဖြစ်သူကို အတင်းဆွဲ၏။

ယမင်းက အောင်လဝန်းကို အတင်းဆွဲပြန်၏။ လူဝင်းကျော်က အောင်လဝန်းအရှိန်နှင့်ပါသွားမှာစိုး၍ မီရာလှမ်းဆွဲလိုက်၏။

ပုဆိုးခါးပုံစကို ဆွဲမိပြီး အောင်လဝန်းတစ်ယောက် ပုဆိုးကွင်းလုံးကျွတ်ကျတော့၏။

'ဟာ'

'ဟယ်'

'အောင်မလေး'

အတွင်းခံဘောင်းဘီပါ၍ တော်သေး၏။ အောင်လဝန်းရှက်မွှန်သွားပြီး သူ့ကိုဆွဲထားသော လက်တွေအတင်းပုတ်ထုတ်ကာ လက်တွေ့ဆောင်တွေဘက်ကို ပုဆိုးစွန်တောင်ဆွဲပြီး သုတ်ခြေတင်လစ်ပြေးတော့၏။

'ကျော်စိုးနောင်… ကျော်… စိုး… နောင်… အဟင့်… ဟင့်… ဟင့်'

'သမီး… မြင်မကောင်း ရှုမကောင်းကွာ၊ ငါ့သမီးအခြေအနေ ဒီလောက်ဆိုးနေမှန်း ခုမှပဲ သိရတော့တယ်၊ မဖြစ်ဘူး၊





အိမ်ပြန်ခေါ်ပြီး စိတ်ရောဂါကု ဆရာဝန်နဲ့ ပြမှကိုဖြစ်တော့မယ်၊ သမီးလေးဂုဏ်သိက္ခာကို ငဲ့ပြီး ပြသင့်မပြသင့်ချိန်ဆနေတာ၊ ရောဂါရင့်အောင် မွေးသလို ဖြစ်နေပြီ'

ဖခင်ဖြစ်သူက ဘာသာရေးရွတ်ညည်းတွားရင်း ယမင်းရဲ့လက်တစ်ဖက်ကို ဆွဲထား၏။ ယမင်းရဲ့ အခြားလက်တစ်ဖက်ကို ဆွဲကိုင်ထားသော မိခင်ဖြစ်သူက…

'မာလာရေ… မင်းသူငယ်ချင်းကို ကူဆွဲစမ်းပါဦး၊ နေမကောင်းဘူးဆိုပြီး အခန်းထဲမှာဘဲ အိပ်နေမယ်ထင်နေတာ၊ အဲဒါ အန်တီတို့မသိအောင် တိတ်တိတ်ကလေး အိမ်ထဲကထွက်သွားတယ်၊ အန်တီက နှလုံးသည်းခြေငြိမ်အောင် လူပျိုတော်ပတ္တမြားသွေးဆေးနဲ့ ကြံရည်လေးရောဖျော်ထားတာ တိုက်ဖို့သွားတော့ အခန်းထဲမှာ သမီးမရှိတော့ဘူး၊ အဲဒါ သူ့အဖေရုံးကို ဖုန်းခေါ်ပြီး သမီးသွားမယ်ထင်တဲ့နေရာတွေ စိတ်ပူပြီး လိုက်ရှာရတာ စိတ်လောနေတာနဲ့ ဒီကျောင်းထဲကို ရှာဖို့နောက်မှတွေးမိတယ်၊ တွေးမိတာနဲ့ လိုက်လာတော့ တန်းတိုးတယ်၊ သမီးမာလာ အိမ်ကို လိုက်ခဲ့ပါလား၊ ဆရာဝန်နဲ့ ပြတဲ့အခါ ယမင်းနဲ့တွဲနေတဲ့ သမီးက ရောဂါဖြစ်ရတဲ့ ရင်းမြစ်ကို ပိုပြောပြတတ်မှာမို့လို့ပါ၊ ခုန သူငယ်က ဘယ်သူလဲ၊ သမီးနဲ့… အင်း… အိမ်ကျမှပြော



www.burmeseclassic.com

www.burmeseclassic.com



ကြတာပေါ့ မာလာရယ်၊ ကြည့်စမ်းပါဦး၊ အတင်းရုန်းနေတဲ့ သမီးကို'

'ကျွန်မကို လွှတ်ပါ၊ ကျော်စိုးနောင် ကျွန်မကို ပစ်ထားခဲ့ပြီ၊ ရက်ရက်စက်စက် ဥပေက္ခာပြုသွားပြီ၊ ကျွန်မ လိုက်ရှင်းရမှ ကျေနပ်မယ်'

ယမင်းသော်တာကို မိန်းကလေးသူငယ်ချင်းတွေ ဝိုင်းချုပ်ပြီး ကားပေါ်တင်ပေးလိုက်၏။ မာလာခင်ပါ ကားနှင့်လိုက်သွား၏။ ကားလေးထွက်သွားပြီးသောအခါ လှဝင်းကျော်က ခေါင်းတခါခါပြု၏။

ဟူစိန်က သက်ပြင်းချ၏။ ကလင်တန်က ဟူးခနဲ ပင့်သက်မှုတ်ထုတ်၏။ နန်းမြအေးက ရင်တွေတုန်သွားတာပဲဟု ရင်ဘတ်ကိုလက်နှင့်ဖိရင်းပြော၏။ မေဘာရဏီထွဏ်းကတော့ ဘာမှ မဖြစ်သလို လေကလေး ချွန်ပြလိုက်သေး၏။

လှဝင်းကျော်က မေဘာရဏီထွဏ်းကို ရှုံ့မဲ့ကြည့်ရင်း…

'နင့်ကို စုဖုရားလတ်ဆီ အခစားပို့ပေးလိုက်ချင်တယ်'

'ဘာဖြစ်လို့လဲ၊ ငါ့ပုံက မဟာသွေးမဟာနွယ် မဟာဆီ မဟာဏ္ဍွေတွေ လှိုင်လှိုင်ကြွယ်နေလို့လား'

လှဝင်းကျော်က ပိုရှုံ့မဲ့ပြလိုက်ရင်း…





'မဟုတ်ဘူး၊ အာဖွဲ့ခံရအောင်လို့၊ စုဖုရားလတ်က လေချွန်ရင် လုံးဝမကြိုက်ဘူး၊ မိန်းကလေးတွေ လေမချွန်ရဘူး၊ သူ့ရဲ့သမီးတော်အရင်းတွေတောင် အာဖွဲ့ပြီးဆုံးမတာ၊ နင့်ဆိုရင် ပါးစပ်ကို တံစို့ထိုးပြီး လျှာကိုခွဲ ငရုပ်သီးပွတ်နေပူလှန်းတဲ့ အပြစ်ဒဏ်မျိုးခတ်လိမ့်မယ်'

'မသာ… ငါက အကောင်းအောက်မေ့လို့ နားထောင်နေတာ'

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

'ငါ့ကို ချွတ်ပေးကြပါဦးဟာ'

'မိန်းကလေးတွေရှေ့မှာ နင် ဘာစကားပြောတာလဲ အောင်လဝန်း'

'မဟုတ်ပါဘူး ဘရဏီရယ်၊ ပုဆိုးချွတ်တာပြောတာ မဟုတ်ဘူး၊ ကျော်စိုးနောင် ဝိညာဉ်ပူးကပ်တယ်ဆိုတာကြီးကိုပါ၊ မနေ့ညက အိပ်မက်ထဲမှာ ကျော်စိုးနောင် ရောက်လာသေးတယ်၊ ငါ့ခန္ဓာကိုယ်ထဲမှာ သူနေပါရစေတဲ့၊ သူ့ချစ်သူကို စောင့်ရှောက်ပါရစေ၊ ငါက လိုက်လျောခွင့်ပြုပါတဲ့၊ ခွင့်မပြုရင် ငါ့ကိုစီးရင်ပစ်မယ်ဆိုပြီး ခြိမ်းခြောက်သွားသေးတယ်'





နောက်တစ်နေ့မှာ မေဘရဏီထွဏ်း၊ နန်းမြအေးနှင့် ဒေလီယာတို့အလုပ်ဝင်လုပ်နေသော အမြန်ရ အဆာပြေ အနောက်တိုင်းစားသောက်ဆိုင်တစ်ခုမှာ လူဝင်းကျော်နှင့် အောင်လဝန်း လာရောက်စားသောက်ပြီး အောင်လဝန်းက စကားတောက်လိုက်ခြင်းဖြစ်၏။

စားသောက်ကောင်တာမှာ ယမကာမှီဝဲသလို သုံးဆောင်နိုင်သော ဆိုင်ဖြစ်နေ၏။ ကောင်တာထဲမှာ ခေါင်းပေါင်းနှင့်ရင်ကာစည်းပြီး လာရောက်စားသောက်သူတွေ မှာကြားသမျှ ချပေးနေသော မချောသုံးယောက်က အချိန်အားရသည်နှင့် လူဝင်းကျော်တို့နှင့် စကားလာပြောတတ်၏။ ယခုလည်း ကောင်တာအတွင်းအပြင်သာ ခြားနားသော ရောင်းသူ ဝယ်သူဆက်ဆံရေးမျိုးဖြင့် ညှို့ဝတ်ကျေပွန်သလိုလို စကားဆို ဖြစ်နေကြ၏။

လူဝင်းကျော်က သဘောလိုက်ဖို့ပြင်ဆင် ကြိုးစားနေသူ။

အောင်လဝန်းက ရှိုးဂျော့ဖြင့် ပြည်ပမှာသွားရောက်အလုပ်လုပ်ဖို့ စိုင်းပြင်းနေသူ။

မြို့ထဲရှိ ဌာနဆိုင်ရာ ရုံးကြီးတစ်ရုံးမှာ လိုအပ်သော စာရွက်စာတမ်းတွေ လာရောက်လုပ်ကိုင်ရင်း မေဘရဏီထွဏ်း



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာပေးထားရာ အနောက်စတိုင်လ်ဆိုင်ကြီးထဲ နေ့လည်စာဝင်လွေးဖြစ်ကြခြင်းဖြစ်သည်။

'မင်းစိတ်ခွဲပြီး မက်တာပါ အောင်လဝန်းရာ၊ သွေးလေခြောက်ခြားလို့ ဖြစ်ပါလိမ့်မယ်၊ နောက်ဆို ကေသီပန် သွေးပုတ်ချဆေး သောက်ပြီးအိပ်တော့'

'အဲဒါ မိန်းမတွေသောက်တာကွ၊ မင်းပြောတာ ရှော်ပီဒွေးအောင်လုပ်သလို ဖြစ်နေပြီ၊ ပြောင်းပြန်တွေ၊ ရှော်ပီဒွေးအောင်က ဝမ်းချုဆေးတောင့်ကို သောက်ရမှာထင်ပြီး ဝမ်းကမချုဘဲ သောက်ချပစ်လိုက်တာ ဒုက္ခကိုရောက်ရော'

'နင်တို့ကလည်း စားသုံးသူတွေကြားသွားရင် ဘယ်ကောင်းမလဲ၊ စားသောက်ကောင်တာမှာ လာပြီး အဲဒါမျိုးတွေ မပြောပါနဲ့ဟယ်'

'အေးပါဟာ၊ နောက်မပြောတော့ဘူး၊ ရှေ့ပဲပြောမယ်'

'ပြောခါမှ ပိုဆိုးမလာနဲ့နော် အောင်လဝန်း'

'ဆိုးရင် ဂျေးထဲအောင်းရမှာပေါ့၊ လိမ္မာချင်လို့ လိမ္မော်သီးအမြဲစားနေတာ'

အောင်လဝန်းက စိတ်ဖြေသာရာဟာသလုပ်ပြောည့်နေသော်လည်း အရာမထင်။





လှုဂင်းကျော်က…

'မင်းကို ငါ ချွတ်ပေးနိုင်တယ်၊ မင်းအထက်လမ်းဆရာနဲ့ ကုချင်တယ် မဟုတ်လား ကြောင်လဝန်း'

'အေး… အခုတောင် ပြေးကုချင်တာ'

'ဒါဆို သုံးဆယ့်တစ်လမ်း အထက်ဘလောက်က လေးထပ်မြောက်မှာနေတဲ့ အထက်ဆရာကြီးတစ်ယောက်ဆီ ပို့ပေးမယ် ဒီညနေ သွားကြတာပေါ့၊ အခုတော့ ရုံးကိုပြေးလိုက်ဦးမယ်'

'ဟယ်… နင်တို့ ပယောဂကုရင် ငါတို့လည်းလိုက်ကြည့်ချင်တယ်၊ မမြင်ဖူးလို့၊ လုပ်စမ်းပါ၊ လေးနာရီဆို ငါတို့ ဂျူတီချိန်းပြီ၊ ငါတို့ကိုပါ ခေါ်နော်'

'ခေါ်မယ်လေ၊ လူအုပ်တောင့်တော့ ပိုကောင်းတာပေါ့'

လှုဝင်းကျော်စကားအဆုံးမှာ အောင်လဝန်းက ခေါင်းကုတ်ရင်း…

'ငါပြောတဲ့ အထက်လမ်းဆရာဆိုတာ အထက်ပုဂ္ဂိုလ်တွေနဲ့ ဆက်စပ်ပြီး ဆေးကုတဲ့ ဆရာကြီးတွေကို ပြောတာနော်၊ မင်းပြောသလို အထက်ဘလောက် လေးထပ်တိုက်မှာနေတဲ့ အထက်ကလူကိုပြောတာ မဟုတ်ဘူး၊ မင်းဟာက အထက်တွေများနေတော့ မှားမှာစိုးလို့'



www.burmeseclassic.com

www.burmeseclassic.com



'ငါသိပါတယ်၊ အဲဒီဆရာက စွယ်စုံသမားကြီးကွ'

'ဒါဆို ဆင်ပြောင်ကြီးပေါ့၊ စွယ်စုံဆင်ဆိုတော့'

'ဟောကောင်… ပညာမျိုးစုံတတ်တာကို ပြောတာ၊ ရှေ့ဖြစ်နောက်ဖြစ်တွေလည်း ဟောတယ်၊ ပယောဂလည်းကုတယ်၊ ဘီသိက်လည်း သွန်းတယ်၊ ဆွမ်းလည်းတင်တယ်၊ ဘုရားကိုးဆူလည်းပင့်ဖိတ်တယ်၊ ကွက်စိပ်လည်းဟောတယ်၊ ဗေဒင်တွက်တယ်၊ လက္ခဏာကြည့်တယ်၊ စုပ်ဆေးလည်း ပေါက်တယ်၊ နတ်လည်းပင့်တယ်၊ ဆေးမြီးတိုလည်းကုတယ်'

'တော်တော့… မင်းပတွေးကို ဒီလောက်အလုပ်တွေပေးထားမှတော့ တစ်လောကလုံး သူ့အလုပ်ချည်းပဲ ဖြစ်ကုန်တော့မှာပေါ့'

'ငါ့ဆရာကြီးက အဲဒီလိုဆရာကြီးကွ၊ မင်းကိုကြည့်လိုက်တာနဲ့ ဒိုင်းခနဲသိမြင်နေတယ်၊ ပစ္စည်းပျောက်ဟောတာများ ဒက်ခနဲ ဒက်ခနဲပဲ'

'ဟယ်… လူဝင်းကြောင်ညွှန်းတာနဲ့ ဆရာကြီးကိုအရမ်းတွေ့ချင်သွားပြီ၊ ဟိုဟို မေးချင်တာတွေ မေးရမယ်၊ ဟောခဘယ်လောက်ယူသလဲဟင်'

'စေတနာကြေးပဲ၊ စေတနာကြေးဆိုပြီး ဟိုတစ်လောက





လာဟောတဲ့ လူတစ်ယောက်ကို ငွေဖလားနဲ့ ထခေါက်ပစ်ကာဆေးခန်းလိုက်ပို့ပြီး ချုပ်လိုက်ရတယ်၊ ဆရာ စေတနာခေါ်သောဖြစ်ပြီး လက်လွှန်သွားလို့'

'ဘယ်လိုဖြစ်ရတာလဲဟင်'

'စေတနာကြေးဆိုပြီး ထည့်တဲ့လူက အကြွေငါးပြားစေ့ရှာလာပြီး ဂလောင်ခနဲ ငွေဖလားထဲ ပစ်ထည့်တယ်လေ၊ ဆရာကြီးက သူ့ပညာကိုစော်ကားတယ်၊ ဒီခေတ်မှာ လက်ဖက်ရည်တစ်ခွက်တောင် ရှယ်ဆိုသုံးရာလောက်ရှိနေပြီ၊ ဒီငါးပြားစေ့ကိုပြတိုက်ထဲ ပို့ရမယ့်ဟာ ဘယ်မှာမှ သုံးစားမရဘဲ သူ့ဆီတမင်လာထည့်ရပါ့မလားဆိုပြီး ထတွယ်ပစ်လိုက်မိတာလေ'

မျက်လုံးပိုင်းလေးနှင့် နားထောင်နေသော ဒေလီယာက

'ဒါဆို ဘယ်လောက်ထည့်ရင် ကျေနပ်မှာလဲဟင်၊ တစ်ထောင်ဆိုဖြစ်လား'

'အေး… အဲဒါဆို မဆိုးဘူး၊ ငါညနေ လေးနာရီတိတိဒီဆိုင်ပြန်လာခဲ့မယ်၊ နင်တို့ သေသေချာချာ စောင့်နေနော်'

လူဝင်းကျော်နှင့် မချောသုံးယောက်တို့ သဘောတူညီမှု ရသွားကြ၏။

စားသောက်ပြီးသည်နှင့် ရုံး၌ဒေနကိစ္စလေးတွေ ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပြီး လေးနာရီထိုးအမီ ပြန်လာခဲ့ကြ၏။ ဂျူတီလဲပြီး သွားသော ဒေလီယာတို့အဖွဲ့နှင့် သုံးဆယ့်တစ်လမ်းအထက် ဘလောက်ရှိရာ ချီတက်ခဲ့ကြသည်။

ဆရာကြီး အခန်းပြောင်းသွား၍ အိမ်မှီးချင်းအခန်းကို လိပ်စာတောင်းသောအခါ လမ်း(၃၀) ရောက်ရပြန်၏။ ဗလီကြီး အနီးရှိ ငါးထပ်တိုက်ခေါင်မိုးပေါ်မှာ တဲထိုးနေသော ဆရာကြီးရဲ့ စံနန်းတော်ကို ရောက်ရတော့သည်။

'ဆရာကြီး… ကျွန်တော် လူဝင်းကျော်လေ၊ ဦးသန်းဝင်းကျော်၊ ဒေါ်ထက်ထက်လှိုင်တို့ရဲ့ သားလေ၊ သွေးဆေးထုပ်တဲ့ မိသားစုပေါ့'

'အိမ်း… မှတ်မိသားကလား၊ မင်းလည်းထွားလာတာပါလား၊ ဘယ်လိုလဲ မင်း ဆယ်တန်းတုန်းက ငါကယ်လိုက်တာ အောင်သွားတယ် မဟုတ်လား၊ အခုမှပဲ ပေါ်လာတော့တယ်၊ လိုဘပြည့်တော့ သတိမရ၊ လိုဘမပြည့်တော့ သတိရပြီး ငါ့ဆီ တန်းရောက်လာပြန်ပြီ မဟုတ်လား'

ကွမ်းငုံထားသံကြီးဖြင့် ဆရာကြီးက တောင်ဝှေးနှင့်လူဝင်းကျော် ဗိုက်ကို ခပ်ဆတ်ဆတ်ထိုးကာ ပြစ်တင်ပြော ပြော၏။





လူဝင်းကျော်က သွားဖြီးလေးဖြင့်…

'အောင်သွားပါတယ် ဆရာကြီး၊ မလာဖြစ်တာက အလုပ်တွေများနေလို့ပါ၊ ကျွန်တော်က မိဘလုပ်ငန်းတွေ ကူလုပ်၊ ကျောင်းမှလက်တွေ့ခန်းဆင်း သဘောလိုက်ဖို့ သင်တန်းတွေတက်နဲ့ ချာလပတ်ရမ်းနေတာနဲ့ မလာဖြစ်တာ ခွင့်လွှတ်ပါ၊ အခုလာရတဲ့ကိစ္စက ဟော့ဒီက ကျွန်တော့်သူငယ်ချင်းမှာ ပယောဂဝင်နေလို့ပါ၊ ဆရာကြီး ဟုတ်မဟုတ် စစ်ဆေးပေးပါဦး၊ ဇာတ်လမ်းကတော့ ဒီလို ဒီလိုပါ ဆရာကြီး'

လူဝင်းကျော်က အဖြစ်စုံကို ပြန်လှန်ရှင်းပြ၏။ ဆံပင်ဖြူ၊ မျက်ခုံးဖြူ၊ နှုတ်ခမ်းမွေးဖြူ၊ မုတ်ဆိတ်ဖြူနှင့် နှစ်လုံး၊ သုံးလုံး၊ ဘောလုံးဘိုးတော်ပုံစံပေါက်နေသော ဥပမိရုပ်သန့်သန့်နှင့်လူကြီးက မုတ်ဆိတ်တွေးသပ်ကာ နားထောင်ရင်း…

'ဪ… ဒီလိုကိုး၊ အင်း… ဟုတ်လား၊ အေးပေါ့၊ အေးပေါ့၊ ဖြစ်ရလေတယ်၊ ဟုတ်လား' အစရှိသဖြင့် ထောက်စကားလေးတွေနှင့် ခေါင်းတညိတ်ညိတ်လုပ်ကာ အောင်လဝန်းကို ကျားပြုံးပြုံးကြည့်နေ၏။ ဂျီ၊ ဆတ်၊ အမဲတွေ့ပြီဆိုသည့် သဘောများလား။

'ဟုတ်ပြီဗျာ၊ ဟုတ်ပြီ၊ ဒီလောက်ဆို ဆရာကြီးအားလုံး



www.burmeseclassic.com

www.burmeseclassic.com



သိပြီ၊ ကဲ... ဟော့... ကလေးရှေ့တိုးစမ်း၊ ငါဖြဲကြည့်မယ်'

'ဗျာ... ဆရာကြီး'

'သူငယ်အိမ်... မျက်လုံးသူငယ်အိမ် ဖြဲကြည့်မှာ ဟကောင်လေးရ'

'ဆရာကြီးက အကြားအမြင်မရဘူးလား'

'အောင်မာ တယ်လာတဲ့ကောင်လေး၊ ငါ့ကိုများ ပမာမခန့်နဲ့၊ အကြား့အမြင် ပါဝါဆိုတာ အားအားရှိ ထုတ်သုံးရတဲ့ စွမ်းအင်များထင်နေသလား၊ လိုအပ်မှသုံးရတဲ့ ပါဝါကွ၊ မှန်းစမ်း၊ အင်း... တွေ့ပြီ၊ တွေ့ပြီ မင်းမျက်လုံးထဲမှ ကြိမ်းသေတွေ့ပြီ'

'ပယောဂလက္ခဏာတွေလား ဆရာကြီး'

'မဟုတ်ဘူး၊ မျက်ချေးတွေ'

ကောင်မလေးတွေက တခွီးခွီးနှင့် ပါးစပ်ကိုလက်နှင့် အုပ်ကာ ရယ်ကြ၏။ ပယောဂကုသည့် အထက်လမ်းဆရာကြီးက ရင်ခေါင်းထဲက ချောင်းဟန့်သံမျိုး ဟိန်းဟန့်လိုက်ပြီး အောင်လဝန်းမျက်နှာပေါ်မှာ ဆော့ပန့်လ်နှင့် အင်းကွက်တွေ ရေးခြယ်တော့၏။

မျက်နှာတစ်ပြင်လုံး နိုင်ငံတကာတပ်ချထားသလို အစ်တစ်ထောက်စာနေရာလွတ်ပင် ရှိတော့မည်မထင်။

ဖိုးလပြည့်စာပေ



'အစွဲကြီးတဲ့ ဝိညာဉ်က အစွမ်းရှိသလောက် ဝင်ပူးထားတာပဲ၊ ခွာရခက်မယ်၊ မပူပါနဲ့လေ၊ ဆရာကြီးနဲ့တွေ့ရင် ပြွန်းပြန်လန် ထွက်သွားရမယ်ဟော့၊ ကဲ... ဆန်စေ့တွေကြယ်ပွင့်ပုံဖော်ပြီး အလယ်မှာ ဒီကလေးကို ထိုင်ခိုင်းလိုက်မယ်၊ ဒီမှာကြည့်စမ်း၊ ဒီဓားလေးက ဆေးဓား၊ သစ်သားနဲ့လုပ်ထားတာ၊ ကလေးမလေး ရှေ့တိုးခဲ့စမ်း'

'ဆရာကြီး ကျွန်မ ကြောက်တယ်'

'နင့်ကို မထိုးပါဘူး၊ လက်ပေးစမ်း၊ ကဲဟာ ကဲဟာ'

ဆရာကြီးက ဒေလီယာရဲ့ လက်မောင်းကို ဓားလေးနှင့် ဆတ်ဆတ်ဆဆ ခုတ်ပြ၏။

'နာလား၊ အသားနာလား'

'မနာဘူး ဆရာကြီး'

'ဘယ်နာမလဲ၊ သာမာန်လူကောင်းဆိုရင် ဒါဟာ သစ်သားဓားလေးပဲ၊ ပယောဂဝင်နေတဲ့ လူကို ခုနလို အသာလေး ခုတ်ပြမယ်၊ တွန့်တွန့်လူးနေလိမ့်မယ်'

ဆရာကြီးက အောင်လဝန်းကို ဓားလေးဖြင့် ဆတ်ဆခုတ်ပြ၏။

အောင်လဝန်း အာပြဲအောင် အော်ရတော့၏။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေးဗျ၊ နာတယ်၊ နာတယ်'

'တွေ့လား၊ ဆရာကြီးပြောတာ မှန်တယ် မဟုတ်လား၊ ဒါ ပယောဂပူးနေတာ၊ အစွဲကပ်နေတာ၊ ပရလောကသားကို နှင်ထုတ်ရမယ်'

'မ… မဟုတ်ဘူး ဆရာကြီး၊ ဆရာကြီးဒူးခေါင်းနဲ့ ကျွန်တော့်ခြေသည်းလေးကို တက်ဖိကြိတ်ထားတာ၊ အား… ဖယ်ပေးပါ'

'အောင်မယ် ပရလောကသားက မူသာမာယာများလိုက်တာ၊ ဖုတ်ဝင်နေတဲ့လူတွေဆို သိပ်မာယာကြွယ်တယ်၊ ငါ ဆရာကို အာခံတဲ့ကောင် ဆေးစားနဲ့ကို ထိုးမယ်၊ အစောင့်တိုက်ဆင်တွေ ချွန်းဖွင့်ပြီး ငမိုက်သားရဲ့ခြေလက်တွေနင်းထားကြစမ်း၊ အထက်ဆရာအမိန့်၊ အောက်ဆရာအနိမ့်၊ အလယ်ဆရာထိပ်၊ ငါ ဆရာဘိတ်ချိုး၊ အဲ… ငါဆရာ စိတ်ကြီးတာ ပရအမှောင့် အမှား ဒင်းတော့ နားကားပြီသာမှတ်'

လူဝင်းကျော်က လူရင်းပီပီ အာရဲလျှာရဲဖြင့် ရူးစမ်း၏။

'ဆရာကြီး ဂါထာတွေထဲမှာ ဂေါ်လီစကားတွေပါ ညှပ်ပါကုန်ပြီလား ဆရာကြီးရဲ့'

'နင်း ဘာသိလို့လဲ၊ ခေတ်တွေပြောင်းလာသလို ဂါထာ





တသားလည်း ပြောင်းလာရတာကွ၊ ဂေါ်လီစကားမှ နားလည်တဲ့ ခေတ်လူငယ်ပရလောကသားဖြစ်နေရင် ငါပြောတာ နားမချော်တော့ဘူးပေါ့၊ နားချော်ပြီး ငါ့ကိုပြန်ဆော်နေမှ ပညာယှဉ်ပြီး ငါ အနိုင်ချနေရဦးမယ်၊ မင်းဘာမှနားမလည်ရင် ဝင်မမေးနဲ့ ငါအလုပ်လုပ်ရတာ အာရုံပျက်တယ်'

ဆရာကြီးက နည်းမျိုးစုံဖြင့် ပယောဂထုတ်တော့၏။ ရေမန်းတွေနှင့် တောက်၏။ ကြိမ်ဘုနှင့် မိုက်ကိုဆောင့်ထိုး၏။ ဆေးစားဖြင့် ခြေဖဝါးကို ယားအောင်ခုတ်၏။ နောက်ဆုံးမထွက်နိုင်သောအခါ ကြိမ်နှင့်သုတ်တော့၏။

'ရှမ်း'

'အောင်မလေးဗျ၊ နာတယ်ဗျ'

'ဆရာကြီး လူသတ်နေတာလား'

'တိတ်စမ်း၊ လူနာ နာတာမဟုတ်ဘူး၊ ပယောဂကောင်နာတာ၊ ဒီကောင်ပေကပ်နေတယ်၊ ငါ ဆရာကို ပမာမခန့်လုပ်လို့ ကြိမ်လက်စွမ်းပြရတာပဲ၊ ကဲဟာ'

'ဖြန်း'

'အောင်မငီး'

အောင်လဝန်း ကျောကော့ပြီး ဆရာကြီးကို အတင်း…



www.burmeseclassic.com

www.burmeseclassic.com



ထားရတော့၏။ ဆရာကြီးကို ဖမ်းချုပ်သလိုဖက်ထားမိ၏။ ဆရာကြီးက အတင်းရုန်း၏။ နှစ်ယောက်သားလုံးထွေးပြီး ပွဲပြင်ထားသည့်အပေါ်ကို ပြိုကျကုန်၏။ မှည့်နေသော ငှက်ပျောပွဲမို့ ပြိပြဲတွေဖြစ်ပြီး ပေကျံကုန်၏။ ဆရာကြီးက စိတ်ကြီးဝင် အောင်လဝန်းက ကြိမ်လုံးကို ဆွဲယူပြီးလွှင့်ပစ်လိုက်သောအခါ အုန်းသီးဖြင့် ကောက်ထု၏။ လူဝင်းကျော်နှင့် မိန်းကလေးတွေ အတင်းဝင်ဆွဲစဉ် ပိုရှုပ်ကုန်တော့၏။ လူဝင်းကျော်က ငယ်သံပါအောင် အော်ရင်း…

'ဆရာကြီး… ဆရာကြီး… ဘယ်မှာလဲ၊ စိတ်လျှော့ စိတ်လျှော့ပါဗျာ'

'အီး… အီ… အစ်… အစ်… ဟကောင်လေး… အီး…. မင်းက စိတ်လျှော့… ဖွတ်… အွတ်… လျှော့ခိုင်းနေ၊ ငါကအောက်ဆုံးမှာ… မှာ… မှာ…. အီး… အား… အပေါ်က တက်ဖိ… အဟွတ်… ဟွတ်… ဖွတ်'

'ဟာ… ဟော့… ဖယ်ကြပါဦးဟ၊ ဆရာကြီးကို ဝိုင်းပြီး တက်ဖိထားသလိုဖြစ်နေပြီ၊ အောင်လဝန်းတစ်ကိုယ်လုံး တက်ဖိမထားနဲ့လေ၊ မေဘရဏီတို့ ဒေလီယာတို့ နင်တို့ထမီစကတ်တွေနဲ့ ဘေးဖယ်နေကြ'





'ငါလွှတ်ရင် ငါ့ကိုရိုက်မှာကွ'

'မရိုက်တော့ဘူး၊ လွှတ်လိုက်၊ ဆရာကြီးကြာရင် အသက်ထွက်သွားလိမ့်မယ်၊ တုံးအောက်ကဖားလို ပြားနေပြီ'

တကယ်လည်း ဆရာကြီးရဲ့မျက်နှာတွေ နီမြန်းကာ ဖားပြုတ်ကြီးလို ဖောင်းကားအစ်ထွက်နေ၏။ အောင်လဝန်းက ဆရာကြီးကို…

'နောက်မရိုက်တော့ပါဘူးဆိုမှ လွှတ်ပေးမယ်၊ ကတိပေးမလား ဆရာကြီး'

'အဟု… အဟု… အဟွတ်… ပေး… ပေးတယ်'

အောင်လဝန်း လွှတ်ပေးလိုက်မှ ဆရာကြီးလည်း အသက်ရှုချောင်ပြီးရင်ကျပ်ပန်းနာရောဂါ သက်သာရသွားတော့၏။

ဆရာကြီးက နံရံမှာ အလှချိတ်ထားသော ငှက်ကြီးတောင် ဓားကိုထဆွဲရင်း…

'အေး… ရိုက်တော့ မရိုက်ဘူး၊ လွှတ်လပ်ရေးရပြီးကတည်းက သိပ်ထားတဲ့ဓားနဲ့ မင်းကိုသမမယ်ကွ'

အောင်လဝန်း ရှေ့ဆုံးက လစ်ပြေး၏။ လူဝင်းကျော်က နောက်က။ မချောသုံးယောက်လည်း ထမီစကတ်တွေဆွဲမပြီး



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်ပြေးဆင်းကုန်ကြ၏။ အောက်ယပ်မှာနေသော အိန္ဒိယ တိုင်းရင်းဖွားတွေလည်း မီးလောင်တယ်ထင်ပြီး အော်ဟစ်ဆူပွက် ကုန်တော့၏။

အရေးထဲမှာ လူဝင်းကျော်က မေဘာရဏီထင်ပြီး အိန္ဒိယ သူ ဆာရီခြုံ အဘွားကြီးတစ်ယောက်လက်ကို အတင်းဆွဲပြီး နောက်လှည့်မကြည့်ဘဲ စွတ်ပြေး၏။

အဘွားကြီးခမျာ... ဟရေး... ဟရေးနှင့် လူဝင်းကျော် သတိပြုမိပြီး လက်လွှတ်ပေးမှ လမ်းမပေါ်မှာ ပစ်ထိုင်ချပြီး လျှာတစ်တောင်လောက်ထွက်အောင် မောနေလေတော့သည်။

လမ်းသုံးဆယ်ထဲမှာ ဆူပွက်သွားသည့်နေ့။ တတ်ယော ကား ပယောဂကုအထက်ဆရာကြီးဆိုလျှင် နောက်တစ်ခါ ကြောက်ပါပြီဗျတွေ ဖြစ်သွားကုန်ကြ၏။

အရိုက်ခံထားရ၍ အရိုးရာကြီးတွေထင်နေသော ကျေ ပြင်ကို ကိုယ့်ဘာသာနံရံမှာ ပရုပ်ဆီပွတ်၊ ပြီးလျှင် ကျောဖြ ပွတ်သပ်ပြီး နိုးလိမ်းလိုက်ရ၏။

အောင်လဝန်း အိမ်သားတွေအသိပေးလို့မဖြစ်။ မေးမြ စုံစမ်းရင် ပိုရှုပ်ကုန်လိမ့်မည်။

ရှုပ်နေသည့်အချိန်မှာ ငြိမ်နေတာ အကောင်းဆုံးပင်။





ရှုပ်မှာစိုး၍ ငြိမ်နေကာမှ လှုပ်ပြီးရောက်လာသော ပြဿနာတစ်ရပ်က သပွတ်အူလိုဖြစ်အောင် ထပ်ပတ်ခံရကိန်း ဆိုက်လာသည်မှာ အစေးသင် ရုပဗေဒလက်တွေ့ခန်းဆင်းဖြစ် သော စနေနေ့မှာဖြစ်ပေါ် လာပြန်သည်။

စနေနေ့မှာ စနေဂြိုလ်ဝင်မွှေခြင်းလေလား။

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

'ကိုယ့်နာမည်က မဟာကျော်တဲ့၊ ရှားပါးတန်ဖိုးကြီးတဲ့ နာမည်မျိုးကို ရွေးမှည့်ထားတာ၊ မြန်မာတစ်ပြည်လုံးမှာ ကိုယ့်နဲ့ နာမည်တူမရှိဘူး၊ လူပုံကိုလည်း ရှိုးလိုက်၊ အဝေးကြည့်ကြည့်၊ အနီးကြည့်ကြည့် အမြဲတမ်း စမတ်ကျနေရမယ်၊ ဒိုင်ကြောင် အရည်အချင်းကလည်း လေညှင်းလို သင်းသင်းလေးပြောရမလား မုန်တိုင်းလို ခက်ထန်ရမလား အားလုံးညက်တယ်'

သဘော်တစ်ခေါက်တက်ပြီး ပြန်ရောက်လာသော မဟာကျော်ရဲ့ ပုံစံက မြောက်ကြွကြွ၊ အကြွားသန်သန်၊ ဟန်ပန်တစ်ခွဲသား။ ပလက်တီနံကြိုးတွေ ရှပ်ယုက်ခတ်အောင် ဆင်ယင်ပြီး နဖူးပြောင်တင်းတင်းပေါ်အောင် ဆံပင်ကို ခေါင်းလိမ်းဆီရွှဲရွှဲဖြင့်





နောက်လှန်ဖီးသင်ထား၏။ မိုးအုံ့မှိုင်းပျနေလည်း ရေကာမျက်မှန် ကိုမချွတ်တမ်း တပ်ထားတတ်၏။

မိုးအုံ့မှောင်မဲပြီး ကုက္ကိုပြင်ရိပ်အောက်ဝင်စဉ် အအေးသောက်နေသာ ပေါက်ဖော်ကြီးတစ်ယောက်ကို ဝင်တိုက်လဲပြီးမိ သဖြင့် ပူပူနွေးနွေးအဆဲခံထားရသူ။

အောင်လဝန်းတို့ ဝိုင်းမှာပင်ထိုင်ပြီး မေဘရဏီတို့နှင့် ပေါင်းဟောင်းသင်းဟောင်းပီပီ အော်ဟစ်နှုတ်ဆက်ဆုညကြ၏။ ပြီးမှ ယမင်းသော်တာ အကြောင်းမေး၏။ ဒေလီယာက စာတ်စုံ ခင်းပြမှ ယမင်းသော်တာအနားမှာ မမျှော်လင့်ဘဲ မင်းသားကြီးဖြစ်နေရသူ အောင်လဝန်းကို မျက်မှန်ပင့်မကြည့်ရင်း ဟစ်ခနဲ အစ်သံပေးကာ မျက်မှန်ကို နဖူးတက်ချိတ်၍ သူ့ဘာသာမိတ်ဆက်လာခြင်းဖြစ်သည်။

လှဝင်းကျော်နှင့် ပထမနှစ်မှာ ခင်မင်ဖူးသော်လည်း ဒေလီယာတို့ ယမင်းသော်တာတို့လောက် ရင်းနှီးသော ခင်မင်မှုမျိုး လှဝင်းကျော်နှင့် မဟာကျော်ကြားမှာ မရှိကြသေး။

မဟာကျော်က ယမင်းသော်တာတို့အဖွဲ့နှင့် ဆယ်တန်းကတည်းက အတူတူ။ ဆယ်တန်းအောင်ပြီး ဒေးတက်နေရာမှ မဝေးသင်ပြောင်းယူလိုက်ခြင်းမှာ ယမင်းသော်တာကြောင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယမင်းသော်တာက ကိုယ်ဟန်ပြမယ် အလွန်ဖြစ်ချင်၍ သင်တန်းပေါင်းစုံတက်ပြီး လေ့ကျင့်နေရသဖြင့် အဝေးသင် တက္ကသိုလ်ပြောင်းတက်နေရသူ။

မဟာကျော်က အဝေးသင်တက္ကသိုလ်ပြောင်းပြီးမှ ကြို တင်ပြင်ဆင်ထားခဲ့သော သင်္ဘောလိုက်ခွင့်ရ၍ သင်္ဘောတက်သွား ရသဖြင့် တတိယနှစ်လည်းလောက်မှ မြန်မာပြည်ကို ခေတ္တ ပြန်ရောက်လာပြီး တတိယတန်းသင်္ဘောအရာရှိ စာမေးပွဲ သတ် သတ်ဖြေဖို့ ပြန်ရောက်လာသူ။

ဒေါ်လာတွေ အတော်ပါလာပုံရ၏။ တိုက်ဘယ်နှလုံး ကားဘယ်နှစီးဝယ်ဖြစ်မှာတွေ ကြွားလုံးထုတ်ဖြစ်အောင် ထုတ် လိုက်သေး၏။ ပထမအရာရှိတွေပင် လေးငါးဆယ်နှစ်ဖြင့် မဟာ ကျော်ပြောသလောက် ဝယ်မိအောင် အတော်စုဆောင်းရဦးမည် ဖြစ်သည်။ ရိုးရိုးသင်္ဘောသားတစ်ယောက်က နှစ်နှစ်ကျော်ကာလ လေးလုပ်ကိုင်ပြီး ထိုမျှဝယ်မည့်ဆိုခြင်းမှာ ငွေတစ်မတ်နှင့်ဆင် ခေါင်းကိုင်ကြည့်ခြင်းဖြစ်၏။

အောင်မာ… ငွေတစ်မတ်နဲ့ ဆင်ခေါင်းကို ကိုင်ကြည့် ရတယ်လို့ မင်းဘာကောင်လဲလို့ ဆင်ဦးစီးကမေးလျှင် ဆင်ခေါင်း ယားနေမှာစိုးလို့ မတ်စိနဲ့ အယားပြေအောင် ခြစ်ပေးမလို့ပါဟု





ပြန်ဖြေမည့် လူစား။ ငွေတစ်မတ်နှင့် ငါးကြင်းခေါင်းကိုင်သည် ပင် လွန်လှပေပြီ။

မောရဏီထွက်းက ကြားဖြတ်ဝင်ပြောလာ၏။

'ယမင်းနဲ့ မဟာကျော်နဲ့က ဘာညာဘာညာ ငြိနေကြ တာဟ'

'ဟုတ်တယ်' (မဟာကျော်က အားရဝမ်းသာ ထောက်ခံ သံ)

'ဘာညာ ဘာညာငြိတယ်ဆိုတာ ယမင်းရဲ့လက်စွပ်နဲ့ မဟာကျော်ရဲ့ဆံပင် ငြိဖူးတာကို ပြောတာ'

မောရဏီဆက်ပြောလိုက်သော စကားကြောင့် မဟာ ကျော် တိတ်သွား၏။ မောရဏီကို မြင်ပြင်းကတ်သလို ကြည့် နေ၏။ မောရဏီက ဂရုမစိုက်သလို ဆက်ပြော၏။

'ယမင်းကို မဟာကျော်က အရမ်းစနောက်တာ၊ ယမင်း က စိတ်ဆိုးရင် မဟာကျော်ခေါင်းကို ဗိုက်ခေါက်နေကျလေ၊ အဲဒီလို သူတို့ခင်ခဲ့ကြတာ၊ အဝေးသင်တက္ကသိုလ်ကို ယမင်း ပြောင်းတော့ မဟာကျော်လည်း လိုက်ပြောင်းတယ်၊ အဝေးသင် တက္ကသိုလ်မှာတင် ကျော်စိုးနောင်နဲ့ တွေ့တာပဲ၊ ကျော်စိုးနောင်က ယမင်းကို မြင်မြင်ချင်း တန်းတန်းစွဲဖြစ်ပြီး အတင်းလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ မဟာကျော်နဲ့ ကျော်စိုးနောင်ဆိုတာ **ဈေးထိပ်အမှိုက်ပုံ**မှာ ဝက်ရှီးလုတဲ့ DOG နှစ်ကောင်လို **မာန်ဖီရန်**စောင်နေလိုက်တာ မြင်မကောင်းဘူး'

'S.T.O.P စတော့ပ် မေဘ**ရဏီ**၊ ကျေးဇူးပြုပြီး ငါ့မျက်နှာကိုထောက်ပါ၊ နင့်ကိုလက်ညှိုးနဲ့ ထောက်ခိုင်းတာ မဟုတ်ဘူး၊ စကားကိုဆင်ခြင်ပြောနိုင်အောင် ငါ့ကိုထောက်ထားညှာတာပါလို့ ပြောနေတာ'

'မှန်တာပြောရင် ငရဲကြီးလို့လား'

'ဒါဆို ဆက်ပြောမယ်၊ အဲဒါနဲ့ မဟာကျော်က သင်္ဘောလိုက်ခွင့်ရလို့ ကောင်းကင်က ဒေဝေါကြီးစီးပြီး တောင်ကိုရီးယားကို ရောက်သွားတာ၊ ဟိုမှာတန် ချိန်လေးသောင်းကျော်တဲ့ စာကလေးသင်္ဘောပေါ် တက်လိုက်ရရော'

မဟာကျော်မျက်နှာကို လက်နှစ်ဖက်နှင့် ကွယ်ကာ အရှက်ပြေနေလိုက်၏။ မေဘရဏီက

'အဲဒီမှာတင် ကျော်စိုးနောင်က ပြိုင်ဘက်မရှိ ဖြစ်သွားပြီး ယမင်းကို အတင်းချဉ်းကပ်တာ၊ ယမင်းက လုံးဝလက်မခံဘူး၊ သူ့စိတ်ထဲမှာ မဟာကျော်ပဲရှိနေတယ်လေ၊ လေယာဉ်လက်မှတ်ခငွေပို့လို့ ငွေချေးသွားတာကိုး'





'တောက်… ဆော်ပြန်ပြီဟ၊ အလူးအလဲကို ကွဲတော့တာပဲ'

'ရှက်မနေပါနဲ့ မဟာကျော်ရယ်၊ မှန်တာပြောရင် ငရဲကြီးတာမှ မဟုတ်တာ၊ ယမင်းက သူ့ကိုယ်သူ မော်ဒယ်လည်းလုပ်ချင်တယ်၊ မယ်ဘွဲ့လည်း ရချင်တယ်၊ မော်ဒယ်ဖြစ်အောင် ခန္ဓာကိုယ်ကို သွယ်လျသွားအောင် လေ့ကျင့်ရမှာ မယ်ဘွဲ့ရအောင်ကျတော့ ကျစ်လစ်တောင့်တင်း ပြည့်ဖြိုးအောင်လုပ်ရမှာ၊ အဲဒါနဲ့ သူ့မှာ ဟိုလိုလို ဒီလိုလိုနဲ့ နှစ်မျိုးပေါင်းပြီး ရောလေ့ကျင့်နေရတာ၊ အဲဒီအပေါ်မှာ ထင်သလောက်ခန္ဓာကိုယ်အလှတွေ ထွက်မလာတော့ စိတ်ညစ်နေရတာနဲ့ပဲ ဘာအချစ်ရေးမှုကို စိတ်မဝင်စားနိုင်ဘူး၊ ကျော်စိုးနောင်ကလည်းဖွတ်၊ ယမင်းကိုကြိုက်လို့ ဝိုင်းလိုက်တဲ့ ယောကျ်ားလေးတွေကို ယမင်းက နည်းမျိုးစုံနဲ့ ရှင်းထုတ်ပစ်နိုင်တယ်၊ ကျော်စိုးနောင်ကျတော့ မျှော့တွေ ကျွတ်တွေ တောက်တဲ့တွေကပ်သလို တွယ်ကပ်နေတော့တာပဲ၊ ပါးရိုက်ဆုံးမလည်းမရ၊ ဆရာတွေနဲ့တိုင်လည်း ခဏပဲ၊ ဆောင့်တွန်းထားခဲ့လည်း နောက်နေ့နေရာမယွင်းဘူး၊ ဘယ်လိုခါချချ မရဘူး၊ နောက်ဆုံးတော့ ယမင်းလည်း သနားသွားတယ်၊ သနားရာကနေ ဖြစ်ပေါ်လာတဲ့ ချစ်မေတ္တာနဲ့ ကျော်စိုးနောင်ကို တုံ့ပြန်အဖြေပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်၊ ပြောတာပဲ၊ အဖြေပေးလို့မှ ပူပူနွေးနွေးရှိသေးတယ်၊ ကျော်စိုးနောင် ထဆုံးရော'

'ထဆုံးတာတော့ မဖြစ်နိုင်ဘူး၊ လဲပြီးဆုံးတာပါ'

'လှဝင်းကျော် နင်တတ်ရင် ဝင်ပြော၊ ငါက မဟာကျော်နဲ့အောင်လဝန်းတို့ ကျော်စိုးနောင်နဲ့ မဲဟောကျော် ငြိသလိုငြိပြီး ချိန်းဖိုက်ကုန်မှာစိုးလို့ စေတနာနဲ့ ဇာတ်ရှုပ်လည်လည်အောင်ရှင်းပြပြီး ဖေးဖေးမမ ပြေပြေလည်လည်ဖြစ်အောင် လုပ်ပေးနေတာ၊ နင်က အောင်လဝန်းရဲ့သူငယ်ချင်းရင်းချာဖြစ်ပြီး အယာမပေါက် ဓာတ်မပေါက်၊ အထူးအပါးနားမလည်လူတွေ့တာနဲ့ နောက်စရာပြောင် စရာတွေပဲ ရှာကြံပြောဖို့တတ်တယ်'

'နင်တို့အားလုံး တော်ကြတော့'

မဟာကျော်က ပြဇာတ်မင်းသားစတိုင်လ်ဖြင့် ခပ်ကြောင်ကြောင်ဝင့်တား၏။ အောင်လဝန်းကို စိုက်ကြည့်လိုက်ပြီး…

'ဘရဏီပြောသလို ယမင်းက အောင်လဝန်းကို ကျော်စိုးနောင်ရဲ့ ဝိညာဉ်ပူးနေတယ်ဆိုပြီး အသည်းအသန်ဖြစ်နေတယ်ပေါ့၊ ဒါအဓိပ္ပာယ်မရှိတာတွေဘဲ၊ လုံးဝအဓိပ္ပာယ်မရှိဘူး၊ ဒီခေတ်ကြီးမှာ စုန်း၊ ကဝေ၊ မှော်၊ တစ္ဆေ၊ ဝိညာဉ်တွေ ခေါ်စားစရာနေရာမရှိတော့ဘူး၊ IT ခေတ် ဖြစ်နေပြီ၊ အကုန်လုံးကွန်ပျူ





တာထဲထည့်ရိုက်ခံသွားရမယ်၊ ဒီမှာ အောင်လဝန်း၊ နေရင်းထိုင်ရင်း ကော်ပေါက်တွေ့ပြီဆိုပြီး ကြွက်ပျင်းလို အချောင်တွင်းဝင်အောင်းမယ်မကြံနဲ့နော်၊ ကိုယ်နဲ့မင်းနဲ့ ထိပ်တိုက်ပေါက်ကွဲသွားမယ်'

'ခင်ဗျား ကျွန်တော့်ကို ခြိမ်းခြောက်နေတာလား'

'ဟိန်းဟောက်နေတာ'

'ဒါဆိုခြသေ့ပေါ့'

'အေး… ခြသေ့လို ရဲရင့်တဲ့လူ၊ ကေသရာဇာထုံးကို နှလုံးမူတဲ့လူ'

'ခြသေ့လည်း ဆပ်ကပ်ထဲရောက်ပြီး လူတွေခိုင်းတာလုပ်ရတာပါပဲ၊ ကေသရာဇာဆိုတာ ဆံပင်ကေကိုသတဲ့နေရာမှာ ရာဇာအဆင့်ရှိတဲ့လူကိုပြောတာလား၊ အဲဒါဆိုရင်တော့ အိ(မ်)ကမာမရှိန်းတွေ ကေသတဲ့နေရာမှာ ရာဇာအဆင့်ပဲ ခင်ဗျားလည်း အဲဒီမာမရှိန်းကြီးတွေအဖွဲ့ကပေါ့'

'မင်း ငါ့ကိုစော်ကားတာလား၊ စိန်ခေါ်တာလား'

လှဝင်းကျော်က ဝင်ထိန်းရတော့၏။

'အချင်းချင်းတွေ ရွှေညီအစ်ကိုတွေလေကွာ၊ ဘာလို့ရန်လိုချင်နေရတာလဲ၊ ရန်လိုချင်ရင် ရန့်ပိုတယ်၊ ရန်မလိုချင်



www.burmeseclassic.com

www.burmeseclassic.com



ရန့်ပြီတယ်၊ ရန့်တွေကုန်စင်နေတဲ့ ရန်ကုန်မှာနေကြပြီး ရန့်မကုန်တာမျိုး ဂိုးသဝေးလိုက်စမ်းပါ’

ဒေလီယာကလည်း…

‘ဒီနေ့ ယမင်းသော်တာ ကျောင်းကိုလာမှာ၊ ငါတို့နဲ့ ကျောင်းမသွားခင် ဒီအအေးဆိုင်မှာ အမြဲလူစုံအောင် စောင့်နေကျ၊ ဟော… ပြောရင်းဆိုရင်း ယမင်းရောက်လာပြီ၊ ဟယ်… သူ့ အဖေကြီးကိုယ်တိုင် ကားမောင်းပြီးလိုက်ပို့တာ၊ နင်တို့ ယောက်ျားလေးတွေ ဒီဝိုင်းမှာပဲ ထိုင်နေခဲ့၊ ငါတို့ဝိုင်းပြောင်းထိုင်မယ်၊ ထမလာကြနဲ့နော်၊ ဘယ်မိဘကမှ သမီးမိန်းကလေးအပျိုစင်ကို ဘယ်ယောက်ျားလေးတွေနဲ့ တွဲတာမှ ရုတ်တရက် လက်ခံနားလည်ပေးကြမှာ မဟုတ်ဘူး’

မောရစ်၊ နန်းမြအေး၊ ဒေလီယာတို့ ဝိုင်းပြောင်းထိုင်ကြ၏။ ယမင်းသော်တာက ဆိုင်ထဲကို အကြည့်ကွန်ရက်ဖြန့်ကြက်ပြီး ဖခင်ဖြစ်သူ စိတ်ချလက်ချပြန်သွားအောင် အပြုံးနှင့်နှုတ်ဆက်၏။ ဖခင်ဖြစ်သူ ပြန်သွားတာ စိတ်ချလက်ချ စောင့်ကြည့်နေပြီးမှ ယမင်းရောက်လာ၏။ ဝိုင်းတိုင်းက အကြည့်တွေ ယမင်းကိုယ်ပေါ်မှာ ကပ်ငြိ။ ဒေလီယာတို့ဝိုင်းကို မထိုင်။ အောင်လဝန်းတို့ဝိုင်းရှေ့မှာ ရပ်ရင်း…





‘ကျော်စိုးနောင်’

‘ဗျာ’

‘ဟော့ကောင်… မင်းက အောင်လဝန်း၊ ဘာ ကျော်စိုးနောင်လဲ’

‘ယမင်းစိတ်ချမ်းသာအောင် ထူးပေးတာကွ’

‘ဒါ တမင်အခွင့်အရေးယူတာ၊ ယမင်း ကိုယ်လေ ကိုယ်ပြန်လာပြီလေ၊ မဟာကျော်ပြန်လာပြီ၊ ကိုယ့်ကိုမမှတ်မိတော့ဘူးလား၊ ယမင်းရဲ့တစ်ခါက မဟာကျော်လေ၊ မှတ်မိပြီမဟုတ်လား’

‘မှတ်မိတယ်၊ နင်ဒီနေ့ပဲ ပြန်ရောက်တာလား’

‘ဟုတ်တယ်၊ ကိုယ်လေ…’

ယမင်းက မဟာကျော်ရဲ့စကားကိုဆုံးအောင်နားမထောင်။ အောင်လဝန်းကို

‘ကျော်စိုးနောင်… သူနဲ့တို့နှစ်ယောက်တည်း ကျောင်းကိုသွားချင်တယ်၊ ထလေ၊ လိုက်ခဲ့တော့’

အောင်လဝန်း ထရပ်သောအခါ မဟာကျော်က လက်ကို ဖမ်းဆွဲထား၏။

‘နင် ဘာလုပ်တာလဲ မဟာကျော်’

‘ဒါ… တခြားလူကြီး၊ ကျော်စိုးနောင် မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးနောင်က သေသွားပြီ၊ ယမင်း ဘာတွေဖြစ်နေတာလဲ၊ အဓိပ္ပာယ်ရှိတဲ့ ယမင်းသော်တာကို ပြန်နေပြစမ်းပါ၊ ကျော်စိုးနောင်ကို ရင်ကွဲမတတ် လွမ်းချင်လွမ်းပစ်လိုက်၊ ဒါပေမဲ့ ဒီအာရုံနှစ်ပင်လိမ်နေတဲ့ဟာကြီးကိုတော့ ရှန်တိန်လုပ်ပြီး မြောင်းထဲထိုးထားခဲ့စမ်းပါ'

ယမင်းသော်တာက မဟာကျော်ရဲ့လက်ကို ပုတ်ထုတ်ပြီး အောင်လဝန်းကို ဆွဲထူ၏။ အောင်လဝန်းထရပ်သောအခါ မျက်လုံးရွဲကြီးတွေနှင့် လှမ်းကြည့်ပြီး မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာ...

'သူ့ကို ရူးနေတယ်လို့ပဲ သဘောထားလိုက်ပါ၊ ကျွန်မတို့ သွားကြမယ်'

အောင်လဝန်းရဲ့ လက်ကိုဆွဲပြီး ယမင်းသော်တာ လှမ်းထွက်သွား၏။ မဟာကျော်က ပါးစပ်ဟောင်းလောင်းဖြင့် ကျန်ခဲ့၏။ ပါးစပ်ထဲ ယင်ကောင်ဝင်သွား၍ တဖူးဖူးနှင့် မျက်လုံးပြူးအောင် သူ့ဘာသာလည်ပင်းညှစ်ပြီး ယင်ကောင်ပြန်ထွက်အောင်လုပ်ရင်း အလုပ်ရှုပ်ကျန်ရစ်၏။

'မိန်းမ... ယမင်းသော်တာ ကျုပ်တို့ဒီမှာအသက်ရှိပါသေးတယ်နော်၊ ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် သဘော





မထားရင်နေပါ၊ တိုင်မှတ်ပြီး နှပ်တော့သုတ်သွားပါဦး'

ဒေလီယာက ပြောချင်ရာတွေ ကောင်းကောင်းဆိုးဆိုး စွတ်ပြောချ၏။ ကရင်တိုင်းရင်းသား သွေးတစ်ဝက်ပါပြီး စကားပလူပျံအောင်မပြောတတ်သော်လည်း ပြောပြီဟေ့ဆိုလျှင် ပိဿာလေးနှင့် နံဘေးထုပစ်လိုက်သည့်အတိုင်း ကိုယ့်စကားကိုယ် ဘယ်ရောက်လို့ ရောက်မှန်းမသိ။ မြန်မာသံပီသအောင် ပြောနိုင်သော်လည်း အတိမ်အနက်မသိ။ ယမင်းသော်တာက အသာလှည့်ကြည့်ပြီး...

'နင်တို့ဘာသာ သွားနှင့်ကြ၊ ငါတို့နှစ်ယောက်တည်း သွားချင်လို့'

ယမင်းသော်တာ နောက်ကို အောင်လဝန်းလိုက်ပါလာရ၏။ ပလက်ဖောင်းအတိုင်း လမ်းလျှောက်ရင်း ယမင်းသော်တာရဲ့ ဆန်းသစ်လှပသော မျက်နှာ၊ ကိုယ်ဟန်လေးကို ကြည့်ကာ နှမြောတသခြင်းဖြစ်မိရ၏။ စိတ်ကစဉ့်ကလျားဖြစ်ပြီး ယဉ်ယဉ်လေးစိတ်ရောဂါရသွားသော ရောဂါရှင်မလေးကို...

'ဘယ်ကိုသွားမှာလဲ'

'သူ့ကို ကျွန်မ အဖြေပေးလိုက်တဲ့ တိုင်းရင်းသားကျေးရွာက ကရင်အမျိုးသားအိမ်ကလေးနားကိုလေ၊ မျှော်စင်ပေါ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝမ်းသာအားရ သူအော်ခဲ့တဲ့ အသံကို ကျွန်မ နောက်တစ်ကြိမ်ကြားချင်သေးတယ်၊ ပြီးတော့ ကျွန်မကို သူ တမ်သက်လုံး မဖောနိုင် မပယ်နိုင် ပြောချင်နေတဲ့ ရင်ထဲက စကားတွေ ကြိုက်သလောက်သာပြော ကျွန်မ နားထောင်ချင်နေပြီ၊ လွမ်းတာ၊ ဆွေးတာ၊ ဝေးတာ၊ ရင်နာတာ၊ ငိုရတာတွေ မပါစေနဲ့၊ ကျွန်မ နောက်တစ်ကြိမ် ခံစားရမှာကို သေရမှာထက် ပိုစိုးလန့်နေတယ်၊ မခံစားနိုင်ဘူး'

'ယမင်းသော်တာရယ်'

အောင်လဝန်း တီးတိုးရေရွတ်ရင်း ကရုဏာသက်သွားမိ၏။ Taxi တစ်စင်းကို တားနိုင်ဖို့ လမ်းမပေါ် ထွက်ရပ်ပြီး တခြားကားတွေလေဟပ်သွားတိုင်း ဆံပင်လေးသပ်တင်နေသည့် သူမဟာ အောင်လဝန်းအတွက်တော့ ကမ္ဘာကျော် အလှမယ်ပါပဲ။

အငှားကားဖြင့် တိုင်းရင်းသားကျေးရွာရောက်သောအခါ ယမင်းသော်တာ စိတ်တိုင်းကျ ဖြစ်အောင် အကုန်လျှောက်လုပ်ပေးရ၏။ မျှော်စင်ပေါ်တက်ပြီး အရှုးလိုအော်၍ ဘေးနားမှာ အယန်းပြေလည်ပတ်ဖို့ရောက်လာသူတွေ ထိတ်လန့်တကြား ဝိုင်းကြည့်ကုန်ကြ၏။ ပြီးမှ ထိတ်လန့်ဒေါသဖြင့် အမြင်ဆိုးသော မှတ်ချက်အမျိုးမျိုးချသံကို လှိမ့်ခံရတော့၏။





ယမင်းသော်တာ သွားချင်သည့် နေရာတွေ လိုက်ပို့ရ၏။ စားချင်တာတွေ ဝယ်စားကြသည်။ ကရင်ရိုးရာ အိမ်ကလေးအနီးမှာ ယမင်းသော်တာ အဖြေပေးလိုက်သော ဒုတိယအကြိမ်မြောက် ရင်ခုန်သံသည် အောင်လဝန်းရဲ့ နှလုံးအိမ်အတွင်းမှာ ရိုက်ခတ်ဆူညံသွားစေ၏။

ဆူညံမှုဖြင့် သွေးသားတွေ ဆူဝေရုန်းကြွလာပြီး နှလုံးခုန်သံတွေ ပုံမှန်ထက် ပိုမြန်လာသည်။ ယမင်းသော်တာရဲ့ ပိုင်စိုးပိုင်နင်း ထိတွေ့ကိုင်တွယ်မှုတွေအပေါ်မှာ နူးညံ့သော အာရုံဖြစ်ပေါ်ငြိတွယ်မိသည်။ သွားပြီ။ အာရုံငါးပါးရဲ့ ဆွဲဆောင်မှု၊ အာရုံငါးပါးဗဟိုပြုထားသော ဆန့်ကျင်ဘက်ဖိုင်ဖြစ်သည့် မိန်းမလှလေးတစ်ယောက်ရဲ့ ဆွဲဆောင်မှုမှာ အောင် လဝန်းရဲ့ စိတ်ဓာတ်ခိုင်မာမှုတွေ ကျွတ်ထွက်သွား၏။ အဆိုးဆုံးက…

'ကျွန်မကို အမြဲတမ်း ရင်ခွင်ထဲ ထည့်ထားချင်တယ်ဆို'

'ဘယ်လို… ဟို'

'မအနဲ့'

'ကဲ'

'လူတွေကြည့်နေလည်း ဂရုမစိုက်နဲ့၊ ကျွန်မတို့ကသူ့ သူဟွေလိုလှလှပပဖက်ပြီး လမ်းလျှောက်နေကြတာနေ့နေပူပူ



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ ထီးတစ်ချောင်းတည်း နှစ်ယောက်ဆောင်းသွားရတာပဲ၊ လုံခြုံဖို့ ဒီလောက်တော့ တိုးကပ်ဖက်တွယ်သွားရမှာပေါ့၊ မဟုတ်ဘူးလားနော့'

'ဟုတ်… ဟုတ်တယ်'

ချွန်ရနေသော သူတော်စင်တွေပင် ရင်သားမှာကပ်ဝတ်ထားသော ရင်စည်းကလေးလှုပ်နေတာကို မြင်ရုံနှင့် ချွန်လျောရသေးသည်ပဲ။ အောင်လဝန်းမှာကား အတင်းလက်ဆွဲဖက်၊ မျက်နှာချင်းငဲ့ကပ်၊ ထိတွေ့ရယ်မောပြောဆိုနေရသည်မှာ အခါခါမို့ ပုထုဇဉ်ပီသ၍ ရင်ခုန်သံတွေ ပြောင်းဆန်ပြီး အာရုံတွေကပြောင်းကပြန်ဖြစ်ပေါ်လာရတော့၏။

ကျော်စိုးနောင်နှင့် ပတ်သက်ပြီး အခွင့်အရေးတွေရနေခြင်းပါလားဆိုသည့် ဆင်ခြင်သိလေးနှင့် ထိန်းချုပ်နေစိတ်ကလေးပင် ဘယ်ချောင်ရောက်သွားပြီလဲ မသိ။ ယမင်းသော်တာ ဆွဲဆောင်ရာမှာ အောင်လဝန်းက ကြိုးရုပ်ကလေးဖြစ်နေရရှာတော့သည်။

နှစ်ယောက်သား ငြိမ်းအေးရာတစ်နေရာမှာ ထိုင်ပြီး…

'သူပြောချင်တာတွေ စပြောတော့၊ သူ့ပခုံးမှာ မှီအုံးပြီး ကျွန်မ နားထောင်နေမယ်'





အောင်လဝန်း ခေါင်းကုတ်ရတော့၏။ မထူးတော့။ ရင်ထဲပြောင်းဆန်သမျှ ဖောင်းလန်ကျအောင် စကားတွေသွန်ပြောတော့၏။

'ယမင်းရယ် မြင်မြင်ချင်း ကရုဏာသက်မိရာက သနားကြင်နာစိတ်ဖြစ်ပေါ်ခဲ့ရတယ်၊ နောက်တော့ အခုလို အခြေအနေရောက်ပြီး ကိုယ့်စိတ်ကို ကိုယ်မထိန်းနိုင်တော့ဘူး၊ ကိုယ်လေ… ကိုယ်'

အောင်လဝန်းပြောနေရင်းမှ ခေါင်းထဲဖျတ်ခနဲ ဝေ့းမိလိုက်၏။ ကျော်စိုးနောင်ရဲ့ ဝိညာဉ်ပူးကပ်ခံနေရသည်ထင်သလို အောင်လဝန်းကိုလည်း ကျော်စိုးနောင်ရုပ်သွင်လိုမျိုး ယမင်းမြင်နေရော့သလား။ ထို့ကြောင့်

'စကားဖြတ်ပြောချင်တယ်၊ ကိုယ်က ကျော်စိုးနောင်မျက်နှာနဲ့ ချွတ်စွပ်တူနေလို့လား၊ ယမင်းမြင်တဲ့အတိုင်းပြော'

ယမင်းက သူ့ရင်ခွင်မှီအုံးမှ ခေါင်းလေးထူထပြီး မော့ကြည့်နေ၏။

'ဝင်ကစွပ်ကောင်မလေးလို ရှင်ဟာ အငှားခန္ဓာမြောင်နေရတာ ကျွန်မ နားလည်တယ်၊ သူဟာ ကျော်စိုးနောင် မျက်နှာဖြစ်သွားလိုက်၊ ဟို… အောင်လဝန်းလား၊ အဲဒီကျောင်းသားမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလိုက် ကျွန်မ တားနေတဲ့ကြားက လူတွေက အုတ်ဂူအတင်းပိတ်လိုက်တော့ သူ့ရဲ့ဝိညာဉ်ပဲ အပြင်ကိုထွက်လို့ရလိုက်တယ်မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် ကျွန်မစိတ်ထဲမှာ သူဟာသူပဲ၊ ကျော်စိုးနောင်ပဲ၊ ခန္ဓာကိုယ်လက်လွှတ်လိုက်ရပေမယ့် ကျော်စိုးနောင်ရဲ့ အသက်ဝိညာဉ်ကို ကျွန်မ လက်မလွှတ်နိုင်ဘူး၊ ရေနစ်သူကောက်ရိုးတစ်မျှင်ကို ဖမ်းဆွဲမိသလို သူ့ကို ကျွန်မ မလွှတ်တမ်း ဖမ်းဆွဲထားမိတယ်၊ သူဟာ ကျော်စိုးနောင်ပဲ၊ ဘယ်သူတွေဘာပဲပြောပြော သူဟာ ကျော်စိုးနောင်ပဲဆိုတာ ကျွန်မ အတပ်သိတယ် ယုံတယ်'

'ကိုယ်လည်း အံ့ဩနေတာ၊ ကျော်စိုးနောင်ရဲ့ ဝိညာဉ်က ကိုယ့်ခန္ဓာကိုယ်ကနေ ပူးတုံခွာတုံလုပ်နေသလားလို့၊ ကျော်စိုးနောင် အရှင်လတ်လတ်ကို ကိုယ်မြင်လိုက်ရတာ ဘယ်လိုမှ အမြင်မှားစရာအကြောင်းမရှိဘူး'

အောင်လဝန်းက ဘတ်စကားပေါ်မှာ ကျော်စိုးနောင်ကို တွေ့လိုက်ရတာ ပြန်ပြောပြလိုက်၏။ ယမင်းသော်တာက သူ့ရင်ခွင်မှာ တဖန်ပြန်လည်မှီအုံးပြီး…

'ကျွန်မ ယုံသလို ရှင်လည်းယုံပါ၊ ကိုယ်တွေ့မကြုံဖူးတဲ့ ဖြစ်ရပ်ဆန်းကြယ်အဖြစ်မျိုးဆိုတော့ ကိုယ်တွေ့မကြုံဖူးတဲ့လူတွေ





အတော်များများက ကျွန်မကို ရူးနှမ်းနေတယ်ပဲ ထင်နေကြမှာပဲ၊ အဲဒါတွေကို ကျွန်မ အလေးမထားဘူး၊ ကျွန်မ ဖြစ်ချင်တာကိုပဲ ကျွန်မ အလေးထားတယ်၊ ရှင့်ကိုယ်ရှင် ကျော်စိုးနောင်လို့ပဲ ခံယူလိုက်ပါ'

အောင်လဝန်းရင်ထဲ ရှိန်းမြရှတသွား၏။ ယမင်းသော်တာရဲ့ ခန္ဓာကိုယ်လေးကို မဝံ့ရဲသောလက်တုန်ခြေတုန်ဖြင့် အသာကိုင်တွယ် ထိုင်စေလိုက်ပြီး ယမင်းသော်တာရဲ့ ဥမကွဲဖွယ်ရာ မျက်နှာအလှကို အနီးကပ်ငေးကြည့်လိုက်သည်။ အနီးဝန်းကျင်မှာ လူသူရှင်းလင်းနေ၏။ ပန်းချုံအကွယ်ကလည်းကောင်းကောင်း ကာထားသည်။ အောင်လဝန်း သတိလက်လွှတ်ဖြစ်ပြီး ယမင်းသော်တာရဲ့ နီထွေးစွတ်စိုရွှန်းမြနေသော နှုတ်ခမ်းလေးကို…

'ရွှမ်း'

'အောင်မငေး'

အောင်လဝန်းကျောပြင်ကို သားရေကွင်းဖြင့် ချောင်းပစ်တာခံလိုက်ရ၏။ သားရေကွင်းက ဂိုင်ကြီး။ ကျောကော့ပြီး တရားခံကို အရပ်ရှစ်မျက်နှာ ရှာလိုက်၏။ ယမင်းသော်တာက မျက်လုံးမှေးစင်းပြီး ခံယူရန် အသင့်ဖြစ်နေရာမှ အောင်လဝန်းအော်သံကြောင့် မျက်လုံးပြန်ဖွင့်လာပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲဟင်'

'တစ်ယောက်ယောက်ချောင်းနေတယ်၊ သားရေကွင်းနဲ့ ပိတ်ပစ်တယ်'

'ဘယ်သူလဲဟင်'

ခပ်လှမ်းလှမ်းက ခြုံကွယ်လူပ်သွားပြီး ခြုံနောက်မှ ဘွားခနဲထွက်လာသော မဟာကျော်ကို အံ့ဩလန့်ထိတ်ဖွယ် တွေ့လိုက်ရ၏။ မဟာကျော်က ဒေါနှင့်မောနှင့် ရောက်ချလာပြီး...

'မင်းအချောင်သမား၊ ယမင်းစိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုတချို့ရှိနေတဲ့အချိန်မှာ အခွင့်ကောင်းယူတယ်၊ ငါလုံးဝသည်းမခံနိုင်ဘူး'

အောင်လဝန်း ငြိမ်နေရ၏။ ယမင်းသော်တာက မတ်တပ်ရပ်ပြီး မဟာကျော်ကို ဆောင့်တွန်းပစ်လိုက်၏။ မဟာကျော်က ပိုရှက်သွားပြီး အောင်လဝန်းကို ရန်မူတိုက်ခိုက်ဖို့ ပြင်၏။ ယမင်းသော်တာက...

'ကျော်စိုးနောင်ကို ထိရဲထိကြည့်'

'မင်း လွန်လာပြီ မဟာကျော်'

'မင်းက လူပါးဝနေကာ အောင်လဝန်း'

အနေအထားက သုံးပွင့်ဆိုင်။ အားကမမျှ။ နှစ်မဲတစ်မဲ





ဖြစ်နေသည်။ နှစ်လေးတစ်လေးသာနေသည့်တိုင် မဟာကျော်က မနိုင်နိုင်ရာ ညှိုးပြီး ဒေါသဖြင့် ရက်(ပ်)ကသလို စကားလုံးတွေဆက်တိုက်ပြောရင်း ရန်တွေ့နေ၏။

'ဒီမှာ ယမင်း၊ ကိုယ်က ပထမလူပါ၊ နောက်ပေါက်တဲ့ ရွှေကြာပင်ကိုမှ ရွေးပြီး ပန်ဆင်ချင်တာ တရားနည်းလမ်းမကျဘူး၊ ကိုယ်မရှိတဲ့အချိန်မှာ ကျော်စိုးနောင်က ဝင်ယူသွားတယ်၊ မထိုက်တန်လို့ အဲဒီကောင်ကန့်သွားပြီ၊ အခု ဒီကောင်ကကျော်စိုးနောင်မဟုတ်ဘူး၊ အောင်လဝန်းဆိုတဲ့ သူစိမ်းတစ်ယောက်၊ အယုံသွင်းပြီး မင်းရဲ့ဘဝကို ဖောက်စားသွားမယ့် ပင့်ကူ၊ ကိုယ် မသက်သာလို့ နောက်ကလိုက်လာတာ၊ ထင်တဲ့အတိုင်းပဲ၊ ဒီကောင် အခွင့်အရေးသမား၊ အမှန်ကိုမြင်တတ်စမ်းပါ၊ ယမင်းဟာ အရည်အချင်းရှိတဲ့ မိန်းမပါ၊ ရုန့်ဂုဏ်သိက္ခာရှိတဲ့ မိန်းမပါ'

'တိတ်စမ်း'

'မတိတ်နိုင်ဘူး၊ အထိတ်တလန့်နဲ့ ကိုယ်ရှုံးသွားနိုင်တဲ့ မြင်ကွင်းမျိုး နောက်ထပ်မဖြစ်လာစေချင်ဘူး၊ ဒါကြောင့် ကိုယ်နဲ့ ပြန်လိုက်ခဲ့၊ ယမင်း လက်တွေ့ခန်းဝင်ချင်လည်းဝင်၊ ပြီးအောင် ကိုယ်စောင့်ပေးမယ်၊ ပြီးရင် ယမင်းအိမ်ကို ကိုယ်လိုက်ပို့ပေးမယ်၊ အန်ကယ်လ်နဲ့ အန်တီတို့နဲ့ ကိုယ်မတွေ့ရသေးဘူး၊ ဖုန်းနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောရသေးတယ်၊ မဖြစ်ဘူး၊ ယမင်းကို မိဘတွေလက်ထဲအပ်မှဖြစ်မယ်၊ အန္တရာယ်ကောင်လက်ထဲမှာ ယမင်းကို ကိုယ်ပစ်မထားခဲ့နိုင်ဘူး၊ စောလူးမင်းလို ယမင်းက သူခိုးကို ဓားရိုးကမ်းပြီး ကိုယ့်ကိုရန်လုပ်လည်း ကိုယ်ကတော့ ကျန့်စစ်သားမင်းကြီးလို နင့်ထိုက်နဲ့နင့်ကံခံပေရော့ဆိုပြီး ပစ်မထားရက်ခဲ့နိုင်ဘူး၊ ကိုယ့်ကို လူကြမ်းထင်လည်းထင်၊ ဒဿဂီရိလို အချစ်ကြီးချစ်ပြမယ့်ကောင်ပါ၊ ဒဿဂီရိတောင် မျက်နှာများပေမယ့် မယ်သီတာတစ်ယောက်တည်းကိုပဲ အသေအလဲ ကြွေခဲ့တာပါ၊ ကိုယ်က မျက်နှာလည်းမများဘူး၊ အသည်းနှလုံးနဲ့ အသက်သွေးကြောထဲမှာ ယမင်းသော်တာ တစ်ယောက်တည်းကိုပဲ ထာဝရရှာသက်ပန်ဆုံးကမ္ဘာတိုင် မယိုင်မလဲ ခိုင်ခိုင်မြဲမြဲ… အား’

ယမင်းသော်တာက စိတ်မရှည်နိုင်၍ မဟာကျော်ရဲ့ ခွဆုံကို ဒူးပုံတစ်ချက်ပေးလိုက်၏။ ပေါင်ကြားထဲဝင်လာသည့် ဘောလုံးကို မိုက်ကယ်ဂျက်ဆင်လို ခြေနှစ်ဖက်ကွေးထောက်ပြီး အိုလီဗာခန်းလို အပိုင်ဘောကို ကာကွယ်လိုက်သည့်နှယ် မဟာကျော်ခွေညွတ်ကာ ဒူးထောက်ထိုင်ကျသွား၏။

သို့တိုင် အတော်ဖွံ့ကြီးသည့် ငနဲဖြစ်သည်။ မျက်ဖြူလန်မတက် ခံစားနာကျင်နေသည့်ကြားမှ ယမင်းရဲ့လက်တစ်ဖက်ကို





မိမိရရ ဖမ်းဆုတ်ကိုင်ဆွဲထားလိုက်သေး၏။ အောင်လဝန်းကနဂိုရင်းနီးပြီးသား ကုန့်စ်ယောက်ကြားမှာ ဝင်ပါရအခက်၊ မပါရအခက်ဖြစ်နေစဉ် ပျိုးလှမ်းလှမ်းမှ ဖြတ်သွားသောလူတစ်ယောက်ကို အမှတ်တမဲ့လှမ်းကြည့်လိုက်မိ၏။ အောင်လဝန်းရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ ဆေ ငြင်းကြောင်တောင်ကြီး မျက်လုံးဖြဲပွတ်ပြီး ထပ်ကြည့်လိုက်၏။ ညီတော်တိုင်တစ်တိုင်နီးပါးအကွာမှ ဖြတ်သွားသော လူမှာ ကျော်စိုးနောင်။ ဆံပင်ပုံစံ၊ အသားအရောင်၊ သက်ပျောက်အင်္ကျီအဖြူရှပ်လက်ရှည်၊ ယောပုဆိုးအညိုနုရောင်နှင့်…

‘ဟာ… ဟိုမှာ… ဟိုမှာ… ကျော်စိုးနောင်၊ ယမင်း ဟိုမှာ ကျော်စိုးနောင်တွေ့လား၊ ကိုယ့်ခန္ဓာကိုယ်ထဲက အပြင်ကို ထွက်သွားပြီ၊ ဟိုးဘက်ကို သွားနေပြီ’

ထီးတွေဆောင်းထားသော မိန်းကလေးအစ်အုပ်က ဝင်ကွယ်သလိုဖြစ်သွားသည်။ ယမင်းသော်တာက အလန့်တကြား လှမ်းကြည့်ရင်း…

‘ဘယ်မှာလဲ၊ ဘယ်မှာလဲ၊ မတွေ့ပါဘူး၊ ကျော်စိုးနောင်က သူပဲဟာကို၊ ဘာတွေလျှောက်ပြောနေတာလဲ’ ,

‘လာ… လိုက်ပြမယ်၊ ကျော်စိုးနောင်ကို တွေ့ပြီ’

‘ဟော့ကောင်… မင်း အာဖန်တီးလှည့်ကွက်တွေ မဂိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မလိုက်နဲ့ ယမင်း၊ ဒီကောင် ဒီကလစ်ထွက်မလို့၊ ယမင်းကို မြှူဆွယ်နေတာ၊ အား… ငါ ထလို့မရလို့[illegible]ကွာ၊ အီး ထလို့ရရင်တော့ မင်း သေပြီ' သူ

မဟာကျော်က ယမင်းရဲ့ဘယ်ဘက်ကောက်ဝတ်ကို တင်းတင်းဖမ်းဆုတ်ဆွဲထား၏။ အောင်လဝန်းက ယမင်းရဲ့ ညာဘက်လက်ကောက်ဝတ်ကို အတင်းဆွဲခေါ်သော်လည်း ပါမလာ။ ယမင်းသော်တာက…

'ရှင်တို့ ကျွန်မကို နှစ်ခြမ်းခြမ်းနေကြတာလား၊ လွှတ်စမ်း မဟာကျော်၊ ငါ ဘေးလူတွေကြားအောင် လုပ်ကြံအော်လိုက်မှာနော်၊ လွှတ်ဆို အခုလွှတ်'

'မလွှတ်ဘူး၊ ကိုယ့်ကိုသတ်ပြီးမှ သွား'

အောင်လဝန်းက ယမင်းသော်တာကို လက်လွှတ်ပြီး ကျော်စိုးနောင် နောက်ကို သုတ်ခြေတင်လိုက်တော့၏။ မီလျှင်မီ အောင်ဖမ်းပြီး ယမင်းသော်တာရှေ့ကိုရောက်အောင်ခေါ်လာမည်။ အောင်လဝန်း ပြေးလိုက်သော်လည်း ပလက်ဖောင်းပေါ်မှာ လူသွားလူလာများသော အချိန်ဖြစ်နေ၍ လိုက်မမီ။

ကျော်စိုးနောင်ကို လူအုပ်ထဲ အတင်းဖြတ်တိုးရှာသော်လည်း မတွေ့။ ကားမှတ်တိုင်မှာ ပတ်လည်ရှာကြည့်၏။ ဘတ်စ်ကားနှစ်





စင်းပြိုင်တူဆိုက်ပြီး အပြိုင်မောင်းသွားချိန်မှ အောင်လဝန်း မှတ်တိုင်ရောက်သွားခြင်းဖြစ်သည်။ ကားပေါ်တက်လိုက်သွားပြီလား။ မြေလျှိုး မိုးပျံသလို ကိုယ်ပျောက်သွားပြီလား။

ကျော်စိုးနောင် တကယ်မသေဘဲ လျှို့ဝှက်ကြံစည်သူတွေနှင့် ပူးပေါင်းကာ သေချင်ယောင်ဆောင်ခဲ့လေသလား။ သို့တည်းမဟုတ် အမြွှာညီအစ်ကိုလား၊ သို့မဟုတ်လျှင် ဝိညာဉ်လေလား။

အောင်လဝန်း ခေါင်းစားရင်း ချာချာလည်မူးဝေသွား၏။ ယမင်းသော်တာကို့ရှိရာ ပြန်ရောက်လာသောအခါ ယမင်းသော်တာကိုလည်း မတွေ့။ မဟာကျော်ကိုလည်း မမြင်။ ကိုယ်ပိုင်ကားပါလာသော မဟာကျော်နှင့် ယမင်းသော်တာ ပြန်လိုက်သွားပုံရ၏။ လက်တွေ့ချိန်မှီအောင် ကျောင်းကိုသုတ်ခြေတင်ရတော့သည်။

ဘာတွေမှန်းလဲမသိ။ သူ့ကိုယ်သူ သိလိုက်သည်မှာ ယမင်းထံပါး သူ့အာရုံတွေ ကြွေကျသွားခြင်းအဖြစ်ရယ်သာ။ တရုတ်ကားတွေသဲကလို ဆုတောင်းချင်လာ၏။

'မိုးနတ်မင်းကြီးရယ် အချစ်ဆီဆမ်းပြီး အမုန်းလင်ပန်းနဲ့ သပွတ်အူတုံးကြီးမပေးပါနဲ့၊ တွေ့ရင်းရှုပ် ရှုပ်ရင်းတွေ့နဲ့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးမှုထဲမှာ ကျွန်တော် ရင်ခုန်ရတာလေးတွေ အလျှော့်ပေးနေရမှာစိုးလို့ပါ'

အတွေးကောင်း၍ မိုးနတ်မင်း ဒဏ်ခတ်တာကို ခံရပြီး အောင်လဝန်း ကားဝင်တိုက်မိ၏။ ကားက သူ့ကိုဝင်တိုက်ခြင်း မဟုတ်။ ရပ်ထားသော ကားကို သူက နမော်နမဲ့တိုက်မိခြင်းဖြစ်သည်။ ဒူးခေါင်းနာသွားသည်ကိုပင် အမှုမထား။ ဗိမ်ခံကားလေး မီးလုံးကွဲသွားမှ လျော်ရမှာကို စိုးပူသွားမိ၏။

* ♠ *



## အခန်း (၇)

'သမီးကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်တော့ဘူး'

ဆိုသည့် ဦးရွှေသော်တာစကားကြောင့် ယမင်းရဲ့မိခင်ဖြစ်သူက…

'သမီးကို ကျောင်းကခဏနုတ်ထားလိုက်မှဖြစ်မယ်နဲ့ တူတယ် အဖေကြီး'

ယမင်းသော်တာရဲ့ ဖခင်ဖြစ်သူ ဦးရွှေသော်တာကို ယမင်းရဲ့ မိခင်ဖြစ်သူက အဖေကြီးဟုခေါ်၏။ ဦးရွှေသော်တာက ယမင်းရဲ့မိခင် ဒေါ်ယဉ်ဝေကို အမေကြီးဟုခေါ်သည်။ ဒေါ်ယဉ်ဝေက စိတ်ထက်၏။ သမီးဖြစ်သူကို ငယ်စဉ်ကတည်းက စည်းကမ်းကြပ်မတ်အုပ်ချုပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေသော်တာက အလုပ်များသူဖြစ်၍ တစ်ဦးတည်းသော သမီးလေးအတွက် အချိန်ကြာရှည်မပေးနိုင် အလိုလိုက်မှုလည်း များသည်။

မဟာကျော်ရဲ့ မိဘတွေနှင့် ဦးရွှေသော်တာရဲ့ မိဘတွေမှာ နှစ်အိမ်တစ်အိမ်လို ခင်မင်ရင်းနှီးကြသည်။ မဟာကျော်ရဲ့ မိဘတွေက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေဖြင့် ဝင်ငွေကောင်းပြီး နေအင်အား တောင့်တင်းချမ်းသာကြ၏။ သို့တိုင် မဟာကျော်ရဲ့ မိဘတွေက ကပ်စေးနဲကော်တရာ။

သားဖြစ်သူကို ကျောင်းတက်နေရင်းမှ သင်္ဘောလိုက်ပြီး ကိုယ်တိုင်ငွေရှာခိုင်း၏။ ကိုယ်ပိုင်ငွေစုမိဆောင်းမိလျှင် ကိုယ့်ဘာသာစီးပွားရေးလုပ်၊ လမ်းညွှန်ပြပေးကြမည်။ ကျောင်းပညာရေးကို စီးပွားရေးတစ်ဖက်ဖြင့် ဆက်တက်ပြီး ဘွဲ့ရစေချင်ကြသည်။

မဟာကျော် သင်္ဘောသားဘဝဖြင့် အဆုံးသတ်မည်ဆိုက လည်း သဘော။ အဓိက မိဘတွေပိုချင်သည့် အချက်မှာ မဟာကျော်တစ်ယောက် ဘွဲ့ရချိန်မှာ စီးပွားရေးလုပ်ငန်းရှင်ပေါက်စ ဘဝမျိုးလည်းရောက်စေချင်ကြ၏။ မဟာကျော်ကလည်း သင်္ဘော ပေါ်ခုနစ်နှစ်လောက် ကျင်လည်ပြီးသည်နှင့် တက္ကသိုလ်ပြန်တက်





ကာ စီးပွားရေးဆက်လုပ်မည်။ မိဘတွေ မျှော်လင့်ထားသည့် ပုံစံအတိုင်း သူ့ဘဝကို သူအကောင်အထည်ဖော်နေ၏။

မိဘစကားနားထောင်သော သားလိမ္မာတစ်ဦးတည်းသော သားလေးမို့ မိဘတွေကလည်း ဖူးဖူးမှုတ်အောင် ချစ်ကြသည်။

ထို့ကြောင့် မဟာကျော်ရဲ့ သူငယ်ချင်း မင်းသစ်က ဗီးပြောင်းကြီးဟု မဟာကျော်ကို နာမည်ပြောင်ခေါ်ကာ စနောက်၏။

မဟာကျော်ရဲ့ မိဘဆွေမျိုး အသိုင်းအဝိုင်းမှာလည်း မဟာကျော်ဆိုလျှင် ဖူးဖူးမှုတ်ဆက်ဆံခံရတတ်စမြဲ။ သည်တော့ စကားပြောဆိုဆက်ဆံရေးတွေမှာ မဟာကျော်ဘဝင်မြင့်ပြီး လွှတ်ချင်နေသည်မှာ မဆန်း။

ဆန်းသည်က ကမ္ဘာကျော်အလှမယ်တွေမှ စိတ်ဝင်စားသည်ဟု အပြောကြီးခဲ့သော မဟာကျော်တစ်ယောက် အလှနုသစ်ဖူးစစ်လင်းပလာသည့် ယမင်းသော်တာရဲ့ အလှကို အနီးကပ်စိမ့်စိမ့်ကြည့်ရင်း ရင်ထဲတသိမ့်သိမ့်နှင့် ရင်ခုန်မှုတွေ သိပ်သည်းများလာသောအခါ ရင်တွင်းချစ်ခြင်း မြည်ဟည်းလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်သည့်နေ့မှာပင် မဟာကျော်က ယမင်းသော်တာကို ရင်ထဲရှိတာ ဖော်ပြောပြလိုက်တော့၏။ ယမင်းသော်တာကိုယ်၌ကလည်း မဟာကျော်အပေါ် ယိမ်းချင်တိမ်းချင်စိတ် ရှိခဲ့သောကြောင့် စဉ်းစားခွင့်ယူကာ စဉ်းစားတွေဝေလာရင်း ရည်းရွယ်ချက်တစ်ဖက်လုပ်ကိုင်လျက် အဝေးသင်တက္ကသိုလ် ဆက်တက်ဖြစ်တော့၏။

မိဘတွေက အဝေးသင်မယူစေလို၊ ကျောင်းဆက်တက်စေလိုကြသည်။ ယမင်းက ကျောင်းဆက်တက်သည်။

မိခင်ဖြစ်သူမှာ ကျောက်ပွဲစားလုပ်ရင်း ကျောက်တုတစ်လုံးနှင့် အလိမ်ခံလိုက်ရသည့် ပြစ်မှုရှိနေ၏။ ထို့ကြောင့် သူမပြစ်မှုရှိနေ၍ သမီးဖြစ်သူ အပြစ်တင်မျက်မာန်ဝင့်စရာ ဖြစ်မလာစေရန် အလျှော့ပေးရတာတွေရှိလာ၏။

နို့မို့ကတော့ စည်းကမ်း ကြီးသူပီပီ မလှုပ်သာအောင် အုပ်ချုပ်ထားမှာပင်။

ယမင်းသော်တာကလည်း ပါးနပ်၏။ မိခင်ဖြစ်သူ စည်းကမ်းတင်းကျပ်လာတိုင်း ကျောက်ဖိုးလျှော်ပေးခဲ့ရ၍ ကားတစ်စီးပြုတ်သွားခဲ့ရသည့် ပြစ်မှုကို အကျပ်ကိုင်ကာ မကျေမနပ်လုပ်ပြပြီး မိခင်ရဲ့ စည်းကမ်းတွေကို လျှော့သည်ထက်လျှော့လာ





အောင် သူမဘာသာ လည်လည်ပတ်ပတ် လုပ်ယူပြီး မိန်းမပျိုတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို အရယူပြနိုင်ခဲ့သည်။

တက္ကသိုလ်မှာ ကျော်စိုးနောင်နှင့် ဇာတ်လမ်းဆင်နေတာ ဇာတ်လမ်းဖြစ်သွားတာတွေကို ဦးရွှေသော်တာနှင့် ဒေါ်ယဉ်ဝေမှာ မသိလိုက်ကြ။

မဟာကျော် မပြောခင် မာလာခင်ပြောပြကတည်းက သိတန်သလောက် သိသွားကြပြီး ကျွမ်းကျင်နားလည်သော သမားတော်များဖြင့် စိတ်ရောဂါကုသဖို့ တိုင်ပင်ကြည့်သေး၏။ ရှုးသွပ်တာ အများသိကုန်လျှင် ဂုဏ်သိက္ခာထိခိုက်ခံရမှာ စိုးပြီး ဖုံးဖုံးဖိဖိ နေကြည့်သေး၏။

မဟာကျော်ရောက်လာပြီး ရှင်းပြချိန်မှာ ယမင်းရဲ့ ရောဂါအခြေအနေက အတော့်ကို ဆိုးဝါးနေလေပြီ။ လွှတ်ထားလို့မဖြစ်တော့။

မဟာကျော်က ယမင်းသော်တာကို အတင်းဆွဲပြီး ကားပေါ်တင်၍ ဘေးလူတွေဝိုင်းပြီး မဟာကျော်ကို သမကြ၏။ မဟာကျော်တစ်ယောက် သွားသုံးချောင်းနဲ့ပြီး နဖူးတွေ ဖုပိန့်ကုန်၏။ မျက်နှာမှာက ဝမ်းချိုင်းနှင့်ထိုးသတ်လာတာလိုလို မိုက်တိုင်စန်နှင့် ပွဲကြမ်းလာတာလိုလို ယောင်ကိုင်းပြီး မျက်လုံးကြီး ပိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အနီးအနားက လူတွေနှင့် ပန်းခြံအတွင်းရှိ တာဝန်ရှိသူတွေက မဖွယ်မရာလုပ်တဲ့ကောင်ထင်ပြီး ရဲစခန်းပို့ကြ၏။ မဟာကျော်တစ်ယောက်…

'အထိုးခံရတာ မနာဘူး၊ ဒီဒီဖိုင်းကိုများ ကာလျှဖြေ့ပျက်ယွင်းအောင်လုပ်မယ့်ကောင်လို့ အထင်ခံရတာ ရင်နာမဆုံးဘူး စခန်းမှူးကြီးရယ်'

ဖြေရှင်းတင်ပြချက်တွေအဆုံးမှာ ပြောဖြစ်လိုက်သည့်စကား။ ဦးရွှေသော်တာကို အကြောင်းကြားလိုက်၍ ဦးရွှေသော်တာရောက်လာပြီး အဖြစ်မှန်သိရမှ သက်သေခံပြီး ရှင်းရ၏။ ယမင်းသော်တာ သိပ်ပြီးဒုက္ခမပေးရှာပါ။ ရဲစခန်းမှာပင် အမှုပိုကြီးအောင် ထွင်ပြောချင်ပုံရနေသေး၏။ ဖခင်ဖြစ်သူက နားချလိုက်မှ…

'နောက်တစ်ခါ သမီးလက်ကိုဆွဲပြီး အတင်းဆွဲခေါ်ရင် ဒင်းကို သေဒဏ်ချနိုင်းမယ်၊ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်'

ယမင်းသော်တာက အဖြစ်မှန်ကို ဖြေရှင်းပေးလိုက်၍ ပြဿနာပြေလည်သွား၏။ မဟာကျော်က ဖွဲ့မလျှော့။ ဦးရွှေသော်တာအကြောင်း ပါသွားသော ယမင်းသော်တာကို အိမ်တိုင်ရာရောက်





လိုက်ပို့ပြီးဖြစ်ကြောင်း ဖြစ်ကြောင်းကုန်စင် စမြုံ့ပြန်နေသေး၏။

ဦးရွှေသော်တာရဲ့ ဆုံးဖြတ်ချက်သာ အတည်ဖြစ်စေမည်ဆိုမို့ ဆုံးဖြတ်ခိုင်းရတော့၏။ သမီးကို အဝေးသင်ဖြေခိုင်းရင်းနှင့် ဆေးကုသသွားမည်ဆိုလျှင် အောင်လဝန်းဆိုသော အခွင့်ကောင်းချောင်းသည့် ရန်က ရှိနေသေးသည်။ သို့မို့ကြောင့် ကျောင်းခဏ္ဍနားနိုင်းလိုက်သည်။ ကျန်းမာရေးကောင်းမှ အဝေးသင်ဆက်ဖြေခိုင်းမည်။ အဓိကမှာ ယမင်းသော်တာကို ဖိဖိစီးစီးဆေးကုသနိုင်ရေးပင်။

ယမင်းသော်တာက သူမကို အရူးသတ်မှတ်ပြီး အဝေးသင်မဖြေရ ဆေးကုသခံရတော့မည်ဆို၍ သူမအိပ်ခန်းထဲမှာ ဝုန်းဒိုင်းကြဲပြီး သောင်းကျန်းနေလေသည်။ မိခင်ဖြစ်သူ ဝင်မာန်လည်း မရ။

ဖခင်ဖြစ်သူ ဒေါသနှင့်အသေငေါက်တော့မှ ငြိမ်ကျသွားပြီး ခေါင်းအုံးပေါ် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုပါလေတော့သည်။ ဦးရွှေသော်တာက သူ့ဆုံးဖြတ်ချက်ကို တွေးပြီးသားက်တွေးကဲ့သို့ ပြန်မမျိုဘဲ ဆိုခဲစေမြဲစေသဘောမျိုး နှလုံးသွင်းပိုက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာကျော်ရဲ့ မိဘတွေနှင့် လူကြီးချင်းလျှို့ဝှက်သဘော တူထားကြတာကို မဟာကျော် ကြိုသိပြီး ဝမ်းသာအူမြူးခဲ့ဖူး သည်။

ယမင်းသော်တာ သိသွားချိန်မှာ သဘောမတူလက်မခံ။ မိခင်ဖြစ်သူက မိဘစီစဉ်တာကို နာခံဖို့ဖိအားများများပေး၏။ ဖခင်ဖြစ်သူက ကုလအတွင်းရေးမှူးချုပ် ဝင်လုပ်ရပြန်၏။ မဟာ ကျော် သင်္ဘောလိုက်သွားမှ ထိုကိစ္စပြေငြိမ်းသွား၏။ ယခု မဟာ ကျော်ပြန်ရောက်လာပြီ။ ငုပ်လျှိုးနေသော ပြဿနာလည်း ပြန်ပေါ် လာပြီ။

မဟာကျော်က သင်တန်းတက်ဖြေဆိုပြီးသည်နှင့်ယမင်း သော်တာကို လက်ထပ်ချင်၏။ ပြီးလျှင် သင်္ဘောသားတို့ ထုံးစံ အတိုင်း ဇနီးဖြစ်သူကို အထုပ်အထည်နှင့်ထားရစ်ခဲ့ကာ သင်္ဘော ပြန်လိုက်သွားမည်။

သုံးနှစ်လောက်ကတော့ ဇနီးသည်ကိုယ်ဝန် လွယ်ချိန်၊ ကလေးမီးဖွားချိန်၊ ကလေးပြုစုပျိုးထောင်ချိန်တွေနှင့် လုံးလည် ချာလည်လိုက်ပြီး ဘေးဘီလော်လီမှုတွေ ခေါင်းထဲ မရောက် နိုင်။

အကြံကြီးကြီးနှင့် ပြန်ရောက်လာကာမှ အဝေးသင်တက်





စက တွဲဖြစ်သော သူငယ်ချင်းတွေက ယမင်းသော်တာတစ် ယောက် ကျော်စိုးနောင်နှင့် ငြိသွားကြောင်းတွေ ပြောပြကြ၏။ ဒါကြောင့် မဟာကျော် စာပို့လျှင် စာမပြန်။ ဖုန်းဆက်လျှင်မရှိ ဘူးနှင့် အဆက်အသွယ်ဖြတ်ကာ ယမင်းနေပျော်ရဲနေတာဖြစ် လိမ့်မည်။

ကျော်စိုးနောင် ဆုံးပြီဆိုတာသိရတော့ ခြေမထိကျသွား သော စိတ်ခါတ်တွေ ဝုန်းခနဲပြန်ခုန်တက်သွား၏။ ယမင်းထံ အပြေးသွားတွေ့သောအခါ အောင်လဝန်းဆိုသည့် အချောင်နိုက် ကောင်နှင့် ထပ်ဆုံရပြန်၏။ သည်ငနဲကြောင်ကောင်ကြောင့် ယမင်းရဲ့ ဆုံးမမှုကို မဟာကျော် လိမ့်ခံခဲ့ရ၏။ မကျေနပ်။

ယမင်းသော်တာရဲ့ စိတ်ရောဂါကို ပျောက်အောင်ကုမည်။ သင်တန်းတက်ပြီး ကျန်သည့်အချိန်များမှာ ယမင်းနားမှာ အချိန် ပြည့်နီးပါး မဟာကျော်စောင့်ရှောက်နိုင်ပြီ။ ကပ်ရဲကပ်ကြည့်။ အောင်လဝန်း ငတိတော့ မေးရိုးကောင်းလို့ လက်သီးတောင်းလျှင် အပြတ်ကျွေးပစ်မည်။

ယမင်းသော်တာရဲ့ မိဘတွေက မဟာကျော်ရဲ့ မိဘတွေ ကို အသိမပေးဘဲ နေလို့မရ၍ အသိပေးရတော့၏။ ညဘက်မှာ နှစ်ဘက်မိဘတွေ မြက်ခင်းပြင်စကားဝိုင်းဖွဲ့ပြီး ယမင်းသော်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆေးကုသရေးအတွက် အချေအတင် ဆွေးနွေးဖြစ်ကြ၏။ ယမင်းသော်တာတို့ မိသားစုက မဟာကျော်ရဲ့ မိဘအိမ်ခြံထဲ အလည်သဘောမျိုး ညဘက်သွားလည်ပြောကြခြင်းဖြစ်သည်။

မိဘတွေအတင်းခေါ်၍သာ ယမင်းသော်တာ လိုက်လာရသည်။ စိတ်နှင့်လူနှင့်ကပ်ပုံမရအောင် ငူငူကြီး ထိုင်ငိုင်နေတတ်၏။

မဟာကျော်က ဒန်းပေါ်ခေါ်သွားပြီး နှစ်ယောက်သား ပြောရေးဆိုခွင့်ရစဉ် မဟာကျော်က ယမင်း သူ့အပေါ်ယိမ်းယိုင်သလို ဖြစ်ခဲ့ရသော ကာလတွေကို နောက်ကြောင်းပြန်လှန်ကာ သံယောဇဉ်ကို ပြန်လွှန်းတင်ကြည့်သည်။ ယမင်းသော်တာက စိတ်ဝင်စားဟန်မပြ။

'ကိုယ်က ယမင်းအတွက် ဘာမဆို အဆင်သင့်လုပ်ပေးတတ်ခဲ့တဲ့လူဆိုတာ ယမင်းပြန်အမှတ်ရပါတယ်နော်၊ အမှတ်ရမှာပါ'

'ရသားပဲ၊ အဲဒါ ဘာဖြစ်သလဲ'

'ကိုယ့်ကို ဘာလို့ရက်စက်ရဲနေရတာလဲ'

'ကျော်စိုးနောင်ကို ရန်ရှာလို့ပေါ့၊ နှင့်ရဲ့မနာလိုစိတ်က အရင်ထက်ပိုဆိုးလာတယ်၊ နင့်မှာ အဲဒီလို မနာလိုဝန်တိုစိတ်များ





နေလို့ နင့်ကို ငါရက်စက်တာ၊ ဒဏ်ခတ်တာ၊ နောင်ကြဉ်သွားအောင် ဆုံးမတာ၊ မမှတ်သေးဘူးပေါ့'

'ဒီလိုကျတော့ အကုန်အမှန်မြင်နေတယ်၊ အဲဒီကောင်က အောင်လဝန်း ကျော်စိုးနောင်က ယေပြီ၊ နင်က ဘာမဆိုင် ညာမဆိုင် ဘာဝိညာဉ်က ကပ်နေရမှာလဲ၊ ကျော်စိုးနောင်က သေလို့ ငရဲရောက်လား ဘုံပျောက်ခန်းဆိုက်နေသလား သူ့အလုပ်နဲ့သူ့ သောကနဲ့သူတောင် ရင်ကိုမီးစွဲလောင်သလို လျှောက်ပြေးချင်ပြေးနေရမှာ၊ ယမင်းနားမှာ ကပ်ဖို့ ယောင်လို့တောင် မြူတစ်မှုန်စာ တွေးမိမယ်မထင်ဘူး၊ လူသေရင် ဘဝခြားသွားပြီ၊ ဘယ်လိုမှ မနီးစပ်နိုင်တော့ဘူး'

'နင်က ရုပ်ဂုဏ်သတ္တိတွေကို အထင်ကြီးကိုးကွယ်တဲ့လူဆိုတော့ ကိုယ့်ကိုယ်ကိုယ် ခေါင်းမှန်းမသိ၊ ကျိုးမှန်းမသိ၊ အနောက်ဥရောပနိုင်ငံတွေကို အထင်ကြီးပြီး အဲဒီကကိုးကွယ်တဲ့ ရုပ်ဒြပ်ပြည့်စုံမှုဝါဒတွေအတိုင်း ဝိညာဉ်လောကနဲ့ သက်ဆိုင်သမျှ စိတ်နဲ့သက်ဆိုင်တဲ့ ရောဂါအသစ်အဆန်းတွေပဲလို့ ထစ်ခနဲရှိ ထင်ပစ်လိုက်တော့တာပဲ၊ ကျော်စိုးနောင်က ငါ့ကိုအိပ်မက်တွေပေးနေတာ စိတ်စွဲလမ်းလို့မက်တာပါလို့ပဲ နင်ပြောဦးမှာလား'

'အိပ်မက်တိုက်ရှုံကို မှန်ကန်အောင် ဖတ်ကြားနိုင်တဲ့ နင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပျော်ဆရာတော်ကြီးရှိတယ်၊ အဲဒီ အိပ်မက်အပေါ်မှာသာ အစွဲ မထားဖို့ အရေးကြီးတယ်၊ ဖြစ်ချိန်တန်ဖြစ် ပျက်ချိန်တန်ပျက်ဆို တဲ့ သဘောကို နှလုံးမူတတ်ဖို့ အရေးကြီးတယ်၊ ငါက စွဲလန်းနေ တာမဟုတ်ဘူး၊ ကျော်စိုးနောင်က ငါ့ကိုအိပ်မက်ပေးပြီး သူ့ရဲ့ ဘဝပြောင်းရတဲ့အဖြစ်ကို နှစ်သိမ့်မှုတွေပေးခိုင်းနေတာ၊ ငါနဲ့ မခွဲနိုင်လို့ သူ့မှာမကျွတ်မလွတ်နိုင်ဖြစ်နေတာကို ငါက ဖြောင့်ဖျ နှစ်သိမ့်မှုနဲ့ ဆွဲခေါ်ပြီး သူ့ကိုကောင်းရာမွန်ရာ ဘုံဘဝရောက်ဖို့ အမျှအတန်းပေးဝေချင်နေတာ၊ ရုတ်တရက်ကြီး သူသေသွားတာ ကို ယုံလို့မရသေးတဲ့ ကျော်စိုးနောင်ရဲ့ သောကမုန်တိုင်းကို ငါ ချေဖျက်ပေးနေတာ၊ မုန်တိုင်းငြိမ်သွားမှ သူ့ကို တရားဟောလို့ရ မယ်၊ အမျှဝေတဲ့အခါ သာဓုခေါ်လို့ရမယ်'

'ဒီသဘောနဲ့ ကျော်စိုးနောင်ကို ချော့မြူနေရတာ၊ ဒါကို သဘောမပေါက်ကြဘူး၊ နင့်လို မဆီမဆိုင်သဝန်ကြောင်တဲ့လူပါ ဝင်မွှေလာတော့ ပိုဆိုးကုန်တော့တာပေါ့၊ ငါ့ကို အရူးသတ်မှတ်ပြီး ကုသဖို့ ဆွေးနွေးနေကြတာ၊ ငါ ဘယ်လိုငြင်းငြင်း ဘယ်သူမှ ငါ့စကားကို မယုံကြဘူး၊ မယုံကြတဲ့အတူတူ နင်လည်း ဝေးဝေး သွားနေစမ်းပါဟာ၊ လူတစ်ယောက်သေဆုံးရတဲ့ဘဝထက် လော ကီထဲမှာ အရေးကြီးတာ ဘာရှိသေးလဲ၊ သူများသေသွားတာ





ဘာမှမဖြစ်ပေမယ့် ကိုယ်ကိုယ်တိုင် သေတော့မှ ကယ်ကူရာမဲ့ သောကမုန်တိုင်းလောင်မီးတိုက်ခြင်းခံရတဲ့ ဒဏ်ကို သိကြမှာ၊ လူ့သဘာဝသက်သက် လူဆိုတာ ကိုယ့်ကိုထိမှ သိကြတာများ တယ်၊ ကျော်စိုးနောင်နေရာမှာ နင်ဖြစ်နေကြည့်ပါလား'

'ဖွပဲ့… နိမိတ်မရှိ၊ နမာမရှိ၊ ငါက ဘာလို့သေရမှာလဲ'

'နင်တစ်သက်လုံး မသေတော့ဘူးလို့ ထင်နေသလား'

'သေတော့သေမှာပေါ့၊ ဒါပေမဲ့ အဝေးကြီးလိုသေး တယ်'

'အချိန်မရွေး သေနိုင်တယ်လို့ ဘုရားဟောထားပြီးပြီပဲ၊ အခုနေ နင်ကိုင်ထားတဲ့ နွယ်ပင်တွေကြားထဲမှာ မြွေစိမ်းမီးခြောက် ကိုင်မိထားတယ်၊ မတော်တဆ မြွေကို ဖျစ်ညှစ်မိသလို ဖြစ်သွား လို့ မြွေကကိုက်လိုက်တယ်၊ ဥက္ကာပျံကြီးပြုတ်ပဲ့က နင့်နဖူးကို အရှိန် နဲ့ကျပြီး နင် ခေါင်းပွင့်ပြီး သေသွားနိုင်တာပဲ'

'တော်တော့ ယမင်း၊ သေစကားတွေချည်းပဲ ပြောနေ တာ၊ ငါကြားချင်တာ နင်နဲ့ငါနဲ့ ရေခဲမုန့်တစ်ခုတည်းကို လုစား ခဲ့တာတွေ၊ လှော်ကားဥယျာဉ်ထဲမှာ တူတူပုန်းတမ်းဆော့ကြတာ တွေ၊ ထီးတစ်ချောင်းတည်းနဲ့ နှစ်ယောက်ထိုင်ပြီး ငါက နင့် မျက်ခုံးမွေးကို နတ်၊ နင်က ငါ့ချိုင်းမွေးနဲ့ မုတ်ဆိတ်မွေးကို



www.burmeseclassic.com

www.burmeseclassic.com



နုတ်ပေးတာတွေ၊ နင်ပျော်အောင်လို့ နင်ခိုင်းတဲ့အတိုင်း မျောက်မင်းစွန်းဂူခုံးလို လူရှေ့သူရှေ့မှာ ငါသရုပ်ဆောင်ပြခဲ့ရတာတွေ၊ နင့်ကိုအတင်းလိုက်တဲ့ ခာတုဗေဒက ငနဲတစ်သိုက်နဲ့ ငါနဲ့ဖိုက်တင်ချတာ ငါ့ပဆောင်တွေ ယောင်ကိုင်းနေတော့ နင်ပြုစုပေးခဲ့တာလေ၊ ကျပ်ထုပ်ထိုးမပေးဘဲ မျက်လုံးကို မျက်စဉ်းခတ်ပေးခဲ့တာလေ၊ ငါက ဒဏ်ရာများနေပြီဆိုတော့ နင်က မျက်လုံးက မမြင်လို့ အထိုးခံရတာ မျက်လုံးက အဓိကဆိုပြီး အတင်းဆေးခတ်ပေးတာ၊ ငါက မျက်လုံးကမြင်ပါတယ်၊ လက်က မကာကွယ်လိုက်နိုင်တာပါဆိုတော့ နင်က ငါ့လက်ကိုကုန်းကိုက်ပြီး အပြစ်ဒဏ်ခတ်တာတွေ ပြောရရင် ပြောမဆုံးဘူး၊ တစ်ထောင့်တစ်ညပုံပြင်လောက်တော့ သနားသေးတယ်၊ နင်နဲ့ငါနဲ့ ပြန်အမှတ်ရစရာ သတိတရအဖြစ်တွေက ဒုနဲ့ဒေးပဲ၊ ဒါတွေကို'

ယမင်းသော်တာကို ဒန်းနောက်ကိုပတ်လက်လှန်မှီပြီး နားထောင်နေရာမှ ဟောက်သံတမင်ပြုပြီးပေး၍ မဟာကျော်တစ်ယောက် ပြောလက်စရပ်ပြီး ခံစားမှုတွေ ဆတ်တငံ့ငံ့ကြီး ဖြစ်ကုန်၏။

'ယမင်း'

'အင်း'





'နင့်ကို ငါပြောမပြတတ်အောင် ချစ်တယ်ဟာ'

'ဟင်း'

'ဘာဟင်းလဲ'

'သက်ပြင်းချတာ၊ အိပ်ချင်နေရတဲ့အထဲ'

'အိပ်ချင်ရင် ငါ့လက်မောင်းပေါ်မှာအိပ်လေ'

'ဘာလို့အိပ်ရမှာလဲ၊ နင်က ငါ့ရည်းစားမှမဟုတ်တာ'

'မကြာခင်လက်ထပ်ကြရတော့မှာပဲ'

'ဟား··· ဟား··· ဟီ··· ဟီး'

'မလျောင်နဲ့၊ လူကြီးတွေက ဖြစ်အောင်စီစဉ်မှာပဲ'

'အဓိကက ယမင်းသော်တာရဲ့ဆန္ဒပါ ကောင်လေးရယ်၊ နင့်ဘာသာ အေးအေးဆေးဆေး သဘော်ပြန်လိုက်စမ်းပါ၊ ကံကောင်းရင် ရေသူမတွေ ဘာတွေတွေ့မှာပေါ့၊ ရေသူမမတွေ့ရင်တောင် နိုင်ငံတကာက မိန်းမလှလေးတွေနဲ့ ဆိပ်ကမ်းမှာကျောက်ချပြီး ကုန်တင်ကုန်ချလုပ်တိုင်း ဆွဲနိုင်ကဲနိုင်တာပဲ၊ ငါ့ကိုလာပြီး ကံဆိုးမှုလက်ဆောင်တွေ လာမပေးစမ်းပါနဲ့ မဟာကျော်ရယ်'

ကိုယ်နှင့်ပြောချင်ပြောလိုက် ငါနှင့်ပြောချင်ပြောလိုက်ဖြစ်နေသော မဟာကျော်က သူ့အပေါ် ယမင်းအလေးမထားတာကို ရင်ထဲထိစ်ဖုရင်း ပြေပြေခြင်းငှာ မစွမ်းသာသော မျက်နှာဖြင့်···



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကမ္ဘာမှာ နင်ဟာ ထာဝရကောရီပါ'

'မပေါပါနဲ့၊ ငါ ဒီနေ့သိပ်မရယ်နိုင်ဘူး၊ နင့်ပယောဂနဲ့ ငါ့ကိုလှောင်ပိတ်ထားကြတယ်၊ ငါ့အတွေးထဲမှာ ကျော်စိုးနောင်ပဲရှိတယ်၊ နင် ဝင်တိုးလို့ဘယ်တော့မှ မရနိုင်တော့ဘူး၊ ကျော်စိုးနောင် သေပေမယ့် သူ့ဝိညာဉ်မသေဘူး၊ ဝိညာဉ်ဆိုတာ စွမ်းအင်လိုပဲ ဖျောက်ဖျက်ပစ်လို့မရဘူး၊ အသွင်တစ်မျိုးကနေ တစ်မျိုးဖြစ်အောင် ကူးပြောင်းလို့ပဲရတယ်၊ ငါ့ရင်ထဲမှာကျော်စိုးနောင်ပဲရှိတယ်၊ ဒါပဲ၊ ကျန်တဲ့ဟာတွေ နင် အမြုပ်ထွက်အောင် ပြောလည်း မောရုံပဲရှိမယ်၊ နင် ဝင်ရှုပ်လည်း ငါက အရုပ်မဟုတ်ဘူး၊ နင်လုပ်သမျှကို ပုဒ်စာတစ်ပုဒ်လိုတွက်ချက်အဖြေထုတ်ပြီး လက်တုံ့ပြန်အောင်ပွဲခံနိုင်တဲ့ လူဆိုတာတော့ ဘယ်တော့မှမမေ့နဲ့'

ယခုတစ်ကြိမ် သက်ပြင်းချရသူက မဟာကျော်ဖြစ်နေ၏။ နှုတ်ရေးကြွယ်သမျှ အလယ်တကာ့အလယ်နှင့် တွေ့ရသောအခါ မလွယ်ရေးချမလွယ်ဖြစ်ရလေတော့သည်။

* ♠ *



BURMESE CLASSIC .com

## အခန်း (၈)

'သောကစိတ်ဖိစီးတဲ့သဘောပေါ့။ ဆေးဘက်အခေါ်ကတော့ Sleep Paralysis ပေါ့၊ ပြီးတော့ စိတ်အစွဲအလန်းကြီးမှုသဘောကလည်း သက်ရောက်အားကောင်းနေတယ်၊ ဆေးပညာအရတော့ Obsession ပေါ့၊ စိတ်စွဲရောဂါလက္ခဏာတွေက အမျိုးရှိတယ်၊ စိတ်အစွဲကြီးတာ စိတ်သောကကြီးတာတွေ၊ စိတ်တွေယောက်ယက်ခတ်ပြီး အနေရခက်နေတာ၊ ပြောရရင်တော့ ဝိညာဉ်ဖြစ်သွားသူကို စောင့်ရှောက်နှစ်သိမ့်တာတွေ ဘာတွေမဖြစ်နိုင်တာတွေ ရောဂါရှင်ရဲ့ အတွေးထဲမှာ အမှန်လိုထင်မှတ်မှားပြီး ပြောနေတာတွေဟာ စိတ်ပိုင်းဆိုင်ရာ ရောဂါသင့်မှုရှိနေတာတော့ အမှန်ပါပဲ၊ သွက်သွက်ခါရူးတဲ့အဆင့် မဟုတ်ဘူး၊ ယဉ်ယဉ်လေးရူးတယ်ဆိုတဲ့ အရပ်ပြောပဲ အလွယ်ပြောလိုက်ရအောင် ဒီ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်တော် ဆေးပေးလိုက်မယ်၊ အချိန်မှန်တိုက်ဖို့ ဦးရွှေသော်တာတို့ဘက်က ဂရုစိုက်ပေးပါ၊ စိတ်ရှုပ်ထွေးနေတာမျိုးကို စိတ်ကြည်ဆေးပေးလိုက်မယ်၊ စိတ်အစွဲအလမ်းကြီးတာအတွက်ကတော့ ဒီဆေးကို ညအိပ်ရာဝင်ခါနီးတိုင်း တစ်ပြားတိုက်ရမှာ၊ ခြောက်လလောက်ကြာတဲ့အထိ စွဲစွဲမြဲမြဲသောက်သွားရမယ်'

'ပြီးတော့ တရားပြဆရာတော်ဘုရားကြီးတွေဆီမှာ အကူအညီတောင်းပြီး ယမင်းသော်တာကို စိတ်တည်ငြိမ်မှုရလာအောင် သမာဓိထူထောင်လာနိုင်အောင် တရားထိုင်ခိုင်းပေးပါ၊ မကြာခင်မှာ ယမင်းသော်တာရဲ့ ရောဂါသက်သာလာပါလိမ့်မယ်၊ ပျောက်ကင်းဖို့အရှင်းပျောက်ဖို့ဆိုတာကတော့ ယမင်းသော်တာနဲ့ပဲ အများကြီးဆိုင်တယ်၊ သဘောပြောရရင် စွဲလမ်းတဲ့စိတ်ကို မစွဲဘူးဟာဆိုပြီး တခြားဟာတွေ လှည့်တွေးပြီး ဖျောက်နိုင်တဲ့အကျင့်မျိုးမွေးနိုင်တဲ့ သမာဓိအမှတ်မျိုး ထူထောင်လာနိုင်ရင်တော့ အကောင်းဆုံးပါပဲ'

စိတ်ရောဂါကုသမားတော်ကြီးက ယမင်းသော်တာကို စမ်းသပ်စစ်ဆေးပြီးစီးသည်နှင့် ယမင်းသော်တာရဲ့ မိဘတွေကို ခေါ်တွေ့ကာ ရှင်းလင်းပြောပြနေခြင်းဖြစ်သည်။ မျှော်လင့်ချက်များစွာရှိနေ၍ ဦးရွှေသော်တာရော ဒေါ်ယဉ်ဝေပါ စိတ်ပူပန်မှု





အတန်သင့်လျော့ကျသွား၏။ သောက်ဆေးတွေလက်ခံယူပြီး ကျသင့်ငွေကိုရှင်းပေးကာ သမီးဖြစ်သူနှင့် အိမ်ပြန်လာခဲ့သည်။

အိမ်ရောက်သည်နှင့် ယမင်းသော်တာ ထဖောက်တော့၏။

'ကျွန်မ မရူးဘူးဆိုတာ ဆရာဝန်ကြီးက ကျွန်မကို သေသေချာချာပြောလိုက်ပြီးပြီ၊ ဖေဖေနဲ့မေမေ့ကို မပြောလိုက်ဘူးလား'

'အင်း… ပြောလိုက်တယ် ထင်တယ်'

'ပြောရင် သမီးလူကောင်းပဲ၊ ဘာဆေးမှ သောက်စရာမလိုဘူး၊ ဆေးမတိုက်နဲ့'

မိခင်ဖြစ်သူက

'သမီးကလည်း စိတ်ရောဂါဆေးပေးလိုက်တာ မဟုတ်ပါဘူး၊ အားဆေးပေးလိုက်တာပါ၊ သမီးအခုတလော အစားပျက်၊ အအိပ်ပျက်ဖြစ်နေတာ မေမေပြောပြလိုက်လို့ စားကောင်းအိပ်ကောင်းအောင် အားဆေးတွေ ပေးလိုက်တာ၊ သောက်လိုက်ပါ သမီးလေးရယ်'

ဒေါ်ယဉ်ဝေက မုသားဖြူဆိုပြီး သမီးကိုချော့တိုက်၏။

'ဟင့်အင်း… ဟင့်အင်း… မသောက်ဘူး၊ သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ကလေးများထင်နေလား၊ ချော့တိုက်နေတာ ချော့တိုင်းကြိုက်တဲ့ အရွယ်မဟုတ်တော့ဘူး၊ သမီးအရွယ်ရောက်နေပြီ မေမေ၊ ဒီဆေးတွေ ဘာဆေးလဲဆိုတာ သမီးသိတယ်၊ အမှန်ဆို ဒီဆေးသောက်စရာမလိုဘူး'

'သမီးဘာသာ လုပ်ချင်တာလုပ်ခွင့်ပေးလိုက်ရင် ဆေးသောက်တာထက်တောင် ပိုသက်သာဦးမယ်၊ အခုတော့ လူကိုအရူးလုပ်နိုင်းပြီး ဆရာဝန်လုပ်တမ်းကစားနေတာကြနေတာပဲ'

ဒေါ်ယဉ်ဝေက ပြုံးရအခက်တည်ရအခက်ဖြင့် ဦးရွှေသော်တာကို လှမ်းကြည့်၏။ ဦးရွှေသော်တာက…

'စိတ်ဖိစီးမှုများတဲ့အခါ စိတ်ကိုထွက်ပေါက်ပေးတဲ့အနေနဲ့ ဖေဖေတို့ ဆရာဝန်လုပ်တမ်းကစားနေကြတာပေါ့ သမီးရယ်၊ ဖေဖေက ဒေါက်တာဇီးဗားဂိုး၊ မေမေက ဖလော့ရင့်နိုက်တင်ဂေး၊ သမီးက…'

'သမီးက စိတ်ရောဂါသည် ဒီလိုပဲ သတ်မှတ်နေတာမဟုတ်လား ဖေဖေ၊ သမီးကို ခေါင်းမကောင်းဘူးဆိုပြီး အရူးလိုပြီးလွယ်စီးလွယ်ပြောပြီး ဆက်ဆံနေတာ သမီး စိတ်မကောင်းဘူး၊ ဒီမှာ ဖေဖေ လောကမှာ ဘယ်လိုမှမဖြစ်နိုင်ပေမယ့် ဖြစ်သွားလို့ ယုံလိုက်ရတဲ့ကိစ္စတွေ အများကြီးရှိနေတတ်တာ ဖေဖေ





သိမှာပါ၊ စာဖတ်နေတာပါ၊ ပထမဦးဆုံး သိပ္ပံပညာ သဘောတရားတွေကို ဦးစားပေးပြီး စဉ်းစားဆုံးဖြတ်တဲ့ အနောက်တိုင်းမှာဖြစ်ပွားခဲ့တဲ့ ကိစ္စ၊ ရိုမန်ကက်သလစ်ဘာသာဝင်တွေမှာ အများဆုံးဖြစ်ပေါ်တတ်တဲ့ စတစ်မာတာ Stigmata ဒဏ်ရာဒဏ်ချက်အလိုလိုပေါ်လာတဲ့ဝေဒနာ နှစ်ဆယ်ရာစုမှာဖြစ်ပွားခဲ့တာ၊ ခန္ဓာကိုယ်ပေါ်မှာ သူ့အလိုအလျောက် ဒဏ်ရာဒဏ်ချက်တွေပေါ်လာပြီး သွေးယိုစီးကျလာတာတွေဟာ ယေရှုခရစ်ကားစင်တင်ခံရသလို ဖြစ်ရပ်မျိုးနဲ့ ပုံစံဆင်တူနေတာတွေဟာ ဘယ်လိုဆေးသိပ္ပံပညာရပ်ကမှ စစ်ဆေးအဖြေထုတ်လို့ မရနိုင်တဲ့ ရောဂါဝေဒနာဖြစ်နေတယ်'

ယမင်းသော်တာက ဖခင်ဖြစ်သူရဲ့ အဖြေကို ဘယ်လိုလဲဟူသော အကြည့်ဖြင့် ပြန်ကြည့်နေ၏။ ဦးရွှေသော်တာကလည်း စာဖတ်နှာထားသူပီပီ။

'အိုင်ဗင်ရေးတဲ့ The Headless Horse Man တစ္ဆေခေါင်းပြတ်တွေ ဟင်းဒရစ်ဟာဒ်ဆင်ရေးတဲ့ နာနာဘာဝအကြောင်းတွေ အဲဒါတွေဟာ ထူးဆန်းအံ့ဖွယ်အဖြစ်တွေဖြစ်ခဲ့ကြတာမှန်ပေမယ့် အစွဲကြီးတော့ မစွဲလန်းသင့်ဘူး'

ဦးရွှေသော်တာက ဆေးတံကို ဆေးချေးခေါက်လိုက်ပြီး

'ပရလောကရှိတယ်ဆိုတာ သုံးလောကထွက်ထား ရှင်



www.burmeseclassic.com

www.burmeseclassic.com



တော်မြတ်ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့တဲ့ ဇာတ်တော်တွေထဲမှာပါလို့ တကယ်ရှိနေကြတယ်ဆိုတာ ဖေဖေ သိပါတယ်၊ ဒါပေမဲ့ ဘဝခြားသွားပြီဆိုတာနဲ့ သူ့လမ်းသူသွားကုန်ကြပြီ၊ တစ်နေရာတည်းမှာ စွဲမိလို့ မကျွတ်မလွတ်ဖြစ်နေတာမျိုးကတော့ အမျှအတန်းပေးဝေတာ သာဓုခေါ်ချင်လို့ ဖြစ်မှာပေါ့၊ သမီးအနေနဲ့ လုပ်သင့်တာက ကောင်းမှုကုသိုလ်လုပ်ပြီး အမျှအတန်းပေးဝေလိုက်ပါ'

ယမင်းသော်တာ နားကိုလက်နှစ်ဖက်နှင့်ပိတ်ပြီး အခန်းထဲပြေးဝင်သွား၏။ မိဘနှစ်ပါးမှာ အကြည့်ချင်းဆုံးတိုက်ပြီး သက်ပြင်းကို ပြိုင်တူချလိုက်မိကြသည်။ ဦးရွှေသော်တာ အတွေးမှာ အောင်လဝန်းဆိုတဲ့ ကောင်လေးကို လေ့လာတီးခေါက်ကြည့်ဖို့ တေးထားလိုက်၏။ မဟာကျော်ကိုတော့ သမီးရဲ့ ကိုယ်ရံတော်အဖြစ်ခန့်အပ်လိုက်မည်။

ဝိညာဉ်ဘဝဆိုတာတွေ၊ စိတ်ရောဂါဆိုတွေကို ဖန်တီးပေးလိုက်သော မမြင်ရသည့် အကြောင်းတရားကြီးကိုတော့ တွေးမိတိုင်း စိတ်တိုကာ အားရပါးရ ပါးရိုက်ချလိုက်၏။

'ဖြန်း'

'အောင်မလေးတော်'





'ဟာ… ရှင်မ'

'ရှင်… ဘာလို့ ကျုပ်တင်ပါးကြီးကို ရိုက်ရတာလဲ၊ တအားရိုက်ထည့်လိုက်တယ်၊ နာသွားတာပဲ'

'မတော်တဆ ဖြစ်သွားတာပါကွာ၊ ငါရိုက်လိုက်တာက ငါ့သမီးလေး ဒီလိုမျိုးဖြစ်သွားအောင် တွန်းပို့လိုက်တဲ့ဟာကြီးကို စိတ်ထဲတွေးပြီး အသားကုန်ပိတ်ရိုက်လိုက်တာ၊ ယောင်ပြီးလက်ပါသွားတာပါ၊ နာသွားရင် ကိုယ်ပွတ်ပေးမယ်နော်'

'မပွတ်နဲ့၊ ဒီအသက်အရွယ်ရောက်နေပြီ ကိုယ့်စိတ်ကို မထိန်းနိုင်သေးဘူး၊ ဟွန်း… ဒီဆေးတွေ သမီးကိုတိုက်ရမှာ မဟုတ်ဘူး၊ ရှင့်ကိုတိုက်ရမှာ ရှင့်ကို'

'ဟာကွာ၊ ရှင်မကလည်း မင်းက ထိုင်နေရာက ငါ့ရှေ့က ဘာလို့ကို့လို့ကန့်လန့် တဖြတ်လျှောက်ရတာလဲ'

'မီးဖိုခန်းထဲမှာ မိမာကို ကြက်ကြော်ခိုင်းထားတာ အဲဒါ ရှင်အကြိုက် ရဲရဲလေးမဖြစ်ဘဲ မီးရှိန်များပြီး အရဲလွန်ရာက တူးသွားမှာစိုးလို့၊ သွားသတိပေးမလို့ ထတာပေါ့၊ ဘာလဲ ရှင့်ရှေ့က ကျွန်မဖြတ်လျှောက်တာ မကြိုက်ဘူးလား'

'အသက်ကြီးလို့ ခန္ဓာကိုယ်က ပျက်စီးလာတော့ အရင်က ကျွန်မကို တစ်နေ့မတွေ့ရရင် ကိုယ့်ကိုယ်ကိုယ်တိုင်နဲ့ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆောင့်သေချင်တယ်ဆိုတဲ့ ရှင့်က အခုတော့ ဖြတ်လျှောက်တာတောင် မကြည့်ချင်တော့ဘူးပေါ့၊ ကျွန်မအလှူတွေ ဇရာထောင်းသွားလို့ ရှင် စိတ်ပြောင်းပြီး ရက်စက်စိမ်းကားတာ ကောင်းကြသေးရဲ့လား၊ အရပ်ကတို့ရဲ့'

'ဟာကွာ၊ ဒီမိန်းမနှယ် ပြဿနာမဟုတ်တာကို ပြဿနာလုပ်နေပြန်ပြီ၊ တိုးတိုးပြောပါကွာ၊ မတော်တဆပါဆိုတာတောင်းပန်လို့ကိုမရဘူး၊ မင်းဟာလေ ဇရာထောင်းလို့ ခန္ဓာပြောင်းရုံတင်မကဘူး၊ ခေါင်းမကောင်းလို့ ဘဝပါပြောင်းသွားသင့်တယ်၊ အရိပ်ပြအကောင်မထင်၊ တောင်းပန်တာတောင် အမျက်တော်ဝင်နေသေးတယ်'

'အောင်မလေးလေး… ပြောရက်လိုက်တာ၊ တော့်ကတွတ်ပီ၊ အဲ… တော့်ကိုရွှေသော် ကျုပ်တော့ မသေဘူး၊ ရှင်သာ အရင်သေ၊ တကယ်ဆို ကျုပ် ဒီလိုအလှပြောင်းသွားရတာ ဇရာထောင်းလို့မဟုတ်ဘူး၊ ရှင်ထောင်းလို့၊ ရှင်ထောင်းလို့၊ မကျေနပ်ဘူး၊ ရှင့်ကိုပြန်ထောင်းမယ်၊ ကဲဟယ်… ကဲဟယ်… ကဲ'

'ဟ… ဟ… ဟ… ပြောလို့မရပါလား၊ ဒီလောက်ထောင်းချင်လည်း ထောင်းဟာ၊ ငါပေါင်တွေညောင်းနေတာ အညောင်းပြေသွားတာပေါ့'





ဦးရွှေသော်တာနှင့် ဒေါ်ယဉ်ဝေတို့ အချစ်နှာလန်ထနေ၍ မဟာကျော့်နှင့်နေရာချပေးမည့်အရေး မဟာကျော်တို့အိမ်ရောက်စဉ်က မဟာကျော့်မိဘတွေ ဖိအားပေးလိုက်သည့်စကားကို မပြောထွက်ဖြစ်လိုက်ကြ။

သမီး ရောဂါသက်သာပျောက်ကင်းမှသာ စီစဉ်ဖို့ စကားခံထားလိုက်ရသည်။ မဟာကျော်တစ်ယောက်ကတော့ အချိန်အားရသည်နှင့် အိမ်ပေါ်ရောက်နေတော့၏။ ယခုလည်း ရောက်လာပြန်ပြီ။

'ယမင်း ငြိမ်းငြိမ်းချမ်းချမ်းပဲလား အန်တီ'

'ဆေးသောက်ရမှာ ကြောက်လို့ ငြင်းပြီး အခန်းထဲ ဆောင့်အောင့်ဝင်သွားတာပဲ၊ သူ့အဖေနဲ့ ချောက်တစ်ခါချော့တစ်လှည့်တိုက်တာလည်း မရဘူး၊ သမီးက အရင်လိုပြောမကောင်းတော့ဘူး'

'ဒါဆို ကျွန်တော့်ကို ဆေးနဲ့ ရေခွက်နဲ့ပေး၊ ကျွန်တော် သွားတိုက်လိုက်မယ်'

မိန်းကလေးအခန်းထဲကို လူပျိုယောကျ်ားလေး ဝင်တွေ့မည့်အရေးကို ဦးရွှေသော်တာ သဘောမကျ။

သဘောတူထားသော်လည်း လက်မထပ်ရသေးချေ။

www.burmeseclassic.com



ထိုမျှအထိ အတင့်ရဲခွင့်မပြုနိုင်။ မပြုသင့်။

'သမီးကို အခန်းအပြင်ရောက်အောင်ပဲ ခေါ်ကြည့်ပါ မဟာကျော်ရာ'

'ဟုတ်ကဲ့၊ ကျွန်တော်ခေါ်ရင် ရပါတယ်'

မဟာကျော် သွားခေါ်၏။ တံခါးခေါက်ပြီး သမီးကို တွင်တွင်ခေါ်၏။ မရမကကို ခေါက်ခေါ်နေ၍ သမီးတံခါးဖွင့်ပြီး ဘယ်လိုလုပ်လိုက်သည်မသိ။

'ခွပ်'

'အောင်မလေးဗျ'

'ဟာ…ဟာ… ဘာတွေဖြစ်ကုန်ပြီလဲ၊ ရှင်မ လိုက်ကြည့်ပါဦး'

လင်မယားနှစ်ယောက် သမီးဖြစ်သူရဲ့အခန်းရှေ့ကို ရောက်တော့ မဟာကျော်တစ်ယောက် ပက်လက်ကြီး စန့်စန့်လဲ ကျနေ၏။ သမီးရဲ့အခန်းတံခါးက ပြန်ပိတ်သွားလေပြီ။ ဒေါ်ယဉ်ဝေက ရင်ဘတ်ဖိပြီး ဘုရားတရင်း…

'ဘုရား… ဘုရား… အောင်မလေး… ရာဇဝတ်အိုးကို တုတ်နဲ့ထိုးမိပြီ၊ သမီးဘယ်လိုလုပ်လိုက်တာလဲဟင်'

'အေးကွာ၊ မေ့များသွားတာလား၊ အသက်မှရှိသေးရဲ့





လား၊ မဟာကျော်… မဟာကျော်… လှုပ်နိုး၊ ဟာ… နဖူးမှာ နဖူးမှာ'

'ရှင့်ဟာကလည်း နဖူးမှာ ဘာဖြစ်သလဲ၊ ဟဲ့… သမီး သမီး မဟာကျော်ကို ဘယ်လိုလုပ်လိုက်တာလဲ'

'အခန်းရှေ့လာဆူနေလို့ အသံတိတ်သွားအောင် ပိတ်ထု လိုက်တာပါ မေမေ၊ ဘာမှပူမနေပါနဲ့၊ သူက မိုင်ပိုပြီး မေ့ချင် ယောင်ဆောင်နေတာ'

'ဩော်… ဒုက္ခပါပဲ၊ ပေါင်ဒါဘူးနဲ့ထုလိုက်တာလား၊ သနပ်ခါးတုံးနဲ့ ဆိုရင် ဒုက္ခ၊ ဘာနဲ့ထုလိုက်တာလဲ သမီး'

'ကျောက်ပျဉ်နဲ့ပါ'

'အောင်မငီး… ငီး… ငီး'

ဒေါ်ယဉ်ဝေတစ်ယောက် တုံ့ပြန်အဖြေကြားရသည်နှင့် ကျောက်ပျဉ်နှင့်ထုခံရသလို လန့်ဖျတ်မျက်လုံးပြူးပြီး ဖွတ်လန့် ပဒတ်လန့် မတ်တပ်ကြီးလန့်မေ့နေလေတော့သည်။

* ♠ *



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အောင်လဝန်းရဲ့ စကားကို ဘယ်သူမှ မယုံကြ။ ကျော်စိုးနောင် နောက်တစ်ယောက်လား၊ ကျော်စိုးနောင်ရဲ့ ဝိညာဉ်လား၊ ကျော်စိုးနောင်ရဲ့ ပုံတူကိုယ်ပွားလား၊ အောင်လဝန်းတွေ့ဖြစ်တာ သုံးလေးခါရှိပြီဆိုတာကို မယုံကြည်ကြ။

လှုဝင်းကျော်က…

'ယမင်းသော်တာ အကန့်ပျက်တာ ယုတ္တိတန်သေးတယ်၊ မင်းကပါ အခန်းပျက်ချင်ယောင်ဆောင်တာကတော့ အိုဗာဖြစ်လွန်းနေပြီ၊ အကယ်ဒမီအော်စကာ ရွှေကမ္ဘာလုံးဆုတွေ တသီကြီးပိုက်သွားလောက်အောင်တောင် သရုပ်ဆောင်ပြမနေပါနဲ့၊ ယမင်းတစ်ယောက်နဲ့တင် ဒီမှာရှိတဲ့အဖွဲ့တွေ ခေါင်းခြောက်နေပြီ၊ ကြာရင် နောက်ဖို့ပဲရှိတော့တယ်'





မာလာခင်ကလည်း…

'နင်က တစ္ဆေ Ghost ကို စိတ်ဝင်စားနေတာလား၊ တကယ်တော့ ဥရောပမြောက်ပိုင်းမှာ ပေါ်ပေါက်ခဲ့တဲ့ ဆက်ဆွန်လူမျိုးတွေရဲ့ ဝေါဟာရ gast တို့ gest ကနေ Ghost ဆိုတာ ဆင်းသက်လာတာ'

ဘရဏီက…

'ဟယ်… ဟုတ်လား၊ ငါက ဂုတ်ဆိုတာ လည်ပင်းနောက်က ဆင်းသက်လာတာ မှတ်နေတာ၊ အံ့သြစရာပဲနော်၊ ဆက်ပြော ဆက်ပြော'

မာလာခင်က ဘရဏီကို မျက်စောင်းတိုးရင်း…

'တကယ်တော့ Ghost ဆိုတာ guest ဧည့်သည်လို့ ဆိုင်ယာလန်ကလူတွေက ခေါ်ကြတယ်၊ ပြင်သစ်ဆော်ဘွန်တက္ကသိုလ်က ပညာရှင်တွေ၊ ဂျာမဏီဘာလင်တက္ကသိုလ်က ပညာရှင်တွေ၊ ဩစတြီးယား ဗီယင်နာတက္ကသိုလ်က ပညာတတ်တွေက အဲဒီတစ္ဆေတွေကို ဓာတ်ခွဲစမ်းသပ်ကြည့်ဖို့ ကြိုးစားခဲ့ကြသေးတယ်၊ သူတို့ဆီမှာ အဲဒီ Ghost တွေ ဝုန်းဝုန်းဒိုင်းဒိုင်း ဖျက်ဆီးပျက်လောရိုက်တာမျိုးဟာ အကြမ်းဆုံးပဲ၊ အဲဒီလိုမျိုးကို Poltergeist ပေါ့၊ မြန်မာလိုတော့ ပုဏ္ဏကတိုက်တယ်၊ ပုဏ္ဏကဘီလူး



www.burmeseclassic.com

www.burmeseclassic.com



ဝင်စီးပြီး ဖျက်စီးကြမ်းရိုင်းတယ်ပေါ့ဟာ၊ တစ္ဆေရှိတယ်ဆိုတာကို တို့အရှေ့တိုင်းတင်မဟုတ်ဘူး၊ သူတို့ အနောက်တိုင်းကပါ ယုံကြတယ်၊ တစ္ဆေတွေကို လေ့လာသုတေသန ပြုတဲ့အသင်း (Ghost Club) တွေတောင် ဖွဲ့စည်းထားကြတယ်၊ တစ္ဆေတွေကို သဲသဲမဲမဲလိုက်လေ့လာတဲ့ (Ghost Hunters) ဆိုတဲ့ တစ္ဆေမုဆိုးတွေတောင် ရှိကြသေးတယ်'

လှဝင်းကျော်က...

'ငါကတော့ အောင်လဝန်းဟာ (Heterosuggestion) ဟက်ထရိုဆပ်ဂျက်ရှင်းလို့ခေါ်တဲ့ သူတစ်ပါးရဲ့ မနောတန်ခိုးတွေ ဒီကောင့်အာရုံမှာ ပိသွားတာလို့ပဲ ထင်တယ်၊ စိတ်ညှို့ခံရသလိုမျိုး အိပ်မွေ့ချခံရသလိုမျိုး ဒီကောင့်ကို မျက်လုံးဖွင့်လျက်သားကြီး အိပ်မက်မက်ခိုင်းသွားတာ ယမင်းသော်တာရဲ့ ပယောဂတွေ ဒီကောင့်အပေါ် ကူးစက်သွားတာ ဒီလိုမျိုးပဲဖြစ်နိုင်တယ်၊ ယမင်းသော်တာက အောင်လဝန်းကို တွေ့တိုင်း ကျော်စိုးနောင်ချည်းပဲ ပြောနေတော့ ကြာတော့ ဒီကောင်လည်း သူ့ကိုယ်သူ သံသယဖြစ်လာတယ်၊ အဲဒီမှာ'

နန်းမြအေးက ဆံပင်တွေကို ဖီးသင်နေရာမှ...





'တော်စမ်းပါဟယ်၊ နင့်ဟက်ထရိုဆက်ဂျက်ရှင်းကြီးက ရှုပ်လွန်းပါတယ်'

မာလာခင်က...

'လန်ဒန်က သာမန်အိမ်ရှင်မတစ်ဦးဖြစ်တဲ့ ရိုစ်မေရီဘရောင်းဆိုရင် ဘီသိုဗင်၊ ရှိုပင်၊ ဖရင့်ဇ်လစ်ဇတို့လို ဂီတပညာရှင်တွေ၊ ဗင်းဆင့်ဗန်းဂို ဘာထရန်ရပ်ဆက်လ်၊ အိုင်းစတိုင်းတို့ ပုဂ္ဂိုလ်တွေနဲ့ အဆက်အသွယ်ရပြီး အဲဒီဝိညာဉ်တွေဖြစ်လိုရာကို ပုံဖော်ပေးရတဲ့ ကြားခံလူသားပုံစံမျိုး လုပ်ပြသွားနိုင်ခဲ့သေးတယ်၊ စမ်းသပ်ခံမှုအမျိုးမျိုးကြားမှာ အံ့သြစရာကောင်းလောက်အောင် ကွယ်လွန်သူတွေရဲ့ ဆန္ဒတွေ ထုတ်ဖော်ပြသနိုင်ခဲ့တယ်၊ ဂီတကို နည်းနည်းပါးပါးနားလည်တဲ့ ရိုစ်မေရီဟာ ကမ္ဘာကျော်ဂီတပညာရှင်ကြီးတွေရဲ့ တမလွန်ကပြဆိုတဲ့ နည်းပေးလမ်းညွှန်အတိုင်း တီးခတ်မွှေနှောက်ပြနိုင်ခဲ့တယ်'

'ပညာရှင်ကြီးတွေက နားထောင်အကဲဖြတ်ပြီး အံ့သြကုန်နိုင်ဖွယ်ဖြစ်ခဲ့ကြရတယ်၊ နောက်ပြီး မစ္စပါးလ်ကာရင်ဆိုတဲ့ အမျိုးသမီးတစ်ဦးဆိုရင် ပေးရှင့်ဝါ့သ်ဆိုတဲ့ ဝိညာဉ်လောကသားတစ်ဦးက နှစ်နှစ်လောက် ညနေခင်းတိုင်း ပြောပြတဲ့ ကြေကွဲခြင်းဇာတ်လမ်းဆိုတဲ့ ဝတ္ထုကို လိုက်လံရေးသားပေးခဲ့ရတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထု ဆုရသွားတယ်၊ အဲဒီမစ္စပါးလ်ကာရင်ဟာ စာပေဗဟုသုတ နည်းနည်းမှရှိတဲ့သူမဟုတ်ဘူး၊ ဒါပေမဲ့ သူရေးတဲ့ကြေကွဲခြင်း ဓာတ်လမ်းဟာ ကိတ်စ်ဘရောင်းနင်း၊ အယ်မီလီဘရွန်တီ၊ ရှိတ် စပီးယားတို့လောက်ကို အရေးအသားဓာတ်လမ်းဖွဲ့တည်ပုံလက် ရာမြောက်ကောင်းမွန်နေတယ်'

'အဲဒီ အနောက်တိုင်းက ဖြစ်ရပ်မှန်တွေကိုကြည့်ရင် သက်ရှိလူသားတစ်ဦးအနားမှာ ဓာတ်တူရာ ဓာတ်ကျရာစုသလိုမျိုး ဝိညာဉ်တွေဟာ နှစ်နဲ့ချီပြီး နေနိုင်တယ်ဆိုတာပေါ်လွင်နေတာ တို့ရဲ့ ဗုဒ္ဓဘာသာတရားတော်တွေက သိပ္ပံသမားတွေလိုက်မမှီ နိုင်အောင် အဆင့်မြင့်လွန်းလို့ နေရာတကာ သိပ္ပံခေတ် သိပ္ပံ သမားမှ လက်ရှိအမှန်တရားကို ယူဆနေတဲ့ ဒီဂျစ်တယ်ခေတ်၊ အိုင်တီခေတ် လူငယ်တွေရဲ့ ဉာဏ်အဆင့်တိမ်တိမ်နဲ့ ယုံလောက် တဲ့ အနောက်တိုင်းက ရာစုနှစ်သစ်လူသားတွေရဲ့အဖြစ်ကို ဖော် ထုတ်ပြောပြနေတာ၊ ငါကတော့ အောင်လဝန်းပြောတာကို `ယုံ သင့်သလောက်ယုံတယ်'

အောင်လဝန်း အားတက်သွားပြီး မာလာခင့်ကို အလေးပြု ဟန်လုပ်ပြလိုက်၏။ နန်းမြအေးက ရှင်းရှင်းတွေး၊ ပွင့်ပွင့်ပြော တတ်သူမို့···





'အခုအရေးကြီးနေတာက ယမင်းကို ကျောင်းနားလိုက် တဲ့ ကေ့စ်နော်၊ ယမင်းက မာလာ့ဆီကို ဖုန်းဆက်ပြီး သူကျောင်း နားရတာကို ဝမ်းနည်းပက်လက်ပြောတယ်၊ ငါတို့တတွေ ယမင်း အတွက် ဘာလုပ်ပေးနိုင်မလဲ၊ အဲဒါကို စဉ်းစားပေးသင့်တာပါ၊ ဒီအချိန်မှာ ကျော်စိုးနောင်ထက် ပိုဆိုးနေတာက မဟာကျော်ဖြစ်နေ တယ်၊ အောင်လဝန်းက မဟာကျော်ပြောသလောက် ဆိုးနေလို့ လား၊ ဒီမှာ အောင်လဝန်း နင် ယမင်းအပေါ် ရိုးသားရဲ့လား၊ ရိုးပဲ မေးမယ်ဟာ'

'ငါ ဒဲ့ဒိုးပြန်ဖြေလို့ ရပါဘယ်၊ ငါ့ဘက်က ရိုးသား တယ်၊ ရင်ခုန်သံနဲ့ ပတ်သက်လာရင်တော့ အာမမခံနိုင်ဘူး၊ ငါ ယမင်းကို သနားတယ်၊ ယမင်းကိုအချိန်တိုင်းလိုလို သတိရ တတ်နေပြီ၊ ယမင်းကို မတွေ့ရလို့ နင်တို့တတွေက စိတ်ပူရုံတင် ဝမ်းနည်းရုံတင် ခံစားကြရတာ၊ ငါ့မှာ ရင်အသည်းကို မီးစွဲလောင် နေလို့ ကယ်ကူရာအရပ်ရှစ်မျက်နှာကို စိတ်တွေယောက်ယက်ခတ် ပြီ၊ ပြေးလွှားရှာဖွေနေသလို ခံစားရတယ်'

ဟူစိန်က···

'အဲဒါဆို ခဏနေဦး၊ ဒီနေ့လက်တွေ့ခန်းမှာ အပူပေးရု



www.burmeseclassic.com

www.burmeseclassic.com



ရင် သူမျှားဆီက မီးဖိုငှားမနေတော့ဘူး၊ မင်းရင်ဘတ်ကြီးအောက်က ထိုးခံပေးလိုက်မယ်'

ကလင်တန်က မှင်နဲ့မောင်းနဲ့ နားထောင်နေရာမှ…

'အောင်လဝန်းက ယမင်းကို စိတ်ဝင်စားနေတယ်၊ ရင်ခုန်နေတယ်ဆိုတာကတော့ ချစ်နေတယ်ပေါ့ဟာ၊ အခုယမင်းကျောင်းနားတာက သူ့ရင်ထဲ မျောက်မြီး မီးစွဲသလို ဆောက်တည်ရာမရအောင် ခံစားနေရတယ်၊ ဒါမျိုးသဘောပြောတာ၊ နန်းမြအေးကိုပြောချင်ရင် ဝက်ဝုတ်တွေ အတိသယပုဗ္ဗိတွေ မသုံးနဲ့၊ အဲဒီလိုရှင်းအောင်ပြော၊ သူက မြန်မာစကာသိပ်တတ်တာမဟုတ်ဘူး၊ ရှမ်းစကားလည်း မကျွမ်းကျင်ဘူး၊ အင်္ဂလိပ်စကားဆို ပိုဆိုး'

'မသာကောင်ကြီး'

'အဲဒီလို ဆဲနည်းကတော့ ကျွမ်းတယ်၊ မြန်မာလို၊ ရှမ်းလို၊ ဘိုလို ပြင်သစ်လို၊ ဂျပန်လို၊ ယိုးဒယားလို အကုန်ဆဲတတ်တယ်'

စာသင်ခန်းရှေ့ ဝရန်တာမှာ တန်းစီရပ်ပြီး သူတစ်ပြန်ကိုယ်တစ်ပြန်ပြောနေကြစဉ် မိုက်ကယ်ဂျက်ဆင်လို ဂေါ်လီကွင်းတွေ ရှပ်ယှက်ခတ်အောင်ဝတ်စားဆင်ယင်ပြီး ရောက်လာသော





မဟာကျော်။ ရှုသိုးသိုးနှင့်အောင်လဝန်းကို ကြည့်နေ၏။ ပြီးမှ မာလာခင့်ကို

'ဒီကောင် ဒီမှာရှိနေတာ ကြာပြီလား မာလာ'

'အောင်လဝန်းလား၊ ဒီမှာတို့နဲ့ရှိနေတာပဲ၊ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ဘူး'

မဟာကျော် ရှုသိုးသိုးဖြင့် အားလုံးကိုဝေ့ကြည့်ပြီး ပြန်လှည့်ထွက်သွား၏။ မာလာခင်က အတင်းလိုက်မေးနေ၏။ မဟာကျော်က လက်တွေရှုပ်ယှက်ခတ်ပြီး မိုက်ကယ်ဂျက်ဆင်ကကွက်အသစ်ထွင်နေသလို လုပ်ပြပြီး ပြန်ပြေသွား၏။ မာလာခင် ပြန်ရောက်လာမှ မဟာကျော် ဘာပြဿနာပေါ်နေသလဲဆိုတာကို သိလိုက်ရတော့သည်။

'ယမင်း သူ့အိမ်က လစ်ထွက်သွားလို့တဲ့၊ အဲဒါ ယမင်းမိဘတွေ လိုက်ရှာနေကြတယ်၊ မဟာကျော်က အောင်လဝန်းဆီရောက်နေသလား၊ အောင်လဝန်းကပဲ ခေါ်ပြီးဖွက်ထားသလား၊ အဲဒါမျိုးမသင်္ကာလို့ ကျောင်းကိုလာကြည့်တာ၊ ဒုက္ခပါပဲနော်၊ ယမင်းတစ်ယောက်တော့ လုပ်ချင်တာတွေ စွတ်လုပ်နေပြီ၊ မသမာသူတွေ အန္တရာယ်ကောင်တွေနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



အောင်လဝန်းလည်း ပျာယာခတ်ပြီး…

'ဒါဆို လိုက်ရှာမှဖြစ်မှာပေါ့၊ လူစုခွဲပြီး ကျောင်းထဲပတ်ရှာကြမယ်၊ ငါ့ဆီကိုလာတာပဲဖြစ်ရမယ်၊ ဒါမှမဟုတ်'

အောင်လဝန်းပြောပြီး ကျောင်းဆောင်ပေါ်မှ ပြေးဆင်းသွား၏။ ကလင်တန်က…

'ငါက မိုးပေါ်တက်ရှာမယ်၊ ဟူစိန်က အဝီစိဆင်းကြည့်၊ မင်းအမျိုးတွေတပြုံကြီးနဲ့လည်း တွေ့ရတာပေါ့'

'အရေးထဲ မင်းကလည်း ချွတ်နေပြန်ပြီ၊ ကောင်မလေးတွေ ပတ်ပိုင်းလိုက်ကြလေ၊ ငါတို့လည်း ပတ်ကြည့်ကြမယ်'

နန်းမြအေးက ဟူစိန့်ခေါင်းကို ဒေါက်ခနဲပိတ်ခေါက်ရင်း…

'စကားကိုအနှောင့်အသွားလွှတ်အောင်ပြော၊ ငါ့အထင်တော့ တိုင်းရင်းသားကျေးရွာဘက်များ ရောက်နေသလားမသိဘူး၊ ယမင်းက အဲဒီကိုသွားတတ်တယ်လေ'

တစ်ဖွဲ့လုံး စုရုံးစုရုံးဖြင့် ကျောင်းဆောင်ပေါ်မှဆင်းလာကြ၏။ လူစုခွဲပြီး ရှာကြတော့ သူ့အတွဲ ကိုယ့်အတွဲရွေးနေကြသေး၏။

'ဟူစိန်နဲ့နန်းမြအေးက မိန်းကလေးအိမ်သာဘက်သွား





ကလင်တန်နဲ့ ဘရဏီက ယောကျ်ားလေး တွိုင်းလက်ဘက်ဂိုး၊ ငါနဲ့မာလာခင်က ကန်တင်းဘက်မှာ လက်ဖက်ရည်ဝင်သောက်ရင်း ဖြတ်သွားဖြတ်လာတွေကို ထိုင်ကြည့်ပေးမယ်၊ နင်တို့ဗိုက်ဆာရင် အဲဒီမှာစားကြ'

ထို့တွေ ထွမ်တွေဖြစ်ကုန်ကြ၏။ လူဝင်းကျော်ရဲ့ နှာခေါင်းကို မာလာခင်က ဆွဲညှစ်ခေါ်သွားတော့မှ ကျေနပ်သွားကြသည်။

ကျောင်းဝင်းအနှံ့လူဖြန့်ရှာကြ၏။ အောင်လဝန်းတစ်ယောက်သာ ကျောင်းရှေ့ရောက်လိုက်၊ မှတ်တိုင်ပြေးရှာလိုက်နှင့် စိတ်ပူဇောကပ်နေစဉ် **အနားမှာလာရပ်သော** အငှားကားတစ်စီးကြောင့် လန့်ပြီးငဲ့**ကြည့်လိုက်၏။**

'ယမင်း… **ယမင်းသော်တာ**'

'ကားပေါ်တက်၊ **ဘာမှမပြောနဲ့**၊ မမေးနဲ့'

ရှင်လန်းနေပြန်**သော** ယမင်းသော်တာရဲ့ အပြောအတိုင်း အောင်လဝန်းလည်း **ကားပေါ်အမြန်**တက်လိုက်ရ၏။ သူ့မှာ မီးတောက်နေသလောက် **သူမမှာ အေး**စက်ခဲကျစ်နေ၏။ နံနက်ကိုးနာရီဝန်းကျင်နေရောင်က သူမရဲ့ပါးတစ်ခြမ်းပေါ်မှာ အဝင်းဝါဝါလေး လူးကွက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုတွေ ဖြစ်လာရတာလဲ'

တုန်အက်ရှတအသံဖြင့် သူမေးသောအခါ သူမက သူမရဲ့ လေ့ကျင့်ထားသော အလှဆုံးအပြုံးတွေထဲမှ အကောင်းဆုံးအပြုံးနှင့် တုံ့ပြန်ကြည့်ရင်း...

'ကျွန်မတို့နှစ်ယောက် သူတို့နဲ့ဝေးရာ ထွက်ပြေးကြမယ်လေ'

ဆံပင်တွေ ထောင်တက်သွားမတတ် သူ လန့်သွား၏။ သူမကတော့ ပြောရိုးပြောစဉ်တစ်ခုကို ပြောသလို ဆက်ပြောနေ၏။

'သူ တစ်ခါက စိတ်ကူးယဉ်ခဲ့တဲ့ အပျော်ကမ္ဘာလေးထဲ ရောက်အောင် ကျွန်မတို့ အတူသွားကြမယ်လေ၊ အဲဒီအပျော်ကမ္ဘာလေးမှာ ကျွန်မတို့နှစ်ယောက်တည်း လျှောက်လည်ပျော်ပါးရင်း တစ်သက်လုံးနေသွားကြမယ်၊ အဲဒီအပျော်ကမ္ဘာဟာ Walt Disney Land လိုပဲ ပျော်စရာတွေ ပြည့်နှက်နေတယ်၊ Fantasy Land ထဲ လည်ကြသလို Live Show တွေ ကြည့်ရသလို Disney Sea ခရီးစဉ်တွေ လှည့်မွေ့ရသလိုမျိုး မွေ့ကြ ပျော်ကြ'

အောင်လဝန်းက သူမပါးစပ်ကို လက်ညှိုးနှင့် အသာ





လှမ်းကပ်ပိတ်ပြီး သူမခေါင်းကိုလက်နှင့်ဖိ၍ထိုင်ခုံအောက်ပု ကွယ်လျှောထိုင်ခိုင်းလိုက်၏။

'ဘာလဲ'

'မဟာကျော်ရဲ့ကား၊ ရှေ့မှာရပ်ပြီး လမ်းမပေါ်ကကားတွေကို လိုက်ကြည့်နေတယ်၊ ဝပ်နေ၊ ဝပ်နေ၊ ကိုယ့်ကိုလည်း မြင်သွားလို့မဖြစ်ဘူး'

ကားနောက်ခန်းထဲ နှစ်ယောက်သား ဝပ်စဉ် သူမကပဲ နေရာယူမှားသည်လား။ သူကပဲ နေရာယူမှားသည်လားမသိ။ ရုတ်တရက်ပြန်ပြင်ချိန်မရအောင် နေရာယူမှားပြီးမှေးလိုက်သွားရပုံမှာ...

သူမရဲ့ ကွေးလှဲအိပ်နေသည့် အပေါ်မှာ အောင်လဝန်းက အိပ်ငိုက်ခေါင်းဖွက်ထားလိုက်ရ၏။

ကားဆရာကအကျိုးအကြောင်း မသိ။ နောက်လှည့်ကြည့်နေ၏။

'ဟော့... ကားဆရာ ရှေ့ကိုကြည့်ပြီး ခပ်တည်တည်နဲ့ ဆက်မောင်းပါဗျာ၊ ကျေးဇူးပြုပြီး နောက်လှည့်မကြည့်ပါနဲ့'

'မင်းတို့က ဘာလုပ်နေကြတာလဲ၊ ငါ့ကားပေါ်မှာ၊ ဒီကားက နတ်ကြီးတယ်၊ ဝက်သားစားတာ မကြိုက်ဘူး၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းရင် မျက်နှာသစ်ပေးမှ စက်နိုးလို့ရတဲ့ကား၊ မတော်တရော်'

'ဆက်မောင်းပါဗျာ၊ ဘာမဟုတ်တာမှ မလုပ်ပါဘူး၊ ရှေ့မှာ အန္တရာယ်ပေးမယ့်လူ ရှိလို့ ပုန်းနေတာပါ'

ကားဆရာက ပတ်ဝန်းကျင်ကို စေ့ငုကြည့်၏။ မဟာကျော်လှမ်းကြည့်နေတာကို မြင်သော်လည်း သာမာန်ကြည့်တာပဲ ထင်မှတ်သွားသည်။

မဟာကျော်ရဲ့ မြင်ကွင်းလွန်လာသည်အထိ ကားမောင်းလာရင်း အတွင်းဘက်နောက်ကြည့်မှန်မှ အောင်လဝန်းတို့စုံတွဲကို မကြာခဏ ခိုးခိုးကြည့်ရသေး၏။

ကားဆရာ အာရုံများသွား၍ လမ်းလယ်မှာရပ်နေသော မော်တော်ပီကယ်ကို ကပ်ပွတ်ဆွဲမလိုဖြစ်သွားပြီး ရင်ထဲဒိန်းခနဲဖြစ်ကာ စတီယာရင်ကို တစ်ဖက်ဆွဲယူအားကြီးသွားပြီး ရှေ့ကားရဲ့နောက်ပိုင်းကို ဝင်အောင်းမိမလိုဖြစ်သွား၏။ ဘရိတ်ဆောင့်အုပ်လိုက်ရသည်။

အချက်ပြမီးမပြဘဲ သွားလမ်းပေါ်မှာ ကားထိုးရပ်လိုက်၍ နောက်ကားတွေ ရှေ့ဆိုက်ပြီး ရပ်တန့်ကုန်၏။ အောင်လဝန်းတို့ကားဆရာကို လှမ်းဆဲကုန်ကြသည်။





ကားဆရာခမျာ ဓာချေးတွေပြန်ပြီး ကားရပ်နားယို့ရသည့်ပလက်ဖောင်းကို အမြန်ရှာရပ်ကာ ကားကိုတုံ့ခနဲထိုးရပ်ရင်း…

'ကဲ… မင်းတို့နှစ်ယောက်လုံး ကားပေါ်ကဆင်းကြတော့၊ လိုရာခရီးမရောက်လို့ တစ်ပြားမှ ကားခမပေးနဲ့၊ ငါလည်းလိုက်မပို့နိုင်တော့ဘူး၊ ရှေ့ကားမောင်းရတာတစ်မျိုး၊ မင်းတို့ကိုလှည့်ငမ်း၊ အဲလေ လှည့်ကြည့်ပြီး သတိထားနေရတာတစ်မျိုးနဲ့ ဆက်မောင်းရင် ငါတော့ လိုင်စင်သိမ်းခံရရင်ခံရ၊ ဒါမှမဟုတ်ရင် အအေးတိုက်နဲ့ ရဲစခန်းကြိုက်တဲ့လမ်းကို တန်းနေပြီ၊ ဒီးတော့'

ကားဆရာကိုအောင်လဝန်းက အကျိုးအကြောင်းရှင်းပြပြီး တောင်းပန်သည်။

ရင်ထိတ်ပြီး ဒေါသထွက်နေ၍ ပြောမရ။ ယမင်းကပါ ဘာမဟုတ်တာမှမလုပ်။ လူတွေ့လို့ ပုန်းတာဖြစ်ကြောင်း ပြောပြလည်း မရ။

သူတို့နှစ်ယောက်ကို ချပေးခဲ့ပြီး ကားဆရာအမြန်သုတ်မောင်းသွား၏။ အောင်လဝန်းက မျက်လုံးပြူးပြဲပြီး ယမင်းကိုကြည့်လိုက်၏။ ယမင်းက အောင်လဝန်းရဲ့လက်ကိုဆွဲပြီး ပြည့်ကြိုက်ထဲလှမ်းဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



'ယမင်း'

'ဘာမှမငြင်းနဲ့ လိုက်ခဲ့'

'ပြဿနာပဲ'

'ပြဿနာက နောက်မှာလိုက်လာပြီ၊ လှည့်မကြည့်နဲ့၊ မဟာကျော်ရဲ့ ကားလိုက်လာတယ်၊ ဒီလမ်းအတိုင်းပဲ ခပ်တည်တည်နဲ့ ပြတိုက်ထဲ ခဏဝင်ပြီး ခြေရာဖျောက်မယ်'

* ♠ *



## အခန်း (၁၀)

'အစက ကျော်စိုးနောင်ဆိုတဲ့ သူ့ကို ကျွန်မ ဘယ်လိုမှ စိတ်ဝင်စားလို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကလှတယ်၊ နှစ်တိုင်းအလှဘုရင်မဘွဲ့ရတယ်လေ၊ ကျွန်မကတော့ အဲဒီဘွဲ့ကို အမှုမထားပါဘူး၊ ကိုယ့်အလှကို ဘယ်လိုအသုံးချမလဲလို့ စဉ်းစားနေတဲ့အချိန်ပေါ့'

'မင်းက အလှဘုရင်မဖြစ်နေပြီး ကိုယ်မျက်စိမှောက်နေခဲ့တာ အံ့ဩစရာပဲ၊ အေးလေ ကိုယ်ကလည်း ဘယ်မေဂျာက ဘာကွင်းဆိုလည်း လှည့်ကိုကြည့်ခဲ့တာ မဟုတ်ဘူး၊ ဥပေက္ခာပြုပြီး တမင်ကိုနေခဲ့မိတာကိုး၊ လူဝင်းကျော်နဲ့ ဆက်စပ်မိမှ အလှဘုရင်မမသိဘဲ ပတ်သက်မိသွားတယ်'

'ကျော်စိုးနောင်က ကျွန်မကို မြင်ဖူးရုံတင်မဟုတ်ဘူး၊ တန်းတန်းစွဲလိုက်နေတဲ့လူလေ၊ သူ အခုထိ ဘာဖြစ်လို့ လက်မ



www.burmeseclassic.com

www.burmeseclassic.com



ကောင်ဖြစ်တဲ့ အောင်လဝန်းအနေနဲ့ ကိုယ့်ဘာသာကို သတ်မှတ်ပြီး စကားပြောနေရတာလဲ'

ဆက်ပြော ဆက်ရှင်းလျှင် ဆက်ရှုပ်ရုံသာရှိမည်။ သူမ စိတ်ချမ်းသာအောင် အင်းလိုက်ရတော့၏။

သို့တိုင်…

'ကိုယ်တို့ကတော့ ကိုယ်တို့မေဂျာက အလှဘုရင်မရွေးဖို့ ဆန္ဒမဲကောက်ခံရင် ကိုယ်တို့ရွေးပေးလိုက်တာ အကြည့်ရဆိုးတဲ့ကောင်မလေးတွေချည်းပဲ၊ ကိုယ်က စိတ်အလှကိုအရေးကြီးတယ်လို့ ခံယူထားတဲ့သူ၊ အကျည်းတန်နေပေမယ့် စိတ်လှရင် အဲဒီမိန်းကလေးဟာ လှနေတာပဲ၊ ဘယ်သူမှ ဘီလူးသဘက်မတွေ့လောက် ရုပ်ဆိုးကြတာ မရှိပါဘူး၊ စပါးလုံးတစ်ထောက်စာ အရေပြားလေးပေါ်က အလှဆိုတာတွေ ကိုယ် စိတ်မဝင်စားဘူး'

'သူ… သူ… ကျော်စိုးနောင်အနေနဲ့ ပြောတာလား'

'အဲ… အောင်လဝန်းအနေနဲ့ပါ၊ ကဲ… ကျော်စိုးနောင်ဖြစ်စေ၊ အောင်လဝန်း သွားကော့'

'သူ ကျော်စိုးနောင် တကယ်ဖြစ်ပြီနော်'

'ဖြစ်ပြီ၊ ဥုံဖွ… ငါ ကျော်စိုးနောင်ဖြစ်စေ'





မြို့တိုက်ထဲမှာ လူမများလှ၍ တော်သေး၏။ ခုံတန်းလျားလေးမှာထိုင်ပြောဖြစ်နေကြစဉ် တိုးရစ်အဖွဲ့တစ်ဖွဲ့က လေ့လာစူးစမ်းသူတစ်ယောက်စနှစ်ယောက်စခန့်သာ ဖြတ်သွားတာ တွေ့ရ၏။

ကျန်သည့်အချိန်များမှာ သူတို့နှစ်ယောက် လွတ်လပ်စွာ ပိုင်စားရနေကြသည်။ ငါးပြတိုက်မို့ မှန်လှောင်အိမ်ထဲမှာ ကူးခတ်နေသော ရောင်စုံရွှေငါးလေးတွေကို တွေ့ရသည်။ တချို့က တစ်ကိုယ်တော်ငါးကြီးတွေ။

'သူ့ကို ကျွန်မ ဘာလို့ချစ်သွားတာလဲဆိုတာ သူသိလား'

သူ နှုတ်မြောဝန့်တိုမိသွား၏။ ဝိညာဉ်ဘဝက ကျော်စိုးနောင်သာ အနားမှာရှိနေလျှင် အောင်လဝန်းကို ဂုတ်ချိုးသတ်ချင်နေမှာသေချာ၏။

ဝိညာဉ်ပါဝါထက် ရုပ်ဒြပ်အကောင်အထည်ရှိနေသော လူပါဝါက ပိုကြီးနေ၍ တို့ထိမရ၊ ကိုင်တွယ်မရများဖြစ်နေရော့သလား။

ကျော်စိုးနောင်ခမျာ လှပပြီး သနားစရာကောင်းသည့် ချစ်သူလေးကို ပူပူနွေးနွေးချစ်သူဖြစ်ကာစလေးမှာ ခွဲသွားရသည့်အတွက် ရင်ပျက်ကြေမွနှမြောတသနေရှာမည်မှာအမှန်။



www.burmeseclassic.com

www.burmeseclassic.com



'သူ့ကို မေးနေတယ်လေ၊ ယမင်းကို ဆိုင်ကြည့်ပြီး အတွေးတွေက ဘယ်ရောက်နေတာလဲ'

'ယမင်းဆီပဲ ရောက်နေတာပါ၊ ယမင်းကိုယ့်ကိုချစ်ချင်တဲ့အချိန်မှာ ချစ်သွားတာပေါ့'

'မှန်တော့မှန်တယ်၊ မှားနေသေးတယ်၊ သူ့ကို သနားစိတ်ဝင်ပြီး အမြဲထည့်တွေးရာကနေ အစွဲအလန်းဖြစ်သွားတာ၊ သူက ယမင်းရဲ့ အနွံအတာအရမ်းခံတယ်၊ ယမင်းအတွက်ဆို ဘာမဆို အဆင်သင့်လုပ်ပေးချင်တဲ့သူ၊ အခုလို အေးစက်စက်မဟုတ်ပါဘူး၊ ပြောနေတာပဲ၊ သိပ်အလိုက်သိတာ၊ ယမင်းက အိုက်တဲ့ပုံစံလုပ်ပြရင် ယပ်ခပ်ပြီးသား၊ ယမင်းက ဝါးခနဲသမ်းရင် နေကြာစေ့ထုပ်နဲ့ ချိုချဉ်ထုပ်ရောက်နေပြီ၊ ယမင်းမျက်စောင်းနဲ့ ကြည့်လိုက်ရင် သူ့မှာနေစရာမရှိတော့ဘူး'

'ဩော်… အင်း … ဟုတ်တယ်လေ၊ ယမင်းကို အသည်းအသန်အသက်မက တစ်ဘဝလုံးပုံပြီးချစ်မြတ်နိုးနေရတာကိုး'

'သူ မှတ်မိသေးလား၊ ယမင်းက သူ့ကိုပြတ်ပြတ်သားသား ပြောဆိုလုပ်ပြီး နောင်ကို မျက်နှာမမြင်ချင်ဘူး၊ ရှင့်လိုလူမျိုးကို ဆယ်သက်မစဉ်းစားဘူးဆိုတော့ ရပါတယ်၊ ဝေးဝေးမှာ





နေပေးပါ့မယ်၊ ဆယ့်တစ်သက်ဘဝမြောက်တဲ့အထိ ကျွန်တော်စောင့်နိုင်ပါတယ်ဆိုပြီး မျက်နှာငယ်လေးနဲ့ ထွက်သွားတယ်၊ ဒါဒီပုံစံလေး အခုထိ မျက်လုံးထဲက မထွက်တော့ဘူး၊ ယမင်းကာယလေ့ကျင့်ခန်းလုပ်တဲ့တိုက်ခန်းမှာ လာစောင့်တယ်၊ ယမင်းတိုက်ထဲက ပြန်အထွက်မှာ တိုက်ပေါ်က ဆိုင်းဘုတ်အဟောင်းကြီး ယမင်းအပေါ် မတော်တဆ ရုတ်တရက်ကြီးပြုတ်ကျတော့ ယမင်းအနားမှာ သက်တော်စောင့်လို အသင့်ရှိနေတဲ့ သူ ဝင်ကယ်လိုက်ဟာလေ၊ တိုက်နံရံအကွယ်က စောင့်နေတာ၊ ယမင်းမသိလိုက်ဘူး၊ ယမင်းကို ပိတ်တွန်းပြီး သူ့ပေါ်အကျခံလိုက်တာ သူ့ခေါင်းကွဲသွားတယ်နော်၊ သွေးတွေဖြာခနဲ ရဲတွတ်သွားတဲ့မျက်နှာကို လက်နဲ့တောင်ပွတ်မကြည့်ဘူး၊ ယမင်းကိုတွန်းလိုက်မိလို့ အတင်းတောင်းပန်နေလိုက်တာ၊ သွေးတွေရွှဲနစ်နေတဲ့ကြားက သူ ပြုံးပြနေပုံကို ကြည့်ပြီး ယမင်းစိတ်မကောင်းဖြစ်သွားမိတယ်၊ ယမင်းက အတင်းဆေးခန်းပြေးခိုင်းမှ သူ့အင်္ကျီကိုချွတ်ပြီ၊ ခေါင်းကိုဖိသိပ်ထားရာက ဘာမှမဖြစ်ပါဘူး၊ ယမင်း ဘာမှမဖြစ်လို့ ဝမ်းသာရပါပြီ၊ ကျွန်တော် သွားတော့မယ်နော်ဆိုပြီး နောက်လှည့်ကြည့်လှည့်ကြည့်နဲ့ နှုတ်ဆက်သွားတာ ယမင်းလေ သူ့ကို'



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးနောင် ဖွဲ့ဆုချိတ်သွားစေသော အမှတ်ရရှိသည် အကွက်တွေကို ယခုမှ သူ စသိရ၏။

ယမင်းရဲ့မျက်နှာပေါ်မှာ ဝမ်းနည်းမိုးရိပ်တွေ တလိပ်လိ ဆင်းဖွဲ့လာ၏။

ကျေးဇူးပြုပြီး ရှာမချလိုက်ပါနဲ့. ရွှေမျက်ရည်မိုးရယ်။
မျက်နှာတော် ညိုညိုလေး ရွှဲရွှဲစိုသွားမှာ စိုးလို့ပါ။

'နောက်တစ်ကြိမ်က ယမင်း ကာယအလှမယ်ပြိုင်ပွဲဝ ဖို့ ဒေါက်ဖိနပ်လိုနေတာ၊ ဘယ်မှာမှ ရှာဝယ်မရဘူး၊ အဲဒါက သူ လေးငါးရက်လောက် ကွယ်ရာက လှစ်ခနဲလှစ်ခနဲ ကြည့် ကြည့်နေတတ်ရာက သူပျောက်သွားပြီး ပြန်ပေါ်လာတယ်၊ ကျေ သောင်းကနေ တစ်ဖက်နိုင်ငံထဲကရအောင် သွားဝယ်ပေးလာတာ ယမင်းဖြင့် အံ့သြလို့မဆုံးဘူး၊ ဖိနပ်ကို ယမင်းဆီပို့ပြီး ဘာအခွ အရေးမှမယူဘဲ ချက်ချင်းပြန်ထွက်သွားတယ်၊ ယမင်းရင်ထဲက တင်းမာပိတ်ဆို့ထားတဲ့ နံရံဟာ ရေခဲနံရံဖြစ်နေတယ်၊ သူက မီးပြင်းပြင်းနဲ့ နှစ်ခါတိုက်လိုက်တာ ဒဏ်ရာတင်ပြီး အရည်ပျော် စပြုကုန်ရော'

'ယမင်းအတွက်ဆို အသက်ပါပေးဖို့ အဆင်သင့်ရှိ တာပဲ၊ ဒီလောက်ကတော့ ဘာမှမပြောပလောက်ပါဘူး'





'နောက်ဆုံးတစ်ကြိမ်မှာတော့ ယမင်း ဘယ်လိုမှ တောင့် မခံနိုင်တော့ဘူး၊ ပိတ်ထားတဲ့ ရင်တံခါးလည်း အရည်ပျော်ကျ သွားကုန်ပြီ၊ သူ့ကို ယမင်းရင်ထဲ တံခါးမရှိ ဓားမရှိ ဝင်စေထွက် စေခွင့်ပြုလိုက်ရတော့တယ်၊ နောက်ဆုံးတစ်ကြိမ်မှာ သူဘယ်လို ပေးဆပ်ခဲ့တယ်ဆိုတာ ပြန်မှတ်မိတယ်မဟုတ်လား'

'မှတ်မိတာပေါ့'

'ဒါဆိုပြန်ပြောပြ'

'အဲ... မေ့တော့တော့ဖြစ်သွားပြန်ပြီ၊ အဟဲ'

'သူဟာ ကျော်စိုးနောင်ဆိုရင် ပြောကို ပြောနိုင်ရမယ်'

'ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်ဖြစ်သွားမှာပေါ့၊ ယမင်း ပြောပါ'

'ယမင်းကို ရပ်ကွက်ထဲက မော်ကြီးတို့အဖွဲ့က ကား တင်ပြေးမလို့လုပ်တာလေ၊ မော်ကြီးက ယမင်းကို အသေကြိုက် နေတာ၊ ယမင်းက ပက်ပက်စက်စက်ပြောလွှတ်လိုက်တာကို အသည်းနာပြီး အကွက်ချောင်းနေတာ'

'အဲဒီနေ့က ညနေစောင်းကြီး အလှသင်တန်းကပြန်လာ တော့ လူရှင်းတဲ့အိမ်ယာတိုက်သစ်လမ်းထဲမှာ မိုးကြီးလေကြီးကျ နေတဲ့အချိန်၊ မော်ကြီးတို့ ယမင်းကိုအတင်းဆွဲပြီး ကားပေါ်တင်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူရောက်လာပြီး သုံးယောက်နဲ့တစ်ယောက်လုံးတွေးသက်ပုတ်ကုန်ကြတယ်၊ တော်သေးတာပေါ့၊ တိုက်သစ်မှာ ပန်းရုံသမားလေးတွေပြေးလာပြီး ကယ်လို့ သူ့လက်ကို ဓားထိသွားတယ်၊ မျက်နှာလည်း ဖူးယောင်ကိုင်းသွားတာပဲ၊ ယမင်း အရင်ကလို အေးစက်မနေနိုင်တော့ဘူး၊ ဆေးခန်းကို ကိုယ်တိုင်လိုက်ပို့လိုက်ရတော့တယ်၊ ယမင်းကို ကားတင်တဲ့ကောင်တွေ ထောင်ကျအောင်ကျတော့လည်း သူက အဓိကသက်သေအဖြစ် တက်တက်ကြွကြွလိုက်လုပ်ပေးတယ်၊ သူ့ကို ယမင်းက သက်တော်စောင့်လို ခင်မင်ရင်းနှီးလွန်းတဲ့ မိတ်ဆွေသူငယ်ချင်းလို အဆင့်တိုးမြှင့်ပေးလိုက်တယ်၊ သူက သူ့ရင်ထဲမှာရှိတဲ့ ခံစားချက်တွေ ရင်ခုန်သံတွေ အမြဲသတိရနေရတာတွေ ယမင်းသိအောင် ပြောပြရရင် ကျေနပ်ပြီဆိုပြီး အချိန်တိုင်း ယမင်းအနားမှာ အမြဲနေပြီး တတွတ်တွတ်ပြောနေတော့တာပဲ'

'ယမင်းလည်း အရည်ပျော်နေပြီမို့ မောင်လို့ခေါ်လိုက်တော့ သူ ထခုန်လိုက်တာလေ၊ ဝမ်းသာပြီး ဂျွမ်းတွေထိုးမယ်လုပ်နေလို့ မထင်မှတ်ဘဲ ယမင်းက အဖြေပေးလိုက်တာကို ရလိုက်တော့ သူ့မှာအံ့ဩတုန်လှုပ်ပြီး ယမင်းကိုတစ်ခါတည်း လက်ထပ်ပါရစေလုပ်နေလို့ မနည်းပြန်ချော့လွှတ်လိုက်ရတယ်၊ နောက်ရက်





တွေမှာ ယမင်းအတွက်ဆို ဘာမဆိုအဆင်သင့်ဖြစ်အောင် သူကြိုးစားလုပ်ဆောင်ပေးရင် ပျော်နေလိုက်တာ လိုချင်တာရသွားတဲ့ ကလေးတစ်ယောက် အူမြူးဝမ်းသာနေသလိုပဲ'

'သူငယ်ချင်းအဖွဲ့တွေကိုလည်း ယမင်းချစ်သူဖြစ်ခွင့်ရလို့ ကြွားဝါပြီး ကျွေးလိုက်တာ၊ သူ့ဦးလေးဆင်ထားတဲ့ ဆွဲကြိုးနဲ့ လက်စွပ်တွေ ပြုတ်ပြုတ်ပြုန်းတဲ့အထိပဲ၊ သူနဲ့ယမင်းတို့ တိုင်းရင်းသားကျေးရွာလေးမှာ မကြာခဏချိန်းတွေ့ကြပြီး ယမင်းက သူ့လက်မောင်းကိုမှီ၊ သူက ယမင်းကို သူဘယ်လောက်ချစ်ရပါတယ်ဆိုတဲ့စကားတွေကိုပြော၊ အဲဒီလိုကြည်နူးခွင့်ရလို့မှ ဘာမှမကြာသေးဘူး၊ သူ… သူ… သူက ဘဝ… ပြောင်း'

ယမင်းသော်တာ ပြောနေရင်းမှ သူ့လက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဝမ်းနည်းနွမ်းလျမှိုတွယ်နေပြန်၏။ ရှိုက်သံမဒပေး။ မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့်ကျလာ၏။ အောင်လဝန်းက တစ်သျှူးပေပါလေးဖြင့် တို့သုတ်ပေးရင်း…

'အခု ကျော်စိုးနောင် ဘဝမပြောင်းဘဲ အနားရောက်နေပြီပဲ၊ ဘာမှဝမ်းနည်းမနေပါနဲ့ဟော့၊ အရင်တုန်းကလို နေပြမယ်၊ ယမင်း ဘာဖြစ်ချင်သလဲ'

'သူ့လက်မောင်းကို ကိုက်ချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



‘ကိုက်စေဗျာ၊ နာတော့မနာစေနဲ့’

‘ကဲ…’

‘အား… နာတယ်’

‘ယမင်းက မနာဘူးလေ၊ မနာအောင်ကိုက်တာပဲ၊ ယမင်းရဲ့သွားတွေက ခိုင်ပြီးသား၊ ထပ်ကိုက်မယ်နော်’

‘ဂတ်စတာပိုနဲ့ ကင်ပေတိုင်နည်းတွေလား ယမင်းရယ်’

‘ဒီအထဲမှာ ဓံအေးချမ်းနေတာပဲနော်’

‘ပြွတိုက်တွေရဲ့ ထုံးစံပဲလေ၊ ယမင်းက ဒီလိုမျိုးနေချင်ရင် ရဲတိုက်ဆောက်ပေးမယ်၊ နန်းတော်လည်း ကိုယ်ဆောက်နိုင်တယ်’

‘ရုပ်ရှင်ထဲက ဆက်တင်တွေလား’

‘ကိုယ့်ကိုအထင်မသေးပါနဲ့၊ ဝိညာဉ်ပါဝါရှိတယ်၊ ဥုံဖွ ဆိုတာနဲ့ ဖန်ဆင်းလိုက်လို့ရတယ်၊ မယုံရင် ကိုယ်အခုလက်တွေ့ပြမယ်၊ ကဲ… ယမင်းရဲ့ လက်ခုံပေါ်မှာ အနမ်းပန်းတစ်ပွင့် ဖျတ်ခနဲပွင့်စေဗျာ’

အောင်လဝန်းက ယမင်းရဲ့လက်ခုံပေါ်မှာ အနမ်းပန်း ခြွေလိုက်၏။

‘ဟာ… သူ ဒါမျိုးဆို အရင်ကထက် ပိုတက်လာတယ်၊





အရင်ကဆို ယမင်းကို မြတ်နိုးတန်ဖိုးထားလွန်းလို့ မထိရဲ၊ မတို့ရဲ၊ မကိုင်ရဲနဲ့ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတာ၊ အခုကျတော့လည်း ရဲတင်းလိုက်တာ၊ ဒီအတတ်တွေ ဘယ်ကတတ်လာတာလဲ’

‘တစ္ဆေမလေးတွေနဲ့တွေ့လို့ တတ်လာတာ၊ အဲ… မဟုတ်ပါဘူး’

‘သူ ပွင့်ပြတာ အနမ်းပန်းမဟုတ်ဘူး၊ နှာခေါင်းပန်းကြီး’

‘ဒါဆို နောက်တစ်ခါ ပါဝါဖွင့်ပြမယ်၊ ယမင်းရဲ့ နဖူးလေးပေါ်မှာ’

‘တော်ပါပြီ၊ ယမင်းရှက်တယ်’

‘ဘယ်သူမှမရှိပါဘူး’

‘ကိုယ်စောင့်နတ်တွေ သိကုန်လိမ့်မယ်’

‘ယမင်းရဲ့ ကိုယ်စောင့်နတ်သမီးတွေနဲ့ ကိုယ့်ရဲ့ကိုယ်စောင့်နတ်မင်းတွေ ပိစိဖြစ်ပြီး နတ်ပြည်က နတ်ငါးပြတိုက်မှာ [illegible]းတွေ့နေကုန်ကြလောက်ပါပြီ၊ ကိုယ်နဲ့ ယမင်းနဲ့ နှစ်ယောက်တည်းပဲရှိတယ်၊ ယမင်းရဲ့ ကိုယ်ငွေ့ရနံ့နဲ့ ကိုယ်သန့်သန့်လေး ယစ်မူးနေပြီ၊ ယမင်းရဲ့ နူးညံ့တဲ့အထိအတွေ့နဲ့ လောကကြီးကို မေ့နေမိပြီ၊ ကိုယ့်ရဲ့အချစ်ပါဝါတွေ စိတ်ရှိတိုင်း ဖွင့်ချလိုက်ရရင် ..’



www.burmeseclassic.com

www.burmeseclassic.com



ယမင်းသော်တာက အောင်လဝန်းကို မှီအုံးနေရာမှ ဆတ်
ခနဲခွာလိုက်ပြီး စူးစူးစိုက်စိုက်ကြည့်ကာ...

'ကျွန်မတို့ အတူတူနေကြရအောင်လေ၊ သူဖြစ်စေချ
ခဲ့တဲ့အတိုင်း ရှုံးတက်လက်မှတ်ထိုးပြီး နှစ်ယောက်တစ်ကမ္ဘ
တူထောင်ကြရအောင်၊ အရင်က ဒီလိုသတ္တိမရှိခဲ့ပေမယ့် အ
တော့ သူဆုံးပြီဆိုမှ သူ့ကို ယမင်း ဘယ်လောက်အထိချစ်မှ
သိခဲ့ရတယ်၊ အခုသတ္တိရှိနေပြီ၊ ဒီလိုမှ မစွန့်စားရင် ယမင်းနဲ့သ
ကို နောက်ထပ်ခွဲပစ်မယ့်အရာတွေက အသင့်စောင့်နေကြပြီ'

ထင်မှတ်မထားဘဲကြားလိုက်ရသည့် စကား။ အော
လဝန်းနှလုံးခုန်သံတွေ ဝုန်းဒိုင်းဆူညံသွားရ၏။ ယမင်းသော်တာ
အချစ်ရည်ရွှန်းလဲ့သော ညို့ချက်ပြင်းပြင်းအကြည့်မှာ သူ တွယ်
နေ၏။ ရုန်းမရ။

နီတွေးစွတ်မြနေသော နှုတ်ခမ်းသားလေးတွေ လှုပ်
နေသည့်အပေါ်မှာ သူကြည့်ရင်း အာသာပြင်းပြသော ဆန္ဒ
ရှိန်းရှိန်းထလာမိ၏။

သူ့နှုတ်ခမ်းလှုပ် ရှတောင့်တလာကြ၏။ သူ့ဦးခေါင်း
အလိုလိုကိုင်းညွတ်လာစဉ် သတိက သူ့အပေါ် ပြုတ်ကျ
သူ့ခန္ဓာကိုယ် ဆတ်ခနဲကျော့မတ်သွားပြီး...





မဖြစ်သင့်ဘူး၊ မလုပ်ကောင်းဘူး၊ ယမင်းဟာ ရောဂါ
သည်၊ စိတ်ဝေဒနာသင့်နေချိန်မှာ စည်းမစောင့်ဘဲ အခွင့်အရေး
ယူလိုက်တာဟာ ယောကျ်ားကောင်းတို့ရဲ့ လုပ်ရပ်မဟုတ်ဘူး၊
သူယုတ်မာတို့ရဲ့ လုပ်ရပ်၊ သူတော်ကောင်းမဖြစ်ရင်နေ သူယုတ်
မာမဖြစ်အောင် အမြဲကြိုးစားနေထိုင်မယ်ဆိုသည့် သူ့ရဲ့ဘဝခံယူ
ချက်မူအရ သူ မတ်တပ်ထရပ်လိုက်၏။

ယမင်းသော်တာက ခံစားမှုအရှိန်တက်နေတာ ပျက်သွား
၍ အံ့သြဟန်ဖြင့် သူ့လုပ်ရပ်ကို တွေကြည့်နေ၏။

'ကိုယ်တို့ အဲဒီလိုခိုးပြေးပြီး လက်ထပ်ကြလို့မဖြစ်ဘူး
ယမင်းရယ်၊ မင်းရဲ့ပညာရေးကတစ်ပိုင်းတစ်စ ကိုယ့်ရဲ့ပညာရေး
လည်း ကိုးလို့ကန့်လန့်၊ မင်းမိဘတွေ သဘောမတူတာကို
သဘောတူလာအောင် ကိုယ့်ဘက်က ကြိုးစားပါရစေ၊ သဘော
တူလာတဲ့အခါကျမှပဲ'

ယမင်းသော်တာက အံ့သြရာမှ ရှက်သွေးဖြာသွားကာ
သူ့ကို မော့ကြည့်ရင်း ခေါင်းတခါခါပြု၏။

'အဲဒီနည်းနဲ့ဆို သူနဲ့ကျွန်မဝေးရဖို့ မြေကြီးလက်ခတ်
မလွဲအောင် သေချာတယ်'

'ဘာမှမကြိုးစားရသေးဘဲနဲ့ သေချာနေလို့ဖြစ်ပါ့မလား'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မမိဘတွေအကြောင်းကို ကျွန်မ အသိဆုံးမို့ပါ၊ ပြီးတော့ မဟာကျော်က လူပါးလူနပ်လူလည်လူကလယ် အခုနေမှ မဟာကျော်လက်ကလွတ်အောင်ပြေးနိုင်မှာ။ နောက်ဆို ဒီလို အခွင့်အရေးမျိုး လုံးဝရမှာမဟုတ်တော့ဘူး၊ မိန်းကလေးဘက်က ဒီလောက်အထိ ဂုဏ်သိက္ခာအရှိန်ချပြီး ပြောနေရတာတောင် သူက နားဝေးနေသေးတယ်'

'ကိုယ်သိပါတယ်၊ သိလွန်းလို့ ကြိုတွေးမြင်ပြီး လုပ်ရကိုင်ရခက်နေတာ မသိဘူး၊ ကြိုတွေးမမြင်ဘူးဆိုရင် အခုပဲ ယမင်းကို လက်ဆွဲပြီး ခိုးပြေးပစ်လိုက်ပြီ၊ ယမင်းအတွက် ငဲ့ညှာနေ၊ ကိုယ့်အတွက် ဘာဆိုဘာမှစဉ်းစားတာမဟုတ်ဘူး၊ ကိုယ့်အိမ်က ကိုယ့်အိမ်ထောင်ရေးဟာ ကိုယ့်သဘောပဲ၊ ကိုယ်ကြိုက်ရာကိုယ်ရွေး၊ ကိုယ်ရွေးတဲ့လမ်း ကိုယ်တိုင်လျှောက်ပဲ၊ ဘာမှ ပိတ်ပင်ဟန့်တားမှုမရှိဘူး၊ ဘယ်သူနဲ့ ဘယ်လိုသဘောတူထားတယ်ဆိုတာတွေ မရှိဘူး'

ယမင်းသော်တာ ထရပ်လာပြီး အောင်လဝန်းရဲ့ မျက်နှာကို စေ့စေ့ကြည့်။ အောင်လဝန်းက လျှော့တိလျှော့ရဲ ပြန်ကြည့်သောအခါ...

'ကျွန်မ သူနဲ့နောက်တစ်ခါဝေးရမှာ သေမလောက်





ကြောက်နေပြီ၊ ရင်ကွဲမတတ် ခံစားလိုက်ရတာ သူ အသိဆုံးပါ၊ သူက ကျွန်မကို ချစ်တယ်ဆိုတာ ဘာလဲ၊ အရင်ကလို တုန့်နေအောင် ချစ်သလို မူးနေအောင် မြတ်နိုးသလိုမျိုးလည်း မဟုတ်ဘူး၊ ကျော်စိုးနောင်ရဲ့ ဝိညာဉ်ကို အောင်လဝန်းဆိုတဲ့ လက်ခံကောင်ကများ ဝင်ရှုပ်နေလို့လား၊ သူသာ ကျော်စိုးနောင်ဆိုရင် ကျွန်မ တစ်ခွန်းပြောလိုက်ရုံနဲ့ အားလုံးပြီးသွားလောက်ပြီ'

အောင်လဝန်း ဖြေရခက်သွား၏။ ခန္ဓာတစ်ခုတည်းကို ဝိညာဉ်နှစ်ခုတွဲမြင်သလို မြင်နေရသော သူမရဲ့ စိတ်ရောဂါ အသစ်အဆန်းကို ဘယ်လိုဆေးဘက်ဆိုင်ရာ အခေါ်အဝေါ်မျိုး တပ်ခေါ်ရမလဲ။ စိတ်မနောရဲ့ ဆန်းကြယ်မှုကြွယ်ဝပုံက အံ့မခန်း လွန်းပေစွ။ မင်းရဲ့အကြည့်အောက်မှာ အောင်လဝန်း အငွေ့ပျံ ပျောက်ပျက်သွားချင်စိတ်ပေါက်လာ၏။ အောင်လဝန်းရင်ထဲမှာလည်း ဆန္ဒနဲ့ အသိတရားက အားပြိုင်လွန်ဆွဲနေကြ၏။ ဆန္ဒက ရသည့်နည်းနဲ့ ယမင်းကို အပိုင်သိမ်းယူခိုင်းနေ၏။ အသိတရားက လူမှုကျင့်ဝတ် နီတိများ၊ ဘုရားဟောအဆုံးအမများ ထုံမွှန်းပြီး တားမြစ်ဆင်ခြင်ခိုင်းနေ၏။

'အိမ်ကိုပြန်ပါ ယမင်းရယ်၊ မဟာကျော်ကို လက်မခံနိုင်ဘူး အပြတ်ငြင်းလိုက်ပါ၊ ယမင်းကို သူတို့စိတ်တည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



မှုရအောင် အရင်ပြုစုပေးကြဦးမှာပါ၊ ချက်ချင်းကြီးတော့ စိစဉ်မှာမဟုတ်ပါဘူး'

ယမင်းရဲ့မျက်နှာ ရက်ဒေါသ ရောင်စဉ်ဖြာထွက်သွား၏။ ဟန်ဆောင်အပြုံးဖြင့် ပခုံးတွန့်၊ လက်နှစ်ဖက်ဖြန့်ကားပြရင်း…

'ယမင်းက ချစ်လွန်းတဲ့ ကျော်စိုးနောင်ရဲ့ အချစ်ဆိုတာ ဒီလိုအဓိပ္ပာယ်မျိုးကို၊ ကျွန်မ သိက္ခာတွေ ပစ်စလက်ခတ် ခြေမွခံလိုက်ရပြီ၊ တုန်လှုပ်စရာပဲ၊ ဒါပေမဲ့ ယမင်းရင်ထဲမှာ သောကတွေခံရတဲ့ဒဏ်နဲ့ ရှင်သန်နေတဲ့ ကျော်စိုးနောင်ရဲ့ အတတ်ပညာတွေ အခုပြန်နုတ်ပယ်ပေးပါ'

ယမင်း စိတ်လှုပ်ရှားမှု လွန်ကဲပြီး အပြောနှင့် အမူအရာတွေ ကွဲလွဲထွက်ပေါ်နေ၏။ ထိုသည်ကိုကြည့်ရင်းဖြင့်သူသိသည်။ သူ့ကိုယ်သူ ကျော်စိုးနောင် အမြန်ဖြစ်လိုက်ချင်သည်။ ဒါဆိုလျှင် ဟန်ဆောင်လုပ်ဇာတ်မဟုတ်တော့။ လိပ်ပြာသန့်သန့်ဖြင့် ယမင်းကို သူဆွဲခေါ်ထွက်ပြေးပြီး ဘေးကင်းရာမှာ လက်ထပ်ဖြစ်မှာသေချာ၏။ သူသည် အောင်လဝန်းဖြစ်နေသောကြောင့် အောင်လဝန်းလိုကျင့်ပြီး အောင်လဝန်းလို ကြံရတော့မည်။

'ဒါဆိုလည်းလာ၊ မင်းကို ကိုယ် ခိုးပြေးမယ်'





'အို… ဟို… ရှင်… တကယ်လား'

အောင်လဝန်းက ခေါင်းညိတ်ပြပြီး ပြတိုက်ထဲမှ သူမလက်ကိုဆွဲခေါ်ထုတ်သွား၏။ အောင်လဝန်းက ခိုးပြေးမည်ဆိုပြီး အငှားကားပေါ်တင်ကာ သူမအိမ်အရောက် မောင်းပို့ပေးဖို့ ပရိယာယ် ဆင်းခေါ်လိုက်ခြင်းဖြစ်သည်။ သို့လိုမှမလုပ်လျှင် မိန်းကလေးတန်မဲ့ လေနှင့်သစ်ရွက်ကြွေလို သူမလွင့်ချင်ရာလွင့်နေပေတော့မည်။

အခြေအနေက မိုးချုပ်ခဲ၍မရ။ အချိန်ရှိတုန်းမှာ ဖြတ်ထိုးဉာဏ်အသုံးချပြီး သူမ မိဘတွေလက်ထဲ ပြန်အပ်ပေးရမည်။ သူ့အပေါ် သံသယဝင်သမျှ ပြစ်တင်ရှုံ့ချမာန်မဲထိုးကြိတ်သမျှ နောက်ဆုံးတရားစွဲဆိုသမျှ သူခေါင်းငုံ့ခံလိုက်မည်။ သည်လိုအကြံဖြင့် ယမင်းသော်တာရဲ့ လက်ကိုဆွဲခေါ်လာသောအခါ အလိုက်သင့်ပါလာရာမှ ယမင်းသော်တာက အောင်လဝန်းရဲ့ လက်ကို ဖြတ်ရိုက်ချလိုက်ပြီး…

'နင်… ဖယ်… ဖယ်စမ်း၊ ဟို… ဟိုမှာကျော်စိုးနောင်၊ ကျော်စိုးနောင်ထွက်သွားပြီ၊ ကျော်စိုးနောင်ရဲ့ဝိညာဉ်ထွက်သွားပြီ'

ယမင်းသော်တာ အလန့်တကြားညွှန်ပြရာသို့ ……



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သောအခါ ပြကွက်တစ်ခုရှေ့မှာ တွေတွေကြီးရပ်ကြည့်နေသော ကျော်စိုးနောင်ကို ဘွားခနဲ တွေ့လိုက်ရ၏။

ယမင်းက အံ့ဩဝမ်းသာပီတိဖြင့် အောင်လဝန်းလက်မှ ရုန်းထွက်ပြီး ကျော်စိုးနောင်ထံ ပြေးဝင်သွား၏။ အောင်လဝန်းတစ်ယောက်မှာ သေရာမှပြန်ရှင်လာသူလို ရုတ်တရက်ကြီး ထင်ထင်ရှားရှားနိုင် နိုင်မာမာတွေ့လိုက်ရ၍ မတ်တပ်တောင့်တောင့်ကြီး ဖွတ်မေ့ ပဒတ်မေ့ မေ့နေမိလေတော့သည်။

* ♠ *



## အခန်း (၁၁)

ကြည့်စမ်း။ ရဲတင်းလိုက်တဲ့ ငနဲ။ ကျော်စိုးနောင်နှင့် ရုပ်ချင်းတူတာနဲ့ ရင်ခွင်ထဲပြေးဝင်လာသည့် ယမင်းသော်တာကို လက်ဖွင့်ကမ်းဆီးကြိုပြီး ပြန်ဖက်ထားလိုက်တာ ကိန္နရာ၊ ကိန္နရီတို့ ရက်ပေါင်းခုနစ်ရာဝေးသလို ခံစားရပြီးမှ ပြန်ဆုံတွေ့သလိုပါပဲ။ တစ်ယောက်ကိုတစ်ယောက် မလွှတ်တမ်းဖက်ပွေ့ထားလိုက်ကြပုံက အောင်လဝန်းရင်တွေ ပြောင်းပြန်လန်ကုန်မတတ်။

"ဟော့… ဟော့လူ… မင်း… ကျော်စိုးနောင် မဟုတ်ဘူး၊ ငါအရင်က ကျော်စိုးနောင် ဝိညာဉ်ထင်ပြီး မင်းနောက်ကို လျှာထွက်မတတ် လိုက်ခဲ့ရတယ်၊ အခုလို လူလုံးလုံးအသွင်နဲ့ မြင်ရတော့မှ မင်းဟာ ကျော်စိုးနောင်နဲ့ အမြွှာညီအစ်ကိုဖြစ်ချင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒါမှမဟုတ်ရင် ကျော်စိုးနောင်ပုံတူမျိုးပွားထားတဲ့ ကျော်စိုးနောင်ကလုံးပဲဖြစ်ရမယ်၊ အဲဒီလိုမှမဟုတ်ရင်တော့ အလွန်ထူးခြားတဲ့ လူတူတစ်ယောက်ပဲဖြစ်ရမယ်၊ မင်းဟာ ကျော်စိုးနောင် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ယမင်းကို လွှတ်ပေးလိုက်စမ်း'

ထိုလူက ခပ်ဆဆပြုံးပြီး ယမင်းသော်တာကို ပို၍တင်းကြပ်စွာဖက်လိုက်ကာ အောင်လဝန်း ၊ သွေးစုတ်ဖုတ်ကောင်မျက်လုံးများနှင့် ပြန်ကြည့်သလို ကြည့်လိုက်ပြီး…

'ကျုပ်က ကျော်စိုးနောင် အစစ်ပဲ'

'မင်း လိမ်တာ ညာတာ၊ ပုံမှားရိုက်တာ၊ ယမင်း မယုံနဲ့၊ ကျော်စိုးနောင် အစစ်က သေသွားတာ သေချာတယ်၊ ဒီကောင် ကျော်စိုးနောင် ဇာတ်လမ်းကိုပါ သိထားပုံရတယ်၊ သတိထား'

'ကျုပ် မသေဘူး၊ သေချင်ယောင်ဆောင်ခဲ့တာ၊ အကြောင်းရှိလို့၊ အခု သေချင်ယောင်ဆောင်နေစရာမလို၊ ငါ့ချစ်သူနောက်ကိုလိုက်လာတာ၊ မင်းသာ ငါ့အယောင်ဆောင်ပြီး ငါ့ချစ်သူအနားမှာ ပတ်ချွေနေတဲ့အကောင်၊ မင်းအကြောင်းကိုသိလို့ မင်းခန္ဓာကိုယ်မှာ ပူးဝင်နေရာကနေ ငါ့ခွာထွက်လိုက်တာ၊ ငါ့ခန္ဓာဟောင်းကို မေ့မြော်နေရာက ပြန်နိုး နိုးထစေပြီး အသက်ပြန်ဝင်စေနိုင်ခဲ့ပြီ၊ ငါပြန်လာပြီ'





ကျော်စိုးနောင်ဖြစ်သွားသော လူက ယမင်းရဲ့မေးစေ့လေးကို ဆွဲကိုင်မော့လိုက်ပြီး ပြုံးကြည့်ကာ…

'ကိုယ်ပြောတာ ယုံတယ်မဟုတ်လား ယမင်း'

ယမင်းက ခေါင်းညိတ်ပြရင်း…

'ရှင့်ကို ဒီလိုအကောင်းပကတိပြန်တွေ့ရလိမ့်မယ်လို့ ကျွန်မ မမျှော်လင့်ရဲခဲ့ဘူး၊ အခု အကောင်းအတိုင်းပြန်တွေ့ရတာ ...ရေးကယ်မတာ၊ ကျော်စိုးနောင် အစစ်ကို အခုမှ ကျွန်မ ပြန်တွေ့ရတာ၊ အို… ဝမ်းသာလိုက်တာ ရှင်ရယ်'

'ဘာမှ ပူပန်စိုးရိမ်မနေနဲ့တော့ ယမင်း၊ ကိုယ် ပြန်ရောက်လာပြီ၊ ဒီကောင့်ကို မောင်းထုတ်လိုက်တော့'

'အင်း… ဟုတ်တယ်၊ အောင်လဝန်း ရှင်သွားတော့'

'ဟာ… မင်းက ငါ့ကို ပြန်နှင်နိုင်းနေတယ်၊ လူလိမ်လူညာ လူကောက်က ငါ့ကို နှင်ထုတ်ခိုင်းနေတယ်၊ သွားရမှာက မင်းကွ၊ မင်း…၊ ယမင်းမိဘတွေနဲ့ မဟာကျော်တို့သိသွားရင် မင်း ဘယ်လိုကွိသွားမယ်ထင်သလဲ၊ ကျော်စိုးနောင် ပြန်ရှင်လာ...ယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ လူပေါင်းရာနဲ့ချီရှိတဲ့ ပတ်ဝန်း...ကျင်မှာ အုတ်ဂူသွင်းခဲ့တာ လိမ်ညာလို့ရမယ် ထင်သလား'

'မင်း သိပ်ညံ့သွားပြီ အောင်လဝန်း၊ လူပေါင်းထောင်



www.burmeseclassic.com

www.burmeseclassic.com



သောင်းသိန်းသန်းရှေ့မှာ ကိုယ့်ကိုယ်ကိုယ်သေပြီဆိုပြီး လိမ်ညာလှည့်ဖြားပြီးတော့မှ အသက်ရှင်ကျန်နေရစ်ခဲ့ပြီး ကိုယ့်ဘဝကို ရာသက်ပန် ဓာတ်မြှုပ်သွားတဲ့လူတွေ ဒီကမ္ဘာပေါ်မှာ လုံးဝမရှိကြတော့ဘူးလို့ မင်းထင်နေသလား၊ ငါ့ဘိုးဘွားပိုင်အမွေကိစ္စတစ်ခုအတွက်ကြောင့် ငါဟာ ငါ့ညီတစ်ယောက်ကို အသက်နှစ်ဆယ်ပြည့်မြောက်ရင် ခွဲဝေပေးရမယ့် ငွေကြေးပစ္စည်းဥစ္စာ တော်တော်များများကို အလွဲသုံးစားပြုပစ်မိလိုက်တယ်၊ ငါဘယ်လောက်အထိလက်ဖွာသလဲဆိုရင် ဟောဒီ ယမင်းကိုတောင် နှစ်ကျပ်သားရှိတဲ့ ရွှေဆွဲကြိုးနဲ့ ရွှေကြုတ်ကို မွေးနေ့လက်ဆောင်အဖြစ် အပိုင်ပေးပစ်ခဲ့တယ်၊ ယမင်း ကိုယ်ပေးခဲ့ဖူးတာ ဟုတ်လား မှတ်မိသေးလား'

'ဟုတ်တယ်၊ မှတ်မိတယ်၊ ယမင်းကို မြတ်နိုးတန်ဖိုးထားလွန်းလို့ သူ့ဘဝရဲ့ အမြတ်နိုးရဆုံးပစ္စည်းလေးလက်ဆောင်ပေးပါရစေဆိုပြီး အတင်းထိုးထည့်ပေးတာ၊ ယမင်းနဲ့ သူနဲ့ချစ်သူဖြစ်ပြီးနောက် နှစ်ရက်အကြာ ယမင်းမွေးနေ့မှာ သူကိုယ်တိုင်ဆင်မြန်းပေးခဲ့တာလေ၊ ယမင်း လက်မခံတာကို အတင်းပေးခဲ့တာပေါ့'

'တွေ့လား အောင်လဝန်း၊ မင်း ငါ့ကိုမသိပေမယ့် ငါက





မင်းဘာတွေလက်သွက်ခြေသွက်လုပ်နေဟာယ်ဆိုတာကအစ သိနေတယ်၊ မင်းကို ရှုဒိုးလိုက်ပြီး ပြန်ထွက်လာတိုင်း ကိုယ်ယောင်ဖျောက်သလို ခြေရာပျောက်ခဲ့တာ ငါပဲ၊ ဝိညာဉ်မဟုတ်ဘူး၊ ယမင်းက ငါ့ဝိညာဉ်စွဲကပ်တယ်အထင်နဲ့ အစွဲအလန်းကြီးပြီး မှိုင်းမိမိန်းမောနေတာကို မင်းက အခွင့်အရေးယူပြီး သိမ်းပိုက်ဖို့ ကြိုးစားတယ်၊ အကယ်ကြောက်လန့်စရာကောင်းလောက်အောင် ယုတ်မာတာက မင်းပဲ အောင်လဝန်း'

'မြေခွေးငစဉ်းလဲက ကျားသတ္တဝါကို ယုတ်မာတယ် ပြောနေတာလား၊ ငါက ပုံပြင်ထဲက ဥပုသ်စောင့်တဲ့ကျားပါ၊ ယမင်းကို အိမ်ပြန်ပို့ပေးဖို့ ငါမြှူဆွယ်ပြီးခေါ်တယ်၊ ယမင်းကို မင်းလည်း ထိန်းချုပ်ထားစရာမလိုဘူး၊ သူ့မိဘအိမ်ပြန်ပို့ပေးလိုက်၊ မင်းအကန့်ကို ရှင်းချင်ရင် သူ့မိဘအိမ်လိုက်ရှင်း၊ အဲဒါ တရားနည်းလမ်းကျတယ်'

'မင်းကို ငါ တရားသူကြီးခန့်နေတာ မဟုတ်ဘူး၊ လူယုတ်မာဘွဲ့ပေးနေတာ'

'မင်း… ယမင်းကို…'

'ယမင်းက ငါ့နောက်ကိုလိုက်ဖို့ဆုံးဖြတ်ပြီးသားပဲ၊ မယုံရင်မေးကြည့်ပါလား၊ ဒီကောင် အောင်လဝန်း ကိုယ်တို့ရှေ့က



www.burmeseclassic.com

www.burmeseclassic.com



ကန့်လန့်ခံနေတယ်၊ ယမင်းပဲ ဒီကောင့်ကို မောင်းထုတ်ပြီးရှင်း ပစ်လိုက်ပါ'

ကျော်စိုးနောင်ဆိုသူက ယမင်းသော်တာနှင့် လှည့်တိုက်ပေးနေ၏။ ယမင်းသော်တာကလည်း အောင်လဝန်းကို မနှစ်မြို့သလို ကြည့်ပြီး ရန်လိုသောမျက်နှာဖြင့်...

'ရှင်နဲ့ ဘာဆိုင်လို့လဲ၊ ရှင့်အပူ တစ်ပြားသားမှ မပါဘူး၊ ရှင်ဖယ်၊ ကျွန်မတို့ကို ခွဲဖို့ကြိုးစားရင် ရှင်ဟာ ကျွန်မအမုန်းဆုံးရန်သူပဲ'

'မဟုတ်သေးဘူး ယမင်း၊ ဒီကောင်ကျော်စိုးနောင်နဲ့တူတာ၊ ကျော်စိုးနောင်အစစ်မဟုတ်ဘူး၊ မင်းအမှားကြီးမှားလိမ့်မယ်၊ ဒီကောင် အကြံသမား၊ မင်း ကျော်စိုးနောင် မဟုတ်ဘူးဆိုရင် မင်းသေချင်ယောင်ဆောင်ခဲ့တဲ့အကြောင်း ယုတ္တိတန်အောင်ရှင်းပြ'

'မင်းကို တရားသူကြီးခန့်နေတာ မဟုတ်ဘူးလို့ ပြောပြီးပြီ၊ ငါပြောပြမိတာတောင် လွန်လှပြီ၊ မင်းနဲ့ဘာဆိုဘာမှ မသက်ဆိုင်ဘူး၊ တကယ်ရှင်းပြရမှာက ယမင်းရဲ့ မိဘတွေရှေ့မှာ'

'အဲဒါကြောင့် ယမင်းကို သူ့မိဘတွေအိမ် ပြန်ပို့ဖို့ ငါ ပြောနေရတာ၊ ငါနဲ့မသက်ဆိုင်ရင် ဒီအခြေအနေအထိ ငါ သွပ်ပါလာပါ့မလား'





'ယမင်း... ယမင်းပဲ ဒီကောင့်ကို ကြည့်ရှင်းတော့၊ ဒီကောင် ခေါင်းမာပုံရတယ်၊ ကိုယ်ရှင်းရင် ရုပ်ကုန်မယ်'

'သူ့ကို အရေးမလုပ်နဲ့၊ ဂရုမစိုက်နဲ့၊ လာ... ကျွန်မတို့ သွားကြမယ်၊ အောင်လဝန်း နောက်ကလိုက်လာပြီး မနှောင့်ယှက်နဲ့နော်၊ နှောင့်ယှက်ရင် ရှင် ခံစားသွားရမယ်မှတ်'

ချစ်သူဘဝကနေ ရန်သူအဆင့်ကို ချက်ချင်းလျောကျသွားရသည့်အဖြစ်။ အပြောင်းအလဲတွေ ဆက်တိုက်မြန်မြန်ဆန်ဆန်ပြောင်းလဲသွား၍ အောင်လဝန်းမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိတော့။

ယမင်းနှင့် ကျော်စိုးနောင်တို့ လက်ချင်းတွဲဆုပ်ပြီး ထွက်ခွာသွားသောအခါ အောင်လဝန်း ငေါင်ကြည့်နေရာမှ ယမင်းလက်ကို ပြေးဆွဲလိုက်၏။

'ယမင်း လိုက်မသွားနဲ့'

'ကဲဟယ်'

မဟာကျော် ခံစားဖူးသည့် ဒူးတိုက်ချက်ကို အောင်လဝန်း ရှောင်လိုက်နိုင်၏။ သို့ပြား ယမင်းရဲ့ ကုတ်ခြစ်ချက်ကို မရှောင်လိုက်နိုင်။ မျက်လုံးတွေ ဖိနှိပ်ခံလိုက်ရ၍ အမြင်အာရုံပြာဝေသွား၏။ ယမင်းလက်ကို မမြင်မစမ်းနဲ့ အတင်းလိုက်ဆွဲစဉ် ယမင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဒူးတိုက်ချက်က သူ့ခွဆုံကို ဝင်ဆောင့်၏။

အင်းခနဲ အော်ပြီး သူ ဒူးခွေညွတ်ကျသွားသည်။ မလိုက်နိုင်တော့။ ကိုယ့်အသက်ထွက်မသွားအောင်ပင် အသက်ကို မျှင်းရှူနေရ၏။

ပြတိုက်ဝင်ထွက်ပေါက်မှ ယမင်းတို့ထွက်သွားကြတာကို ဝမ်းနည်းခံခက်စွာ လှမ်းမြင်လိုက်ရ၏။ ဒူးထောက်ပြီး ထရပ်ရတာကိုပင် ဇဝရက်ပေါင်တက်ပြီး တောင်ထိပ်မှာ ရပ်ရသလို မောပန်းအဏ်ပိယိမ်းယိုင်နေမိသည်။

'ယမင်း… ယမင်း…' ဟုသာ ရေရွတ်ညည်းတွားနိုင်၏။

ကြားညပ်ပါမိရာက ရင်ခုန်လိုက်မိသော ခံစားမှုလေးမှာ ဒဏ်ဝိနာကျင်သည့် ဝေဒနာလေးသာ ရင်ထဲမှာ အမြွတ်ထွက်ကျန်ရစ်ခဲ့တော့သည့်အဖြစ်။

ဩော်… အချစ်… တစ်ခါဖြစ် တစ်ခါပျက်နဲ့ နလံလမ်းကြောင်းမှာ အာရုတိုက်ကြီး ပိတ်ခံနေလေရှာသလား။ ပေါင်ခြံကြားက အတွင်းဒဏ်ရာနှင့် ထွက်ပေါက်ကို မနည်းလျှောက်နေရသော သူ့ကိုအကြောင်းမသိသူတွေက ပိုလီယိုရောဂါ သည်ထင်ကုန်ကြ၏။





အရှက်တွေ ကုန်ပြီ။

'ဟင်း… ယမင်း…

* ♠ *

နောက်တစ်နေ့ ကျောင်းထဲရောက်သောအခါ စာသင်ခန်းထဲမှာ သူငယ်ချင်းတွေနှင့် စုဝေးထိုင်ဖြစ်စဉ် ကွတကွတဖြစ်နေသော သူ့ကို ကာလသားရောဂါသည်ကြီးဟု ထင်ချင်နေကြ၏။

သူက အကြောင်းစုံရှင်းပြပြီး ယမင်းအတွက် စိတ်ပူကြောင်း ပြောပြသောအခါ မာလာခင်က…

'ပူမနေနဲ့၊ ယမင်းက အိမ်ပြန်ရောက်နေပြီ၊ ကျော်စိုးနောင်အတုက ခေါ်ထုတ်သွားတာ ယမင်းမိဘတွေနဲ့ ပြတိုက်ဝင်ပေါက်နားမှာ တိုးရော၊ ယမင်းမိဘတွေနဲ့ မဟာကျော်က ယမင်းကို အတင်းပြန်ခေါ်လာတာပေါ့၊ မဟာကျော်ဆိုတာလေ၊ ကျော်စိုးနောင်အတုကို ကျော်စိုးနောင်ထင်ပြီး ချဲလင်းတွေသွားခေါ်နေလို့ လူကြီးတွေမနည်းပြန်ဆွဲခေါ်လာရတယ်၊ ကျော်စိုးနောင် အတုက ဘာမှပြန်မပြောဘူး၊ ပြုံးပြီးကြည့်ကျန်နေခဲ့တယ် ပြောတယ်၊ မနေ့ညက မဟာကျော် ဖုန်းဆက်ပြောပြလို့ သိရတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို တော်သေးတာပေါ့'

'တော်မနေနဲ့၊ မဟာကျော်က ယမင်းကို စိတ်မချဘူး
ပြီး သူ့မိဘတွေကို အမြန်လက်ထပ်ပေးဖို့ အတင်းပူဆာနေပြ
လူကြီးအချင်းချင်းလည်း မဟာကျော်နဲ့ အရင်အိမ်ထောင်ချပေ
နောက်မှ ယမင်းရောဂါကို ဆက်ကုမယ်၊ ဒီလိုစီစဉ်နေကြပြီလို့
ပြောတာပဲ'

'မဟာကျော်ကိုယ်တိုင် ပြောသွားတာဆိုရင် သက်သက်
မဲ့ကြွားလုံးထုတ်သွားတာပဲ၊ အဲဒီလို လူကြီးချင်းရင်းနှီးခင်မင်စီးပွာ
ဖက်ဖြစ်ရုံနဲ့ သားသမီးချင်း အတင်းစုံမက်ရကြေးလား၊ ကျော်စို
နောင်မှာလည်း နောက်ခံအင်အားတောင့်ပါတယ်၊ လူကြီးစုံရာ
အချိန်မှီလာရောက်တောင်းရမ်းယူရင် ဘယ်လိုလုပ်မလဲ၊ သတို့
သမီးရဲ့ ဆန္ဒအတိုင်းဖြစ်စေမှာလား'

'မိဘတွေရဲ့ ဆန္ဒအတိုင်း ဓာတ်သိဖြစ်သူတွေရဲ့ သာ
မဟာကျော်နဲ့ပဲ ပေးစားမှာ၊ ဒီအချိန်မျာ ကမ္ဘာ့သန်းကြွယ်သူဌေးက
လာတောင်းရမ်း လက်ထပ်ရင်တောင် ယမင်းရဲ့မိဘတွေက လက်
ခံကြတော့မှာ မဟုတ်ဘူး'

'ငါဆိုရင်ကော ငါ့အိမ်နဲ့ငါ့မိဘတွေ အခြေအနေကို
ပြောပြနားဖောက်ရင်ကော မရနိုင်ဘူးလား'





'ဟင်း… နင်က သတို့သမီးရဲ့ဆန္ဒလည်း မရှိ၊ လူကြီး
မိဘချင်းကလည်း မြို့နယ်ချင်းကတောင်နဲ့မြောက်လို ဝေးကွာတဲ့
နေရာမှာ နေကြတဲ့ အစိမ်းသက်သက်တွေ၊ အမေရိကန်သမ္မတ
လောင်း ရွေးကောက်ပွဲမှာဆိုရင် နင်ကမဲအရေအတွက် ဘိတ်ချီး
အဆင့်'

ဘရဏီက ပက်ပက်စက်စက် ဝေဖန်၏။ နန်းမြအေးက

'ယမင်းအနားကို အဲဒီလောက်အဆင့်ထိ သူစိမ်း
ယောက်ျားတစ်ဦးအနေနဲ့ ကပ်ခွင့်ရတာ နင် ပထမဦးဆုံးပဲ အောင်
လဝန်း၊ အဲဒီအတွက်တော့ နင် ဂုဏ်ယူသင့်တယ်၊ ဘယ်သူမှ
မတီးချင်နေ၊ နင့်ကိုငါတီးပေးမယ် လက်ခုပ်'

လူဝင်းကျော်က…

'ကျော်စိုးနောင် အတုကိစ္စကို စဉ်းစားစရာဖြစ်နေတယ်၊
နင် ဘယ်လိုထင်သလဲ မာလာ၊ ကျော်စိုးနောင် မသေဘဲပြန်ရှင်
လာတာလား၊ အမြွှာညီအစ်ကိုလား၊ ဒါမှမဟုတ် တို့ပြည်တွင်းက
သိပ္ပံပညာရှင်တစ်ဦးက လက်ဆော့ခြေဆော့ ထုတ်လုပ်လိုက်တဲ့
ပုံတူမျိုးပွားလူသားလား'

'တစ်ထေရာတည်းတူတဲ့ အမြွှာတွေ မျိုးပွားတယ်ဆိုတာ
ဆေးသိပ္ပံထွန်းကားတဲ့ အနောက်နိုင်ငံတွေမှာတောင် စမ်းသပ်



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ပဲ ရှိပါသေးတယ်၊ သိပ္ပံဝတ္ထုရေးဆရာတွေက စိတ်ကူးယဉ်ပြီး လျှောက်ရေးနေကြတာပါ၊ ပြန်ရှင်လာတာရယ်၊ အမြွှာဖြစ်မယ်ဆိုတာရယ် ဒီနှစ်ချက်ပဲ စဉ်းစားရမှာ'

အောင်လဂန်းက ကျော်စိုးနောင်တစ်ယောက် အမေရိကမှာ ညီဖြစ်သူရဲ့ ငွေတွေအလွဲသုံးစားလုပ်ပြီး ထောင်နန်းစံရမှာစိုး၍ သေချင်ယောင်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ကျော်စိုးနောင်ဆိုသည့်လူပြောပြသည့်အတိုင်း ပြန်ပြောပြလိုက်၏။

'အဲဒါဖြစ်လည်းဖြစ်နိုင်တယ်၊ မဖြစ်လည်းမဖြစ်နိုင်ဘူး'

'သိပ်ကောင်းတဲ့ခန့်မှန်းချက်ပဲ၊ ဘယ်ဘက်မှမလွဲနိုင်ဘူး'

မာလာခင်ရဲ့ ခန့်မှန်းချက်ကို ဘရဏီက ချီးမွမ်းရှုံ့မဲ့လိုက်၏။ လူဝင်းကျော်က…

'ဒါဆို အခု အဲဒီပြဿနာတွေကို ဘယ်လိုနည်းနဲ့ ရှင်းနိုင်သွားလို့ ကျော်စိုးနောင် သေချင်ယောင်ဆောင်ပြီး ပုန်းကွယ်နေရာက ပြန်ထွက်လာရတာလဲ၊ ဒီမှာပဲ ပြန်ထွက်ပြတာလား၊ သူ့မြို့မှာကော လူတွေအထိတ်တလန့်ပြောစမှတ်ဖြစ်ကုန်အောင် ပြန်ရှင်လာကြောင်း ပြသခဲ့သလား'

'အဲဒီလောက်အထိ သိချင်ရင် ကိုယ်တိုင်မေးမှရလိမ့်မယ်'





'စေ့စပ်သေချာမှု အမြဲ လိုအပ်တယ်ဆိုတာ အဲဒါပဲ အောင်လဝန်း'

'ငါလည်း ယမင်းပါသွားလို့ ထူပူပြီး ပြာဝေကုန်တာ၊ သွေးအေးအေးနဲ့ ချက်ချင်းတွေးမိနိုင်ပါ့မလား'

နန်းမြအေးက…

'နင်တို့ကလည်း ရှည်ဝေးလိုက်တာ၊ သိချင်ရင် ကျော်စိုးနောင်တို့မြို့လေးကို သွားစုံစမ်းကြည့်၊ ပြီးရောပေါ့'

နန်းမြအေးရဲ့ စကားကို အားလုံးသဘောတူထောက်ခံကြ၏။ ထိုစဉ်မှာပင် အခန်းထဲက အလွန်ကြည့်ကောင်းသော မိန်းကလေးတစ်ဦး ဝင်လာ၏။ သူမရဲ့အလှကို ပုရိသတွေငေးကြည့်ကုန်ကြသည်။

မာလာခင်က…

'ဟယ်… နေနီနွယ် ပြန်ရောက်လာပြီ'

ဘရဏီက…

'ဟုတ်ပါ့ဟယ်၊ အရင်ကနဲ့ဘာမှမဆိုင်ဘူး၊ ချောလှလာလိုက်တာ၊ အမေရိကားက သူ့အမျိုးတွေဆီ သွားနေတာ၊ အခုမှ ပြန်ရောက်လာတယ်၊ ပလပ်စတစ် ဆာဂျာရီနည်းနဲ့ သူ့ပါးသိုင်းပြသလိုဖြစ်နေတာကို ပြန်ချုပ်ပြုပြင်လိုက်တယ်နဲ့တူတယ်၊ လှ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီနော်၊ သွားလေးတွေကလည်း ဖွေးလက်စီရီနေတာပဲ၊ အသားတွေပိုဖြူလာတယ်၊ ဝတ်စားထားတာကလည်း ကော့ပျံနေတာပဲ၊ သူ့ကြည့်ရတာ ပျော်ပြုံးနေတာပဲ'

နန်းမြအေးက...

'အဲဒီ နေနီနွယ်က ယမင်းနဲ့ မဟာပြိုင်ဘက်ကြီးတွေ၊ တက္ကသိုလ်စတက်တဲ့ ပထမနှစ်ဝက်လောက်မှာပဲ ယူအက်(စ)အေမှာ ဇီဝကမ္မသုတေသနလုပ်ငန်း တာဝန်ထမ်းဆောင်နေတဲ့ သူ့ဦးလေးမိသားစုဆီကို အလည်ရောက်သွားတာ၊ ဟိုမှာပဲ ဝင်ခွင့်ဖြေပြီး ကျောင်းဆက်တက်ဖြစ်သွားတယ်၊ အခုဟာ ကျောင်းကို အလွမ်းပြေလာကြည့်တာနဲ့တူတယ်၊ သူ့သူငယ်ချင်း နန္ဒာမင်းတို့၊ ပူတူးတို့ ပေရယ်တို့ရှိတယ်လေ၊ အဲဒီအဖွဲ့က သူ့ကိုဆရာမကြီး နေနီနွယ်မရှိကတည်းက ဝပ်သွားတာ၊ ကျုပ်တို့အဖွဲ့ကို မယှဉ်နိုင်တော့ဘဲ ပိပြားသွားတာ၊ ကြည့်စမ်း၊ ဟိုမှာ သူတို့အဖွဲ့တွေ ပြန်ဆုံတွေ့ခန်းဖွဲ့နေလိုက်တာ၊ လက်ပံပင် ဆက်ရက်ကျနေသလိုပဲ၊ အောင်မယ်... အောင်မယ်... ဘုရားကြီးရေ ငါတို့အဖွဲ့ကို ပြန်ထောင်ပြနေလိုက်တာ၊ မျက်စိစပါးမွေးစူးလိုက်တာနော်၊ အသည်းတွေကောင် ယားလာပြီ၊ နန္ဒာမင်းက အကဲဆုံး ဟွန့်'

မာလာခင်က...





'ရှင်တို့ တိတ်တိတ်နေကြ၊ တွေ့လား နေနီနွယ် ကျုပ်တို့ဘက်ကို အမြောက်နဲ့လှည့်ချိန်သလို လှမ်းကြည့်လာပြီ၊ နေနီနွယ်က လေလုံးကြွားလုံးတွေ မပစ်ဘဲ စိတ်ထဲရှိတာ သူ့အဖော်တွေကို ကြိတ်ပြောလိမ့်မယ်၊ အဲဒီအတိုင်း ဟိုဟာတွေက လေလုံးမိုးလုံးအမြောက်ဆန်နဲ့ သူတို့ဖိနှိပ်ခံထားရသမျှ အတိုးချပြန်ပစ်ပြီး ကျုပ်တို့ကို ကလိတော့မယ်၊ ကြည့်နေ နားထောင်နေ'

'ဟယ်... အော်စကာ၊ ဂရမ်မီဆုပေးပွဲတွေမှာ ကမ္ဘာကျော်မင်းသမီးအဆိုတော်တွေ ပွဲတက်ဝတ်စုံထုတ်ပေးတဲ့ ဒီဇိုင်နာတွေရဲ့ ဈေးအကြီးဆုံး ဝတ်စုံတွေဝယ်လာတယ်၊ ရောဘတ်တိုကယ်ဗာလ်လီရဲ့ ဝတ်စုံနဲ့ ဗီယန်ဖရာနီဝတ်စုံတွေလည်းပါတယ်၊ ကျောင်းချိန်ပြီးရင် နေနီတို့အိမ်ကို လိုက်ခဲ့မယ်၊ နားဆွဲလေးက လှလိုက်တာ၊ ကေသီ ဝါးတားမင်းနားဆွဲလား၊ ဂျူလီယာရောဘတ်စ်ဆွဲတာပေါ့နော်၊ နီကိုးလ်ကစ်ဒ်မန်းဆွဲတဲ့ လည်ဆွဲတဲ့လား၊ ဒီလိုမျိုးတွေ သုံးဖူးရင် ကျွန်မတော့ သေပျော်ပါပြီ၊ မျှော်တော်ရောင်တွေကတော့ ပါးစပ်ကြီးတွေဟပြီး အံ့သြနေကြရုံပဲ တတ်နိုင်တော့မှာပေါ့'

နန္ဒာမင်းက မကြားတကြားလေသံဖြင့် နှိပ်ကွပ်လိုက်၍ မာလာခင်တို့ မိန်းကလေးတွေ အမြန်ပါးစပ်စေ့ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



အောင်လဝန်းနှင့် လှူဝင်းကျော်တို့က မိန်းမများ၏ လေသေနတ်စစ်ပွဲကို ဘေးထိုင်ဘိုင်ကျသလို နားစွင့်အကဲဖြတ်နေလိုက်ကြ၏။ ဘရဏီက…

'ဟွန့်… အတုတွေဝယ်လာပြီး ကြွားပြီ၊ သူက အလုပ်တစ်ဖက်နဲ့ ကျောင်းတက်တာ၊ တစ်လဒေါ်လာဘယ်လောက်ရမှာမို့လို့ ဒါမျိုးတွေ ဝယ်နိုင်မှာတဲ့လဲ'

'အေးလေ၊ တစ်နှစ်စာအုပ်အားစုရင်တောင် မမှီနိုင်တာတွေလာကြွားနေတယ်၊ နားကြားပြင်းကတ်လိုက်တာ'

နန်းမြအေးကပါ မကြားတကြား ပြန်ပြော၏။ တစ်ဖက်မှလည်း တီးတိုးတီးတိုး ခေါင်းချင်းဆိုင်သွားကြ၏။ မျက်ခုံးမွေးတစ်ခါဆွဲချိန်အကြာမှာ ပူကူးက…

'ဟယ်… နေနီက ခေါင်းလျှော်ရည်ကြော်ငြာရိုက်ပေးခဲ့တယ်၊ မော်ဒယ်လ်လိုင်းဝင်ပြီး နာမည်ရနေပြီတဲ့၊ တစ်ခါရိုက်ရင်ဒေါ်လာတွေအများကြီးရတော့ စုငွေနဲ့ ဝယ်နိုင်တာပေါ့၊ မနာလိုသူတွေသာ မုဒိတာမထားနိုင်ဘဲ ပလွတ်ပလပ်ပြောဖို့ပဲ တတ်ကြမှာ'

'ဟုတ်တာပေါ့ကွယ်၊ မှန်တာပေါ့ဟယ်'

'ဟော့… ဟော့… နေနီက Revlon ကြော်ငြာပါ ရိုက်ခဲ့





သေးတယ်တဲ့'

'ဟယ်… အောင်မြင်မှု အပြတ်ရနေပါလား နေနီရယ်၊ တို့ နေနီက အဖက်ဖက်က မယှဉ်သာအောင် သာလွန်နေပြီ၊ ဘယ်သူယှဉ်မလဲ၊ အပြတ်နောက်ကောက်ကျကျန်သွားမယ်၊ ယှဉ်မရာတောင် မလိုတော့ဘူး၊ နေနီပြိုင်ဘက်ကြီးက ဂေါက်နေပြီသတင်းကြားတာပဲ၊ ဂေါက်အဖွဲ့တွေနဲ့ တွဲမှတော့ ဂေါက်ဖြစ်သွားတာပေါ့ (ရယ်သံများ)'

နေနီနှယ်တို့အဖွဲ့ ပြောဆိုနေသမျှ အတိုင်းသားကြားနေရ၍ မာလာခင်တို့အဖွဲ့ ဒေါမာန်လှိုင်းထကုန်ကြ၏။ နန်းမြအေးကခါးထောက်ပြီး ရုပ်ပြောင်လုပ်ပြ၏။ ဘရဏီက နန်းမြအေးကိုဆွဲဆိတ်ရင်း…

'နင်လုပ်မှ ပိုဂေါက်ဆန်သွားပြီ၊ ပြောပါစေ၊ ကျုပ်တို့ပြောရမယ့်အလှည့်ကျမှ ခေါင်းနဲ့မြေကြီး ကပ်ဖိထားသလိုကိုပြောပစ်မယ်၊ ကျုပ်တို့ရဲ့ ဆရာမ ယမင်းကိုတော့ အားကိုးမျှော်လင့်ခြင်းမရှိတော့ဘူး၊ နေနီနှယ်ကို ယှဉ်နိုင်ဖို့ ဘယ်လိုလုပ်ကြရင်ကောင်းမလဲ'

လှူဝင်းကျော်က…

'တော်တော်ကြီးမားတဲ့ ပြဿနာပဲ၊ ဘတ်ကီ[illegible]ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရှင်းနိုင်းရမယ်၊ ယမင်းအတွက် စဉ်းစားနေတာ၊ ဒီလို မိန်းကလေးအချင်းချင်း စကားစစ်ထိုးတဲ့ပွဲတော့ ငါတို့အားမပေး နိုင်ဘူး၊ ရွှေညီအစ်မတွေ ကြည်ဖြူတဲ့ ဆက်ဆံရေးနဲ့ ခွင့်လွှတ် စိတ် များများမွေးစမ်းပါ၊ မဟုတ်ဘူးလား ရွှေညီအစ်ကို အောင် လဝန်းရာ'

'ဟုတ်တာပေါ့၊ ရွှေညီအစ်ကိုနှစ်ယောက်ကျန်သေးတယ်၊ တစ်ယောက်က အိမ်ဖြူတော်မှာ၊ တစ်ယောက်က ဂျော်ဒန်မှာ ပါလက်စတိုင်းနဲ့ အစ္စရေးတို့ရဲ့ အရှေ့အလယ်ပိုင်းပြဿနာ ဖြေ ရှင်းနေကြတယ်၊ ကလင်တန်နဲ့ ဟူစိန်ပေါ့၊ အချဉ်တွေအစားများ ပြီး အိမ်သာရောက်နေကြပြီလေ'

မာလာခင်က ပညာဉာဏ်ကြီးသူပီပီ ခံခေါက်ရင်း အတွေးနက်နက်နှိုက်တွေးနေ၏။ နေနီနွယ်က သူမအဖွဲ့တွေနှင့် ကျော့ကျော့ကော့ကော့လေး အပြင်ကိုထွက်သွားကြ၏။ ပုဇွန်မျက် လုံး၊ ငါးမျက်လုံးတွေနှင့် လိုက်ငေးနေသော လူဝင်းကျော်နှင့် အောင်လဝန်းကို နန်းမြအေးက...

'ခေါ်တောတစ်ထောင်ဗို့အားနဲ့ ရှိုးနေလိုက်ကြတာ၊ သွား ရေတွေတမျှားမျှား ကျကုန်ပြီ၊ ဒီလောက်ကြီးလည်း သုနေတာ မဟုတ်ပါဘူး'





'အင်္ကျီဒီဇိုင်းလေးလှလို့ လိုက်ကြည့်တာပါဟာ'

'နားဆွဲလေးလှလို့ ငါလည်းကြည့်မိတာ၊ ဆံပင်ပုံစံလေး ကလည်း တစ်မျိုးလေးကြည့်လို့ကောင်းတယ်နော်၊ ယမင်းနဲ့ ပြိုင်ဘက်ဆိုတာက ကိုယ်ကာယအလှမယ်ပြိုင်ဘက်တွေလား'

'ဟုတ်တယ်၊ မယ်ရွေးပွဲအတွက် ယှဉ်ပြိုင်ကြတော့ ယမင်းက ပထမ၊ နေနီနွယ်က ဒုတိယ၊ ကွင်းန်ရွေးတော့လည်း ယမင်းက ရသွားတယ်၊ နေနီနွယ်က နှစ်ကုန်အောင် မနေလိုက် လို့ ဖောင်မယ်သစ်လွင်ကြိုဆိုပွဲနဲ့ ဝေးသွားတယ်၊ နေနီနွယ်နဲ့ ယမင်းက ဘယ်နေရာမှာမဆို ပြိုင်ဘက်၊ ပညာရေးဆိုလည်း သူမသာ ကိုယ်အသုဘတွေပေါ့၊ လူမှုရေးဆိုလည်း ရင်ဆိုင်ယှဉ် ပြိုင်နေကြ၊ နေနီနွယ်က အပြုံးချိုချိုလေးနဲ့ အေးဟန်ရိုးဟန်ဆောင် ပြီး အတွင်းစိတ်က ကြိတ်ကောက်တတ်တယ်၊ သူတစ်ဖက်သား ကို ပျက်စီးအောင်လည်း ကွယ်ရာကနေ ထိုးနှက်တိုက်ခိုက်တတ် တယ်၊ မနာလိုဝန်တိုမှုကို မျက်နှာမှာ မပေါ်အောင် ဖုံးဖိနေထိုင်တဲ့ နေရာမှာ နေနီနွယ်ဟာ ဂျပန်လူမျိုးတွေထက်တောင် မျက်နှာတည် တတ်ပုံသာသေးတယ်၊ တို့ရဲ့ယမင်းက အတွင်းစိတ်ကောင်းတယ်၊ အကောက်ကြံတာ မလုပ်တတ်ဘူး၊ လူတစ်ယောက်ကိုမုန်းရင် ပေါ်တင်ပဲ အပြတ်ပြောတတ်တယ်၊ ဟန်မဆောင်ဘူး၊ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အတင်းလိုက်တဲ့လူတွေကို ကြိုးရှည်ရှည်နဲ့လွှန်မထားဘူး၊ အပြတ်ပြင်းပစ်တတ်တယ်၊ နေနီနွယ်ကတော့ ဆန့်ကျင်ဘက်ပဲ’

အောင်လဝန်းက စိတ်ပါဝင်စားစွာ နားထောင်နေ၏။ လှုဝင်းကျော်က…

‘အောင်လဝန်းက ကျောက်တန်းဘက်လာတတ်တဲ့ ကျောင်းသူလေး ဥမ္မာခင်ကို ငမ်းကြောထပြီး သန်လျက်ဘက်က ကိုဦးတို့ မင်းထက်နိုင်တို့အဖွဲ့တွေနဲ့ သွားတွဲနေတာ၊ ဒီဘက်က အဖြစ်တွေကို ဘယ်အာရုံရပါ့မလဲ၊ ငါကတော့ တစ်ကျောင်းလုံး မွှေနေတဲ့ ယူဉ်ဆိုတော့ ဟိုအဖွဲ့နဲ့တွဲလိုက်၊ ဒီအဖွဲ့နဲ့တွဲလိုက်နဲ့ အားလုံးကို ဟိုစပ်စပ် ဒီစပ်စပ်သိနဲ့ သိနေလို့ စပ်စိန်ကြီးလို့တောင် ခေါ်နောက်ခံရသေးတယ်’

‘ဟုတ်တာပေါ့၊ ငါလည်း ဥမ္မာခင်ကို သူ့မိဘတွေက ကျေးလက်ဘော့စ်တစ်ယောက်နဲ့ အိမ်ထောင်ချပေးလိုက်ပြီးကတည်းက စိတ်လေပြီး လွင့်နေတာ၊ ကိုဦးတို့နဲ့ သွားမတွဲတော့ဘူး၊ သွားတွဲရင် ဝေဒနာဟောင်းတွေ ပြန်သစ်သလို ခံစားရလွန်းလို့ တစ်ကိုယ်တော် လွင့်မျောနေလိုက်တာ၊ လှုဝင်းကျော်နဲ့ ပြန်ဆုံပြီး ဒီအဖွဲ့ထဲကို ရောက်လာတော့မှ ကျောင်းထဲမှာ ငါ လျစ်လျူရှုနေတတ်ခဲ့လို့ မသိရတဲ့အကြောင်းတွေ အများကြီးပါ





လားဆိုတာ အခုမှသိလာရတယ်၊ ကင်းတွေ ကွင်းတွေကို ငါ သတိမထားခဲ့မိတာလည်း ပါမှာပေါ့၊ အေးပေါ့လေ၊ ဥမ္မာခင်မှ ဥမ္မာခင် ဖြစ်ခဲ့တာကို၊ အခုတော့…’

ဘရဏီက…

‘ယမင်းမှ ယမင်းဖြစ်နေပြန်ပြီပေါ့လေ၊ ခဲမှန်ဖူးတဲ့ စာသူငယ်ကြီးပါလား၊ သူလည်း ခေသူမဟုတ်ပါပေါ့နော်’

မာလာခင်က အောင်လဝန်းစကားကို သိပ်စိတ်မဝင်စား။ နန်းမြအေးဘက်လက်တို့ပြီး…

‘နေနီနွယ် ဒီကိုလာလည်တာ အပြီးပြန်လာပြီး ကျောင်းတက်မှာလား၊ ငါ့အထင်တော့ နန္ဒာမင်းတို့နဲ့ ဒီနေ့မှ စတွေ့ရပုံ ထောက်ရင် လာလည်တာလို့ပဲ ထင်တယ်၊ နင်တို့သဘောကရော’

‘ယမင်းကို ပြန်ယှဉ်ပြိုင် အနိုင်ယူချင်လို့ ရောက်လာတာ ဖြစ်ရမယ်’

ဘရဏီရဲ့စကား။ နန်းမြအေးက…

‘ဒီအချိန်မှာဆိုရင်တော့ ယမင်းခံရမှာ အလူးအလဲပဲနော်၊ အင်း… ယမင်းတင်မဟုတ်ဘူး၊ တို့ပါ ခံစားရတော့မယ်၊ နန္ဒာမင်းတို့ ပူတူးတို့ ခေါင်းထောင်ခေတ်ထချိန် တကျော့လည်သာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီကိုး၊ တို့တော့ တူဖြစ်တုန်းက ထုခဲ့သမျှ ပေဖြစ်တော့မှပဲ အထုခံရတော့မှာပါလား'

လှဝင်းကျော်က…

'အထုခံတယ်ဆိုတာ တချို့နေရာတွေမှာ အထုခံလို့ကောင်းတယ်ဟ'

ဘရဏီက မျက်လုံးပြူးသွားပြီး…

'နင့်စကားက ဘာကြီးလဲဟ'

'သြော်… ကိုယ့်ချစ်သူက ကိုယ့်ကို လက်သီးဆုပ်ဖွဖွလေးနဲ့ ထုတာခံလို့ကောင်းတာပဲမဟုတ်လား၊ ဇက်ကြောတက်နေတဲ့အချိန် ပခုံးနဲ့ လည်ပင်းနောက်ဘက် ကုတ်ပိုးကို လက်သီးဆုတ်ဖွဖွလေးနဲ့ ထုပေးရင် ဇက်ကြောတက်သက်သာပြီး ခံလို့ကောင်းတာပဲ မဟုတ်လား'

နန်းမြအေးက လှဝင်းကျော်ရဲ့ ကျောကို တဘုံးဘုံးထုပစ်လိုက်ပြီး

'အခုဟာက အဲဒီလိုအထုခံရမှာကို ပြောတာ၊ ဆက်အထုခံချင်သေးလား၊ အဆုတ်ကွာအောင် ထုပေးမယ်'

လှဝင်းကျော် ကျောကော့ပြီး နေသာထိုင်သာရှိသွား၏။ အောင်လဂန်းက…





'ယမင်းနဲ့ပတ်သက်ရင် ထူးဆန်းတဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် ဝင်နွှယ်လာတော့တာပဲ၊ ပထမက မဟာကျော်၊ ဒုတိယက ကျော်စိုးနောင်အတု၊ တတိယက နေနီနွယ်၊ သူ့ထက် ငါလူစွမ်းကောင်းတွေချည်းပဲ၊ နောက်ထပ်ဘယ်လိုလူတွေ ထပ်ပေါ်လာဦးမလဲ၊ အင်း… ငါနဲ့မဆိုင်သလို နေနိုင်ရင် နေလိုက်ချင်တယ်၊ အခုဟာက ဝင်သက်ဆိုင်မိလို့ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး ယမင်းကို…'

'နင်စွဲလမ်းမှုကလည်း မြန်ဆန်လိုက်တာဟယ်၊ အရှက်အကြောက်လေးလည်း ထားပါဦး၊ ဟိုက ကျော်စိုးနောင် အမှတ်နဲ့ အခွင့်အရေးပေးခဲ့တာ နင်ကတော့ အရူးအမဲသားကျွေးမိသလိုဖြစ်နေပြီ'

နန်းမြအေးရဲ့ စကား။ မာလာခင်က…

'လူနာအမဲခြောက်တောင်းသလို ယမင်း ယမင်းနဲ့ တမင်းတည်းမင်းနေတဲ့ အောင်လဝန်းရဲ့ ရောဂါကို ဘယ်လိုကုသပေးရင်ကောင်းမလဲ'

'အေး… ငါ့ကို ကူညီကယ်ဆယ်ကြပါဦး၊ နောက်မှ ရောက်လာတဲ့ အပေါင်းအသင်းဆိုပေမယ့် ကိုယ့်တစ်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တည်းနေတဲ့ ကျောင်းသူကျောင်းသားအချင်းချင်း၊ ရွှေညီအစ်ကို ညီအစ်မချင်းတွေ တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေရတဲ့ ဘင်္ဂလားမောင်နှမတွေမို့ ကယ်တော်မူပါ၊ အမေ အရုပ်ရှစ်မျက်နှာပိုင် မယ်တော်စုန်းမကြီးရယ်'

အောင်လဝန်းပိတ်ထည့်လိုက်သည့် စကားကြောင့် မာလာခင် ဘီလူးစိတ်ဝင်သွား၏။ နန်းမြအေးက ဟား၏။ လူဝင်းကျော်က ပြုံးစိစိ၊ ဘရဏီက...

'နင်လုပ်မှပဲ အမေအရုပ်ရှစ်မျက်နှာမယ်တော် အသစ်ပေါ်လာတော့တယ်၊ နင့်ရောဂါပျောက်ဆေးက မာလာခင်ဖော်စပ်တတ်ပါတယ်၊ မာလာခင်ရဲ့ ဦးလေးက သိပ္ပံပညာရှင်၊ သိပ္ပံဘွဲ့ရပြီး လက္ခဏာလှည့်ဟောနေတာ၊ တီထွင်တတ်တဲ့နေရာမှာ ဆရာ့ဆရာပဂေးကြီး၊ အခုတော့ အခြောက်ကြီးဖြစ်သွားပြီ၊ အဲ... အယ်ယောင်ပြောမိကုန်ပြီ၊ မာလာ့ဦးလေးက ဆန်ကို ထမင်းဖြစ်အောင် သိပ္ပံနည်းကျ ကျိုချက်ဖော်စပ်တတ်တယ်၊ ငရုပ်သီးကို လေးခြမ်းကွဲ၊ အလျှော်မှုန့်၊ အစိမ်းမှုန့်ဖြစ်အောင် ဖော်စပ်ထုတ်လုပ်တတ်တယ်၊ အဲဒီလို တီထွင်မှုပညာတွေ မာလာတတ်ထားတာ အခုကြည့်လေ မေ့ဆေးကို တီထွင်ဦးမယ်၊ အချစ်နဲ့ပတ်သက်တဲ့





သီးသန့်မေ့ဆေးနော်၊ မာလာရေ... နင် ဟိုတစ်ခါ ဟူစိန်ကို ပေးတဲ့ မေ့ဆေးလေး စမ်းကျွေးကြည့်ပါလား၊ ဟူစိန်က အိန္ဒိယနဲ့ တရုတ်ချစ်ကြည်ရေးပေါင်းကူးချင်တယ်ဆိုပြီး ရူပါဆိုတဲ့ ဟောင်ကောင်မယ်လို ကောင်မလေးကို အသေလိုက်ကြိုက်တာ၊ ဟိုက မခိုက်လို့ အသည်းကွဲပြန်လာတယ်၊ ရူပါကို ဝက်သားမြင်တိုင်းသတိရတယ်၊ ကြေးအိုးမြင်တိုင်း လွမ်းရတယ်၊ မေ့လို့မရတဲ့ စိတ်နဲ့ သေမိတော့မယ်ဆိုလို့ မာလာက မေ့ဆေးဖော်ကျွေးလိုက်တာ၊ တစ်ခါတည်း တန်းမေ့သွားတာပဲ၊ ရူပါနဲ့ပတ်သက်သမျှ မေ့သွားလိုက်တာ ရူပါကိုမြင်တာတောင် တိုင်မှတ်လို့နှပ်မသုတ်တော့ဘူး'

အောင်လဝန်းတစ်ယောက် နန်းမြအေးစကားထဲမှာ နစ်မျောနေစဉ် မာလာခင်တစ်ယောက် အောင်လဝန်း မမြင်အောင် စပရိမ်မျက်နှာဖြင့် အလုပ်တွေရှုပ်နေ၏။ နန်းမြအေးက...

'အဲဒီမေ့ဆေး မာလာ့မှာပါလာတယ် မဟုတ်လား'

မာလာခင်က လွယ်အိတ်ထဲ ဖြရဲရှာပြီး...

'ဟယ်... နင် ကံကောင်းတယ် အောင်လဝန်း၊ ငါ ညကစာကြည့်ရင်းနဲ့ ဆေးထုတ်ဖြေကြည့်တာ ဆေးတွေပါလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မေ့ပြီးပါလာတာနဲ့တူတယ်၊ နင်သောက်မလား၊ ဒီမှာရော့'

တစ်သျှူးစလေးတွေနဲ့ လုံးထားသလို စပါးစေ့ခန့်ရှိသော ဆေးလုံးလေးနှစ်လုံးကို တွေ့လိုက်ရ၏။ မသင်္ကာစရာကောင်းနေ၏။ ဆင်ခြင်ဉာဏ်သိဖြင့်...

'နင်တို့ပြောသလို မေ့ဆေးမျိုးက ကမ္ဘာမှာပေါ်နေပြီဆိုတာ ငါတစ်ခါမှ မကြားဖူးဘူး၊ ဟုစိန်သာ လိုင်းကြောင်ပြီး သောက်မှာ၊ ငါ ကလေးမဟုတ်ဘူး၊ တစ်ခုတော့ရှိတယ်၊ ငါ သောက်စေချင်ရင် ဆေးပိုင်ရှင် မာလာခင်လည်း တစ်လုံးသောက်ရမယ်၊ ဒါဆို ကျန်တဲ့တစ်လုံး ငါသောက်လို့ဖြစ်တယ်'

'မသောက်ချင်လည်းနေဟာ၊ လာမကြီးကျယ်နဲ့၊ စေတနာကို စော်ကားတယ်၊ ငရဲကြီးရှစ်ထပ်မှာ ဂျိုးကပ်ပြီး ဂျိုးကြော်ဖြစ်သွားမယ်နော်'

မာလာခင်က ဆူဆူအောင့်အောင့်ပြန်ပြော၏။ ဘရဏီက

'သောက်ပြလိုက်စမ်းပါဟယ်၊ မာလာ့မှာလည်း မေ့စရာလူရှိနေတာပဲ၊ ဘယ်သူလဲ မေးချင်သေးလား၊ ဟုစိန်လေ'

'ဟယ်... နောမ၊ ဟုစိန်က နင့်ပါပါး'

မာလာခင်က ဟီဟီလုပ်ပြီး...





'ဂျိုးကြောင်လဝန်း ဂျိုးကြောင်ကျမနေနဲ့၊ ငါ အရင်သောက်ပြမယ်၊ ကဲ... တွေ့လား၊ လျှောခနဲပဲ၊ တစ်မိနစ်အတွင်း ဆေးစွမ်းပြတော့မယ်၊ ဒါ... သေဆေးမဟုတ်ဘူး၊ ယုံ'

'ယုံပါတယ်၊ ငါ နန်းမြအေးဘက်လှည့်နားထောင်နေတုန်းက မာလာနဲ့ ဘရဏီတို့ စပရိမ်မျက်နှာတွေဖြစ်အောင် နှပ်ချေးနှိုက်ပြီး ဆေးလုံးအမြန်လုံးနေကြတာ၊ ငါ့မျက်ဝန်းထောင့်စွန်းက မြင်သိပြီးသား၊ အခုကိုယ့်အတတ်ကိုယ်စူးပြီး မာလာခင်တော့ ကိုယ့်နှပ်ချေးကိုယ်ပြန်စားလိုက်ရပြီ၊ ဘရဏီရဲ့ဟာပါ ရောထားတာဆိုတော့ တွေးမိရုံနဲ့ ရင်ထဲပျို့တက်လာတယ်'

'နှပ်ချေးမဟုတ်လို့ စားရဲတာပေါ့၊ ထပ်စားရဦးမလား'

'ဟဲ့... မာလာ၊ ဒီဆေးတစ်လုံးက အောင်လဝန်းဖို့လေ၊ ဒီမှာ အောင်လဝန်း၊ ဒါ နှပ်ချေးမဟုတ်ဘူး၊ မယုံရင် ငါစားပြမယ်၊ နင်နောင်တမရနဲ့'

ဘရဏီက ဆေးလုံးယူပြီး ပါးစပ်ထဲထည့်မည်ပြုသောအခါ အောင်လဝန်းက လက်ဖမ်းဆွဲထားလိုက်ပြီး

'အဲဒီဆေးလုံးပေး၊ ငါ စစ်ဆေးကြည့်ဦးမယ်'

'အချိန်ကြာတယ်၊ နင်မယုံရင် ငါစားမယ်၊ ယုံတယ်ဆို'



www.burmeseclassic.com

www.burmeseclassic.com



ရင်ပါးစပ်ဟာ၊ ပါးစပ်ထဲ ခွံ့ပေးမယ်၊ မျိုးချဖို့ အသင့်ပြင်ထား'

'ပေးပါ၊ ငါ့ပါးစပ် ဟထားတယ်၊ ဒီလောက်ဆိုရင်တော့ နှပ်ချေးမဖြစ်လောက်ပါဘူး၊ ကဲ… ထည့်'

'အင့်… မျိုးချ'

'ဂလု'

'ကောင်းလား'

'ကောင်းငံငံလေးဟ'

'ငံမှာပေါ့၊ အဲဒါ နှပ်ချေးနဲ့ တစ်ရှူးစလုံးထားတာပဲကို'

'နင်တို့ ငါ့ကို အရူးလုပ်တယ်၊ မာလာ ဘာလို့စားတာလဲ၊ နှပ်ချေးဆို'

မာလာက လက်ဖဝါးဖြန့်ပြရင်း…

'ငါက မျက်လှည့်လက်လှည့်တတ်တယ်လေ၊ ဒီမှာဆေးလုံး မမျိုချပဲ မျိုချချင်ယောင်ဆောင်ခဲ့တာပေါ့၊ လူအလေးရယ်'

သူတို့ဝိုင်းလှောင်ပြောင်ကြ၏။ အောင်လဝန်းရှက်မွှန်ထူအမ်းသွားပြီး ပါးစပ်ကို ရေနှင့်ပလုတ်ကျင်းဖို့ အခန်းပြင်ထွက်ကာ ရေသန့်ဗူးဝယ်ရန်အလာ လှုသွားလမ်းမှာ တကျော့ပြန်လှည့်လာသော နေနီနွယ်တို့အဖွဲ့နှင့် တည့်တည့်တိုးတော့၏။ ရှေ့ဆုံး





မှ နေနီနွယ်နှင့် ထုတ်ဆီးတိုးသလို လမ်းလုမိကုန်ကြ၏။ အောင်လဝန်းတိုးမည့်ဘက်ကို နေနီနွယ်က ရှောင်ပေးမိ၏။ နေနီနွယ်တိုးမည့်ဘက်ကို အောင်လဝန်းက တိမ်းရှောင်မိပြန်သည်။ အခေါ်အပြောမရှိသော်လည်း တစ်ခန်းတည်း မြင်တွေ့ဖူးနေကျ ပူတူးက ဆံပင်အမြီးလေး တန်းလန်းဖြင့် အမိန့်လာပေး၏။

'ရှင်… ရပ်နေ'

'ဘာလို့ရပ်နေရမှာလဲ၊ ရေဗူးသွားဝယ်မလို့ဗျ'

'ရှောင်လို့မရအောင် ဖြစ်နေတယ်၊ နေနီ အဲဒါ ဟိုမိန်းမနဲ့အဆက်ဖြစ်လိုက်သေးတဲ့ ငနဲပေါ့'

'ဪ'

'ခင်ဗျား ရပ်နေ၊ ကျွန်တော် ရှောင်ကွင်းသွားမယ် မနေနီနွယ်'

နေနီနွယ်တို့အဖွဲ့တွေ (နှာမည်ပါထည့်ပြောလိုက်၍) အောင်လဝန်းကို အံ့သြသလို ကြည့်ကုန်ကြ၏။ ဧပရယ်က…

'နေနီတို့များ ကျောင်းထဲတစ်ပတ်တောင် မလှည့်ရသေးဘူး၊ ကျော်ဇောမှု ဂုဏ်သတင်းက ချက်ချင်းမွှေးမွှေးသင်းသွားတော့တာပဲ၊ ကြည့်စမ်းပါဦး၊ ဒီလိုငနဲကတောင် သိနေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ငနဲ ငနဲ မခေါ်ပါနဲ့၊ ကျွန်တော့်နာမည် အောင်လဝန်း၊ နောက်ခေါ်ချင်ရင် နာမည်မှတ်ထားပါ'

'အောင်မယ်မယ်... ယမင်းနဲ့တွဲလို့ ယမင်းအကြောလိုက်ပြီး လေသံကအစ ယမင်းဟန်နဲ့ ယမင်းမာန်ဝင်နေတယ်၊ ဘာလို့မှတ်ရမှာလဲ၊ ရှင့်နာမည်ကို၊ ကိုယ့်လမ်းကိုယ်သွားမယ့်အရေး နှုတ်သီးကောင်းလှချည်ပါနဲ့ ရန်ထောင်စကားလှည့်ဆိုနေသေးတယ်'

'ဒီလိုကြေးလား၊ ဒါဆိုလည်း ခင်ဗျားတို့လိုပဲ တုံ့ပြန်ရမှာပေါ့၊ သွားဆိုသွားပါပြီ ငနဲမတွေ့ရယ်'

'ဟယ်'

'ဟင်'

'တေဂျင်းရှိုး'

အော်တုတ်သံတွေ ဆူပွက်ကျန်ခဲ့၏။ လျှာဖြားကင်ကျိုကျိုအရသာကြောင့် တံတွေးမမျိုချရဲ၊ ညစ်ပတ်တာတွေနှင့်မနောက်ပြောင်ကောင်းဘူးဆိုတာ နောက်ပြီးတော့မှ မာလာခင်တို့အဖွဲ့ကို စိတ်ပြေနပြေ ဆုံးမစကားဆိုရဦးမည်။

ရေသန့်ဝယ်သောက် ပလုတ်ကျင်းလိုက်စဉ် ငါးပြတိုက်





မှာ ယမင်းနှင့်ရင်ခုန်လိုက်မောရသောအဖြစ်ကို ပြန်မြင်၏။ လူသွားလမ်းကလေးကို လျှောက်ပြီးပြန်လာတော့ တိုင်းရင်းသားကျေးရွာမှာ ယမင်းနှင့်ပြောဖြစ်ဆိုဖြစ်ခဲ့ကြတာတွေ အမှတ်ရပြန်၏။

တောက်... ဟန်ဆောင်အတုဘဝနဲ့ ရခဲ့တဲ့ ရင်းနှီးမှုတွေအခုတော့ တစ်စစီ ကွဲထွက်ပျက်စီးနေလိုက်တာ။ ကျော်စိုးနောင်အတုက စွမ်းခဲ့ပြီး မေ့ဆေးအတုက မစွမ်းမသာ။ ခံစားလေးလံထိုင်းမှိုင်းတွဲလျ။

(ယမင်း... မင်း... ငါ့ရင်ဘတ်ကို တက်နင်းထားသလိုပါပဲ)

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

အောင်လဝန်းတစ်ယောက် ကျော်စိုးနောင်တို့မြို့လေးကို နေချင်းပြန်ရောက်သွား၏။ ကျော်စိုးနောင် ပြန်ရှင်လာသည့် သတင်းကို ယုံးဝမကြားရ။ ကျော်စိုးနောင်ရဲ့ ဦးလေးတွေမှာလည်း ဘုရားဖူးခရီးထွက်သွားကြ၏။ ကျော်စိုးနောင်ကို တွေ့လိုတွေ့ငြား ရှာကြည့်သေး၏။ မတွေ့။ ကျော်စိုးနောင်အတုဆိုတာ ကြိမ်းသေ သလောက်ရှိပြီ။ နောက်ဆုံးသင်္ချိုင်းက သုဘရာဇာသဖွယ် လုပ် ကိုင်ပေးသော မြေမြှုပ်သူတွေကို စုံစမ်းရှာဖွေတွေ့ရှိမေးမြန်းရ တော့သည်။

ဦးသိန်းဆိုသူ အဘိုးကြီးက အောင်လဝန်းကို စုံထောက် မှတ်၍ ဖြေရမှာ ရှိန်နေသလား မသိ။ တုံဏှိဘာဝေ ပြန်ကြည့်နေ





၏။ ကျော်စိုးနောင်ရဲ့ အုတ်ဂူဘေးမှာ ရပ်မေးနေစဉ် ခြုံကွယ်တစ် ခုမှ ဘွားခနဲထွက်လာသူမှာ ကျော်စိုးနောင်။ နေ့ခင်းကြောင် တောင် နေပူကျဲတဲထဲမှာမို့ အလန့်လွန်မသွားခြင်းပင်။ ကျော်စိုး နောင်က ခနိုးခနဲ့ ရယ်သံနှင့်…

'မင်း ဒီလိုလုပ်လာလိမ့်မယ် ထင်လို့ ငါ့နောက်ရဲ့ဒိုး တစ်ယောက်လိုက်ခိုင်းထားတာ၊ အခုတော့ ငါရောက်စေချင်တဲ့ နေရာကို မင်းရောက်လာပြီပေါ့'

'ဒီအုတ်ဂူမှာ ဖောက်ထားတာ ဘာမှမရှိဘူး၊ မင်းဟာ ကျော်စိုးနောင်အတုပဲ ဝန်ခံလိုက်စမ်းပါ'

'ငါ့အတုလား၊ အစစ်လားဆိုတာကို ဦးသိန်းက ပြောပြ လိမ့်မယ်၊ သင်္ချိုင်းထဲမှာ လူရှင်းတယ်၊ လိုအပ်ရင် အဲဒီပေါက်ချွန်း နဲ့ ဂူပေါက်ဖောက်ပြီး မင်းဘာသာစစ်ဆေးကြည့်ပေတော့'

'ဒီမှာ ငါ့တူ ကျော်စိုးနောင်ဟာ တကယ်မသေဘူး၊ သေချင်ယောင်ဆောင်နေခဲ့တာ၊ ဒီအကြောင်းကို ငါရယ်၊ ကျော် စိုးနောင်ရယ်၊ သူ့ဦးလေးရယ်၊ ဒီသုံးယောက်ပဲ လျှို့ဝှက်သိကြ တယ်၊ ကျော်စိုးနောင်ကို ဂူသွင်းခါနီးမှာ လူတွေအားလုံးကို တရား နာဖို့ ဇရပ်ထဲသွားခိုင်းလိုက်ကြတယ်၊ ပြီးမှ ကျော်စိုးနောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲကထရပ်နိုင်းပြီး ခြုံကွယ်ထဲ ဝင်ပုန်းနေခိုင်းလိုက်တာ၊ ခေါင်းခွံအလွတ်ကြီးပဲ အုတ်ဂူထဲထည့်လိုက်တယ်၊ မယုံရင်တော့ ဂူဖွင့်ကြည့်ပေါ့'

'ဒီသတင်းကို မြို့ထဲပေါက်ကြားခဲ့ရင် သက်ဆိုင်ရာတွေနဲ့ ရှုပ်ကုန်လိမ့်မယ်၊ ကျော်စိုးနောင်က ဒီမြို့ထဲမှာ ရုပ်ဖျက်ပြီးနေတယ်၊ သူ့ညီအတွက် အလွဲသုံးစားလုပ်တဲ့ငွေတွေဆိုတာ သူ့ဦးလေးအတွက် ကူညီပေးလိုက်ရတဲ့နေရာမှာ အသုံးချထားလို့ပဲ၊ သူ့ဦးလေးကလည်း အမြတ်ငွေများများလိုချင်လို့ အရင်းအနှီးကြီးကြီးထည့်ပြီး ကျောက်အရောင်းအဝယ်ကို ဖားကန့်အထိတက်လုပ်တယ်၊ အခုအမြတ်ငွေပေါ်ပြီး အရင်းပြန်ထွက်လာတော့မယ်၊ ငွေရင်းပြန်ရရင် ကျော်စိုးနောင် မသေဘူးဆိုတာ လူတွေကိုပြန်တောင်းပန်ရှင်းပြပြီး ပြန်ရှင်နေလို့ရပြီ၊ သူ့ညီအတွက်လည်း အမွေပြန်ပေးနိုင်ပြီလေ'

ဦးသိန်းက ပြောရင်းမောဂျ စကားနားနေ၏။ ကျော်စိုးနောင်က

'မင်းဟာ ဖော်ကောင်လုပ်လာနိုင်တဲ့အတွက် မင်းနာလည်အောင်တော့ ရှင်းပြသင့်တာ ရှင်းပြရတော့မယ်၊ ငါ့မှာညီ





တစ်ယောက်ရှိတယ်၊ ဇော်ထွန်းအောင်တဲ့၊ ငါတို့မိဘတွေ အိမ်ထောင်ရေးပြိုကွဲခဲ့ရတယ်၊ ငါတို့ညီအစ်ကိုနှစ်ယောက်တည်းမွေးပြီး ဆယ်နှစ်လောက်မှာ ပြိုကွဲခဲ့တာ၊ အကြောင်းရင်းခံကတော့ လင်မယားနှစ်ယောက် အချစ်ကြီးပြီး တစ်ယောက်ကိုတစ်ယောက် အိမ်ထောင်ရေး စည်းဖောက်တယ်ထင်ပြီး စွပ်စွဲပုတ်ခတ်ရာက အကြီးအကျယ် စကားများပြီး အမျက်ကြီးကုန်ရာက ကွဲကုန်ကြတာပဲ၊ ငါ့အဖေဘက်မှာ အကင်မှားစရာကောင်းတဲ့ မိန်းမတစ်ယောက် အဆင်သင့်ရှိနေသလို၊ ငါ့အမေဘက်မှာလည်း အထင်လွဲစရာကောင်းတဲ့ ငယ်သူငယ်ချင်းဆိုတဲ့ ယောကျ်ားတစ်ယောက်က အရံသင့်ရှိနေတယ်လေ'

'ဘယ်လိုမှ ပြန်ညှိလို့မရအောင် အထင်လွဲပြီး မုန်းတီးနာကျည်းကုန်ကြရာက အရွဲ့တိုက်ပြီး သူအတွဲ ကိုယ့်အတွဲ တွဲပြလိုက်တော့ ပိုဆိုးကုန်တာပေါ့၊ ငါက အဖေဘက်ပါလာတယ်၊ ဒီမြို့လေးမှာ အဖေပြန်နေတယ်၊ သူ့ညီ ငါ့ဦးလေး မိသားစုရှိတယ်လေ၊ ဇော်ထွန်းအောင်က အမေနဲ့ မြို့ပေါ်မှာပဲ နေခဲ့တယ်၊ စီးပွားတစ်ဖက်စီ ခွဲခဲ့ပေမယ့် အမေက စီးပွားမရှာတတ်တော့ စီးပွားပျက်တယ်၊ အဖေက စီးပွားရှာတတ်တော့ စီးပွားတတ်ကသေ



www.burmeseclassic.com

www.burmeseclassic.com



အဖေက ကုန်သည်၊ ကျောက်ပွဲစားမျိုးရိုး မိုးကုတ်ကနေ ဒီအောက်ဘက်ရွှေ့နေထိုင်တဲ့ အမျိုးအနွယ်တွေပေါ့၊ ငါ့အဖေစီးပွားရေးအရှိန်းတက်တော့ နောက်အိမ်ထောင်မပြုဘဲ ငါနဲ့ ငါ့ညီလေးအတွက် အမွေခွဲပေးခဲ့တယ်၊ ငါ့ညီအသက်နှစ်ဆယ်ပြည့်ရင် ခွဲပေးရမယ်ပေါ့၊ အဖေဆုံးသွားတယ်၊ အဖေမှာတဲ့အတိုင်း ငါနေတယ်၊ အမေနဲ့ ညီလေးကို လုံးဝသွားမတွေ့ဘူး၊ အမေတို့ကလည်း ဖအေချစ်တဲ့သားမို့ ငါ့ကို ပြတ်သားကြတယ်၊ လာမတွေ့ဘူး၊ ငါ့အမေက နောက်အိမ်ထောင်ထူသွားတယ်၊ အရှံသင့်ရှိတဲ့လူနဲ့ပဲ၊ ငါလည်း အမေ့ကို စိတ်နာတယ်၊ ဒါပေမဲ့ ငါ့ညီအတွက်ဝေစုခွဲပေးရမှာကို သေတမ်းစာကိုင်တွယ်တဲ့ ရှေ့နေကြီးက ငါ့ညီကို ကြိုအကြောင်းကြားထားတယ်၊ ငါ့ညီကလည်း မိခင်ကိုအမေမတော်ချင်တဲ့ အစ်ကိုလူမိုက်ကြီးဆိုပြီး ငါ့ကို မဆက်ဆံဘူး၊ အသက်(၂၀)ပြည့်ရင် အမွေလာယူမယ်၊ ဒါပဲ၊ အမွေအတိအကျမရရင် ငါ့ကိုတရားစွဲထောင်ချမယ်တွေဘာတွေ ကြိုကြိမ်းဝါးပြီး သတိပေးထားတာပေါ့'

ကျော်စိုးနောင်က ပြောရင်း အာခြောက်လာ၍ တံတွေးကိုမျိုနေ၏။ အောင်လဝန်းက ဦးသိန်းနှင့်အုတ်ဂူကို တစ်လှည့်စီ





ကြည့်နေ၏။ နေပူကျဲတဲအောက်မှာ ကိုယ့်အပူနှင့်ကိုယ်မို့ လသာထဲရပ်နေကြသလို စကားဆက်ပြောဖြစ်နေကြသည်။

'မကြာခင်မှာ ငါ့ရဲ့အဖြစ်မှန်ကို ကြော်ငြာတော့မှာပဲ၊ ဒီကြားထဲ ငါမအောင့်အည်းနိုင်လို့ မင်းလက်ထဲကို ယမင်းပါသွားမှာစိုးလို့ ငါ့မှာ လူလုံးထွက်ပြရတာ၊ အသိတစ်ယောက်နဲ့တိုးလို့ မနည်းခြေရာဖျောက်ခဲ့ရသေးတယ်၊ ငါပြောတာ မယုံရင်မင်းဖွင့်ကြည့်တော့'

အောင်လဝန်း ပေါက်ချွန်းကို ကောက်ကိုင်လိုက်၏။ ဦးသိန်းက ဝင်ကူမည့်ဟန်မရှိ။ နေ့ခင်းကြောင်တောင်ကြီး မည်သည့်သက်ဆိုင်ရာအမိန့်မှမရဘဲ အုတ်ဂူသွားဖောက်၍ တရားတဘောင်ဖြစ်လာလျှင် ပိုဆိုးကုန်ဦးမည်။

ထို့ကြောင့် ပေါက်ချွန်းကို လွှတ်ချလိုက်၏။

ကျော်စိုးနောင် ရှင်းပြသည့် အချက်တွေက ယုတ္တိတန်သလိုရှိနေ၍ အောင်လဝန်းမျက်စိစုံမှိတ်လိုက်ရတော့သည်။

ကျော်စိုးနောင်က ဆံပင်တို၊ နှုတ်ခမ်းမွေး၊ မျက်မှန်၊ ဆေးပြင်းလိပ်တွေ ပြန်စွပ်တပ်ပြီး ခါးအနည်းငယ်ကိုင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ကြီးလွယ်ထားသော ယောင်တစောင်းနှင့် အဘိုးအိုကြီးပုံ ပေါက်သွား၏။

'မင်းနောက်ကို ငါ့ရဲ့လူတွေ အရိပ်လိုလိုက်ခိုင်းထားရ တာ ပင်ပန်းလှပြီ၊ ဒီအကြောင်းတွေ အချိန်မတန်ခင် မင်းမဖော် ပါနဲ့၊ မင်း ငါ့အပေါ် စိုးရိမ်နေတဲ့အချက်ကို ငါသိတယ်၊ ယမင်း ကို ငါအပိုင်သုတ်သွားမှာ စိုးနေတာ၊ အဲဒီလိုမဖြစ်စေချင်ရင် မင်း နှုတ်လုံပါ၊ ဘယ်သူ့ကိုမှ ဖွင့်မပြောပြဘူးလို့ ကတိပေး ပါ'

'ဒီအကြောင်းကိုသိတာ ငါနဲ့ ယမင်း ထပ်တိုးလာတယ် မဟုတ်လား'

'ယမင်းကို စိတ်ချတယ်၊ မင်းကိုစိတ်မချလို့ ကတိ တောင်းနေတာပေါ့၊ ယောကျ်ားကတိနော်၊ ပေးမှာလား၊ အဲဒီ ကတိပေးရင် မင်းထင်သလို ငါနဲ့ယမင်း အဆုံးစွန်ထိပတ်သက် လာစရာအကြောင်းမရှိစေရဘူး'

'မင်းစကားရဲ့အဓိပ္ပာယ်က ဘာလဲ'

'ယမင်းကို ငါ့လက်ထဲရောက်လာရင်တောင် ငါအပိုင် မသိမ်းဘူး၊ အဲဒီကတိကို ယောကျ်ားကတိအနေနဲ့ ငါပြန်ပေးမယ်'





'အပေးအယူ သဘောလား'

'ကြိုက်သလို ယူဆလိုက်ကွာ'

'ယမင်းကို မဲ့တစ်ပေါက်မစွန်းစေရဘူးနော်'

'အေး'

'ဒါဆို မင်းအကြောင်း ငါ နှုတ်လုံမယ်၊ ကတိပေးတယ်'

ကျော်စိုးနောင်က လက်ကမ်းပေး၏။ အေးစက်စက်လက် ကြီးကို လက်ဆွဲနှုတ်ဆက်လိုက်ရ၏။ ကိုယ့်လမ်းကိုယ်ခွဲပြီး ပြန် လာခဲ့ကြသည်။

အပြန် ကားခေါင်းခန်းမှာ နေရာရလာ၍ ဘာသာ စဉ်းစားခန်းဝင်လာမိ၏။

အချက်တစ်ချက်ကို လက်ခနဲ တွေးမိ၏။ ယမင်းသော် တာကို အသေအလဲ အရူးအမူးချစ်တတ်သော ကျော်စိုးနောင်က ဘာမဟုတ်သည့်အကြောင်းလေး နှုတ်လုံပေးရုံနှင့် ရက်ရက်ရော ရော စွန့်ပေးလာခြင်းမှာ အဓိပ္ပာယ်ကင်းမဲ့နေသလိုပင်။ ကျော်စိုး နောင် အစစ်မှဟုတ်ရဲ့လား။

ကျော်စိုးနောင်အစစ်ဆိုလျှင် ရက်ရောပေးကမ်းလိမ့်မည် မထင်။ ကားပေါ်က ပြန်ပြေးဆင်းပြီး ကျော်စိုးနောင်နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှုဒိုးလိုက်ကြည့်ချင်စိတ်ပေါက်၏။ သို့သော် မြို့ပြရင်ခွင်ထဲ ပြန်ရောက်လာသည့်ကားပေါ်က သူဆင်း၍ မရတော့။

နောက်တစ်ခေါက် မြို့ငယ်လေးကို ပြန်သွားလျှင် သူညအိပ်ရလိမ့်မည်။

ကျော်စိုးနောင် ပုန်းကွယ်နေတာကိုလည်း ပြန်တွေ့ချင်မှတွေ့ရတော့မည်။ ရှေ့ဆက်ပြီး ဘာတွေဖြစ်လာမလဲ။ အနာဂတ်မြူအုံ့ထဲကို ထိုးခွဲပြီး ရဲရဲလှမ်းကြည့်လို့ရလျှင် ကောင်းမည်။ သို့ဖြစ်၍ ဆန္ဒကကောင်းကင်၊ ဘဝကမြေပြင်ဖြစ်နေသည့်အခြေအနေအရ သူပင့်သက်ချလိုက်မိ၏။

* ♠ *

'ဘာ'

'အောင်မငေး… လန့်လိုက်တာ လိပ်ပြာရယ်၊ ကလူကလူ ကလူ၊ လိပ်ပြာလွင့်သွားလို့ ပြန်ခေါ်နေရတာ'

'ကြိမ်းသေလား လှဝင်းကျော်၊ မဟာကျော်နဲ့ယမင်းတို့မနက်ဖြန် မင်္ဂလာဆောင်ကြတော့မယ်ဆိုတာ တကယ်လား'

'မာလာခင်ကိုသာ မေးကြည့်'





'ဟုတ်တယ် အောင်လဝန်း၊ နင် စိတ်လျှော့လိုက်တော့၊ ငါလည်း မနေ့ညကမှသိရတာ၊ ဒီလောက်မြန်မယ်မထင်လို့ အံ့ဩလိုက်ရတာ၊ ယမင်းကိုယ်တိုင် ဆက်ပြောတာမဟုတ်ဘူး၊ ယမင်းအမေက ဖိတ်ကြားတာ၊ ဖိတ်စာပါပို့နိုင်းလိုက်မယ်တဲ့၊ မဟာကျော်လည်း ဝမ်းသာအူမြူးပြီး ဖုန်းဆက်ပြောသေးတယ်၊ ယမင်းကို ငြင်းလို့မရအောင် အတင်းစီစဉ်လိုက်ကြပြီတဲ့၊ ငါနဲ့လည်း တွေ့ခွင့်မပေးကြတော့ဘူး'

ဒေလီယာက ဆံပင်ဖြီးသင်နေရာမှ…

'ငါတို့တော့ ပွဲကြီးပွဲကောင်းတက်ပြီး ဝါးတီးပေးရမှာပေါ့'

ကလင်တန်က…

'နင်ကလည်း ဝါးချင်ရင် အုန်းနို့ခေါက်ဆွဲပန်းကန်ထဲက ငါဖယ်ထားတဲ့ ကြက်ရိုးရှိတယ်၊ အခုပဲဝါးပါလား'

'ကောင်စုတ် ကောင်နာ… နင့်ဘာသာမျိုဆို့'

နန်းမြအေးက…

'နင်တို့သားအငိကလည်း စကားအကောင်းကို မပြောရဘူး၊ အချိန်ကောင်းဆို ထဖောက်ပြီ၊ ဒီမှာ အောင်လဝန်းအသည်း



www.burmeseclassic.com

www.burmeseclassic.com



ကွဲခန်းရောက်နေပြီ၊ မျက်ရည်အုန်းသီးလုံးလောက်ကြီးတွေကျတာ ဝိုင်းကြည့်ကြစမ်းပါ’

အောင်လဝန်း ငြိမ်ကျသွား၏။ ရင်ထဲမှာ ဘယ်လိုခံစားမှု ဟု အမည်ဖော်ရမည်မှန်းမသိသော ဝေဒနာကြီးက ပြောင်းဆန် နေ၏။ လူဝင်းကျော်က အောင်လဝန်းရဲ့ ပခုံးကို လက်နှင့်ဆုပ်ပြီး နှစ်သိမ့်၏။ မာလာခင်က…

‘ဖိတ်စာတွေ ဒီမနက်ကရောက်လာတယ်၊ သမီးသူငယ်ချင်းတွေကို ဖိတ်ပေးပါတဲ့၊ ဖိတ်စာတစ်စောင်မှာ အောင်လဝန်း နာမည်ရေးလိုက်မယ်နော်’

‘ငါ အဲဒီလောက်အထိ အသည်းမမာဘူး မာလာ’

‘ဟုတ်သားပဲ၊ ငါ့နာမည်ရေးလိုက်၊ ငါတက်မယ်၊ ဒါပေမဲ့ ဒီကောင်တစ်ယောက်တည်း အထီးကျန်ငေါင်နေတော့မှာပဲ၊ ဒီကောင်အကြောင်းကို ငါအသိဆုံး၊ ဒီည စိတ်လွတ်ကိုယ်လွတ် ဖြစ်ပြီး သွားချင်ရာလျှောက်သွားတော့မယ်၊ ဒီည ငါ့အိမ်မှာ ဒီကောင့်ကို ခေါ်သိပ်မှဖြစ်မယ်၊ နင်တို့သိပ်မနောက်ကြပါနဲ့ဟာ၊ ဘာလဲ နင်တို့က ယမင်းကို မဟာကျော်နဲ့ပဲ သဘောတူနေကြလို့လား’





‘အောင်လဝန်းနဲ့ သဘောတူတာပေါ့၊ ဒါပေမဲ့ မဖြစ်နိုင်တော့ဘူးလေ၊ ကျော်စိုးနောင်အတွက်ကော ဘာတွေဝင်ရှုပ်လာဦးမလဲမသိဘူး’

‘ဟဲ့… ကျော်စိုးနောင် အတွက သိတောင်သိဦးမှာ မဟုတ်ဘူး’

‘ယမင်းလည်း အပြင်းအထန်ခံစားကြေကွဲနေရမှာပဲ၊ ကျော်စိုးနောင်ကို သနားပြီး အချစ်ကြီးသွားတာလေ’

ဟူစိန်က ကြားဝင်၍…

‘နေပါဦး၊ ကျော်စိုးနောင်နဲ့ ယမင်းသော်တာတို့ ရှင်ကွဲကွဲရလို့ ခံစားနေကြရတဲ့အထဲမှာ အောင်လဝန်းက ဘာလို့ကြားညှပ်နေရတာလဲ၊ ယမင်းက အောင်လဝန်းကို အမှတ်တောင်ရပါ့မလား’

ထိချက်ပြင်းသော စကားမို့ အောင်လဝန်း ထထွက်လာမိ၏။ စာထဲကိုစိတ်မရောက်နိုင်။ ပတ်ဝန်းကျင်ကို စိတ်မရောက်နိုင်။

ဟူစိန်ပြောတာလည်း မမှား။

ဒခုအချိန် ယမင်း ခံစား ကြေကွဲနေမည်မှာ ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com



နောင်အတွက်သာ။ ကျော်စိုးနောင်ကိုသာ တမ်းတရေရွတ်နေမှာ။

အောင်လဝန်းက ကြားညှပ် အချောင်ဝင်ခံနေရ၏။ လူရယ်စရာကြီးဖြစ်နေလေပြီ။ မဟာကျော်လုပ်ချက်က သင်းလွန်းလှ၏။

ထိုနေ့တစ်နေ့လုံး အောင်လဝန်း လဒမှိုင်မှိုင်နေသည်ဟု အပေါင်းအသင်းတွေက ဝိုင်းနောက်ကြ၏။ လူဝင်းကျော်က သူ့အိမ်လိုက်ဖို့ ခေါ်၏။ လိုက်သွားသည်။

လူဝင်းကျော်တို့ မိဘတွေ နယ်ကိုခရီးထွက်နေကြ၏။ လူဝင်းကျော်တို့လမ်းထိပ်က ရက်စတောရင့်မှာ ဝင်ပတ်ပြီး အသည်းအက်တာကို ဖြေယူကြ၏။ သောက်ရင်းစားရင်းများသွား၍ လျှာလေးလာ၏။

'ဟော့ရောင်… တော်သင့်ပြီ၊ အိမ်ပန်မယ်… ဂေ့'

'မနက်ဖြန် ဒီလိုအချိန်ဆိုရင် ယမင်း မဟာကျော်ဆိုတဲ့ အကုသိုလ်ကောင်ရင်ခွင်ထဲ ရောက်တော့မယ်၊ ယမင်းကိုလေ အဲဒီကောင် မနက်ဖြန်ကျရင် ရှီး… ပွီး'

'အောင်လဝန်း… ရှီး… ပွီးလုပ်တယ်ဆိုတာ ဘာလဲ၊





အဲဒီဗန်းစကားအသစ်ကို ငါ နားမလည်ဘူး၊ ပေါ်တာမကြာသေးဘူးနဲ့တူတယ်'

'နပ်ညှစ်တာကွ၊ ငိုချင်လာလို့ ပြန်မယ်ကွာ၊ ငါငိုလိုက်ရင် ဒီဆိုင်ပါ မျက်ရည်ထဲမျောသွားလိမ့်မယ်၊ အားနာလို့'

'အေး… ပြန်မယ်၊ ဟာ… မှာထားတာတွေရော'

'မစားသောက်တော့ဘူး၊ ရှင်းပေးလိုက်၊ နှမြောရင် အသာလစ်ထွက်လာခဲ့၊ လူတွေရှုပ်နေတယ်၊ ကိုယ်မှ သူ့ဟာတွေမစားတာ'

'အားနာစရာကွာ၊ သူတို့က ကိုယ်မှာလို့ လုပ်ပေးရတာ'

ကျသင့်ငွေကို နှစ်ယောက်ပေါင်းငွေဖြင့် စိုက်ရှင်းပြီး အပြန်လမ်းမှာ ရပ်ကွက်ထဲသိုင်းကွက်နင်းဝင်ရ၏။

ခြံကျယ်ရပ်ကွက်တွေမို့ လမ်းမှာလူရှင်းနေ၍ တော်တော့၏။

လမ်းသွယ်ကို နှစ်လမ်းမောင်းဖြစ်အောင် လမ်းချဲ့ပြင်နေ၍ လမ်းဘေးမှာ ရေမြောင်းအနက်ကြီးတွေ တူထား၏။

လမ်းကို ဖေပတိုင်းပြီး အလျှောက်ကောင်းကြ၍ မြေ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ခြောက်ဖြစ်နေသော လမ်းဘေးမြောင်းထဲနစ်ယောက်သား လုံးထွေး ပြုတ်ကျကာ ပြန်မထနိုင်ကြတော့။

'ဟေ့ရောင်… ဘယ်ရောက်နေတာလဲ'

'နတ်ပြည်'

'ဒါဆို စက်တော်ခေါ်မယ်ဗျာ'

'ခေါ်စေသတည်း ခေါ်စေသတည်း'

* ♠ *



## အခန်း (၁၃)

ပြောင်းလဲမှုတွေ ဆက်တိုက်ကြုံလိုက်ရ၍ ဘဝကို အိပ်မက်ဟုပင် အောင်လဝန်းထင်ယောင်မှားသွား၏။ ကြားလိုက်ရသည့် သတင်းက မင်္ဂလာယူနေသော နံနက်ခင်းမှာ ဝင်လာသည့် သတင်း။

လှဝင်းကျော်နှင့် နှစ်ယောက်သားမြောင်းထဲမှာ မှောက်နေတာ။ မနက်လေးနာရီထိုးမှ အမူးပြေပြီး မြောင်းထဲက ပြန်တွဲထကာ အိမ်အရောက်ပြန်ရ၏။

လှဝင်းကျော်တို့ အိမ်ရောက်သောအခါ ကိုယ်လက်သန့်စင်ရေချိုးပြီး ညကမိုက်ပြစ်တွေအတွက် ဘုရားခန်းဝင်ကာ ရှိခိုးကန်တော့တောင်းပန် ပုတီးစိပ်နှင့် မိုးလင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



လှူဝင်းကျော်က မနက်စာအဖြစ် လုပ်တတ်သလို စီစဉ် နေစဉ်မှာ ဖုန်းဝင်လာ၍ အောင်လဝန်း ထနားထောင်လိုက်သည်။

မာလာခင်ဆက်တာ ဖြစ်နေသည်။ အောင်လဝန်းအသံ ကြားသောအခါ…

'နင်တို့ လှူဝင်းကျော်တို့အိမ်မှာရှိတယ်ဆိုလို့ ဆက်လိုက် တာ၊ ငါ ဒီမနက်ပဲ ဖုန်းသတင်းရတယ်၊ နင်တို့အသုဘတစ်ခု ပို့ရဖို့ ကြိမ်းသေသွားပြီ'

'ဖွီးဟဲ့ ဖွဟဲ့ အမင်္ဂလာသတင်းကြီး ဘယ်သူ့ဘာဖြစ်လို့ လဲ'

'မဟာကျော် ဆုံးပြီ'

'ဘာ'

'တော်သေးတာပေါ့၊ နင်လန့်ရင် အော်တတ်မှန်းသိလို့၊ နားနဲ့ဖုန်းခွက် ခွာထားလိုက်မိတာ၊ မဟာကျော် ညက အပျော်လွန် ပြီး သူ့သူငယ်ချင်းတွေနဲ့ စားသောက်ဆိုင်ကအပြန်မှာ ကားအက် ဆီးဒင့်ဖြစ်ပြီး ဆုံးသွားတာ၊ ဒီနေ့မင်္ဂလာဆောင်မယ့်ဟာကို ထဖြစ် ပျက်သွားတာ၊ ငါဆိုလည်း သတင်းကြားတာနဲ့ အံ့သြပြီး ယုံလို့ တောင်မရဘူး၊ ဖုန်းဆက်တာက ယမင်းကိုယ်တိုင်ဖြစ်နေလို့





နောက်နေတယ်တောင် ထင်သေးတာ၊ မဟာကျော် ဖေဖေရဲ့လက် ကိုင်ဖုန်းနှိပ်ခေါ်ပြီးမေးကြည့်မှ ကြိမ်းသေသွားတယ်'

'ဒါ… ဒါဆို မင်္ဂလာဆောင်ပျက်သွားပြီပေါ့'

'အေးပေါ့ဟာ၊ ဘယ်လိုဖြစ်ရတာလဲ မသိပါဘူး၊ မဟာ ကျော်အတွက် စိတ်မကောင်းဖြစ်မိတယ်၊ ယမင်းလည်း မဟာ ကျော်ကိုသာ မယူချင်တာ ငိုပြီးပြောပြနေတာပဲ၊ သံယောဇဉ်တွေ ရှိကြတာပေါ့ဟယ်'

'မဟာကျော်အတွက် ငါလည်း စိတ်မကောင်းပါဘူး'

'လှူဝင်းကျော်ကိုလည်း ပြောပြလိုက်ဦး၊ အဲဒါပေါ့ဟာ ဘုန်းကံကြီးတဲ့မိန်းမဆိုရင် ကံနိမ့်တဲ့ယောကျ်ားက ဘယ်လိုမှ ပေါင်းလို့မရဘူး၊ နည်းမျိုးစုံနဲ့ ပျက်သွားတော့တာပဲ၊ အဲဒီလိုမှ မဟုတ်ရင် မဟာကျော်လည်း သူ့ဝဋ်ကြွေးပါလာလို့ဖြစ်မှာပေါ့ ဟာ၊ ဖူးစာမမှန်ရင် ပျက်ရတာချည်းပဲ၊ ငါ့အထင်တော့ ယမင်း ရည်ရွယ်လိုက်တယ်ဆိုရင် ကျော်စိုးနောင်သေတယ်၊ အခုမဟာ ကျော် မင်္ဂလာဆောင်ခါနီးကပ်ပြီး သေပြန်တယ်၊ နှလုံးလမ်း ကြောင်းမှာ ကျွန်းခံနေတဲ့သဘောနဲ့တူတယ်၊ ဒါမှမဟုတ် ယမင်း မှာ ကျိန်စာများ သင့်နေသလားပဲ'



www.burmeseclassic.com

www.burmeseclassic.com



လှူဝင်းကျော်က ဖုန်းပြောင်းကိုင်၏။ လှူဝင်းကျော်လည်း ထိတ်လန့်တုန်လှုပ်သွား၏။ ပေါင်မုန့်ကင်တွေတူးနေတာပင် ဂရုမစိုက်နိုင်ကြ။

နှစ်ယောက်သား မနက်စာမစားဖြစ်။ အရက်နာကျချင်ရသည့်အထဲ အမင်္ဂလာသတင်းကပါ နှိပ်စက်နေပြန်၏။

အောင်လဝန်းရင်ထဲမှာတော့ မင်္ဂလာပွဲပျက်သွား၍ စိတ်သက်သာရာရမိ၏။

မဟာကျော်အသက်သေရလောက်သည်အထိ ပျက်သွားရခြင်းအပေါ် အမှန်တကယ်ပင် စိတ်မကောင်းမိ။

မဟာကျော်ရဲ့ အသုဘကို ခင်မင်ရင်းနှီးသော ယောကျ်ားသားတွေ လိုက်ပို့ကြ၏။ ယမင်းတို့မိသားစုလည်း အနက်ရောင်ဝတ်စုံ၊ အနက်ရောင်မျက်မှန်တွေနှင့် ပန်းစည်းလွှမ်းခြင်းစာတန်းလေးတွေကိုင်ဆောင်ကာ လိုက်ပို့ကြ၏။

အသုဘပို့သူတွေထဲမှာ နေနီနွယ်တို့အဖွဲ့ကို တွေ့လိုက်ရခြင်းကြောင့် အောင်လဝန်းအတွက် အထူးအဆန်းဖြစ်နေသည်။

ယမင်းနှင့်နေနီနွယ်တို့ မဟာကျော်ရဲ့ ရုပ်အလောင်းတစ်ဖက်တစ်ချက်စီမှာ ရပ်တန့်ဆုံမိကြသည်။

ဗိုးလပြည့်စာပေ



ယမင်းရဲ့အကြည့်တွေ မှိုင်းရီနေရာမှ နေနီနွယ်ကိုတွေ့လိုက်စဉ် ဝင်းဝင်းတောက်သွား၏။

နေနီနွယ်က သွေးအေးသောအပြုံးဖြင့် နဂါးမျက်စောင်းအားအင်တမျှ ပြင်းထန်လှသော အကြည့်ဖြင့် ယမင်းကို ကြည့်ရင်း ခနဲ့သလို မဲ့ပြသွား၏။

လူကြီးတွေနှင့် အသုဘပို့ဆောင်သူတွေ ဘာမှမသိလိုက်ကြ။

နေနီနွယ်ရဲ့ အဖွဲ့တွေနှင့် ယမင်းရဲ့ အဖွဲ့တွေသာ အချင်းချင်း သိနားလည်လိုက်ကြသည့်အဖြစ်။

မဟာကျော်ရဲ့ ကိစ္စပိစ္စပြီးစီးသွားပြီး တစ်ပတ်ခန့်အကြာမှာ ယမင်းကျောင်းပြန်တက်လာ၏။ မိဘတွေကို ဘယ်လိုအယုံသွင်းပြီး ပြန်တက်ခွင့်ရအောင် လုပ်ယူလိုက်သည်လည်းမသိ။ ကျော်စိုးနောင်နှင့်ပတ်သက်ပြီး ယမင်းစိတ်တည်ငြိမ်မှု အတန်အသင့်ရနေသည်မှာ စိတ်ရောဂါကုသမားတော်ကြီးတွေ ညွှန်ကြားပေးသောက်စေသော ဆေးအစွမ်းကြောင့်ထင်၏။ ယမင်းတစ်ယောက် အာနာပါန ရှုမှတ်နည်းဖြင့် စိတ်နှလုံးအိမ်ကို ငြိမ်အောင်ထိန်းတက်လာလေပြီ။

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယမင်းကျောင်းမတက်ခင်တစ်ပတ်အတွင်းမှာ လှုပ်ခတ်ခဲ့သော အတင်းသတင်းတွေအရ...

ယမင်းသော်တာနှင့် နေနီနွယ်တို့မှာ အထက်တန်းကျောင်းသူဘဝကတည်းက ပြိုင်ဆိုင်ခဲ့ကြသူများဖြစ်သည်။ တက္ကသိုလ်တက်စနှစ်မှာနေနီနွယ်နှင့် မဟာကျော်တို့ တွယ်ငြိသလိုဖြစ်နေကြစဉ် ယမင်းက မဟာကျော်ကို သူမဘက်ပါအောင် မျှားခေါ်ပြီး ချစ်ကြည်ယောင်ဆောင်လိုက်၏။

မဟာကျော်က မာယာကို မေတ္တာထင်ပြီး ယမင်းဘက်ယိမ်းပါသွားသည်။

နေနီနွယ်မှာ ပြိုင်ပွဲမှာလည်း ရှုံး၊ နှလုံးသားရေးရာမှာလည်း ရှုံးနိမ့်ပြီး ယမင်းကို အမုန်းကြီးမုန်းကာ ပြည်ပခရီးထွက်သွားခဲ့ခြင်းဖြစ်သည်။

ပြည်ပမှာ သူမအရည်အချင်းတွေ တောက်ပလာအောင် သွေးယူနေခဲ့သည်။

ယမင်းက နေနီနွယ်ကို အနိုင်ရလိုက်ပြီး နေနီနွယ်မရှိတော့၍ မဟာကျော်ကို ဦးစားပေးကြည်ဖြူခဲ့တာတွေ တစ်စစီ ပြန်ရုပ်သိမ်းပြီး သူငယ်ချင်းအဆင့်ကို ပြန်ချထားလိုက်သည်။





နေနီနွယ်ရဲ့ နှလုံးသားကိုလုယူပြီး ပစ်စလက်ခတ်လုပ်ထားခဲ့သော ယမင်းရဲ့လုပ်ရပ်ကို နေနီနွယ် ခွင့်မလွှတ်နိုင်၍ တစ်ကျော့ပြန်လာပြီး ယမင်းကို အနိုင်ချိုးဖို့ ကြိုးစားလာခြင်းပင်။

မြန်မာပြည် ပြန်ရောက်သောအခါ သူငယ်ချင်းတွေ စာတွေနှင့်အကြောင်းကြားသောအခြေအနေနှင့် တခြားစီဖြစ်နေပြီး မဟာကျော်နှင့် ယမင်းတို့ လက်ထပ်တော့မည်ဆိုသောအခါ နေနီနွယ် လက်တုံ့ပြန်ချိန် နောက်ကျ၍ ဒေါသပုပ်ထမိသေး၏။

ရက်တရက် မဟာကျော် ဆုံးသွားသောအခါ နေနီ့ရင်ထဲမှာလည်း သစ္စာမတည်သော ယောကျ်ားအတွက် သူငယ်ချင်းအနေနှင့်သာ ခံစားမှုရှိထား၏။ ရင်၌မကောင်း။ မဟာကျော်ကို ယမင်းဖြားလိုက်တာ။

ယမင်းရဲ့ပယောဂတစ်မျိုးမျိုးနဲ့ မဟာကျော် သေရတာဟု ဆက်စပ်တွေးယူမိသော အမုန်းဖြင့် ယမင်းကိုကြိတ်ပြီး မုန်းတီးနေမိပြန်သည်။

နေနီနွယ်ပြန်ရောက်လာပြီး ယမင်းသော်တာနှင့် ပညာပြိုင်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဘက်စလုံးရဲ့ နောက်ခံအဖွဲ့သားတွေက မြှောက်ပင့်အားပေးကုန်ကြလေပြီ။

ယမင်း ကျောင်းပြန်တက်အောင် မာလာခင်ကပင် ဆော်ဩတိုက်တွန်းပေးခဲ့ခြင်းဖြစ်သည်။

ဤရက်ပိုင်းအတွင်းမှာ ငုပ်ကောင်တစ်ကောင်လို ကျော်စိုးနောင်(အတု) ပျောက်ချက်သားကောင်းနေ၏။

ကျောင်းပြန်တက်လာသည်ဟု သတင်းရသော နေနီနွယ်တို့အဖွဲ့နှင့် ယမင်းတို့အဖွဲ့ တွေ့ကြသည့်နေ့က ယမင်းစပြီးကျောင်းပြန်တက်သည့်နေ့။ မာလာခင်တို့အဖွဲ့တွေ ဝိုင်းဝန်းနှုတ်ဆက်ကြ၏။

အောင်လဝန်းကို အားတုံ့အားနာအပြုံးလေးနှင့် နှုတ်ဆက်ဖော်ရသေး၏။

အရင်လို ကြည့်ကောင်းလှပနေသော ယမင်း အနားကိုယခင်လိုကပ်တွယ်ခွင့်မရတော့။ သူငယ်ချင်းအဆင့်နှင့်သာ သတိကြီးကြီးထားပြီး ဆက်ဆံရတော့သည်။

ကျော်စိုးနောင်နှင့်ပတ်သက်ပြီး မာလာခင်က တို့ထိမေး၏။





ယမင်းသော်တာက တည်ငြိမ်သော ဣန္ဒြေနှင့်…

'သူ့အလုပ်တွေရှိလို့ သူပျောက်နေတာပါ၊ မဟာကျော်နဲ့ လက်ထပ်တဲ့ညက ကျွန်မဆီ ရောက်အောင်ပို့ပေးသေးတယ်၊ အိမ်ဖောင်ကောင်မလေးကတစ်ဆင့်ပေါ့၊ ဒီမင်္ဂလာပွဲဟာ ဆက်ဖြစ်မလာနိုင်ပါဘူး၊

သူ့ကိုသာ စိတ်ချလက်ချစောင့်ပါတဲ့၊ ပြီးတော့ အိမ်မက်လည်း ပေးသေးတယ်၊ အိမ်မက်ထဲမှာပြောတာက ယမင်းကိုဘယ်ယောကျ်ားနဲ့မှ လက်ဆက်ခွင့်မပြုနိုင်ဘူး၊ ပြုတဲ့ သူကိုသူရှင်းပစ်မယ်တဲ့၊ ပြီးတော့ ယမင်းမှာ အရင်ဘဝက ကျိန်စာမိထားတာရှိတယ်တဲ့'

'ယမင်းရဲ့ အရင်ဘဝက ချစ်သူက သိုက်နန်းကတဲ့၊ ယမင်းကို အသက်နှစ်ဆယ့်နှစ်မှာ ပြန်ခေါ်မှာတဲ့၊ ဒီကြားထဲ ယမင်းရဲ့ချစ်သူဆိုတာတွေကို သိုက်နန်းက မောင်တော်က ခွင့်မပြုလို့ ကျော်စိုးနောင်သေရတယ်၊ နောက် မဟာကျော်သေရတယ်၊ နှစ်ကြိမ်ရှိပြီ၊ နောက်တစ်ကြိမ်ဆိုရင် အဲဒီပတ်သက်လက်ဆက်တဲ့လူ သေရင်သေ မသေရင် ယမင်းရဲ့ဝိညာဉ်ကိုနှုတ်ယူပြီး သိုက်နန်းကို ပြန်ခေါ်မယ်တဲ့၊ ကျော်စိုးနောင်က



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်လောကထဲ ကျင်လည်ရင်း ယမင်းရဲ့ လျှို့ဝှက်ချက်ဒဏ် သင့်နေတာတွေ ထုတ်ဖော်ပြောပြတယ်၊ အဲဒါ...'

မာလာခင်က ခေါင်းကုတ်ပြီး...

'စာတ်ရှုပ်တယ်ဆိုတာ ဒါမျိုးပဲ၊ ကျော်စိုးနောင်ရဲ့ဝိညာဉ် တင်မကဘူး၊ သိုက်နန်းက မောင်တော်ပါ အဆစ်ပါလာပြီ၊ မောင်တော်က ယမင်းနဲ့လက်ထပ်တဲ့လူမှန်းသမျှ အပျောက်ရှင်းပစ်တယ် တဲ့လား၊ ဟား... နေနီနွယ်တို့အဖွဲ့ကြောင့် ညစ်နေရတဲ့အထဲမှာ ဟာ'

နန်းမြအေးက...

'ဟုတ်ပါ့ဟယ်၊ နေနီနွယ်တို့ကို ယမင်း ဘယ်လိုယှဉ်မလဲ၊ နေနီနွယ်အရမ်းလှလာတယ်၊ ဒီနေ့ပတ်လာတဲ့ဝတ်စုံက လူတိုင်းငေးကြည့်ရတယ်၊ သူတို့ကျောင်းပေါ်က စာသင်ခန်းထဲ ရောက်နေပြီ၊ ယမင်းဒီပုံစံလောက်နဲ့ ဝင်တိုးရင် မှိန်ပြီးငြိမ်းသွား လိမ့်မယ်'

ဒေလီယာက...

'ကျောင်းလာတာ စာသင်ဖို့ပဲ၊ အလှပြိုင်ဖို့မှမဟုတ်တာ၊ ဘာမှဂရုစိုက်မနေနဲ့ ယမင်း'





မေဘရဏီထွဏ်းက...

'ဒေလီယာက အထက်တန်းကျောင်းသူဘဝကတည်းက ပေါင်းခဲ့ဖူးတဲ့သူမဟုတ်တော့ ဒီအကြောင်းတွေကို တို့လိုလူရင်း တွေလောက် ဘယ်သိပါ့မလဲ၊ နေနီနွယ်က အလှလောက်နဲ့တင် မဟုတ်ဘူး၊ တခြားနည်းနဲ့ ယမင်းကို အလဲထိုးဦးမှာ၊ အနိုင်ယူဦး မှာ'

ကလင်တန်က...

'ငါတော့ ရှုးတော့မယ်၊ အောင်လဝန်း မင်းကော ဘယ် လိုသဘောရသလဲ၊ ယမင်းတတဲ့ ယမတင်းကြီး၊ ယမင်း တွေ့ တော့လည်း မခုတ်တဲ့ကြောင်အိုကြီးလို ငြိမ်ကုပ်နေပါလား'

အောင်လဝန်းက မလှုပ်။ ကျောက်ရုပ်အပြုံးနှင့်သာ ခေါင်းငုံ့တွေဝေနေ၏။

လှဝင်းကျော်က...

'အောင်လဝန်းနဲ့ ယမင်းတို့တွဲနေလို့ အောင်လဝန်းကို နေနီနွယ် ကြာပစ်နေသေးတယ်၊ ညို့ချက်ပြင်းပြင်းလေးတွေနဲ့ လှမ်းလှမ်းကြည့်နေတယ်ဟ'



www.burmeseclassic.com

www.burmeseclassic.com



ယမင်းက အောင်လဝန်းကို ကရုဏာသက်သော မျက်ဝန်းများဖြင့် ကြည့်ရင်း...

'ဟုတ်လား အောင်လဝန်း၊ အဲဒီမိန်းမကို သတိထားနော်'

'ဒီကောင်ထင်လို့ပါ၊ နေနီနွယ်က သူ့ဘာသာနေတတ်စားတတ်သလိုနေတာပါ၊ ကျွန်တော်ထပ်ပြီး ပဲလှော်ကြားဆားညှပ်သလို မညှပ်ပါရစေနဲ့၊ ယမင်းလို သိုက်ဆက်တွေများရှိလို့လား၊ နှလုံးလမ်းကြောင်း ကျွန်းခံလို့လားမသိဘူး၊ ကျွန်တော်လည်း အသည်းနှစ်ခါနာပြီးပြီ'

ယမင်း စိတ်ဝင်စားသွား၏။ ဆက်မေးရန် အခွင့်ကို မာလာခင်ရသွား၏။

'ဘယ်သူကြောင့်တွေလဲ၊ ဪ... သိပြီ၊ လူဝင်းကျော် ပြောပြတဲ့ ဥမ္မာကြောင့်တစ်ခါ၊ ယမင်းကြောင့်တစ်ခါ မဟုတ်လား'

'ဟာဗျာ'

အောင်လဝန်း ရှက်အမ်းသွား၏။ ယမင်းလည်း ရှက်ပြုံးလေးနှင့် ခေါင်းငုံ့နေ၏။





လူဝင်းကျော်က ကျောင်းပေါ်တက်ရန် ဆော်ဩ၍ ကျောင်းပေါ်တက်ဖြစ်ကြသည်။

နေနီနွယ်နှင့် ယမင်းတို့ ဒုတိယအကြိမ် ထိပ်တိုက်တွေ့ကြ၏။

* ♠ *

'တော်သေးတာပေါ့၊ မုဆိုးမလတ်လတ်ဆတ်ဆတ်ကလေးဖြစ်မသွားတာ၊ အစ်ကိုကာလသားတွေချစ်တဲ့ အပျိုအစစ်ပါဆိုတဲ့ စာတန်းကပ်ပြီးမှ ကျောင်းထဲလာသင့်တယ် ထင်တာပဲ'

နန္ဒာမင်းက စတီး၏။

ပုတူးက...

'နင် ဘယ်သူ့ကိုပြောနေတာလဲ'

'သက်ဆိုင်သူသို့ပေါ့ဟာ၊ ခေါင်းကြည်ဆေးလေး သောက်ဦးမယ်၊ ခေါင်းနောက်တဲ့အကြောင်းပြောရတာ ခတ်ကူးပြီး ကိုယ်ပါခေါင်းမရှင်းဘူးဖြစ်သွားပြီ ဟီဟိ'

ထပ်မံဆော်၏။



www.burmeseclassic.com

www.burmeseclassic.com



ပေရယ်က…

‘တို့ကျောင်းမှာ နေနီက ကွင်းနံပဲ၊ တစ်နိုင်ငံလုံးမှာပါ ပထမစွဲနိုင်တဲ့ အရည်အချင်း အရည်အသွေးတွေ စံနှုန်းမှီ အပြည့်ရှိတယ်၊ ပြီးတော့ အပျိုစင်နုနုထွတ်ထွတ်ကလေးနော့’

နေနီနွယ်က…

‘ပြိုင်ဘက်ဖြစ်လောက်တဲ့ အရည်အချင်းတောင် မရှိတော့တဲ့သူမျိုးကို ကြိုးနဲ့ချည်ရိုက်သလို မပြောကြပါနဲ့ဟယ်’

ယမင်းခန္ဓာကိုယ်ကလေး ဆတ်ခနဲ တောင့်တင်းသွား၏။

‘တစ်ခါချိုးလိုက်လို့ သေသွားပြီထင်တဲ့ သစ်ငုတ်က နာလန်ပြန်ထလာပြီး ဖားတုခရုခုန်ချင်သေးတယ်၊ နောက်တစ်ကြိမ် ခံစားသွားရချင်သေးတယ်နဲ့တူပါတယ်’

‘မာလာခင်က…

‘အမှတ်သည်းခြေမပါလို့နေမှာပေါ့၊ သနားစရာပဲနော်’

မေဘာရဏီက…

‘ရေခဲရိုက်ထားတဲ့ နုနုထွတ်ထွတ်ကြီး၊ နံပြားကို ရေခဲသေတ္တာထဲထည့်စားသလို ဟာသကိုဖြစ်လို့’





နန်းမြအေးက…

‘စိန်ခေါ်ရင် ဒီတစ်ခါ ဂိန်အော်မှ လွတ်တော့ဟေ့’

နှစ်ဖက်စလုံး မကြားတကြားတွေ စောင်းချိတ်ပြီးသူ့အဖွဲ့ကိုယ့်အဖွဲ့ လှောင်ရယ်ဟားတိုက်သလို ရယ်ကြ၏။ ယမင်းစွာ၍ လန့်နေသော ဂေါ်ငနဲတွေ နေနီနွယ် အနားမှာပတ်ဝိုင်းနေ၏။

ဆိုင်းတီးသလို တီးပစ်၍ ရနိုင်သည်။ နေနီနွယ်က ဘာလိုချင်သည်ဆိုတာနှင့် အကျိုးဆောင်မည့် ဂေါ်ကောင်တွေက ချက်ချင်းအဆင်သင့်…

‘ပိုင်လိုက်တာ နေနီရယ်၊ အနားမှာမရှိမဲ့ရှိမဲ့ နောတွေအတင်းဆွဲကုပ်ထားရတဲ့ အလျာသရဖူကွင်းနံကြောင်မလေးထက်စာရင် နေနီက ဇကရာဇ်ရဲ့ ဇကရီလို သာလွန်ရင်ဖိုစရာကောင်းလိုက်တာနော်’

‘ဒါပေါ့ ပူတူးရယ်၊ အဲဒါကိုက အရည်အချင်းလေ၊ ဒိတ်အောက်သွားတဲ့ အလှပြင်ဆင်မှုတွေနဲ့ ခါးပြတ်ကျန်နေတဲ့သူတွေကိုတော့ ဒီအရည်အချင်းမျိုးကြားတောင်ကြားဖူးရဲ့လား မသိဘူး’



www.burmeseclassic.com

www.burmeseclassic.com



ယမင်းသော်တာ ဖျဉ်းခနဲ တင်းပြီး နေနီနွယ်အနားမှာ သွားရပ်၏။ နောက်က မာလာတို့ မိန်းကလေးအဖွဲ့တွေ လိုက်ပါသွား၏။

'ဒီမှာ နေနီနွယ်'

'ဘာလဲ ယမင်းသော်တာ'

'ရှင် တမင်ရန်စနေတာလား'

'ရန်ဖြစ်တာ သိပ်ညံ့ဖျင်းတဲ့အလုပ်ပါ၊ တို့ ကလေး မဟုတ်ဘူး၊ ဒီလိုမေးတဲ့မင်းကိုက ရန်လိုလို့ တို့ကိုလာချဲနေတာ မဟုတ်လား'

'ရှင် ဘာဖြစ်ချင်သလဲ'

'ရော်… သိပ်သိချင်နေသလား'

'ဟုတ်တယ်၊ သိချင်တယ်'

နေနီနွယ် ရယ်၏။ နာကျင်မှုတွေကို လှောင်ပြောင်ပစ်လိုက်သည့်ရယ်သံ။

'ရှင် ကျွန်မကို အနိုင်ယူခဲ့တဲ့ အကျိုးအပြစ်အတိုင်း ရှင် ဝဋ်လည်ပြီး တစ်ဖန်ပြန်ခံစားစေရမယ်၊ ရန်မလိုဘဲနဲ့ လုပ်တတ်တဲ့ တစ်ခါက ရှင့်ရဲ့ မာယာနည်းပရိယာယ်တွေကို ရှင်





မှတ်မိပြီးမှာပေါ့ ယမင်းသော်တာ၊ ကျွန်မ မညံ့တော့ဘူး၊ ဒီတစ်ခါ ညံ့လို့ လန့်သေရမှာ ရှင်ပဲ'

ယမင်းသော်တာရဲ့ အကြည့်စူးစူး ရိုင်းရိုင်း၊ နေနီနွယ်ရဲ့ နဂါးမျက်မာန်ခက်ထန်ကြမ်းကြုတ်ရက်စက်မည့် အကြည့်ရင့်ရင့်။ ထိပ်တိုက်တွေ့ပြီး စွန်ကြိုးငြိသလို ငြိနေသည့်စကား။ မီးပွား မီးပွင့် မီးပန်းတွေ တလက်လက်ထတောက်လွင့်စဉ်ကုန်ကြသည့်နှယ်။

တင်းကြိုးနှစ်ဖက် အပြန်အလှန်အားပြိုင်ကြည့်နေရာက အကြည့်မလွှဲဖယ်ကြ။ ဘယ်သူမှဝင်မပါရဲကြ။ လူဝင်းကျော်၊ ကလင်တန်နှင့် ဟူစိန်တို့ပင် ပါးစပ်ဟောင်းလောင်းလေးနှင့် ငေးနေကြ၏။

အနီးအပါးမှ ကျောင်းသူကျောင်းသားအချို့သာ ယမင်းတို့ဖြစ်နေတာကို သိရှိကြ၏။ ကျန်ကျောင်းသူကျောင်းသားတွေမှာ သူ့အဖွဲ့နှင့်သူ။ သူ့အာရုံနှင့်သူ လေပစ်လေကန်နေကြ၏။ အောင်လဝန်းမနေသာတော့။ သူမတို့နှစ်ယောက်ကြားမှာ ဝင်ရပ်ပြီး…

'ဒီနေ့ပွဲ သရေ၊ နောက်နေ့ ဆက်ပြိုင်ချင်ပြိုင်ကြ၊



www.burmeseclassic.com

www.burmeseclassic.com



အတန်းတက်ပြီ၊ ဟိုမှာ ဆရာလာနေပြီ၊ ကိုယ့်နေရာကိုယ်ယူကြပါ၊ ကျွန်တော် ကြားထဲက တောင်းပန်ပါတယ်'

ဆရာ ဝင်မလာ။ လှူဝင်းကျော်ကသာ ဆံပင်တုဖက်ရှင်အမျိုးမျိုး ဂုဏ်ဆင်တတ်သော မေရီသင်းရဲ့ ဆံပင်တုခေါင်းစွပ်ကြီးဖြုတ်ယူစွပ်ပြီး အတန်းရှေ့ကို ပတ်ဝင်ကာ ဘာသာရပ်ဆရာမပုံစံဖြင့် ကော့လန့်နောက်ပစ်ပြီး ဝင်လာ၏။

ကြောင်တောင်တောင်နှင့် မျက်နှာပြောင်တိုက်ပြီး ဟာသလုပ်နေသော လှူဝင်းကြောင်ကို လူချစ်လူခင်များ၍ ကျောင်းသားကျောင်းသူအတော်များများက လက်ခုပ်ဝိုင်းတီး အားပေးကြ၏။

'တူတယ်၊ တူတယ်၊ တီချယ်နဲ့မဟုတ်ဘူး၊ နတ်ကဒေါ်နဲ့'

'ဆရာမ ဘာတွေခုခံပြီး ဖုဖောင်းအောင် ဝတ်လာတာလဲဗျို့'

လှူဝင်းကြောင်က ဂရုမစိုက်။ ခပ်တည်တည်ပင် ဆံပင်သပ်ပြီး ဘာသာရပ်ဆရာမ ဒေါ်သိန်းမြမြမြိုင်လို လက်ကလေးရှေ့ယှက်ပြီး ခပ်နွဲ့နွဲ့ရပ်ကာ...





'မင်္ဂလာ တပည့်တို့'

စနစ်သစ် မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ မိတ်ဆက်ပုံစံလေသံဖြင့် မိတ်ဆက်လိုက်၏။ ကျောင်းသားကျောင်းသူအချို့က လက်ပိုက်မတ်တပ်ထပြီး မျက်နှာထပြောင်ကြပုံမှာ...

'မင်္ဂလာ ဆရာမ၊ ပဉ္စဂုဏ်အဟံဝန္ဒာမိ၊ အာစရိယ ဂုဏ်အဟံဝန္ဒာမိ'

ရှေ့တန်းမှ ကျောင်းသားတချို့က...

'ဆရာမ... ဆရာမ... ကျောင်းသားတွေကို... ဟို... ဟို... စာသင်ပြ'

လှူဝင်းကျော်က အရေးမထား။ ဘာသာရပ်ဆရာမ ဒေါ်သိန်းမြမြမြိုင်ဟန်နှင့်

'ဟိုနားက ရုတ်စု ရုတ်စုလုပ်နေတဲ့ ကလေးမတွေ ထိုင်ကြလေ၊ ဒီမှာ ဆရာမ ကပြတော့မယ်'

နေနီနွယ်တို့အဖွဲ့က ခနဲ့ပြုံးတွေနှင့် အပြင်ထွက်သွားကြကုန်၏။ ယမင်းက ဟင်းခနဲချပြီး ဝင်ထိုင်၏။ လှူဝင်းကျော်က ခုံထားတာလေးတွေ ပြန်ဆွဲတင်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



‘ဆရာမ ဒီကနေ့ ပို့ချမယ့် သင်ခန်းစာက တတိယနှစ် ရူပဗေဒကျောင်းသူကျောင်းသားများအတွက် နယူတန်နဲ့အိုင်းစတိုင်း ပူးပေါင်းရေးထားတဲ့ ကဗျာတစ်ပုဒ်ပါကွယ်၊ ရွတ်ပြမယ်’

နောက်မှာ ဆရာမအစစ် ဒေါ်သိန်းမြမြမြိုင် ရောက်လာတာကို လူဝင်းကျော်မသိ။ အတန်းသားတွေ ဟိဟိဟားဟားနှင့် တချို့မျက်နှာပိုးသတ်ပြီး ဆရာမကို နှုတ်ဆက်ဖို့ ထရပ်ကြ၏။ ဆရာမအစစ်က လူဝင်းကျော် ဘာလုပ်မလဲဆိုတာကို အသာ စောင့်ကြည့်နေ၏။ ကလင်တန်က လက်ညှိုးနှင့်နောက်မှာဆိုတာကိုထိုးပြမှ

‘ဟာ… တီ… တီ… တီချယ်… အဟဲ… ကျွန်တော် ကျောင်းသားတွေ ဆူပွက်နေမှာစိုးလို့ တီချယ့်အစား ထိန်းပေးထားတာ၊ သွားမယ်နော် ဟဲ… ဟဲ… ဟဲ’

ဆရာမက မျက်စောင်းခဲရင်း…

‘မင်းအင်္ကျီ ရင်ဘတ်ထဲက ဘာတွေလဲ’

‘ပေါက်စီတွေပါ တီချယ်၊ ဂျယန့်လုပ် တရုတ်နဲ့တူအောင် အဲ… သဏ္ဍာန်လုပ် သရုပ်တူအောင်လို့’





‘ငါ့ပုံစံတူအောင် လုပ်ပြလိုက်တာပေါ့လေ’

‘ဟုတ်… ဟုတ်ကဲ့’

‘ဟင်း… တင်ပါးနောက်က ဖောင်းနေတာ ဘာတွေလဲ၊ လူပြက်ကောင်တော့ နာချင်ပြီ၊ ငါ့ကို ရယ်စရာလုပ်နေသေးတယ်၊ နာချင်ပြီ ဟင်း’

‘လေခေါင်းအုံးလေးပါ တီချယ်၊ ကျောင်းလွှတ်ချိန်ရေကူးကန်မှာ ရေသွားကူးရင် ယူသွားနေကြပစ္စည်းလေးပါ၊ တူအောင် သုံးစွဲလိုက်တာ၊ အဟဲ… ခွင့်လွှတ်ပါ’

‘ရေကူးကန်မှာ ဘောတွေ၊ ရော်ဘာကွင်းတွေရှိလျက်သားနဲ့ ဒါလိုလို့လား’

‘အဲဒီရေကူးကန်မဟုတ်ဘူး၊ အလစ်ခိုးကူးလို့ရတဲ့ ကန်မှာသွားကူးမှာ’

‘ဒီကိုလာခဲ့… လာ… ဒီအရွယ်ကို မဆုံးမချင်ပေမယ့် လက်ပါပြီး ဆုံးမရဦးမယ်၊ တက္ကသိုလ်မှာလည်း အဲဒီလိုမျက်နှာပြောင်လွန်းရင် ဟော့ဒီလို ဖိုက်ကြောအလိမ်ခံရတယ် မှတ်ပြီလား’

‘အား… မှတ်ပါပြီ တီချယ်၊ ဖိုက်မှာချုပ်ရိုးတွေရှိတယ်၊ ဖိုက်ခွဲထားတာ မကြာသေးဘူး၊ တအားမလိမ်ဆွဲပါနဲ့’



www.burmeseclassic.com

www.burmeseclassic.com



'ဘာရောဂါဖြစ်လို့ ဗိုက်ခွဲထားရတာလဲ၊ ငါ့ကိုမညာနဲ့'

'အူအတက်ပေါက်တာပါ၊ ခွဲထုတ်ပစ်လိုက်ပြီ'

'အူအတက်က ဘယ်လောက်ကြီးလဲ'

'လက်နှစ်ဆစ်'

'သေးသေးလေး'

'လက်မလောက်ရှိမယ်ထင်တာပဲ'

'ဟုတ်လို့လား'

'လက်တစ်ဝါးစာရှိမယ်ထင်တာပဲ'

ဆရာမက ညာဦးဟာဆိုပြီး ထပ်မံအားနှင့်လိမ်ဆွဲလိုက်သောအခါ ငယ်သံပါအောင် အော်လိုက်သည့် လူဝင်းကျော်၏ အသံ။ စာသင်ဆောင်ထဲ ပွက်လောညံသွားတော့၏။

* ♠ *



## အခန်း (၁၄)

ကျော်စိုးနောင် ပြန်ပေါ်လာ၏။ ကျောင်းဝင်းအနီးမှာ ရပ်ဖျက်ပြီး ဝဲနေ၏။ ယမင်းနှင့်တွေ့ဆုံရအောင် ကြိုးစား၏။ ယမင်းမှလွဲလျှင် ကျန်သောအဖွဲ့တွေမမြင်အောင် တမင်ရှောင်ရှားနေ၏။

ယမင်းက ကျော်စိုးနောင်ကို ပြန်တွေ့သောအခါ ဝမ်းသာအားရပျော်မြူးနေ၏။ သွားတတ်သော တိုင်းရင်းသားကျေးရွာလေးမှာ ကျော်စိုးနောင်နှင့် ချိန်းတွေ့ကြသည်။

အောင်လဝန်းက အကင်းပါးနပ်သူမို့ ထိုအကြောင်းကို သိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးနောင်အစစ်အတုကို သံသယရှိနေသဖြင့် အစကောက်ပြီး သဲလွန်စပေါ်အောင် ကိုယ့်နည်းကိုယ့်ဟန်နှင့် လိုက်စုံစမ်းကြည့်တော့သည်။

ကျော်စိုးနောင်ရဲ့ ဦးလေးထံမှ ကျော်စိုးနောင် ကွယ်လွန်အကြောင်းတွေ နှိုက်မေးဖြစ်သည်။ ကွဲသွားသော မိခင်နှင့်ညီဖြစ်သူနောက်ကို ဆက်လိုက်သည်။

ဘုန်းကြီးကျောင်း သိမ်ဇရပ်မှာ တစ်သက်တာခိုလှုံနောင်တရနေသည့် ကျော်စိုးနောင်ရဲ့မိခင်ကို တွေ့ဆုံဖြစ်တော့မှပဲ လိပ်ခဲတင်းတင်းဖြစ်နေသော ပြဿနာရဲ့ အဖြေကိုရလာတော့သည်။

အဲဒီကောင် ကျော်စိုးနောင်အတုဆိုတာ သေချာပြီ။

ကျော်စိုးနောင်အတုနောက် အချိန်ပေးပြီးလိုက်နေရသဖြင့် ကျောင်းမှာ ယမင်းနှင့်နေနီနွယ်တို့ အားပြိုင်ပွဲကို သေချာမသိလိုက်ရ။

မာလာခင်တို့ ပြန်ပြောပြမှသာ ကြားရ၏။

ကျော်စိုးနောင်အတုနှင့် နေနီနွယ်တို့ အဆက်အသွယ်ရနေတာကို အတုနောက်သူလိုက်ကြည့်ရင်း မြင်လိုက်ရ၏။





လျှို့ဝှက်တွဲနေသော ယမင်းရဲ့ ကျော်စိုးနောင်ကို နေနီနွယ်က ရအောင်ဖော်ထုတ်ပြီး ဆက်သွယ်နိုင်ခြင်းမှာ နေနီနွယ်ရဲ့ ပါးနပ်လိမ္မာလွန်းသော အရည်အချင်းတစ်ရပ်သာ။

ယမင်းကို ထိုအကြောင်းတွေ အသိပေးဖို့ သူရောက်လာသည်။

ယမင်းနှင့် တွေ့ခွင့်ရသောအခါ…

'ကျော်စိုးနောင်အစစ်က သေသွားတာ ကြိမ်းသေပါတယ် အခုဟာက ကျော်စိုးနောင်ရဲ့ညီ ကျော်စိုးအောင်ပါ'

'မဖြစ်နိုင်ဘူး… ဘယ်လိုပြောပြော ယမင်း မယုံဘူး'

'ယမင်း သတိထားနော်၊ ကျော်စိုးနောင်နဲ့ နေနီနွယ်က အဆက်အသွယ်ရှိနေတာရော ယမင်း သိပြီးပြီလား'

ယမင်း မဲ့ခနဲ ပြုံးပြီးမှ တွေဝေချိန်ဆပြီး…

'သိသင့်သလောက်သိတယ်၊ ကျော်စိုးနောင်ကတော့ အတုလို့ မသတ်မှတ်နိုင်ဘူး အောင်လဝန်းရယ်'

ကျော်စိုးနောင် ကွယ်လွန်ချင်ယောင်ဆောင်သည့် အကြောင်းသာ လျှောက်မပြောဖို့ ကတိပေးထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတုအစစ်ကိစ္စကိုတော့ ပြောခွင့်ရှိမည်ထင်၍ သူပြောပြမိပြီ။

ယမင်းက မယုံ။

မာလာတို့ကို ပြောပြတော့ အံ့သြကုန်ကြ၏။ ကျော်စိုးနောင်အတုနှင့်တွေ့ဆုံလိုကြသည်။

တွေ့ခွင့်မရကြ။

ယမင်းကို ပိုင်းဝန်းနားချပေးဖို့ တောင်းဆိုကြည့်သည်။ ပိုင်းဝန်းနားချသော်လည်း ယမင်းက မရ။

ကျော်စိုးနောင်မှ ကျော်စိုးနောင်ပါဖြစ်နေ၍ အားလုံးလက်လျှော့လိုက်ကြရသည်။ နေနီနွယ်က ဒေလီယာမှတစ်ဆင့် ယမင်းရဲ့ အတွင်းသတင်းတွေရနေတာ နောက်မှရိပ်မိကုန်ကြ၏။ ဒေလီယာက ယမင်းတို့အဖွဲ့နှင့်တွဲသလို နေနီနွယ်တို့အဖွဲ့ဝင်တွေဖြစ်သော ဖေရယ်၊ ပူတူး၊ နန္ဒာတို့နှင့်လည်းတွဲတတ်သူ။ လျှို့ဝှက်နေသော မြေခွေးလို ကျော်စိုးနောင်ကို ဆက်သွယ်မှုရယူနိုင်သည့် နေနီနွယ်မှာ ဘယ်လိုအကြံအစည်တွေ ရှိနေလို့လဲ။ ကျော်စိုးနောင်ဟန်ဆောင်နေသူက ဘာအကြံနှင့် ဆက်ဟန်ဆောင်နေရတာလဲ။





သို့နှယ် မေးခွန်းများနှင့် အောင်လဝန်း စိတ်ကျဉ်းကျပ်ပြီး ကျောင်းတက်ဖြစ်သောတစ်နေ့မှာ နေနီနွယ်တစ်ယောက် သူ့ရှေ့ရောက်လာ၏။

* ♠ *

'အခုလို လက်ဖက်ရည်ဆိုင်မှာ နှစ်ယောက်တည်း ထွက်ထိုင်ပြောရတော့ ပိုလွတ်လပ်တာပေါ့၊ နေနီ သူနဲ့တွေ့ချင်ရတဲ့အကြောင်းက ယမင်းနဲ့ပတ်သက်တယ်၊ သူက ယမင်းဘက်ကလူဆိုတော့ ဒေလီယာလို သူ့လူကိုယ့်ဖက်သားလုပ်ပေးချင်တာနဲ့ ခေါ်တွေ့တာ'

နေနီနွယ်ရဲ့ အကြံအစည်ကို သိလို၍ သူ အလိုက်အထိုက်ပင်...

'သူ့လူကိုယ့်ဘက်သားဖြစ်တော့ ကျွန်တော်ကဘာလုပ်ပေးရမှာလဲ နေနီနွယ်၊ အားမနာတမ်းပြောပါ၊ လိုအပ်ရင် ကူညီတတ်ပါတယ်'

'ဒီလိုဆိုတော့ ပြောရတာ ပိုကောင်းသွားတာပေါ့၊ တကယ်တော့ လူတောထဲသိပ်မထွက်ရဲသေးတဲ့ ကျော်စိုးနောင်



www.burmeseclassic.com

www.burmeseclassic.com



ကို နေနီ ရအောင်တွဲနေတာ၊ ယမင်းကို လက်စားချေချင်လို့ပဲ၊ ယမင်းက တို့လက်ထဲက မဟာကျော်ကို လုသွားတယ်၊ နောက်တော့ မဟာကျော်ကိုက ယမင်းပယောဂမကင်းမှုပါတာကြောင့် လည်း သေဆုံးခဲ့ရတယ်၊ အဲဒါကြောင့် ယမင်းကို တို့ အရမ်းမုန်း တယ်၊

ယမင်းသိပ်ချစ်ပုံရတဲ့ ကျော်စိုးနောင်ကို တို့လက်ထဲပါ အောင် လုပ်ယူမယ်၊ တို့အသည်းကွဲသလို ယမင်းအသည်းကွဲစေ ရမယ်၊ ကျော်စိုးနောင်ကို လက်ထပ်မယ့်အထိ တမင်မြှူဆွယ်ခေါ် သွားမယ်၊ နောက်ဆုံးမှာ ဖြုတ်ချထားခဲ့လိုက်မှာပါ၊ အဲဒီနည်းနဲ့ ယမင်းကို တို့အလဲထိုးမယ်၊ ဒီတစ်နည်းနဲ့တင် ယမင်းကိုလုပ်ကြံ ရတာ မကြိမ်းသေဘူး၊ နောက်တစ်နည်းထပ်ကြံပြီး နှစ်နည်းနဲ့ ယမင်းကို ခြေမွပစ်ချင်တယ်၊ ကျန်တဲ့နောက်တစ်နည်းက နေနီ နိုင်းသလို အောင်လဝန်း လုပ်ပေးမယ်ဆိုရင် အောင်လဝန်းကို နေနီ လက်ထပ်ခွင့်ပေးမယ်၊ မာယာပရိယာယ်နဲ့ ပြောတာမဟုတ် ဘူး၊ တကယ့်ကိုလက်ထပ်မှာ၊ စာချုပ်စာတန်းနဲ့ကို ရေးထိုးလုပ် ကိုင်မှာ၊ အဲဒါကြောင့်'

'ကျွန်တော်က ယမင်းကို ဘာလုပ်ပေးရမှာလဲ'





'ယမင်း သူ့ဘာသာသူ သေဆုံးသွားတဲ့သဘောမျိုး သက်ရောက်အောင် အောင်လဝန်းဘာသာ ကြံဆောင်ပြီး ယမင်း ကို သုတ်သင်ပေးဖို့ပါ'

'ဘာ'

'အို… ဖြည်းဖြည်းအော်ပါ၊ ဒီလောက်ကြီး အော်စရာ မဟုတ်ပါဘူး အောင်လဝန်းရယ်၊ အောင်လဝန်းလုပ်ပေးနိုင်မှာပါ၊ ကျော်စိုးနောင်က အဲဒီလိုသတ္တိမကောင်းဘူး၊ အောင်လဝန်းဆိုရင် ဖြစ်နိုင်မယ် ထင်လို့ပါ'

'ဒါ… ဒါ… လုပ်ကြံမှုကြီးပဲ၊ ကျွန်တော်…'

'သိပ်ပြီး စိတ်မလှုပ်ရှားပါနဲ့၊ နေနီ အောင်လဝန်းကို ကြိမ်းသေလက်ထပ်မှာပါ၊ ဒီအခွင့်အရေးကို ဘယ်သူမဆိုလိုချင် ကြတာ အများကြီးပါ၊

အောင်လဝန်းကိုမှ ဒီလိုမျိုး ခေါင်းထဲထည့်ပြီး လက်ထပ် နိုင်မယ်ထင်လို့ နေနီ တမင်ရွေးချယ်ပြီး ခုလို တိုင်ပင်ပြောပြမိတာ စဉ်းစားပါဦးကွယ်'

'ကျွန်… ကျွန်တော်… လုပ်မယ်၊ တကယ်လက်ထပ် မှာနော်၊ စာချုပ်စာတမ်းနဲ့ လက်မှတ်ထိုးပေးမှာနော်'



www.burmeseclassic.com

www.burmeseclassic.com



'ကြိုတင်ထိုးပေးနိုင်တယ်၊ ယုံပြီလား'

'အိုကေ၊ နေနီဖြစ်စေချင်တဲ့အတိုင်း ကွက်တိဖြစ်စေရမယ်၊ စိတ်ချထားလိုက်'

'အဲဒါမျိုးမှ နေနီက သဘောကျတာ၊ လက်ခုပ်နှစ်ဖက်ကြား ယမင်းလွတ်အောင် ထွက်သွားနိုင်မလားဆိုတာ စိတ်ဝင်တစားနဲ့ စောင့်ကြည့်ရသေးတာပေါ့၊ ဘယ်နေ့ လက်မှတ်ထိုးပေးရမလဲ'

အောင်လဝန်းက နေနီနွယ်ရဲ့ အားယာတလောင်မြိုက်နေသော မျက်နှာကို ခပ်ရဲရဲပြန်ကြည့်ပြီး…

'ဒီနေ့ပဲ လက်မှတ်ထိုးမယ်'

'မြန်လိုက်တာ၊ လက်မှတ်ထိုးထားပေမယ့် ယမင်း မသေသေးဘဲ ဘာမှမပေါင်းဘက်နိုင်သေးဘူးနော်'

'ကောင်းပြီလေ၊ အလုပ်သဘောကို နားလည်ပါတယ်၊ မြန်မြန်လက်မှတ်ထိုးခိုင်းရတာက နေနီနဲ့ မြန်မြန်လက်ထပ်ပစ်လိုက်ချင်လို့ပဲဆိုတာ နေနီယုံပါ'

နေနီနွယ်က ခပ်ဟားဟားပုံစံဖြင့် ပြန်ပြောလိုက်သည်မှာ…





'ယပက်လက်တစ်ချောင်းငင် နသတ်ယုန်တဲ့'

* ♠ *

နေနီနွယ်က ကျော်စိုးနောင်ကို သူ့မလက်ထဲရောက်အောင် မာယာအတတ်နှင့် ခေါ်သွားပုံမှာ မြန်ဆန်လွန်းလှ၏။ ကျော်စိုးနောင်နှင့် အတွဲမပျက်။ ချိန်းတွေ့မပျက်ဖြစ်နေသော ယမင်းတစ်ယောက် တိုင်းရင်းသားကျေးရွာမှာ ကျော်စိုးနောင်အလာကို စောင့်နေစဉ်…

နေနီနွယ်နှင့်တွဲပြီး ကျော်စိုးနောင် ရောက်လာ၏။ ယမင်းတုန်လှုပ်အံ့သြသွားရတော့သည်။

'သူ… သူ… ဘာလို့နေနီနွယ်နဲ့ တွဲလာရတာလဲ'

'ယမင်းက ကုဲယ်ပြန်တောင်းတဲ့ ဆွဲကြိုးကိုမှ ထုတ်မပေးတာ၊ ကိုယ့်ကိုတကယ်မချစ်လို့ မပေးတာပေါ့၊ အဲဒါကြောင့် ကိုယ်ကိုတကယ်ချစ်တဲ့ နေနီနွယ်နဲ့ ကိုယ်လက်တွဲပြီးအသစ်ရှာရင်ခုန်လိုက်တာ၊ ကိုယ်အပြစ်မရှိပါဘူး'

'အို… ကျွန်မ ပြောပြီးပြီပဲ၊ အဲဒီဆွဲကြိုးနဲ့ ရွှေကြုတ်ကရွှေတိဂုံဘုရားမှာ သူဆုံးစအချိန်က သူ့ကိုရည်စူးပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါပြီလို့၊ မရှိတော့တဲ့အရာကို မရလို့ သစ္စာဖောက်ပြလိုက်တာပေါ့'

နေနီနွယ်က အောင်ပွဲရ အပြုံးပန်းဆင်ပြီး…

'ကျော်စိုးနောင်က မဟာကျော်မဟုတ်ဘူးလေ၊ အတုံ့အပြန်သဘောတွေပါ ရင်ဖွင့်ပေါက်ကွဲအောင်ခံစားပစ်လိုက်၊ ယမင်းသော်တာ ကြားအောင် ပြောလိုက်စမ်းပါ ကျော်စိုး နောင်'

'ကိုယ်နဲ့ နေနီနွယ်တို့ မကြာခင် လက်ထပ်ကြတော့မယ်'

'ဟင်… ရှင် လျှို့ဝှက်နေရတဲ့ အခြေအနေနဲ့ ဒီလိုမိန်းမကို လက်ထပ်မယ်၊ ရှင်ဟာ… ရှင်ဟာ'

'ကိုယ် လုပ်တတ် နေတတ်ပါတယ် ယမင်း၊ မင်းကိုလာနှုတ်ဆက်တာပါ၊ ကိုယ့်ကိုမျှော်လင့်မနေပါနဲ့တော့၊ စိတ်မကောင်းပါဘူး၊ ကိုယ်တကယ်ချစ်တာ ယမင်းမဟုတ်ဘူး၊ နေနီနွယ်'

'မကြားချင်ဘူး၊ လုံးဝမကြားချင်ဘူး၊ ရှင့်ကိုမုန်းတယ် အရမ်းမုန်းတယ်၊ ကျွန်မကလွဲရင် တစ်လောကလုံးမှာရှိတဲ့ ကြိုက်တဲ့မိန်းမကိုယူလို့ရတယ်၊ ဒီမိန်းမကိုမှ ရှင်ရွေးယူတာ ကျွန်မ





ယ်ထိပ်ကို မြွေပေါက်လိုက်သလိုပဲ'

'အဲဒီလောက်တောင် ခံစားလိုက်ရတယ် (ဟားတိုက်ရယ်မောသံ)၊ ကျွတ်… ကျွတ်… ကျွတ်… အများကြီးကို ဝမ်းနည်းပါတယ်၊ မကြာခင် ရင်ကွဲရမယ့် ဝေဒနာတွေ ထပ်လာဦးမယ်၊ နားစွင့်ထားလိုက်၊ ဒီအတွက် ဝမ်းနည်းစွာနဲ့ ဝမ်းသာအားရဖြစ်မိတယ်၊ ဠဒ်ဘိုင် ယမင်း'

နေနီနွယ်က နှုတ်ဆက်ပြီး ကျော်စိုးနောင်နှင့် လက်ချင်းဆုတ်တွဲလိုက်သည်။ ပခုံးလေးဖက်လိုက်တော့ ရင်ခွင်ထဲမှီအုံးပြီး မခို့တရို့ အပြုံးနှင့် လိုက်ပါသွား၏။ ယမင်းသော်တာ ခုန်ဆွခုန်ဆွဖြင့်…

'သွားကြ၊ အမြန်ထွက်သွားကြ၊ သင်္ချိုင်းကုန်းကို သွားကြ၊ နင်တို့ကိုမုန်းတယ်၊ သေအောင်မုန်းတယ်'

* ♠ *

ယမင်းသော်တာနှင့် တွေ့ဆုံဖြစ်စဉ် မှိုင်းရီငေးမောနေသော အသွင်ကိုသာ ဆောင်နေ၏။

ရှင်လျက်နှင့်သေသူကဲ့သို့ပင် ကျောင်းကိုလှုပ်လီလှုပ်လဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၏။ ကျောင်းဝင်းခံတန်းလျားမှာ ထိုင်ဖြစ်ရင်း နှစ်ယောက်တည်း ရှိချိန်လေးမှာ…

'ယမင်း ကျော်စိုးနောင်နဲ့ သွားမတွေ့ဘူးလား'

'ဟင့်အင်း'

'ဘာလဲ၊ ကျော်စိုးနောင် သူ့ကိစ္စနဲ့ သူခြေရာဖျောက်ရပြန်ပြီလား၊ ဒီကောင့်အရေးတွေက ဗြိုလ်တုတစ်လုံးတည်ဆောက်ထားသလို ရှုပ်ထွေးနေတာပဲ၊ ယမင်းကြည့်ရတာ စိတ်ဓာတ်ကျနေသလိုပဲ၊ နေမကောင်းဘူးလား'

'နေကောင်းပါတယ်၊ အခုမှ အရမ်းကိုနေလို့ကောင်းသွားတာ၊ ခေါင်းထဲကြည်လင်ပေါ့ပါးသွားတယ်၊ ရှုပ်ထွေးနောက်ကျိနေတဲ့ စိတ်ကို နှလုံးငြိမ်ငြိမ်ထား အာနာပါနရှုမှတ်ပြီး ငြိမ်တော့မှ ခေါင်းအေးအေးနဲ့ ဖြစ်ခဲ့တဲ့ အရာတွေကို ပြန်တွေးပြီး အဖြေရှာကြည့်နေတာ၊ အဖြေတွေ့ပြီး သုံးလောကထွတ်ထား အနှိုင်းမဲ့မြင့်မြတ်ကြည်ညိုဝပ်တွားဖွယ်ရာဖြစ်တဲ့ မြတ်ဗုဒ္ဓရှင်တော်ဘုရားရဲ့ တရားတော်က အတွေးရှုပ်ထွေးမှုတွေကို သန့်စင်ပေးလိုက်တာလေ၊

ကျော်စိုးနောင်ကို နေနီနွယ် ဖြတ်လုသွားပြီ၊ ဒီလိုလုပ်





မယ်ဆိုတာ ကြိုသိသားပဲ၊ အဲဒါကြောင့် ကျော်စိုးနောင်ကို အရမ်းလိုလားတပ်မက်ဟန်ဆောင်နေပြလိုက်တာ'

'ဟင်… ယမင်း… ယမင်းရင်ထဲမှာ ဘယ်လိုမှမခံစားရဘူးလား'

'အနည်းအကျဉ်းပါ၊ အဲဒီလူဟာ ကျော်စိုးနောင် မဟုတ်ဘူးဆိုတာ ပြောဆိုဆက်ဆံကြည့်တာနဲ့ သိလာတယ်၊ အိပ်မက်ထဲမှာလည်း ကျော်စိုးနောင်က သူမဟုတ်ဘူး၊ သူ့ညီတဲ့၊ သူက ဘဝသစ်ကို သွားတော့မယ်ဆိုပြီး နှုတ်ဆက်တယ်၊ အပြင်မှာလည်း ကျော်စိုးနောင်အတုက ကျော်စိုးနောင်ပေးခဲ့ဖူးတဲ့ ဆွဲကြိုးကိုပဲ လှည့်ပတ်ဖြားယောင်းပြီး တွင်တွင်တောင်းနေတော့တာပဲ၊ ယမင်းက ရွှေတိဂုံဘုရားမှာ လှူတန်းပြီး ကျော်စိုးနောင်အတွက် အမျှအတန်းဝေပစ်လိုက်ပြီ၊ မပေးနိုင်ဘူး၊ အဲဒီလိုပြောတော့ ယမင်းကို လည်ပင်းထညှစ်မတတ် စိတ်ဆိုးနေလိုက်တာ၊ အဲဒီလို အခြေအနေမျိုးမှာ နေနီနွယ်ကလည်း တစ်ဖက်က ရန့်လိုယှဉ်ပြိုင်နေတယ်၊

ကျော်စိုးနောင်နဲ့ လျှို့ဝှက်တွေ့တာတောင် သိနေတယ်၊ ကျော်စိုးနောင်ကို ရအောင်လုသွားတယ်၊ လုပါစေလို့ ယမင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆုတောင်းနေတာ၊ ကျော်စိုးနောင်အတွက် အသည်းအသန် ကြွေပြသလို တမင်ပိုပိုကဲကဲဟန်ဆောင်ပြလိုက်တယ်၊ သွားပြီ၊ နေနီနွယ်တော့ ကျော်စိုးနောင်အတုကြီးကို အောင်ပွဲဆုလာဘ် အမှတ်နဲ့ရင်ဝယ်ပိုက်သွားပြီ’

‘ယမင်းသိထားတာ မှန်တယ်၊ အဲဒါ ကျော်စိုးနောင်ရဲ့ အမြွှာညီအစ်ကို ကျော်စိုးအောင်။ ဒီကောင်က သူ့အစ်ကိုဆုံးသွားတော့ မဆုံးခင်လေးမှာ မှာသွားတဲ့အတိုင်း ရှေ့နေတွေက ကျော်စိုးအောင်ကို ခေါ်ပြီး အမွေတစ်ဝက်ခွဲပေးကြတယ်၊ ကျော်စိုးနောင်က ဖအေဘက်ပါသွားပေမယ့် သူ့ညီနဲ့အမေကို ချစ်ရှာပါတယ်၊ ပထွေးရှိနေလို့ မဆက်ဆံဖြစ်ပဲနေတာပါ၊ ကျော်စိုးနောင် ဆုံးခါနီးအချိန်မှပဲ ကျော်စိုးနောင်ရဲ့ပထွေးဆုံးသွားတယ်၊ ဒီတော့မှ သူ့ညီနဲ့ အမေအတွက် အမွေလွှဲပေးခဲ့တာ၊ အဲဒါ ကျော်စိုးအောင်က လောဘမသတ်နိုင်ဘဲ သူ့အစ်ကိုထားခဲ့တဲ့ အစ်ကိုပိုင်အမွေတွေကို အုပ်ထိန်းသူဦးလေးတွေဆီက ဆက်တောင်းတယ်၊ ဦးလေးက အမွေစာရင်းတွေ ဘယ်မှာထားမှန်းမသိဘူး၊ ကျောင်စိုးနောင်ရဲ့ အခန်းကိုအပ်လိုက်တယ်၊ ဒီမှာတင် ကျော်စိုးနောင်ရဲ့ နေ့စဉ်မှတ်တမ်းအဖြစ်မှန်စာအုပ်ကို ကျော်စိုးအောင် ရသွားတယ်၊ စာအုပ်ထဲ





မှာ ကျော်စိုးနောင် ရေးထားတာက သူပိုင်အမွေတွေကို ရွှေဆွဲကြိုးနဲ့ ရွှေကြုတ်ထဲမှာ မြေပုံရေးဆွဲထည့်ထားတယ်၊ သူ့ဘာသာ မြှုပ်နှံထားတာပေါ့၊ အဲဒီဆွဲကြိုးကို ယမင်းကို ပေးလိုက်တယ်၊

ယမင်းလက်ထဲရောက်လာတော့ ဆွဲကြိုးထဲမှာ မြေပုံမပါဘူး၊ ကျော်စိုးနောင်က သူ့အမွေတွေကို ရှေ့နေနဲ့ တိုင်ပင်ပြီး အကုန်လှူတန်းခဲ့ပြီးပြီ၊ ဆွဲကြိုးသက်သက်ပဲ ပေးခဲ့တာ၊ အမွေတွေ ပြန်ဖော်ပြီး သူ့ဘာသာထိန်းသိမ်းထားရာက သေခါနီးမှ လှူခဲ့တာပေါ့’

‘ကျော်စိုးအောင်က ကျော်စိုးနောင်ပါဆိုပြီး မသေဘဲ ပြန်ရှင်လာတယ်ဆိုတာ သက်သက်မဲ့လုပ်ကြံပြောတဲ့ ယုံတမ်းဇာတ်လမ်းဖြစ်နေတာပေါ့’

‘ဟုတ်တယ် ယမင်း၊ ဒီကောင် တမင်ထွင်ပြောထားတာ၊ ယမင်းကို သူလိုချင်တပ်မက်စိတ်တော့ရှိတယ်၊ ဒါပေမဲ့ သူ့အစ်ကိုရဲ့အမွေစုကို ပိုလိုချင်တယ်၊ မရနိုင်တော့မှန်းသိလို့ စိုင်ကော်ခြုံပေါ်ရောက်ဆိုသလို နေနီနွယ်က အလိုက်သင့်လာခေါ်ပြီး ယမင်းကို အနိုင်ချိုးတဲ့နေရာမှာ ပါဝင်တက်ကြွသွားတာ၊



www.burmeseclassic.com

www.burmeseclassic.com



အခုလောက်ဆို ကျော်စိုးနောင်ရယ်၊ အတုကျော်စိုးအောင်ရယ် ကိစ္စနဲ့ပတ်သက်ပြီး ယမင်းလည်း စိတ်ပြတ်သင့်သလောက် ပြတ်နေပါပြီ၊

အရင်ကလို အလူးအလဲ ငိုကြွေးတာ ပြင်းပြင်းထန်ထန် ခံစားရတာ စိတ်နှလုံးထိခိုက်ညှိုးခြုံ့ကျတာမျိုးမဖြစ်လောက်တော့ပါဘူး'

'မဖြစ်တော့ပါဘူး၊ တရားရှိနေပြီလေ၊ စိတ်တွေလည်း ငြိမ်နေတယ်၊ ဖြေသာနေသာနိုင်နေပါပြီ၊ ယှဉ်ပြိုင်ရတာတွေကို စိတ်ကုန်နေတယ်၊ မေတ္တာထားလိုက်ပါတယ်၊ ကျော်စိုးနောင်ကိုလည်း ဘဝခြားသွားပြီဆိုပြီး တရားနဲ့ ဖြေယူတတ်ပါပြီ၊ ဖြေလို့ မရသေးတာက အိပ်မက်ထဲမှာ ကျော်စိုးနောင်ရဲ့ဝိညာဉ်ပြောပြသွားတဲ့ သိုက်နန်းက မောင်တော်ဆိုတဲ့ သိုက်နန်းစောင့်ရဲ့ ကျိန်စာ ကျွန်မ နောက်ထပ်ရည်ရွယ်ခွင့်မရရှိနိုင်တော့ဘူးတဲ့'

'အဲဒါ အစွဲအလမ်းတစ်ခုကနေ ထပ်ဆင့်ဖြစ်ပွားလာတဲ့ အစွဲအလမ်းအသစ်တစ်ခုပါ၊ သိုက်နန်းတွေ၊ မောင်တော်တွေဆိုတာ သူ့လောကနဲ့သူ ကိုယ်က စိတ်ထဲလက်ခံရင် လက်ခံသလို ရှိနေလိမ့်မယ်၊ လက်မခံရင် လက်မခံသလို မရှိနေနိုင်ဘူး၊ ဥပါ





ဒါန်ကြောင့် ဥပါဒ်ဖြစ်တတ်တယ်၊ ဥပါဒ်မဖြစ်အောင် ဥပါဒါန်တွေ မထားနဲ့တော့'

'ကျော်စိုးနောင်ရဲ့ဝိညာဉ်က အိပ်မက်ထဲမှာ ပြောသွားသေးတယ်၊ ကျွန်မကိုသတိထားနေပါတဲ့၊ နေနီနွယ်ရဲ့ ပုံကိုပြတယ်၊ သတိထား အသက်နုတ်ယူနိုင်တယ်တဲ့၊ ပြီးတော့နောက် ပုံတစ်ပုံပြတယ်၊ အန္တရာယ်ရှိတဲ့လူပုံပေါ့၊ အဲဒါ အောင်လဝန်းရဲ့ ပုံ'

အောင်လဝန်း အံ့သြလွန်း၍ ပါးစပ်ဟောင်းလောင်းနှင့် ငြူးကြည့်နေလိုက်မိ၏။ ယမင်းသော်တာက အသာကိုင်လှုပ်မေး၏။

'ရှင်… ရှင်ကော… ကျွန်မကို အန္တရာယ်ပြုမှာလား ဟင်'

'ကိုယ်… ကိုယ်ဘာလို့ ပြုရမှာလဲ၊ ကိုယ်ဟာ ယမင်းကို ယမင်းကိုလေ မှတ်မိသေးလား၊ ကိုယ့်ခန္ဓာမှာ ကျော်စိုးနောင်ရဲ့ ဝိညာဉ်စွဲကပ်တယ်လို့ ယမင်းထင်မှတ်နေတုန်းကလေ၊ ယမင်းနဲ့ ကိုယ်နဲ့ချစ်သူတွေလို နေထိုင်ပြောဆိုဖြစ်ခဲ့ကြတာတွေလေ'

'အင်း… အားလုံးမှတ်မိတယ်၊ ရှင်ဖြစ်လိုက်၊ ပြော



www.burmeseclassic.com

www.burmeseclassic.com



စိုးနောင်ဖြစ်သွားလိုက်နဲ့ အဲဒီတုန်းက ရှင်နဲ့ကျွန်မ ငါးပြတိုက်ထဲမှာလေ'

'အဲဒီကတည်းက ကိုယ့်မှာ ယမင်းကို စွဲလမ်းနေခဲ့ရတာ ဒီနေ့အထိပဲ'

အောင်လဝန်းနှုတ်မှ ရင်ခုန်စကားတွေ ဆိုနေရသော်ငြား အာရုံထဲမှာ နဟ်မျက်စိရထားသလို အမှန်တွေပြောသွားသော ကျော်စိုးနောင်ရဲ့ ဝိညာဉ်ဆိုတာကို အဖန်တလဲလဲ တွေးတောနေမိ၏။ တစ်ခါတစ်ရံ တိုက်ဆိုင်မှုက ယခုအထိ မှန်ကန်လွန်းနေလေပြီ။

'ရှင်··· ကျေးဇူးပြုပြီး ယမင်းကို မချစ်ပါနဲ့'

'ဘာ··· ဘာလို့လဲ ယမင်း'

'နောက်တစ်ကြိမ် ရည်ရွယ်ခဲ့ရင် ရှင်ရင်လည်းသေချင်သေ၊ မသေရင် ကျွန်မ သေကိန်းရှိတယ်'

'အဲဒါတိုက်ဆိုင်မှုပါ၊ အစွဲအလမ်းမထားပါနဲ့'

'အမြဲတမ်းတိုက်ဆိုင်မှုဖြစ်နေတာကို ကျွန်မ လန့်နေပြီ'

'မလန့်ပါနဲ့၊ ကိုယ်ရှေ့က အသင့်ရှိနေမှာပါ'

'ကျွန်မ ယုံလို့မရဘူး'





'ဘာဖြစ်လို့လဲ ယမင်း'

'ကျွန်မအသက်ကို လုပ်ကြံနိုင်တဲ့ အန္တရာယ်ထဲမှာ ရှင်လည်းပါနေလို့'

အောင်လဝန်း ဘယ်လိုဆက်ပြီး ရှင်းပြရမှန်းပင် မသိတော့။

* ♠ *

သူငယ်ချင်းတွေအားလုံးခေါ်ပြီး တိုင်းရင်းသားကျေးရွာကို ပျော်ပွဲစားထွက်ဖြစ်ကြ၏။ ယမင်းသော်တာ စိတ်ပြန်ကောင်းလာ၍ အားလုံးပျော်ရွှင်ကြရ၏။ လုပ်ကြံခံရမှာကြီးကို လန့်နေသေးသည့် စိတ်က အစွဲကိုရှိနေသေး၏။

ဖြစ်ပျက်သမျှတွေ ရှင်းပြလိုက်၍ သူငယ်ချင်းတွေ နားလည်နေကြ၏။ ပျော်ပျော်ပါးပါး ပျော်ပွဲစားထွက်ဖြစ်စဉ် အောင်လဝန်းက ယမင်းရဲ့ချစ်ခြင်းကို အာသီသပြင်းပြစွာဖြင့် ကပ်တောင်းဆိုနေမိ၏။ ယမင်းကလည်း အစွဲကိုသာ ပြောပြပြီးငြင်းပယ်၏။

'အဲဒီအစွဲကျွတ်သွားရင် ကိုယ့်ကိုချစ်သူအဖြစ် ရွေးပိုက်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဘာမှမဖြစ်ရင် ကိုယ်နဲ့လက်ထပ်မယ်မဟုတ်လား'

'ခံစားထားရတာ ဘာမှမကြာသေးဘူး၊ ကျော်စိုးနောင် ကြောင့် မဟာကျော်ကြောင့် ယမင်းရဲ့ နှလုံးသားတွေ ခံနိုင်စွမ်း သိပ်နည်းနေပြီ၊ နားနားနေနေ အေးအေးနေပါရစေဦး အောင် လဝန်းရယ်'

'အချစ်ဟောင်းတွေ ဘဝပြောင်းသွားရင် အချစ်သစ်တွေ အားအဖြစ်ဝေလိုက်စမ်းပါ၊ ယမင်းရဲ့အနားမှာ သက်တော်စောင့် ကိုယ်ရံတော်လို ကိုယ်နေပေးချင်လို့ပါ၊ ကိုယ်သာ အစွဲရန်တွေ ကာကွယ်နိုင်ရင် ဘာဆုလာဘ်ပေးမလဲ၊ အဲဒါတော့ မဖြစ်မနေ ပေးရမယ်'

'အင်း... အဲဒါဆိုလည်း သူ့သဘောအတိုင်းပဲ'

'ဒါဆို ချစ်သူအဖြစ် အစမ်းခန့်လိုက်၊ ဘာအန္တရာယ်ကျ ရောက်လာမလဲဆိုတာ စောင့်ကြည့်ကြသေးတာပေါ့၊ မဟုတ် ဘူးလား'

'ကျွန်မ ကြောက်တယ်'

'ကြောက်ရင် ဖက်ထားပေးမယ်လေ'

'ဟော်ပြီ၊ အဲဒါပိုဆိုးမယ်'





'မဆိုးပါဘူး၊ သိပ်ရိုးသားတဲ့ ရင်ခွင်ပါ၊ အစဉ်မြတ်နိုး သွားမယ့် ရင်ခွင်သစ်ကလေးပါ၊ နိုးနားဖို့ ကြိုဆိုနေပြီးသားပါ ယမင်းရယ်'

ယမင်းရဲ့ မျက်စောင်းက အောင်လဝန်းရင်ကို ငြိမ့် ညောင်းသွားစေ၏။

* ♠ *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ပျော်ပွဲစား ထွက်နေသော ကမ္ဘာထဲကို အဖျက်နှစ်ယောက် ဝင်ရောက်လာ၏။

ကျော်စိုးအောင်နှင့် နေနီနွယ်။

ပန်းခြံထဲမှာ အချစ်ခန်းရိုက်နေသလို ခပ်လှမ်းလှမ်းမှာ လာတွဲပြနေသေး၏။

ယမင်းသော်တာကို အသည်းလာခွဲပြနေခြင်းပင်။

ယမင်းရဲ့ အဖွဲ့သားတွေ အသည်းယားအောင် တမင်လာလုပ်ပြနေ၏။

အကြောင်းစုံရှင်းလင်းစွာ သိထားသော အဖွဲ့သားတွေက အရေးမလုပ်။

ပျော်ပျော်ပါးပါးပင် နေထိုင်နောက်ပြောင်နေကြ၏။





ယမင်းနှင့် အောင်လဝန်းတို့လည်း အေးဆေးကြည်နူးစွာပင် အပြုံးမပျက် စကားပြောလမ်းလျှောက်နေနိုင်ကြ၏။

နေနီနွယ်ရဲ့အဖွဲ့တွေ ရောက်လာပြီး သူမတို့အဖွဲ့ကို အရေးမလုပ်၍ ပြူးပြူးခါးထောက်မျက်မာန်ရှကုန်ကြ၏။

အောင်လဝန်းနှင့် ယမင်းတို့လျှောက်လာသည့်လမ်းသွယ်ကို ပိတ်ရပ်နေကြသည့် လူသားနှစ်ဦး။ နေနီနွယ်နှင့် ကျော်စိုးအောင်။

ကျော်စိုးအောင်က ကျော်စိုးနောင်ပုံစံဖမ်းပြီး ပြောလာသေး၏။

'ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့ကြတာကိုး'

ဘာမှပြန်မပြော။ ဘေးကပတ်ကွေ့သွားဖို့ ပြင်သောအခါ နေနီနွယ်က...

'အောင်လဝန်း... ရှင်အခုထက်ထိ ဘာမှမလုပ်သေးဘူးလား၊ ယမင်းသော်တာက ခံစားမှုလှည့်ကွက်ပြောင်းတတ်တယ်၊ ရှင့်နည်းနဲ့ ဆုံးမဖို့ပဲ ကျန်တော့တယ်'

'ယမင်းကို လုပ်ကြံနိုင်းနေတာလား၊ စိတ်ကူးလို့တောင် မရဘူး၊ တစ်ယောက်နဲ့တစ်ယောက်ပြိုင်တာ အဲဒီလိုအောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



ရှာလောက်တဲ့အထိ မပြင်းထန်သင့်ပါဘူး နေနီနွယ်၊ အမိပွာယ်တကယ်မရှိတဲ့ပြိုင်ဆိုင်မှုပါ၊ ပယ်ဖျက်ပစ်လိုက်ပါ၊ ဒီအကြောင်းတွေ ယမင်းကို ကြိုပြောပြထားလို့ ယမင်း သံသယမဝင်တော့ဘူး၊ ဒီလိုလုပ်နိုင်းတဲ့ နေနီနွယ်ကိုသာ သက်ဆိုင်ရာတိုင်လိုက်ရင် ဒုက္ခရောက်သွားနိုင်တယ်၊ ကျောင်းပြန်တက်ချင်ယောင်ဆောင်ပြီး အငြိုးတကြီးနဲ့ ဆက်ရန်ရှာမနေပါနဲ့တော့ နေနီနွယ်ရယ်၊ ပြည်ပကို ပြန်ရမှာ ပြန်သာပြန်ပါ၊ ကျော်စိုးနောင် ဟန်ဆောင်ထားတဲ့ ကျော်စိုးအောင်လည်း မိခင်ကြီးကို ပြန်စောင့်ရှောက်လိုက်ပါဦး၊ ကျော်စိုးနောင်က သူ့အမွေတွေ သူမသေခင် လှူပြီးသွားပြီ၊ ရှေ့နေဦးတင်အောင်ဆီမှာ မေးကြည့်လို့ရပါတယ်၊ အဲဒီမြို့ကလေးက ရှေ့နေပေါ့'

'ဟင်… မင်း… မင်း ဒီအကြောင်းတွေ ဘယ်လိုလုပ်သိနေတာလဲ'

'မင်းရဲ့မိခင်နဲ့တွေ့ပြီးခဲ့ပြီ၊ မာန်မာနကြီးတဲ့ မင်းရဲ့မိခင်ဟောင့် နောင်တရပြီး တရားတော်နဲ့သူ့အပြစ်တွေကို ဆေးကြောသန့်စင်နေပြီ၊ မင်းလည်း နောင်တရသင့်ပါပြီ'

ကျော်စိုးအောင် ဘီလူးစီးသလို ဒေါသကြီးသွား၏။





'မင်း ငါ့ကို တရားချစရာမလိုဘူး၊ ငါဖြစ်ချင်တာ မဖြစ်လာတော့လည်း ဝင်ရှုပ်တဲ့ မင်းကို အရှင်မထားဘူး'

ကျော်စိုးအောင်က မောင်းချမ်းကိုဖွင့်ပြီး အောင်လဝန်းထံ ပြေးလာ၏။

အောင်လဝန်းက ရင်ဝကို ဆီးကန်ချလိုက်၏။ ယမင်းက လန့်ပြီးအော်၏။

ကျော်စိုးအောင် လန်ကျသွားစဉ် ကလင်တန်နှင့် ဟူစိန်တို့က ဝင်ချုပ်ထားကြသည်။ နေနီနွယ်တစ်ယောက် ကြက်သေသေသလို ကြည့်နေရာမှ သတိဝင်လာပြီး…

'အောင်လဝန်း နင်…သစ္စာဖောက် ကတိမတည်ဘူး'

'ငရဲမှ ဆုရမယ့်သစ္စာနဲ့ ကတိတွေဟား၊ ကိုယ်လက်မခံနိုင်ဘူး နေနီနွယ်'

နေနီနွယ်က ဒေါသနှင့် အနားတိုးလာ၏။ နှုတ်မှလည်း…

'မိန်းမနဲ့ ယောကျ်ား ဒီခေတ်ကြီးမှာ ယှဉ်ရဲရင်လာလေ'

ယမင်းက…

'ငါလာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်··· အစုတ်ပလုတ်မ'

နေနီနွယ်က ပါးလှမ်းရိုက်၏။ ယမင်းက နေနီနွယ်ရဲ့ လက်ကို ဖမ်းပြီး လိမ်ချိုးထားလိုက်၏။ နာကျင်အော်ဟစ်နေသော နေနီနွယ်က···

'ကယ်ကြပါဦး၊ ကျွန်မကို သတ်နေတယ်၊ အနုကြမ်းစီးနေတယ်'

နေနီနွယ်ရဲ့ အဖွဲ့မိန်းကလေးတွေ ပြေးဝင်လာကြ၏။ ယမင်းရဲ့ အဖွဲ့မိန်းကလေးတွေ ရှေ့ထွက်ကာရပ်လိုက်၏။ ယမင်းက···

'ငါ နင့်ကို ရန်မပြုချင်ဘူး၊ အမှုမလုပ်ချင်ဘူး၊ ဒီတစ်ကြိမ် နောက်ဆုံးဖြစ်ပါစေ၊ နောက်တစ်ခါဆို နင်နဲ့ရင်ဆိုင်ရှင်းမယ်၊ နင်အနိုင်သိပ်လိုချင်ရင် ငါအရှုံးပေးတယ်၊ နေနီနွယ် နင် ကျေနပ်လိုက်'

ယမင်းက လက်လွှတ်ပေးလိုက်သောအခါ နေနီနွယ်က သူမလက်ကို ဆုတ်နယ်ရင်း နောက်ဆုတ်နောက်ဆုတ်နှင့် သူမ အဖွဲ့တွေအနားကပ်သွား၏။ ပြီးလျှင် လက်ညှိုးငေါက်ငေါက်ထိုးရင်း···





'သူ အရှုံးပေးပြီ၊ အရှုံးပေးပြီတဲ့၊ ငါ နိုင်ပြီ၊ နိုင်ပြီ'

စိတ်ထိခိုက်သွားသော နေနီနွယ်ကို သူမရဲ့အဖွဲ့တွေ ပြန်ခေါ်သွားကြ၏။

ကျော်စိုးအောင်လည်း ယှဉ်မရမှန်းသိ၍ နောင်တရသွားဟန်ဖြင့် ခေါင်းငုံ့ပြီး လိုက်ပါသွား၏။ မလိုက်သွားဘဲ ဆက်ရန်ဖြစ်ပါက အများနှင့်တစ်ယောက်။ တရားရုံးမှာ ရင်ဆိုင်လျှင် ခားကိုင်မှုဖြင့် အချောင်ထောင်နန်းစံရဦးမည်။

နေနီနွယ်၊ ကျော်စိုးအောင်တို့အဖွဲ့တွေ ရှင်းလင်းသွားသောအခါမှ အောင်လဝန်းနှင့် ယမင်းသော်တာကို အဖွဲ့သားတွေက ကောင်းချီးသြဘာ ဝိုင်းပေးကြတော့သည်။ ဟူစိန်ပေါက်တတ်ကရ ဆိုတာတွေကို မာလာခင်၊ နန်းမြအေး မေဘုရင်ကြီထွဏ်းတို့က လက်ခုပ်ဝိုင်းတီးပေးနေကြ၏။

အောင်လဝန်းက ယမင်းသော်တာရဲ့ လက်ကိုဆွဲပြီး လူတွေနှင့်ဝေးရာတစ်နေရာကို ပြေးထွက်လာလိုက်၏။

'တွေ့တယ်မဟုတ်လား ယမင်း၊ အန္တရာယ်တွေ ရှင်းသွားပြီ၊ ယမင်းရဲ့ချစ်သူအဖြစ် အစမ်းခန့်လိုက်တာနဲ့ အန္တရာယ် ချက်ချင်းပေါ်လာတော့တာပဲ၊ ကိုယ်တို့ဖြိုခွင်းလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်တွေ နောက်ကွယ်က ကျိန်စာတိုက်ပြီး ကြိုးကိုင်နေတဲ့ သိုက်နန်းရှင်မောင်တော်ကြီးလည်း ဘာမှမတတ်နိုင်တော့ဘူး၊ လက်မြောက်လက်လျှော့သွားရပြီ၊ အဲဒါကြောင့် ယမင်းသဘော ပေါက်သင့်ပြီ’

‘ဘာကိုသဘောပေါက်ရမှာလဲ အောင်လဝန်းရဲ့’

‘အမြဲတမ်းချစ်သူအဖြစ် အတည်တကျ ခန့်အပ်ဖို့ပေါ့’

‘ယမင်းကို လုပ်ကြံခိုင်းတဲ့အကြောင်း ယမင်းကိုကြို မပြောပြဘဲ ထိန်ချန်ထားတာ ဘာလို့လဲ၊ အဲဒါမရိုးသားဘူး’

‘အချိန်တန်မှ ထုတ်ရှင်းလိုက်တာ ကောင်းတယ်လေ၊ ကြိုပြောထားရင် သံသယဝင်ပြီး ကိုယ့်ကို အမြင်မကြည်လင်ဘဲ နေမှာပေါ့’

‘ပြောတတ် ဆိုတတ်တဲ့ လူလယ်လူကလယ်ကြီးနော်’

‘မဟုတ်ပါဘူး၊ ကိုယ်က ယမင်းရဲ့ အတည်တကျချစ်သူ ပါ’

‘ဘယ်သူပြောသေးလို့လဲ’

‘ယမင်းရဲ့ မျက်ဝန်းလေးက ပြောတယ်လေ’

‘ဟာဟ’





‘ချစ်တယ်၊ သိပ်ချစ်တယ် မောင်တဲ့လား’

‘ဘာလဲ၊ ဘယ်မှာပြောမိလို့လဲ၊ နားလေးကြီးရဲ့’

‘ယမင်းရင်ခုန်သံတွေက ပြောလိုက်တာကို ကိုယ့်ရင်ခုန်သံတွေက ဖက်စ်ပို့လိုက်သလို လက်ခံရရှိလိုက်တာလေ’

‘လုံးဝမဖြစ်နိုင်ဘူး’

‘အဲဒါဆို ယမင်းရဲ့ ရင်ခုန်သံတွေကို နားထောင်ခွင့်ပေး’

‘ဘယ်ဖြစ်မလဲ’

‘မဖြစ်ရင် ချစ်’

‘ရှက်စရာကြီး၊ ပြောရဲဘူး’

‘ဒါဆို မောင်လို့ခေါ်လိုက်’

‘မောင်း… မောင်… မောင်… မောင်နဲ့ ထုတိုင်းမြည် တဲ့မောင်း’

‘မနောက်နဲ့ ယမင်းရာ၊ ကိုယ် အရမ်းချစ်ချင်နေပြီ’

‘တရားနဲ့ဖြေပေါ့’

‘လက်တွေ့ကျကျ ဖြေယူမယ်၊ ကဲ…’

‘အယ်… ဟယ်… ဟိုမှာ… အဲဒီလိုမလုပ်နဲ့၊ အတင်း မဖက်နဲ့ လူတွေကြည့်နေတယ်၊ ရှက်တယ်၊ မလုပ်နဲ့လို့ညီ’



www.burmeseclassic.com

www.burmeseclassic.com



ယမင်းသော်တာ ဘယ်လိုပင် ငြင်းချက်ထုတ်ပြီး ပြောချင်သလိုပြော။ အောင်လဝန်းကတော့ တပွေ့တပိုက်ကြီးဖက်တွေးပြီး ရင်ထဲတေးထားသော အချစ်ကြွေးတွေ အားရပါးရ ပေးဆပ်ပစ်လိုက်သောအခါ . . .

ကောင်းကင်နှုတ်ခမ်းမှာ ကြယ်စင်အရေအတွက်မျှသော အနမ်းပန်းတွေ မီးပန်းမီးရှူးပွင့်သလို ပွင့်ကုန်ကြလေတော့သည်။

ဓဓဝိ

BURMESE CLASSIC .com



www.burmeseclassic.com




www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com